# သူပုန်ကြီး

မဟာဆွေ

MYANMAR CUPID

Myanmar e-Books Library

Commercial Use of This Book will be at Your OWN RISK

# အခန်း (၁)

"ဟဲ့ ဇနိန္ဒ … ဇနိန္ဒကော မမြင်ပါပဲလား …"ဟု ဆရာတော်သည် ကရုဏာသက်သောအသံဖြင့် ခေါ်လိုက်လေ၏။ "ဟဲ့ ဥတ္တမ …ဇနိန္ဒ ဘယ်မှာနေသလဲ …" ထပ်မံမေးမြန်းပြန်သဖြင့်၊ ကိုရင် ဥတ္တမသည် ကျောင်းခန်းစေ့အောင် လိုက်လံရှာဖွေပြီးနောက် ဦးချလျက် …

"ကျက်သရေခန်းနားက မောင်းပလ္လင်ပေါ်မှာ သင်္ကန်းခေါင်းမြီးခြုံ အိပ်နေပါတယ် ဘုရား့ …"

"တယ်မိုက်တဲ့ကောင် … သွားခေါ်စမ်း …"ဟု မိန့်ပြန်သဖြင့်၊ ကိုရင်နှစ်ပါး ဆရာတော်၏ရှေ့သို့ ရောက်လာရာ၊ ဆရာတော်က …

"ဟဲ့ ဇနိန္ဒ … နင် ဘာဖြစ်သလဲ၊ နံနက်ဆွမ်းလဲမစား၊ နေ့လည်ဆွမ်းလဲမစားနဲ့ နေမကောင်းဘူးလား …"

"နေကောင်းပါတယ် ဘုရား … ဆွမ်းမစားတာက မစားချင်လို့ပါ ဘုရား …"

"မိုက်ပါဘိ တပည့်ရယ်၊ နင့်အရွယ် သန်တုန်းမြန်တုန်း နေကောင်းရက်နဲ့ ဆွမ်းမစားချင်တာများ အံ့သြစရာဘဲ၊ နင် ဘာဖြစ်လို့ ဆွမ်းမစားချင်ရတာလဲ …"

"မစားချင်လို့ ဘုရား … စားလို့လဲ မဖြစ်ဘူး ဘုရား …"ဟု လည်ချောင်းကို အတော်အားထုတ်ကာ ရှင်ဇနိန္ဒ လျှောက်ထားလိုက်သောစကားသည် ဆရာတော်၏ စိတ်နှလုံးကို အတော်ထိခိုက်သွားဟန်တူလေ၏။ ကိုရင်ဇနိန္ဒကား အသက် ၁၆–နှစ်ခန့် ရှိသေးသော အသားဝင်းဝါလျက် ကိုယ်လုံးကိုယ်ပေါက် ထွားကြိုင်း၏။ မျက်လုံး ပြူးကျယ်ကြည်လင်၍ မျက်ခုံးမွေးမှာ မိန်းကလေးသဖွယ် လုပ၏။ ပဲ့နှိပ်ဓားဖြင့် ရိပ်ခါစ ဦးပြည်း ဆံပင်မှာ စိမ်းစိုလျက် တစ်မျိုးကျက်သရေရှိလှ၏။ လက်ဆံခြေဆံများလည်း ထွားကြိုင်းဦးမည့်အသွင်ကို ဆောင်လျက်ရှိလေ၏။

သို့ရာတွင် ဆရာတော်သည် ရှင်ဇနိန္ဒအား ချစ်ခင်ခြင်းတို့မှာ ဤအချက်အလက်များကြောင့် မဟုတ်၊ ဉာဏ်ကောင်းခြင်း၊ ရိုးသားခြင်း၊ စကားပြောအသံချို၍ သစ္စာရှိခြင်း၊ အေးအေးနေတတ်ခြင်းတို့ကြောင့် ဖြစ်လေရာ၊ ကိုရင်ဇနိန္ဒမှာ ၃–၄ ရက်တိုင် တခွေခွေနှင့် နေသောအခါ အထူး စိတ်မကောင်းတော့ဘဲ ခေါ်ယူ မေးမြန်းတော်မူခြင်းဖြစ်လေ၏။

"နေပါဦးဟဲ့၊ နင်ဘာဖြစ်လို့လဲ အကြောင်းကိုပြောဦးမှပေါ့ …"ဟု မိန့်သော်လည်း၊ ကိုရင်ဇနိန္ဒမှာ ပြူးကျယ်သော မျက်လုံးကြီးများဖြင့် တစ်ချက်မျှ မော်ကြည့်ပြီးလျှင် တစ်ဖန် ခေါင်းအောက်ချ၍ လက်တစ်ဖက်ဖြင့် ဧကသီအနားစကို ကိုင်တွယ်နေ၏။

"ဟဲ့ ဥတ္တမကော … ဒီကောင် ဘာဖြစ်တာလဲ နင်မသိဘူးလား။ ဒီအကောင် ရူးနေတာလား …"

"တပည့်တော် မသိဘူး ဘုရာ့ … သူ့ဘာသာ သင်္ကန်းကြီး ခြုံခြုံပြီး အိပ်နေတာပဲ ဘုရား …"

Commercial use of this book will hurt your OWN RISK

"အကြောင်းရှိရမယ် ... အကြောင်းမဲ့သက်သက် ဒီလိုမဖြစ်နိုင်ဘူး။ နေဦး ... နင်တို့ မြို့ထဲ ဆွမ်းခံသွားတုန်းက ဘယ်ကိုရောက်ကြသလဲ ..."

ကိုရင်ဥတ္တမက သွက်လက်စွာ စတင်၍၊ "တပည့်တော်တို့တော့ စုံနေအောင် ရောက်တာပဲ ဘုရား၊ ကိုရင်ဇနိန္ဒနဲ့က တခြားစီဘဲ ဘုရား ..."

"နို့ ဇနိန္ဒကော နင်ဘယ်သွားပြီး ဆွမ်းခံသေးသလဲ ..."

"တပည့်တော် ဆွမ်းမခံတာ ၄-၅ ရက် ရှိပြီ ဘုရား၊ ဆွမ်းမခံချင်တော့ဘူး ..."

"ဟဲ့ ဥတ္တမ ... ဆွမ်းလောင်းတဲ့အိမ်တွေ ပြောစမ်း။ နင်တို့ကို ကနေ့ သေသေချာချာ စစ်ဆေးရမယ်၊ မာတုကာမချောချော ဘယ်နှစ်အိမ်လောက်က ဆွမ်းထွက်လောင်းသလဲ ..."

"အိမ်တွေတော့ အများကြီးပဲ ဘုရား။ ဒါပေမယ့် အချောဆုံးကတော့ တောင်ပိုင်းက ဝန်မင်းအိမ်မှာ မာတုကာမလေး အချောဆုံးလို့ ပြောကြတယ် ဘုရား ..."ဟု ရက်ကြောက်သော အမူအရာနှင့် လျှောက်ထားလေရာ ...

"အိမ်း ... ငါသိပြီ၊ ဟဲ့ သူငယ်မကလေးဟာ ၁၃-နှစ်လောက်ရှိဦးမယ် ထင်ပါ့ကလား ..."

"ဟုတ်ပါတယ် ဘုရား၊ သိပ်ပြီးချောတာပဲလို့ ပြောကြတာပဲ ဘုရား ..."

"ဇနိန္ဒ ... နင် အဲဒီအိမ်ကို ဆွမ်းခံသွားသလား ..."ဟု မေးမြန်းတော်မူရာ၊ ရှင်ဇနိန္ဒသည် စကားပြန်မလျှောက်ဘဲ ခေါင်းငုံ့၍သာနေလေ၏။ ဆရာတော်လည်း အဓိပ္ပါယ် နားလည်ကာ၊ "ဩော် ... ငါ့ရှင် ဇနိန္ဒ၊ နင်ဖောက်ပြန်တာကြောင့်ကိုး၊ ဆွမ်းမစားနိုင်လောက်အောင် ဖြစ်ရသလား ဇနိန္ဒရယ် ... မိုက်ပါဘိတော့တယ်၊ ကေသာ-လောမာ-နခါ-ဒန္တာ-တစော စတဲ့ ၃၂-ကောဋ္ဌာသ ရုပ်အစုကို နင်ခင်တွယ်နေရသလား ဟင် ..."ဟု ဆိုမြည်တော်မူသော်လည်း စကားပြန်မရသဖြင့် ...

"တယ်ခက်တဲ့ သတ္တဝါပဲ၊ ကၽြပါဋ္ဌိမောက်တွေ တက်နေတာဟာ ဘာလုပ်ဖို့လဲ ..."

"တပည့်တော် ရဟန်းမတက်ချင်တော့ဘူး ဘုရား၊ လိင်ပြန်ချင်ပြီ ဘုရား ..."

ဆရာတော်သည်ကား မျက်လုံးပြူးလျက် "ငါ့တပည့် ခက်ပြီ ... အရှုံးကြီးရှုံး အဆုံးကြီးဆုံးပြီ"ဟု မိန့်တော်မူလျက် ...

"မင်းဘဇာကြောင့် လူထွက်ရမှာလဲ တပည့်ငယ် ..."

"မပျော်လို့ ဘုရား ... ဒီအတိုင်းဆိုရင် တပည့်တော် အသက်တိုမှာပဲ ဘုရား ..."

"ဟိုက် ခွေးမသား ... နင့်စိတ် ဖောက်ပြားလွန်းလှချေကလား။ ကောင်းပြီ ... နင်လူထွက်တော့ နင့် မာတုကာမကလေးကို နင်ရမယ် ထင်သလား၊ နင်နဲ့ နီးစပ်ပါ့မလား ..."

Commercial use of this book will be at your OWN RISK.

"တပည့်တော် ရတဲ့နည်းနဲ့ ကြံမယ် ဘုရာ့ ..."ဟု လှစ်ကနဲ ဝန်ခံသလို လျှောက်ထားမိပြီးနောက် ရှက်ကြောက်သော အမူအရာနှင့် ခေါင်းငိုက်စိုက်ချ၍နေသည်ကို ဆရာတော်သည် ပြုံးလျက် ကြည့်တော်မူရင်း ...

"အိမ်း ... ဇနိန္ဒ ... ဇနိန္ဒ၊ နင့်ကို ဆရာတော်ကြီးတစ်ပါးဖြစ်အောင် ငါ ပညာသင်ပေးချင်တယ်၊ နင် ဒီလို မဟုတ်ပါကလား။ ကောင်းပြီ နင်လူထွက်ရင် ဘာနဲ့မှ အဆက်အသွယ်မရှိနိုင်ဘူး၊ ဒီတော့ လူမထွက်နဲ့ဦး၊ ငါ ဝန်မင်းအိမ် သွားတဲ့အခါ နင်လိုက်ခဲ့။ ဒီအခါမှာ နင်ချစ်တဲ့ မာတုကာမကလေးကို ကြာကြာကြည့်ရမယ်။ ငါ့ရှင် လူမထွက်နဲ့ဦး ..."

ထိုအခါ ကိုရင်ဇနိန္ဒမှာ ဆရာတော်၏စကားကို အထူးနှစ်သက်၍နေမိ၏။ အကယ်၍ စင်စစ်ကား ၄င်းကိုယ်တိုင် လူထွက်၍ ကြံစည်လျှင် နီးစပ်ဖို့မရှိ ဖြစ်လေရာ၊ ဆရာတော်က အရေးတယူ ခေါ်ငင်လျက် ထွက်ဝင်သွားလာရပါမူ၊ မိမိ၏ ချစ်သူကလေးနှင့် တွေ့ရမည် မြင်ရမည်ဟု ဝမ်းမြောက်ကျေနပ်ကာ "တင်ပါ့ ဘုရား၊ အရှင်ဘုရားအမိန့်သံကို နာခံလိုက်နာပါမည် ဘုရား ..."ဟု ခပ်သွက်သွက် လျှောက်ထားလိုက်လေ၏။

နောက်တစ်နေ့နံနက် ဆွမ်းခံထွက်ချိန်တွင် ကိုရင်ဇနိန္ဒ၏ မျက်နှာအမူအရာသည် တစ်မျိုးပြောင်းလျက် ကြည်လင်သောအသွင်ကို ဆောင်၍နေလေ၏။ ဆရာတော်ဘုရားကြီးသည်လည်း သင်္ကန်းရုံလျက် နောက်ပါ ဦးပဥ္စင်း၊ ကိုရင်များနှင့်အတူ ထွက်ကြွတော်မူရာ သန်လျင်မြို့သူမြို့သားတို့မှာ ဆရာတော်ဘုရားကိုယ်တိုင် ဆွမ်းခံကြွတော်မူသည်ဟု အုတ်အုတ်ကြွက်ကြွက်ဖြစ်ကာ သူ့ထက်ငါ ဆွမ်းနှင့် ဆွမ်းဟင်းများကို လောင်းကြလေ၏။

သန်လျင်မြို့တောင်ပိုင်းသို့ရောက်လျှင် အခြားရဟန်းများနှင့် ကိုရင်တို့ကို ခွဲထုတ်၍ ရှင်ဇနိန္ဒ တစ်ဦးတည်းကိုသာ နောက်ပါအဖြစ်နှင့် ခေါ်ဆောင်လျက် သန်လျင်ဝန်မင်း၏ နေအိမ်အဝင်ဝသို့ ရောက်ရှိလာလေ၏။ ဝန်ကတော်ကြီးနှင့် အစေအပါး မိန်းမများသည် ပိဏ္ဍပတ်ဆွမ်းကို နေ့စဉ်လောင်းနေကြအတိုင်း နေကြရာမှ ဆရာတော်ကြီးအား ဖူးတွေ့ရလျှင် မြေပြင်တွင် ဝပ်ချ၍နေကြလေ၏။ တစ်ဖန် ဆရာတော်၏ အရိပ်အခြေအားဖြင့် အိမ်ပေါ်သို့ ကြွလိုကြောင်း သိရှိရကား၊ "ကြွတော်မူပါဘုရား ကြွတော်မူပါဘုရား"ဟု ပင့်ဆောင်ကြလေ၏။

ထိုအခါကျမှ ဝန်မင်းသည်လည်း အိမ်ပေါ်မှ ညောင်စောင်းတစ်ခုတွင် နေရာထိုင်ခင်းများ ခင်းကာ အသင့်ပြင်၍ ထားလေ၏။

"ယနေ့ ဆရာတော်ဘုရားကိုယ်တိုင် ကြွတော်မူလာသကိုး ဘုရာ့ ..."

ဆရာတော်သည် "အိမ်း"ဟု တစ်ခါန်းတည်းသာ မိန့်တော်မူလျက် မလှမ်းမကမ်းတွင် ဝပ်ချနေကြသော ဝန်ကတော်နှင့် အစေအပါး မိန်းကလေးများကို မသိမသာ ကြည့်ရှုတော်မူလေ၏။ ရှင်ဇနိန္ဒကား ဆရာတော်ကြီးနှင့် ၄–တောင်ခန့်အကွာ နေရာနိမ့်တွင် စက္ကူခြွေချလျက် ထိုင်နေရလေ၏။

"ဟိုသူငယ်မဟာ ဝန်မင်းရဲ့ သမီးအထွေးမဟုတ်လား ... နာမည် ဘယ်သူတဲ့လဲ ..."

"မှန်ပါ ... တပည့်တော်ရဲ့ သမီးအထွေးပါ ဘုရား၊ နာမယ် မနန်းနွယ်ပါတဲ့ဘုရား ..."

Commercial use of this book will be at your OWN RISK

"အင်း အင်း ... ဘဝဆုတောင်း တယ်လို့ကောင်းခဲ့ပုံပဲ၊ အသက်ဘယ်လောက်ရှိပြီလဲ ဒကာကြီး ..."

"၁၃–နှစ် ပြည့်လုနီးပါပြီ ဘုရား ..."

"အိမ်း ... ဟဲ့ နင်တို့ မှတ်ထား၊ သူတစ်ထူးကို မနာလိုစိတ်၊ မရှုစိတ်၊ မစ္ဆရိယစိတ် နည်းပါးခဲ့လို့ နှုတ်ခမ်းပါးစပ် လှပရတယ်၊ မျက်လုံးကောင်းရတယ်၊ သူတစ်ထူးကို သနားကြင်နာတဲ့စိတ်ကြောင့် ဒီဘဝမှာ သူတစ်ထူး သနားကြင်နာဖွယ် ဖြစ်ရတယ်။ ဒါနမှု၊ သီလမှု၊ ဘာဝနာမှုတို့ကို တတ်အားသမျှ ကြိုးစားရမယ်။ စာကောတတ်ကဲ့ မဟုတ်လား ..."

"မှန်ပါ ... သူ့မယ်မယ်ကိုယ်တိုင် သင်ပြလို့ သဂြိုဟ် ဝိထိပိုင်းလောက်အထိ ရောက်ပါပြီ ဘုရား ..."

"အိမ်း ... ရုပ်လက္ခဏာကလဲ ပညာထက်မြက်မယ့်ပုံပေပဲ ..."ဟု ဆရာတော်သည် ဝန်မင်း ကပ်လှူသည့် လက်ဖက်ရည်ကြမ်း၊ ငါးခြောက်ဖုတ် စသည်တို့ကို ဘုဉ်းပေး၍ နေတော်မူလေ၏။ ဤသို့ လက်ဖက်ရည်သောက်ရင်းလည်း ဝန်မင်းနှင့် အလ္လာပသလ္လာပစကားများကို ပြောဆိုလျက်ရှိကြရာ၊ ရှင်ဇနိန္ဒ မှာကား စက္ကူချွန်ကြီးအောက်သို့ချလျက် တစ်ခါတစ်ခါ အမှတ်တမဲ့ မာတုကာမများကို ကြည့်ရှုမိလေ၏။ အစေအပါး မိန်းကလေးများနှင့် မနန်းနွယ်ကလေးမှာလည်း တစ်ချက်မျှ ပြန်ကြည့်ကာ မြုံ့မြုံ့ကလေး ပြုံး၍ နေမိကြလေ၏။

ကြုံ့ကြုံ့ယုံ့ယုံ့ ပုံ့ပုံ့ကလေးမျှ ထိုင်နေသော မနန်းနွယ်၏ ရုပ်ရည်လက္ခဏာကိုကား ရှင်ဇနိန္ဒသာ မဟုတ်၊ မည်သည့်လူမျိုးမဆို စွဲလမ်းကြမည်ဖြစ်ပေ၏။ မိန်းကလေးတစ်ဦးကို မိန်းမတိုင်း ချစ်ခင်ခြင်းသည် ယောကျ်ားကလေးများ ချစ်ခင်သည်ထက် အဓိပ္ပါယ် ပိုမိုလေးနက်စေ၏။ မနန်းနွယ်ကလေးကိုကား မြင်တွေ့ သမျှ မိန်းမ ယောကျ်ား လူကြီးလူငယ်မကျန် ချစ်ခင်ကြသည်ဟူသော ဂုဏ်သတင်းမှာ လွန်ခဲ့သော ၃–နှစ် ရာသီခန့်ကပင် ကျော်ကြားခဲ့သူကလေးဖြစ်သဖြင့်၊ မည်၍မည်မျှ အဘယ်ကဲ့သို့ လှပသည်ဟု ချဲ့ထွင်ရန်လိုမည် မဟုတ်တော့ချေ။

ဆရာတော်ဘုရားသည်ကား ထမင်းအိုးတစ်လုံးချက် သာသာကြီးကြာအောင် အချိန်ဖြုန်းလျက်၊ သီတင်းသုံးတော်မူပြီးမှ ကျောင်းသို့ ပြန်ကြွတော်မူလေ၏။ သန်လျင်ဝန်မင်းနှင့် ဝန်ကတော်တို့မှာကား ဆရာတော်ကြီး၏ အကြံကို မသိ၊ မိမိတို့အိမ်သို့ ဆရာတော်ဘုရားကိုယ်တိုင် ဆွမ်းဝတ်အတွက် ကြွလာသည် ကိုပင် ဝမ်းမြောက်ဝမ်းသာဖြစ်၍ နေကြလေ၏။ ဆရာတော်၏ အကြံမှာလည်း ရှင်ဇနိန္ဒအား လူဝတ်ကြောင် တို့နှင့် နီးစပ်အောင် ဆောင်ရွက်တော်မူခြင်းမဟုတ်၊ အလောသုံးဆယ် အပူတပြင်း ရှင်ဇနိန္ဒ စွဲလမ်းနေရာမှ စိတ်လက်မှ ပြေစေတော့ဟု ပရိယာယ်ပြုတော်မူခြင်း ဖြစ်လေရာ၊ တစ်နေ့နေ့တွင် တရားသံဝေဂ ရရှိအောင် ပြုပြင်တော်မူမည်ဟု နှလုံးသွင်းရင်းရှိခဲ့လေ၏။ ထိုနေ့ညဉ့်ပင် ရှင်ဇနိန္ဒအား ဝတ်ဖြည့်ခိုင်းရင်း ...

"ကိုင်း ငါ့ရှင် ဇနိန္ဒ ... နင့် မာတုကာမကလေးကို နင့်မျက်စိထဲက တွေးတောထင်မြင်စမ်းဟဲ့ ..."

ရှင်ဇနိန္ဒသည် စကားပြန်၍ မလျှောက်ထားချေ။

"ကိုင်း ... တင်စမ်းပါကွဲ့ ..."

"ထင်ပါပြီ ဘုရား ..."

Commercial use of this book will be at your own RISK.

"ကိုင်းကွယ် ... ကေသာဆိုတဲ့ ဆံပင်ကလေးတွေကို ကတုံးရိတ်လိုက်၊ ကတုံးကလေး ဖြစ်နေပြီနော်၊ လောမာဆိုတဲ့ မျက်ခုံးမွေးတွေ ရိတ်ချဦး။ ဟော မျက်ခုံးမွေးတွေလဲ မရှိတော့ဘူးနော်၊ နခါဆိုတဲ့ ခြေသည်း လက်သည်းတွေ ပယ်လိုက်စမ်း၊ အနူနဲ့ မတူဘူးလား၊ ဒန္တာဆိုတဲ့ သွားတွေ ဖြုတ်လိုက် ... အမယ်အိုကြီးနဲ့ မတူဘူးလား။ တစောဆိုတဲ့ အရေတွေ ဆုတ်လိုက်စမ်း၊ အသားဝါတယ် ဖြူတယ်ဆိုလို့ သိနိုင်ဦးမလား၊ ကိုင်း ... ငါ့ရှင် ဇနိန္ဒ၊ ၃၂–ကောဋ္ဌာသမှာ ၅–မျိုးပဲ ဖြုတ်ကြည့်တဲ့အခါ ခန္ဓာအတ္တဘောကြီးကို ဘာများ ခင်တွယ်စရာ ရှိသေးသလဲ၊ သူ့ကိုယ်ထဲမှာ ချွဲသလိပ်၊ ပြည်၊ ကျင်ကြီးကျင်ငယ်တွေလဲ ပြည့်လို့ပါလား၊ ဒွါရကိုးပေါက်က အမြဲယိုစီးနေတာပါကလား၊ အခုအတိုင်း အသက်ငယ်ငယ်ကလေးမို့ မင်းစိတ်မှာ နုပျိုတယ် ထင်လိမ့်မယ်၊ တော်တော်ကြာ ဆံဖြူသွားကြွေ ပါးရေတွေတွန့်လို့ ရွံစရာကြီးဖြစ်ရမှာ အမှန်ဘပ။ သေသေချာချာ စဉ်းစားစမ်း၊ မင့်စိတ်ထဲမှာ မာတုကာမကလေးကို ချစ်ခင်စွဲလမ်းသေးသလား"

ရှင်ဇနိန္ဒသည် စကားပြန်မပြောဘဲ၊ တင်းမာနေသည့် ဆရာတော်၏ ပေါင်သားများကို တံတောင်နှင့် တွင်တွင်ကြီး ကြိတ်လျက်ရှိလေ၏။

"ဘယ့်နှယ်လဲ ငါ့ရှင် ... စွဲလမ်းသေးသလား၊ တစပဋ္ဌကနဲ့ ရုပ်ကိုဖျက်ကြည့်စမ်း ..."

"တပည့်တော် ဘယ်လိုဖျက်ပေမယ့် သူ့ရုပ်က မပျက်ဘူး ဘုရား"ဟု အရဲစွန့်လျှောက်ထားလိုက်ရာ ...

"ဩော် ... မိုက်ပါဘိ ဇနိန္ဒရယ်၊ ဇိကုတ် နတ်ပြည်တင်ပေမယ့် နင် မနေဘဲ ဆင်းလို့သာ ပြေးတာပဲကိုး ..."

ဆရာတော်ဘုရားသည် ရှင်ဇနိန္ဒ စိတ်ပြောင်းလဲပုံ မရသဖြင့် ခဏကြာလျှင်၊ "ကိုင်း ... တော် ... စာပြန်ချေ"ဟု ခွင့်လွှတ်လိုက်ရလေ၏။

နောက်တစ်နေ့ နေအရုဏ်ကျင်း အလင်းသို့ရောက်ရှိသောအခါ ဆရာတော်ဘုရားမှာ ဆွမ်းခံကြွတော်မူပြန်လေ၏။

နောက်တော်ပါးမှလည်း ရှင်ဇနိန္ဒကို ခေါ်ဆောင်သွားရာ ဝန်မင်း၏အိမ်သို့ ရောက်လျှင် လွန်ခဲ့သော နေ့ကကဲ့သို့ အိမ်ပေါ်သို့ ကြွတော်မူလေ၏။ ထိုနေ့ကား ဝန်ကတော်နှင့် မနန်းနွယ်ကလေးကို မမြင်ရ၊ ဝန်မင်းနှင့် အစေအပါးများသာလျှင် ဆွမ်းဝတ်ကို ပြုလျက်ရှိကြလေ၏။ ရှင်ဇနိန္ဒက ကျေနပ်မှု မရနိုင်ဘဲ မျက်လုံး အစုံတို့ဖြင့် ကြည့်လိုသူကလေးကို ရှာဖွေလေ၏။

ဆရာတော်လည်း အလိုက်သိတော်မူသည့်အလား၊ "ဘယ့်နှယ် ယနေ့ ဝန်ကတော်ကြီး မမြင်ပါပဲ ကလား"ဟု မိန့်တော်မူရာ၊ "မှန်ပါ ... အလှူတစ်ခုသို့ လိုက်ပါသွားကြကြောင်းပါ ဘုရား ..."ဟု လျှောက်ထားသဖြင့် ဆရာတော်လည်း ကွမ်းကလပ်မှ ကွမ်းများကို ပြင်ဆင်ဘုဉ်းပေးတော်မူပြီးလျှင် ပြန်ကြွတော်မူခဲ့လေ၏။

နောက်တော်ပါးက ရှင်ဇနိန္ဒကား ထွေရာလေးပါးကို စိတ်ကူးလျက် လိုက်ပါလာဟန် ရှိလေ၏။ လမ်းထောင့်ချိုးတစ်ခု၌ ဆရာတော်ဘုရားသည် သင်းပိုင်အောက်သို့လျော့သည်ကို ခဏမျှ ရပ်တန့်ပြင်ဆင်တော်မူရာ၊ တွေးတောလိုက်ပါလာသော ရှင်ဇနိန္ဒသည် ဆရာတော်၏ကျောကို ၄င်း၏သပိတ်နှင့် တိုက်မိအောင် ငိုင်၍နေမိရာမှ "ဟင်"ဟု အံ့အားသင့်ကာ ရပ်၍နေရာ၊ ဆရာတော်ဘုရားက "ငါ့ရှင် ဇနိန္ဒ ... သတိထား သတိထား"ဟု ပြုံး၍ မိန့်တော်မူသောအခါ ခေါင်းကိုအောက်သို့ချ၍ နေလေ၏။ ထိုကဲ့သို့နေခိုက်မှာပင်

Commercial use of this book will be at your OWN RISK.

လှည်းယဉ်တစ်စီးသည် ခပ်လှမ်းလှမ်းမှ ခြူသံများပေးလျက် အပြေးကလေး မောင်းနှင်လာလေရာ၊ အနီးသို့ ရောက်လျှင် လှည်းပေါ်မှ ဝန်ကတော်နှင့် မနန်းနွယ်ကလေးတို့သည် အောက်သို့ လျင်မြန်စွာဆင်းလျက် ကျိုးနွံစွာ ဝတ်ချနေကြလေ၏။

"သြော် ... ဒကာမကြီးတို့ ပြန်လာကြပြီကိုး ..."ဟု မိန့်တော်မူရင်း ဆုပေးသနားနေရာ၊ ရှင်ဇနိန္ဒမှာ အဝတ်အစား သပ်ရပ်စွာ ဖီးလိမ်းပြုပြင်ထားသော မနန်းနွယ်ကလေးကို ကသိုဏ်းကွက်ကျအောင် ကြည့်ရှုနေမိလေ၏။ ဆရာတော်ဘုရား ရှေ့က လှုပ်ရှားထွက်ကြွသည်ကိုပင် မလှမ်းချင်လှမ်းချင် ခြေလှမ်းများဖြင့် လိုက်ပါ၍ သွားရလေ၏။

ပုလဲရောင်သဖွယ် ဖြူစင်ညီညွတ်သောသွား၊ နီထွေးစေ့စပ်သော နှုတ်ခမ်းပါးကလေး၊ ပြေပြစ်သော ပါးပြင်ကလေး၊ လေးကိုင်းသဏ္ဌာန် ညီညွတ်သော မျက်ခုံး၊ အခါလည် နွားငယ်၏ မျက်လုံးသဖွယ် အဖြူ အနက်ကွက်တွင် ကြည်လင်သောမျက်လုံး၊ အထက်သို့ ကော့တက်သော မျက်တောင်ဖြင့် မြင်သူငေး လောက်အောင် လှပသည့် မနန်းနွယ်၏ ရုပ်ပုံကလေးသာ မျက်စိထဲက မထွက်ဘဲ ကျောင်းဝင်းပေါက်သို့ တိုင်ခဲ့လေ၏။ ရှေးက ဥမ္မာဒန္တီကြောင့် ရူးကြသည်ဆိုသော တရားတော်ကို ပိုမိုယုံကြည်ဟန်ရှိလေ၏။ ဤမျှ လှပချောမောသော ပျိုကညာနှင့် ဘယ်အခါတွင် ရွှေဖူးစာမျှရပါမည်နည်း။ မိမိ၏အခြေအနေသည် ဤဒေဝစ္ဆရာ နတ်ကညာနှင့်တန်ပါမည်လော။ မည်ကဲ့သို့ ကြံဖန်၍နီးစပ်နိုင်မည်ကို တွေးတော၍မရတိုင်း စိတ်ရှုပ်ထွေးလျက် ကျောင်းပေါ်သို့ရောက်လျှင် သပိတ်ကို အသာထိုးကာ မှိုင်တွေချရင်း စဉ်းစားတွေးတောနေမိလေ၏။

ဆရာတော်ဘုရားကား ရှင်ဇနိန္ဒကိုသာ မပြတ်အကဲခတ်နေတော်မူလေ့ရှိသဖြင့် ထိုနေ့က ဆွမ်းမစား စာမပြန် သက်နိုးခေါင်းမြီးခြုံ၍ အိပ်နေလေ့ရှိသော ရှင်ဇနိန္ဒအား တွေ့မြင်မိရကား၊ ညအချိန် ဝတ်ဖြည့်စဉ် မိန်းမတို့အပြစ်ကို ဖော်ပြ၍ ဆုံးမချေချွတ်တော်မူမည်ဟု တွေးတောတော်မူသဖြင့်၊ ည သူငယ်အိပ်ဆိတ်ချိန်တွင် ရှင်ဇနိန္ဒအား ခေါ်ယူတော်မူလေ၏။

"ဇနိန္ဒ၊ မင်းကို ငါသင်ထားတဲ့ ဗေဒင်တိသင်းပိုင်းတွေ မှတ်မိသေးရဲ့လား ..."

"တင်ပါ ... အကုန် မှတ်မိကြောင်းပါ ဘုရား ..."

"ကောင်းပြီ မေထုန်ရာသီနဲ့ ကန်ရာသီမှာ မိန်းကလေးတစ်ဦးရဲ့ လဂ်စန်းတစ်ခုဟာ သောကြာ တိသင်းမှာ တည်နေရင် သူ့အကျင့် ဘယ်လိုနေမတဲ့လဲ ..."

"တွေ့မြင်သမျှ ယောကျ်ားများကို ကြိုက်ချစ်တတ်ပါတယ် ဘုရား ..."

"အိမ်း ... ဟုတ်ကပြီ။ ကရကဋ် စန်းလဂ်ဟာ စနေတိသင်း စီးရင်ကောကွယ် ..."

"လင်ကို ဆေးခတ်ပြီး သေအောင် သတ်တတ်ပါတယ် ဘုရား"

"ကြောက်စရာပါလားကွဲ့၊ သိဟ်ရာသီ လဂ်စန်း သောကြာတိသင်း တည်ရင်ကော ..."

"လင်မှတစ်ပါး အခြားယောကျ်ားတို့ကို ချစ်ကြိုက်တတ်ပါတယ် ဘုရား ..."

Commercial use of this book will be at your OWN RISK.

"အိမ်း ...မှတ်မိရဲ့ကိုး။ ပထဏီအိမ်မှာ စနေတည်ပြီး ဒိပြင် ပါပဂြိုဟ်တွေ မြင်ရင်ကော ..."

"အပျိုဖြစ်စကပဲ မိဘမပေးစားဘဲ ယောကျ်ားတစ်ဦးဦးနှင့် ဖောက်ပြားပြီး အအိုဖြစ်တတ်ပါတယ် ဘုရား ..."

"မကာရ၊ ကုံ၊ မိဿ၊ ဗြိစ္ဆာ ဒီလေးရာသီမှာ လဂ်စန်း သောကြာပူးပြီး ပါပဂြိုဟ် မြင်ရင်ကော ..."

"ထိုမိန်းမဟာ သူ့အမေနှင့် သူပါ လင်တစ်ယောက်တည်း ဖြစ်တတ်ပါတယ် ဘုရား ..."

"အိမ်း ... ငါ့တပည့်၊ ဒါတွေ နားလည်သားပဲ။ စန်းနှင့် အင်္ဂါပူးလျှင် ဆိုးတာတွေ၊ အင်္ဂါအိမ်မှာ စန်းနဲ့ နဝင်းကို အင်္ဂါ၊ အင်္ဂါရဲ့ နဝင်းကို စန်းစီးလျှင် ဖောက်ပြားတတ်တဲ့ မိန်းမစားလို့ ဗေဒင်ဇာတာနဲ့ ရွေးရင် အပြစ်ကင်းတာရဖို့ အတော်ခဲယဉ်းပါကလားကွဲ့ တပည့်ရဲ့။ ပြီးတော့ကွယ် ... ဣတ္ထိယသျှတ္တရကျမ်းနဲ့ စစ်ဆေးရင်လဲ မိန်းမအမျိုးပေါင်း ၂၅၆–မျိုးတောင် ရှိတာ၊ ကောင်းတဲ့အမျိုးအစားက နည်းပါကလား။ ဒါ့ကြောင့် သူတော်သူမြတ်တို့ဟာ မိန်းမကို အလွန်စက်ဆုပ်တော်မူကြတာ"

"မိန်းမတိုင်း ဟုတ်မယ်မထင်ပါဘူး ဘုရာ့ ..."

"ဟဲ့ ... မြင်းများဟာ စီးသူနောက်ကို ကောက်ကောက်ပါအောင် လိုက်သလို၊ မိန်းမများဟာလဲ တွေ့ရာယောကျ်ားနောက်ကို လိုက်ပါလေ့ရှိသတဲ့။ ဒါ့ကြောင့် ရှင်တော်ဘုရားက မြစ်ဆိပ်၊ သေဆိုင် စသည်တို့နဲ့ နှိုင်းယှဉ် ဟောကြားတော်မူခဲ့တာ ..."

"ဒါဖြင့်ဘုရား ... မိန်းမတိုင်း ဒီလိုဖြင့် ခက်ကုန်ရောပေါ့ ..."

"မိန်းမတိုင်းတော့ ဘယ်ဟုတ်မလဲကွယ် ... အများအားဖြင့် ယုတ်ညံ့တာကို ဟောရတာကိုး ..."

"ဒီလိုဖြင့် ဘုရား ..."ဟု ရှင်ဇနိန္ဒသည် စကားဆက်မည်လုပ်ပြီးမှ ရှက်ကြောက်သလို ဆိတ်ငြိမ်စွာ အတွင်သာ တံတောင်ကို လှုပ်ရှားနေလေ၏။

ဆရာတော်ဘုရားသည် နန်းနွယ်ကလေးကဲ့သို့ မိန်းမချော မိန်းမလှကလေးသည် အဖိုးတန် ပဒုမ္မနီ မိန်းမမြတ် ဖြစ်နိုင်သည်ဟူသည့် ဆိုလိုရိပ်ကို ပယ်ဖျက်တော်မူလိုရကား ...

"ငါ့ရှင် ဇနိန္ဒ၊ မိန်းမချောတိုင်းလည်း အကျင့်စာဂ မြတ်လှတယ်လို့ မထင်မှားလေနဲ့။ ဆရာတော် ပြောပြမယ်၊ ရှေးကတဲ့ ကိန္နရီမိဖုရားဆိုတာ အလွန်လှပြီး နတ်တမျှ ချောမွေ့တယ်ဆိုပဲကွဲ့၊ တစ်နေ့တော့ မင်းကြီးနဲ့အတူ ထွက်ကြွတော်မူတဲ့အခါ နန်းတော်မြို့ရိုးအနီး သပြေပင်ခြေရင်းမှာ ခြေလက်ငုံးတိတိ၊ သွေးပြည် တစိုစိုနဲ့ အနူတစ်ယောက်ကို မြင်သတဲ့။ မိဖုရားဟာ အနူကိုမြင်လျှင် မေတ္တာစိတ် ယိုဖိတ်ပြီး နန်းတော် ပြန်ရောက်လို့ ညဥ့်အိပ်ရာဝင်တဲ့အခါ ဘုရင်မင်းမြတ် အိပ်ပျော်စဉ်မှာ မြို့ရိုးကျော်သတဲ့။ ကျော်ပုံက အဲဒီ သပြေပင်ကြီးရဲ့ အကိုင်းကလဲ နန်းတော်တွင်း ထိုးကျနေတော့ အဲဒီက ဆွဲတက်သွားတာပဲတဲ့၊ အာဂ မိန်းမပျံ ပေါ့ကွယ်။ ဒီလိုသွားသွားပြီး အနူနဲ့ ပျော်ပါးကာ အနူစားစရာ ထမင်းဟင်းတောင် သူက ယူခဲ့သေးသတဲ့ ..."

"ဒီလိုဆိုတော့လဲ ... မိဖုရားကြီးဟာ သိပ်ပြီး လွန်တာပေါ့ ဘုရား ..."

Commercial use of this book will be at your OWN RISK.

"အိမ်း တကာတော် ဘုရင်မင်းမြတ်ရယ်၊ သူငယ်ချင်း ဘုရားလောင်းပုရောဟိတ်ရယ်၊ အဲသည် အနူ နေတဲ့အနား ရောက်ကြရောတဲ့။ ရောက်တော့ကာ ဘုရင်မင်းမြတ်က ဒီလောက် အမြင်ဆိုးရွားတဲ့ အနူကိုများ ချစ်ကြိုက်မယ့် မိန်းမများ ရှိပါဦးမလားလို့ ပုရောဟိတ်ကိုမေးသတဲ့။ ဒီအတွင်း အနူက သစ်ပင်ဘက် လက်ယှက် ရှိခိုးတဲ့ပြီး၊ အရှင်ရက္ခစိုး ... ကျွန်ုပ်တို့အကြောင်း အရှင်သာသိပါတယ်လို့ မခံချင်တဲ့သဘောနဲ့ တိုင်တယ်လိုက်တယ် ဆိုကိုး။ ဒီတော့ ဘုရားလောင်းက ရိပ်မိပြီး ..."

"အရှင်မင်းကြီး၊ ညဥ့်စက်တော်ခေါ်တဲ့အခါ မိဖုရားကိုယ်အတွေ့ ဘယ့်နှယ်နေပါသလဲ ..."

"ဘယ့်နှယ်နေရမလဲ၊ ဒီလိုပေါ့ ... ဩော် တစ်ခုရှိရဲ့၊ သူ့ကိုယ်အတွေ့ဟာ တစ်ခါတစ်ရံ အေးနေတယ်"

"ဒါဖြင့် ... အရှင်မင်းကြီး မိဖုရားဟာ ... ဟောဒီ အနူနဲ့ ပြစ်မှားကြပြီ ..."

"ဟာ ... မဟုတ်နိုင်တာ ပုရောဟိတ်ရယ်"လို့ မျက်နှာတော် ညှိုးသွားသတဲ့။ ဒါပေမယ့် သူငယ်ချင်း ဆိုတော့ စိတ်မဆိုးဘူးပေါ့။ ဒိပြင်လူဆိုရင် သန်လျက်စာဖြစ်သွားမှာပေါ့ကွဲ့။ ပုရောဟိတ်ကလဲ သပြေကိုင်းက မိဖုရားလာရမယ်လို့ အတတ်တွေးပြီး၊ "ဒါဖြင့်ရင် အရှင်မင်းကြီးနဲ့ ကျွန်ုပ် ညကျရင် ဒီနေရာက စောင့်ရအောင်" လို့ တိုင်ပင်ထားကြသတဲ့ကွဲ့။ ညဥ့်အချိန်ကျတော့ မိဖုရား မင်းကြီးနားကအထွက် မင်းကြီးနဲ့ ပုရောဟိတ် တို့ဟာ ခပ်သုတ်သုတ် အရင်ဦးအောင် သပြေပင်အနီး မှောင်ရိပ်က ချောင်းနေကြသတဲ့။ မိဖုရားကလဲ ထမင်းထုပ်ကို ပါးစပ်ကကိုက်ပြီး သပြေကိုင်းက ဆွဲဆင်းလာကာ ထမင်းထုပ်ကို ကမ်းတော့၊ ကိုယ်တော်အနူက ဒီကနေ့ နောက်ကျရပါ့မလားလို့ မိဖုရားရဲ့ပါးကို လှမ်းချလိုက်တာ နားတောင်းတစ်ဖက် ကျွတ်ထွက်ပြီး ဘုရင်မင်းမြတ်ခြေနား ကျလာသတဲ့။ ဘုရင်မင်းမြတ်က အသာကောက်ယူထားတုန်း၊ မိဖုရားက အို အရှင်ရဲ့ စိတ်ဆိုးတော်မမူပါနဲ့ဦး၊ ဘုရင်မင်းမြတ် အိပ်ပျော်နိုင်ခဲလို့ စောင့်နေရတာနဲ့ နောက်ကျနေရတာပါလို့ အခါခါ တောင်းပန်တိုးလျှိုးပြီး အမျိုးမျိုးချော့မော့နေရသတဲ့"

"ဘုရင်မင်းမြတ်လဲ ဒါတွေ နားမထောင်ချင်တာနဲ့ ပုရောဟိတ်ကို လက်ကုပ်ပြီး အသာထွက်ခဲ့ကြ တာကိုး။ နောက်တစ်နေ့ကျတော့ မိဖုရားကြီး လက်ဝတ်လက်စားအပြည့်အစုံနဲ့ အခစားဝင်ရမယ်လို့ အမိန့်တော် ချလိုက်တော့ သူ့ခမျာ လာရတာပေါ့။ နားတောင်းတစ်ဖက် ဝတ်ဆင်လျက်ပါမလာတော့ဘူး။ ဒီတော့ ..."

"ဘယ့်နှယ် မိဖုရား၊ နားတောင်းတစ်ဖက် မမြင်ပါကလား ..."

"မှန်လှပါ၊ ပန်းထိမ်တော်ကို ပြင်ခပ်ရန် အပ်နှံထားပါဘုရား"

"ဟဲ့ ပန်းထိမ်တော်ကို အမြန်ခေါ်"ဆိုပြီး ခေါ်ယူမေးမြန်းတော့ ပန်းထိမ်တော်ကလဲ သူ့ထံ မိဖုရားကြီး ဘာတစ်ခုမျှ မအပ်နှံကြောင်းနဲ့ သံတော်ဦးတင်ကာကိုး ...။ ဒီတော့မှ ဘုရင်မင်းမြတ်က နားတောင်းကို ပစ်ချပေးပြီး၊ နင် ငါ့ကို ဘောက်မဲ့ လိမ်ရသလဲ၊ နင့်အကြောင်း ငါမသိဘူးမှတ်လား။ ဟဲ့ အာဏာသားတို့ ဒီမိဖုရားကို သုံးပိုင်းပိုင်းပြီးမျှောလို့ အမိန့်တော်မြတ် သတ်မှတ်တဲ့အခါ၊ ဘုရားလောင်းကလဲ အနီးမှာ ရှိလေတော့၊ အရှင်မင်းကြီးအား "သည်းခံ သည်းခံ၊ ကျွန်ုပ် အကြောင်းပြပါဦးမယ်"လို့ လျှောက်ထားလိုက် တာကိုး။

အဲဒီလို မိဖုရားကို အသက်ဘေးက နှုတ်ယူပြီးတဲ့နောက် မင်းကြီးနဲ့ ဘုရားလောင်း ပုရောဟိတ်တို့ဟာ မထင်မရှားတဲ့အသွင်နဲ့ ဒိပြင်တိုင်းပြည်များကို လှည့်လည်ကြတာကိုးကွဲ့။ တစ်နေ့တော့ လမ်းခရီးမှာ သူကြွယ်

Commercial use of this book will be at your OWN RISK

တစ်ယောက်က သူ့သားအဖို့ ချွေးမလောင်းတစ်ယောက်ကို လှည်းနဲ့ ခေါ်ဆောင်လာတာကို ဘုရားလောင်း သိမြင်သတဲ့။ သည်တော့ ရှေ့က တင်ကူးပြီး ဇရပ်တစ်ခုမှာ တင်းတိမ် ကာရံထားကာ မင်းကြီးကို တင်းတိမ် ထဲမှာ နေစေသတဲ့။

ခုတင်က သူကြွယ်ရဲ့လှည်းအနားရောက်လာတော့ ဘုရားလောင်းဟာ ဆံပင်ဖားယားနဲ့ အပြေးကလေး ထွက်ပြီး "တစ်ဆိတ် ခင်ဗျား၊ ကျွန်တော့်ဇနီး မီးဖွားခါနီးလို့ မိန်းမဖော်လည်း မရှိသောကြောင့် မိန်းကလေး တစ်ယောက်လောက် ခဏကလေးထည့်ပေးပါ"လို့ ပြောပါရော။

သူကြွယ်ကလဲ အဟုတ်မှတ်ပြီး သူ့ချွေးမလောင်းကို လိုက်သွားပါဆိုတော့ လိုက်လာတာပေါ့။ တိမ်းတိမ်ထဲမှာ မင်းကြီးနဲ့ ဖောက်ပြားပြီး မိန်းကလေးပြန်ထွက်သွားတာကို သူ့ယောက္ခမလောင်းက မေးတဲ့ အခါ ... သားယောကျ်ားကလေး ဖွားမြင်တယ်လို့ ညာသတဲ့။

ဘုရားလောင်းလဲ မင်းကြီးဆီ ဝင်တဲ့ပြီး "ကိုင်း ... ဘယ့်နှယ်လဲ မိန်းမအကြောင်းသိပြီလား" ဆိုတဲ့ အခါ မင်းကြီးက သိပြီလို့ ဝန်ခံသတဲ့။ "အရှင်မင်းကြီး ဘာများ ပေးလိုက်သေးသတုန်း"လို့ မေးတဲ့အခါ၊ သနားလို့ လက်စွပ်ပေးလိုက်ကြောင်း ပြောပြတော့၊ ဘုရားလောင်းက ထွက်သွားတဲ့လှည်းဆီ အပြေးလိုက်ပြီး "တစ်ဆိတ်ရပ်ကြပါဦး၊ ဟိုသူငယ်မဟာ ကျွန်တော့်မိန်းမခေါင်းရင်းက လက်စွပ်ကို ယူသွားပါတယ်" ပြောလို့ သူကြွယ်က ကြည့်တဲ့အခါ၊ သူ့ချွေးမလက်မှာ လက်စွပ် မြင်တာကိုး။ ဒီတော့ "ဟဲ့ ပြန်ပေးလိုက်"ဆိုလို့ ဘုရားလောင်းလက်ထဲ လက်စွပ်ပြန်ထည့်ပေးတဲ့အခါ အလွန်ရှုပ်တဲ့သူဆိုတဲ့သဘောနဲ့ ဘုရားလောင်းလက်ကို ယောက္ခမ မမြင်အောင် ဆိတ်လိုက်သေးသတဲ့။

ဘုရားလောင်းလဲ "ကိုင်း ... အရှင်မင်းကြီး မိန်းမအကြောင်း သိတော်မူပြီ မဟုတ်လား" မေးရာ နားလည်ပြီ ဖြစ်ကြောင်း၊ ဒိပြင် မိန်းမတွေလဲ ဒီလိုနေမှာပဲ၊ ပြန်ကြစို့ဆိုပြီး တိုင်းပြည်ပြန်လာကာ မိဖုရားကို မသတ်တော့ဘဲ ရာထူးသာ ချထားလိုက်သတဲ့ တပည့်ရဲ့ ..."

"ငါ့ရှင် ဇနိန္ဒ၊ မာတုကာမဆိုတာ ဘယ့်ကလောက် ကြောက်စရာကောင်းသလဲ။ ပဒုမဇာတ်မှာ ကြည့်ဦး။ ညီအစ်ကိုခုနစ်ပါး ခမည်းတော်က သူ့ကိုပုန်ကန်မှာစိုးလို့ နှင်ထုတ်လိုက်တော့ တောထဲရောက်လို့ ငတ်မွတ်ကြတဲ့အခါ ညီငယ် ၆–ယောက်ကတော့ ကိုယ့်မယား ကိုယ်သတ်ပြီး အားလုံးဝေစားကြတယ်။ အစ်ကို အကြီးဆုံး ပဒုမမင်းသားအလှည့်ကျတော့ သူ့မယားကို ချစ်လွန်းလို့ ညဥ့်ချင်း တိတ်တိတ်ထွက်ပြေး၊ လမ်းမှာ ရေငတ်လို့ လက်မောင်းသွေးဖောက်တိုက်နဲ့၊ ဒါတောင် ပေါင်တို လက်တိုနဲ့ တွေ့တဲ့အခါ လင်ကြီးသေအောင် သတ်ပြီး ပေါင်တိုကို ကြိုက်သေးတယ်။ နောက်ပြီး မင်းသား ၅–ယောက်စလုံး လင်ပြုတဲ့ မင်းသမီး၊ ပြီးတော့ ပဥ္စပါပီ၊ ခြောက်ကျိပ်လေးယောက်ကို ပြစ်မှားတဲ့မိဖုရား ..."စသည်ဖြင့် မဟာကုဏာလဇာတ်နိပါတ် ဆုံးအောင် ဟောပြောတော်မူပြီးနောက် ညဥ့်နက်လှပြီဖြစ်၍ ရှင်ဇနိန္ဒအား လွှတ်လိုက်လေ၏။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် သာကီဝင်မင်းသား ၅၀၀ အား ရဟန်းပြုပေးစဉ်က လူထွက်ချင်ကြ၍ ဟိမဝန္တာသို့ ခေါ်တော်မူ၍ အဆိုပါ မဟာကုဏာလဇာတ်တော်ကို ဟောပြချေချွတ်တော် မူသောအခါ ရဟန်း ၅၀၀–စလုံး အကျွတ်တရား ရကြလေကုန်၏။ ရှင်ဇနိန္ဒသည် ပညာပါရမီ ရင့်သန်သူ ကလေး ဖြစ်သဖြင့် ဆရာတော်ဘုရားသည် မိမိသိက္ခာ ဂုဏ်တော်နှင့်မှမလိုက် ပရိယာယ်ပြုတော်မူကာ ဟောပြ ချေချွတ်တော်မူလေ၏။ သို့ရာတွင် ရှင်ဇနိန္ဒကား ထူးခြားခြင်းမရှိ၊ ဆရာတော်ဘုရား ဆွမ်းခံကြွတော်မူရာ လိုက်ပါလျက် တစ်နေ့တစ်ခြား စွဲလမ်းနေဟန်တူလေ၏။

Commercial use of this book will be at your OWN RISK.

တစ်နေ့ကား ကိုရင်ဥတ္တမသည် ရှင်ဇနိန္ဒအား လက်ကုပ်ခေါ်ယူလျက်၊ လူရှင်းသောနေရာတွင် မာတုကာမကလေးအား စွဲလမ်းလျှင် ကျောင်းသားငယ် ကျော်သောင်းအား စာအပေးခိုင်းရန် အကြံပေးလေ၏။ ကျော်သောင်း၏အထက် အစ်မတစ်ယောက်သည် သန်လျင်ဝန်မင်း၏အိမ်တွင် အစေအပါးအဖြစ် နေထိုင်သဖြင့် ဆက်သွယ်ရန်လွယ်ကူကြောင်း ပြောပြသောအခါ ရှင်ဇနိန္ဒမှာ မျက်နှာရွှင်ပျလျက် အကောင်းဆုံးစာတစ်စောင်ကို ရေးသားနေလေ၏။ ကျောင်းသားငယ် ကျော်သောင်းအား ချော့မော့လျက် အပေးခိုင်းလိုက်လေ၏။

နောက်တစ်နေ့၌ ကျော်သောင်းပင်လျှင် ရှင်ဇနိန္ဒ၏အနားသို့ ကပ်လျက် မနန်းနွယ်ဆီက စာပြန်လိုက်ကြောင်း၊ သူ့ဆီ ပါလာကြောင်းများကိုပြောပြရာ၊ အတိုင်းမသိ ဝမ်းသာလျက် ကျောင်းသားငယ်အား တစ်နေရာသို့ခေါ်ကာ စာကိုတောင်းယူလေ၏။ စာတွင်ကား မိမိကဲ့သို့ မိန်းကလေးတစ်ဦးသည် သင်္ကန်းဝတ်ကို မေတ္တာကူးစက်မည် မဟုတ်ကြောင်း၊ အကယ်၍ လူဝတ်ကြောင်ဖြစ်စေကာမူ ဤကဲ့သို့သောလူမျိုးကို ဖူးစာမျှရန် ခဲယဉ်းကြောင်း၊ မိမိ၏အရွယ်မှာလည်း အလွန့်အလွန် ငယ်နုသေးရကား ကိုရင်သည် စိတ်ဖောက်ပြားခြင်း၊ သွပ်ခြင်းမရှိက ကြံရွယ်ရန် မသင့်ကြောင်းများဖြစ်ရာ၊ ရှက်လည်းရှက်၊ နာလည်းနာ စိတ်ထဲက ဟာတာတာကြီး ဖြစ်ရာ၊ ဟင်း ... ကနဲ သက်မကြီး ရှူချမိလေ၏။

အမှန်အားဖြင့် ရှင်ဇနိန္ဒ ရေးသားထားသောစာသည် မနန်းနွယ်၏လက်ထဲသို့ ရောက်ရှိသည်မဟုတ်၊ မနန်းနွယ်ကလေး၏ ပြန်စာမှာလည်း ကလေးမကိုယ်တိုင် ဘာမျှသိရသည်မဟုတ်ချေ။ ဆရာတော်ဘုရားသည် ရှင်ဇနိန္ဒ အာသာဆန္ဒပြတ်အောင် ကြံဆောင် ပရိယာယ်ပြုတော်မူခြင်းသာဖြစ်လေ၏။

သို့ရာတွင် ရှင်ဇနိန္ဒတွင်ကား အာသာဆန္ဒမပြတ်လှဘဲ အစွဲကြီးစွဲ အချစ်ခင်ကြီး ချစ်ခင်သူတစ်ယောက် ဆုံးရှုံးလေပြီဟု စိတ်နှလုံးကို အထူးထိခိုက်ကာ အစာမစားဘဲနေလေရာ လေးငါးရက်အကြာတွင် အိပ်ရာထဲ၌ လဲလျောင်းနေရရှာလေတော့၏။ ဆရာတော်ဘုရားလည်း တပည့်ချစ်တစ်ယောက် ရဟန်းဘောင်မှ ဆုံးရှုံးမည် စိုးလွန်းလှသဖြင့် မိမိဂုဏ်ကိုမျှ မငဲ့နိုင်ဘဲ၊ လူငယ်မှုကို ဝင်ရောက်ဖန်တီးတော်မူခဲ့ရာ လူငယ်များမှာ သာ၍ပင် ဆိုးရွားနေပြန်သဖြင့် မကြံတတ်အောင်ဖြစ်၍ နေတော်မူရလေ၏။ မိမိတတ်စွမ်းသော ဆေးကျမ်း၊ ဓာတ်ကျမ်း များဖြင့် အစွမ်းကုန် ကုသပါသော်လည်း အနာတခြား ဆေးတခြားဖြစ်သဖြင့် သက်သာသည်မရှိ၊ လူမမာမှာ တစ်နေ့တစ်ခြား ဖောက်ပြန်ခဲ့လေ၏။

တစ်ခါတစ်ရံ သတိလစ်လျက် ယောင်ယမ်းပြောဆိုသော စကားများများမှာလည်း မနန်းနွယ်ကလေး၏ အကြောင်းပင်ဖြစ်ရာ၊ သန်လျင်ဝန်မင်းအား အကြောင်းကြားရမည်လည်း အခက်၊ ဤအတိုင်း ကြည့်ရှုနေရမှာ ကလည်း တပည့်တစ်ယောက် အသက်ဆုံးတော့မည့် အခြေအနေမျိုး တွေ့ကြုံရမည်ဖြစ်သဖြင့် အခက်ဖြစ်ကာ များစွာ စိတ်အိုက်တော်မူရှာလေ၏။

ဆရာတော်ဘုရားသည် အစပထမ၌ ဆွမ်းမစားဘဲနေသော တပည့်ချစ်အား သူ့ချစ်သူ မာတုကာမ ကလေးကို အနီးတွင် တွေ့အောင်ပြသကာ မိန်းမတို့အပြစ်ကို ပြလျက် ဆုံးမမည်ဟု ကြံစည်တော်မူခဲ့ သောကြောင့်၊ မင်း၊မှူးမတ်၊ သူဌေး၊ သူကြွယ်၊ ကုန်သည်လယ်လုပ်တို့မကျန် ကြည်ညိုခြင်းခံရသော မိမိ၏ ဂုဏ်ပုဒ်ကိုမျှ မငဲ့ဘဲ ဆွမ်းခံထွက်ကြွတော်မူခဲ့လေ၏။

တပည့်ချစ်အား အကျိုးအကြောင်း ပြသဆုံးမသောအခါ၊ တပည့်ဖြစ်သူမှာ လုံးဝမလိုက်နာနိုင်၊ ၄င်း၏ ရောဂါတိုးတက်အောင် ပြုတော်မူဘိသကဲ့သို့ ဖြစ်၍နေလေ၏။ တစ်ဖန် မိန်းကလေးက လုံးဝဂရုမစိုက်ကြောင်း၊ သူ၏စိတ်၌ထင်မြင်လျှင် စိတ်နှလုံးကြီးသူဖြစ်သည့်အတိုင်း၊ စိတ်အနာကြီးနာကာ ဤစိတ်တွေဖျောက်လျက်

Commercial use of this book will be at your OWN RISK.

ရဟန်းဘောင်သို့ မုချရောက်ရမည်ဟု မျှော်လင့်တော်မူကာ ရှင်ဥတ္တမအား နှုတ်ပိတ်ကြံဆောင်တော်မူစေရာတွင် တပည့်ချစ်မှာ အိပ်ရာပေါ်တွင် လဲလျောင်းနေရလေ၏။

မိမိသည် ရပ်ရွာဒကာမများအပေါ်၌ အခြားမည်သည့်ကိစ္စနှင့်မဆို ပြောရဲဆိုရဲဖြစ်ကာ မိမိပြောသမျှမှာလည်း လိုက်နာကြသည်က များခဲ့လေ၏။ ဤမာတုကာမလေးကိစ္စတွင် ဆရာတော်တန်မဲ့ တပည့်ချစ်ကြောင့် ဖွင့်ဟပြောဆိုမိသော် မိမိအား မူလကြည်ညိုသောစိတ်များပင် လျော့ပါးသွားကြပေလိမ့်မည်ဟု စိုးရိမ်တော်မူမိလေ၏။ ကလေးမမှာလည်း အရွယ် ငယ်နုလွန်းသေးသည်။ တပည့်ချစ်လည်း အိမ်ထောင်သည်တို့၏ လိုအပ်သောအင်အား မပြည့်စုံသေးရကား မိုက်ရူးရဲ အချစ်ငန်းဖမ်းသောကိစ္စအတွက် ဝင်ရောက်စွက်ဖက်မိသည်ကို နောင်တရတော်မူမိလေ၏။ ရှင်ဇနိန္ဒက အိပ်ရာတွင် မှိန်းလျက် သတိမရတစ်ချက်၊ ရတစ်ချက်ပင် ဖြစ်နေတုန်းပင်တည်း။

ဦးပဥ္စင်းအချို့နှင့် ကိုရင်ကြီးအချို့လည်း ဆရာတော်ဘုရားနှင့်အတူ ရှင်ဇနိန္ဒအား ကူညီပြုစုလျက်ရှိကြလေ၏။

ဆရာတော်ဘုရားလည်း တပည့်များအား သဘာဝကို နားလည်စေလိုသဖြင့် ...

"အိမ်း ... ဒါမျိုးဟာ ဖြစ်တတ်တဲ့ သဘောပေပဲကွဲ့။ ရှေးက သီဟိုဠ်ကျွန်း သဒ္ဓါတိဿမင်းကြီး လက်ထက်မှာ မင်းကြီးက ရဟန်းပျိုတစ်ပါးကိုပင့်ပြီး တရားနာသတဲ့။ မင်းကြီးနဲ့တကွ မိဖုရား မောင်းမ ကိုယ်လုပ်တွေပါပေါ့။ မောင်းမတစ်ယောက်ကတော့ ရဟန်းကို တစိမ့်စိမ့်ကြည့်သတဲ့။ ရဟန်းကလဲ အဲဒီမောင်းမငယ်ကို တရားဟောရာက ကြည့်သတဲ့။ မင်းကြီးလည်း ဒီအကြောင်းရိပ်မိလို့ ကန့်လန့်ကာခြားပြီး တရားနာတဲ့အခါ၊ မောင်းမနဲ့ ရဟန်းဟာ ကန့်လန့်ကာရဲ့ ဟိုဖက်သည်ဖက်မှာ နှစ်သက်ချစ်ခင်လွန်းတဲ့စိတ်နဲ့ ရင်ကွဲနာကျပြီး သေဆုံးကြသတဲ့ကွဲ့ ..."

"ပြီးတော့ အဲဒီ သီဟိုဠ်ကျွန်းမှာပဲ ရဟန်းတော်များဟာ သူကြွယ်တစ်ဦးအိမ် ဆွမ်းခံကြွကြသတဲ့။ သူကြွယ်ရဲ့ သမီးပျိုကလေးဟာ ရဟန်းတစ်ပါးကို မေတ္တာသက်ဝင်ပြီး မအိပ်နိုင် မစားနိုင် ဖြစ်နေသတဲ့။ မိဘလုပ်သူများက အကြိမ်ကြိမ်မေးပေမယ့် သူ့အဖြစ်ကို မပြောဘူးတဲ့။ နောက်ဆုံး မရမက မေးတော့မှ ရဟန်းပျိုတစ်ပါးကို မေတ္တာမျှမိလို့ မအိပ်နိုင် မစားနိုင်ဖြစ်ရကြောင်း၊ သူဖြင့် ဒီစိတ်နဲ့ပဲ သေရတော့မည့်အကြောင်း ပြန်ပြောတော့ သူကြွယ့်ခမျာ ငါ့သမီးဖြင့် အသေမခံနိုင်ပါဘူးဆိုပြီး အဲဒီရဟန်းပျိုဆီ သွားပြီး အကျိုးအကြောင်း လျှောက်ထားရှာသတဲ့ ..."

"ဒါဖြင့် ရဟန်းပျိုက လူထွက်ပြီး လိုက်လာရောလား ဘုရား့ ..."

"တယ် ... ဥတ္တမက လောတာကိုး။ ဆရာတော်ဟောတာ နားထောင်ပါဦး ..."ဟု အခြားကိုရင်တစ်ပါးက ထောက်လိုက်လေ၏။ ဆရာတော်လည်း ကွမ်းဖတ်များကို ထွေးထုတ်ပစ်ပြီးနောက် ...

"ဒီတော့ ရဟန်းပျိုကလဲ သူ့မှာ ဃရာဝါသဆိုတဲ့ လူ့ဘောင်ကို လွတ်အောင်ရုန်းပြီး ရဟန်းပြုရတဲ့ဟာမို့ ဘယ်နည်းနှင့်မျှ လူပြန်တော်လုပ်ပြီး မေတ္တာသက်ဝင် ချစ်ခင်ခြင်းမပြုနိုင်ဘူးလို့ ငြင်းဆန်နေတာကိုး။ သူကြွယ်က အတန်တန်လျှောက်ပေမယ့် မရတော့ဘူး။ နောက် သူကြွယ်လဲ အိမ်ကိုပြန်သွားတဲ့ပြီး ရဟန်းကဖြင့် လူမထွက်နိုင်ဘူးလို့ ပြောတယ်။ ဒါပြင် သမီး မေတ္တာမျှတဲ့ အမျိုးသားတစ်ယောက်ယောက်ပြော၊ ဖခင်သဘော တူမယ် ဆိုပေမယ့် ဘယ်ရမလဲ။ ကလေးမလေးဟာ တစ်ခါတည်း အသက်ဆုံးရှာသတဲ့။ ဒီတော့မှာ

Commercial use of this book will be at your own RISK

သူကြွယ်လဲ ပရိဒေဝမီး တောက်လောင်ပြီး သမီးကို သင်္ဂြိုဟ်ရာတယ်။ သမီးရဲ့ အဝတ်အစားများကိုလဲ ရဟန်းတော်များကို လှူဒါန်းတော့၊ ထိုရဟန်းပျိုဟာ သင်္ဂြိုဟ်တုန်း မလိုက်ပေမယ့် သူ့ဝေစုတော့ ရသေးတာကိုး။ အိမ်း ဒီအဝတ်ရှင် ဒကာမလေးဟာ ငါ့ကြောင့် အသက်ဆုံးတာပါကလား … ငါ့ကြောင့်ပါကလားနဲ့ ရာဂပူကြီး ဝင်လိုက်တာ၊ အဲဒီရဟန်းပျိုလဲ အသက်ဆုံးရှာရောတဲ့။ ရာဂဆိုတဲ့ အပူဟာ သည်ထိအောင်ဆိုးတဲ့ သဘာဝကွဲ့။ ဒီတော့ ဒီအကောင် ကုစားဖို့ဆေးနည်းကို ငါ့ရှင်တို့ ကြံကြစမ်းပါဦး …”ဟု မိန့်တော်မူရာ တပည့်များမှာ နန်းနွယ်နှင့် ပေးစားသည်မှအပ အခြားဆေးနည်း မမြင်သဖြင့်၊ ဘာပဲဖြစ်ဖြစ် သန်လျင်ဝန်မင်းကို အတင်းဟောပြောဖို့ သင့်ကြောင်း လျှောက်ထားကြလေ၏။ ဆရာတော်ဘုရားလည်း “အိမ်း … အတော်လဲ ဝန်လေးပါကလား …”ဟု ညည်းတွားနေတော်မူရှာလေ၏။

Commercial use of this book will be at your OWN RISK.

## အခန်း (၂)

ရှင်ဇနိန္ဒ၏ အဖြစ်အပျက်သည် သန်လျင်မြို့အတွင်း အချို့အိမ်များသို့ တိုးတိုးကြိတ်ကြိတ် ပျံ့နှံ့သွားလေ၏။ ကျွန်းတိုင်ကြီးများ၊ ယိုးဒယားပန်းခက်ကြီးများဖြင့် ကြီးကျယ်ခမ်းနားလှသော သန်လျင်ဝန်မင်း၏ အိမ်ရှိ အခန်းတစ်ခန်း၌ကား အစေခံ မိငြိမ်းသာနှင့် မနန်းနွယ်ကလေးတို့သည် တစ်စုံတစ်ရာကို တီးတိုး ပြောဆိုလျက်ရှိကြလေ၏။

မနန်းနွယ်ကလေးမှာ ပြုံးမယောင်ယောင်နှင့် မျက်နှာကလေးညိုလိုက်၊ ညှိုးငယ်လိုက်၊ ပူဆွေးဟန် ပေါက်လိုက်နှင့်နေခြင်းဖြင့် စိတ်နှလုံးကို ထိခိုက်သော အကြောင်းအရာကို ပြောဆိုနေကြသည်ကို ခန့်မှန်းနိုင်လေ၏။ မိငြိမ်းသာကား လက်ဟန်ခြေဟန်နှင့် ...

"ဘုရားကျွန်မရဲ့မောင် ကျော်သောင်းဟာ အဲဒီကျောင်းမှာ နေတော့ ကျော်သောင်း အိမ်လာရင် အကုန် သိရတာပဲ၊ ကျွန်မ မပြောဝံ့ပါဘူး၊ နွယ်နွယ် မေးတော်မူလို့သာ အရဲစွန့်ပြောရပါတယ်။ သူ့ခမျာမှာ နွယ်နွယ့်ကို မေတ္တာရှိနေတာ အတော်ကြာရာပြီတဲ့။ နွယ်နွယ်ကလည်း အသက်တော်တာ ၁၃–နှစ် ပြည့်ခါနီးကလေးသာ ဆိုတယ်၊ ကိုယ်လုံးကိုယ်ပေါက်က ဝါးမျှစ်စို့ကြီးလို ကျစ်လစ်ဝါဝင်း ထွားကြိုင်းချောမွေ့တာကိုး ဘုရာ့ ..."

"ဒီလိုဆိုရင် သူရို့က မေတ္တာရှိကြရောလား မငြိမ်းသာရဲ့ ..."ဟု သဘောရိုးကလေးနှင့် မေးမြန်း လိုက်ရာ၊ မိငြိမ်းသာမှာ ပြုံးရယ်လျက် ...

"ဩော် ... နွယ်နွယ်ကတော့ အကစားမပျက် ကလေးစိတ်မပျောက်သေးဘူး။ ဒါပေမယ့် နွယ်နွယ်ရဲ့ ဟန်ပန်အမူအရာ ရုပ်ရည်ရူပကာယကတော့ တကယ့်အပျိုကြီးဖြစ်နေပြီ။ နားထောင်တော်မူပါဦး၊ သူ့ခမျာ ဆွမ်းမစားနိုင်ဘဲ တမှိုင်ထဲ မှိုင်နေတော့ ဆရာတော်က သနားတာနဲ့ ကိုယ်တော်တိုင် ဆွမ်းခံထွက်ကြွပြီး ဒီအိမ်တော်ကို နေ့တိုင်းတက်တော်မူသတဲ့။ နောက်တော့ တရားနဲ့ပြသ ဆုံးမပေမယ့် မရဘူးဆိုကိုး။ တပည့်တော်တော့ သူ့အတွက်နဲ့ အသက်တိုရတော့မယ်လို့ လျှောက်ထားသတဲ့။ ဒါနဲ့ ဆရာတော်ဘုရားလည်း တပည့် ကိုရင်တစ်ပါးကို နွယ်နွယ်ရဲ့အပေးနဲ့ စာတစ်စောင်ရေးပြီး ပေးစေသတဲ့။ နွယ်နွယ်က မေတ္တာမရှိဘူး၊ ဒီလိုလူ ဘာအသုံးကျသလဲဆိုတဲ့ အဓိပ္ပါယ်နဲ့ပေါ့လေ ..."

"အလို ဘုရားရေ ... နွယ်နွယ် ဘာမှမသိရပါပဲကလား။ ဘယ့်နှယ်လုပ်ကြတာတုန်း ..."

"ဒါဟာ ဆရာတော့်အကြံတဲ့။ နွယ်နွယ်က မုန်းရင် သူ ရဟန်းဘောင်မြဲရဲ့လို့တဲ့ ..."

"အနို့ သူ ရဟန်းဘောင်တက်ဖို့ ကြိုးစားနေရှာပတဲ့လား ..."

"ဘယ်ကြိုးစားနိုင်မလဲ ... ခုနက ပြောပါပကော၊ ကိုရင်ပျံတစ်ပါးကို ရွာက သင်္ဂြိုဟ်ရတော့မှာပဲ ..." ဟု မိမိကြားသိရသမျှကို ချဲ့ထွင်ပြောပြလျက်ရှိလေ၏။ မနန်းနွယ်ကလေးကား ရှေးအခါကမူ ကလေးစိတ်မျှ ဖြစ်ခဲ့ရာ၊ ငြိမ်းသာ၏ ပြောပြချက်အရ မိမိသည် မငယ်တော့ကြောင်းကို ပထမ နားလည်လေ၏။ ထိုသို့ အပျို ပေါက်စ အပျိုဘော်ဝင်စတွင် လုလင်ပျိုတို့သည် မေတ္တာကူးစက်ကာ ချစ်ဖက်ရှာလိုကြစမြဲပါလား ဟူသော သဘာဝကိုလည်း သိရှိသွားလေ၏။ ထိုမှတစ်ဖန် မိမိကြောင့် လူတစ်ဖက်သား ဒုက္ခရောက်ရှာသည် ဟူသော

Commercial use of this book will be at your OWN RISK

သတင်းကိုကြားရပြန်သောအခါ စိတ်နှလုံးကို ယူကြုံးပစ်လိုက်သကဲ့သို့ ထိခိုက်သွားလေ၏။ ရှင်ဇနိန္ဒ၏ ကိုယ်လုံးကိုယ်ပေါက်၊ ရုပ်လက္ခဏာ ဟန်ပန်အမူအရာများကိုလည်း အရုပ်ရေးပြသကဲ့သို့ ပေါ်ပေါက် လာခဲ့ လေတော့၏။

အစေခံမ၏ရှေ့၌ကား "ဩော် ... သနားစရာပါကလား"ဟု သာမညသာ ဟန်ဆောင်ပြောဆိုလိုက် သော်လည်း အတွင်းစိတ်မှာမူ အတော်ပူလောင်၍ သွားရှာလေ၏။ လောကဥ္စ ဖြစ်တတ်သော သဘာဝ ပင်တည်း။ အေးအေးဆေးဆေး နေထိုင်ခဲ့သော မနန်းနွယ်ကလေးသည် စိတ်နှလုံးကို မည်မျှထိခိုက်ရှာသနည်း ဟူမူကား၊ ထိုသတင်းကြားရသည့်အချိန်ကစ၍ ထိုအကြောင်းကိုသာ တစ်တွေးတည်းတွေး တစ်ပူတည်းပူနှင့် နေမိရှာလေရာ၊ အစားမမှန် အအိပ်မမှန်တော့ဘဲ နှစ်ရက်အကြာတွင် ညောင်စောင်းပေါ်၌ ခွေခွေကလေး နေရ ရှာလေတော့၏။

မိဘနှစ်ပါးမှာကား ပြာပြာသလဲဖြစ်၍ နေကြရှာလေ၏။ ကိုယ်မပူ ခေါင်းမခဲဘဲ အိပ်ရာထဲတွင် လဲနေသည့် ရောဂါကိုမသိကြ၊ ဆေးဆရာများကို ပြသရာ၌လည်း ရောဂါကို မဆုံးဖြတ်နိုင်။ ဗေဒင်နှင့် ပယောဂ ဆရာ၊ နတ်ဝင်ပုစ္ဆာန်းတို့ကို မေးသောအခါလည်း မိမိတို့ အယူသန်ရာကို ပြောဆိုဆုံးဖြတ်လျက်နေကြသဖြင့် အခက်ကြီးခက်၍နေကြရာမှ ဝန်ကတော်ကြီးသည် အစေခံများကို တစ်ဦးစီ စစ်ဆေးလေ၏။ မိငြိမ်းသာ အလှည့်သို့ ရောက်လျှင် ရှင်ဇနိန္ဒအကြောင်း သူသိတယ် ထင်ပါကြောင်း မတင်မကျ သံတော်ဦးတင်ရာမှ တွေးတောမိကြသဖြင့်၊ မနန်းနွယ်ကလေးအား ချော့မော့မေးကြလေ၏။ မနန်းနွယ်ကလေးလည်း မငြင်းသာ သဖြင့် ဟုတ်မှန်ကြောင်းဝန်ခံရာ၊ ဝန်မင်းနှင့် ဝန်ကတော်ကြီးသည် အပြင်ဘက်သို့ ထွက်ကာ တိုင်ပင်ကြပြန် လေ၏။

"ကျွန်မတော့ သိပ်ပြီးရှက်တော့တာပဲ။ အမိန့်မှ မစင်သေးဘူး ဒီလိုဖြစ်ရတယ်ဆိုတာ ..."

"မဟုတ်ဘူး ရှင်မ၊ ရှေးဘဝက ရေစက်ပါရင် ကြီးသော ငယ်သော မဟုတ်ဘူး။ ဖြစ်တတ်တဲ့ သဘာဝပဲ ..."

"သူ့စိတ် တစ်ခါတည်း ပြတ်သွားအောင် ဟိုမောင်ရှင် သေပြီလို့ ပြောလိုက်ကြစို့လား ..."

"ဟာ ... ဒီလိုဆိုရင်လဲ သူလည်း တစ်ခါတည်း သေသွားမှာပေါ့။ ကျုပ်သဘောတော့ သမီး အဆုံး မခံနိုင်ဘူး။ မောင်ရှင်ကို လူထွက်ခိုင်းပြီး ကြောင်းလမ်းထားလိုက်မယ်။ ဟိုရှေးရှေးတုန်းက ထုံးစံလို သမီးရှင်က သမက်ရှာရတာပဲဖြစ်ဖြစ် သမီးမသေရင် ပြီးရောပေါ့ ..."

"ကျွန်မလဲ ကိုယ်လွယ်မွေးရတာပါပဲ ... ဒါပေမယ့် ဒိပြင်နည်းလမ်း မရှိတော့ဘူးလား ..."

"မရှိဘူး မရှိဘူး ... ရှင်မပဲ သွားပြီး မောင်ရှင်ကို လူထွက်ခိုင်း၊ အိမ်ခေါ်ခဲ့မယ့် အကြောင်းကို ပြောပေတော့ ဟုတ်လား ...။ သူ့စိတ်သက်သာရာရအောင် ပြောပါနော် ..."

"ဟို မောင်ရှင်က ကြားရတဲ့သတင်းအတိုင်းဖြင့် သေများသေနေမှန်းမှ မသိဘဲ ..."

"အို ... သေမှ သေတဲ့အလိုက်ပေါ့။ သူ့နားမှာ သတင်းကောင်းကြားရင် သက်သာပါလိမ့်မယ် ..."ဟု ဆိုသဖြင့် ဝန်ကတော်ကြီးလည်း သမီး၏အခန်းသို့ ဝင်ကာ အစေအပါးများကို အပြင်သို့ ထွက်စေလေ၏။

Commercial use of this book will be at your OWN RISK.

ထို့နောက် သမီး၏ နဖူးဆံစတို့ကို စမ်းသပ်ယုယကာ "သမီး နွယ်နွယ် ... ဘယ့်နှယ် နေသေးသလဲ၊ မယ်မယ်တို့ အပြစ်မတင်ပါဘူး။ ဘဝက အကြောင်းပါရင် ဒီလိုဖြစ်တတ်တယ်လို့ ခမည်းတော်ကလဲ ပြောဆိုနေရှာပါတယ်။ သမီး စိတ်ကောင်းအောင်နေပါ။ ဟို မောင်ရှင်ကို လိင်ပြန်ခိုင်းပြီး နေရာချထားပေးပါလိမ့်မယ်" ဟု ဖြောင်းဖြပြောဆိုရှာလေ၏။

မနန်းနွယ်၏ မျက်နှာအမူအရာကလေးမှာ အနည်းငယ် ကြည်လင်၍လာလေ၏။ တစ်ဖန် မမျှော်လင့်သော မိမိစိတ်၏ ဖြစ်ပျက်ပုံကို တွေးရက်ကာ မျက်ရည်များကျဆင်းလာပြန်လေ၏။

ဆရာတော်ဘုရားကား လူမမာ ရှင်ဇနိန္ဒ၏ နံဘေးတွင် ထိုင်ကာ လူမမာ၏ ဇာတာခွင်ကို ပုရပိုက်တစ်ခုတွင် ကန့်ကူဆံနှင့်ခြစ်ကာ တွက်ချက်ကြည့်ရှုနေတော်မူလျက်ရှိလေ၏။

"ငါ့တပည့် ဘာမှမဖြစ်နိုင်ဘူး၊ အခိုက်အတန့် မသင့်တဲ့အခါ ဒီလိုကြုံတွေ့ရတာပဲ။ သိမ်လဂ်မှာ တနင်္ဂနွေ–အင်္ဂါပူးပြီး ဗုဒ္ဓဟူးက ကန်ရာသီမှာနေတယ်။ တပည့်လဲ နားလည်တယ် မဟုတ်လား ... အခု အာယုက ၁၂–လုံး ၂–ပါဒ် ၃–ဗီဇနာ ဆိုတော့ ကုဋ္ဌမွှအိမ်မှာ စုတ်အိမ်စုတ်ကြိုက်ပဲ။ ဒါပေမယ့် နက္ခတ္တ ကီဒသာနဲ့ဆိုရင် ကြာသပတေး ထုလဒသာမှာ ရာဟု အန္တရဒသာ စားဆဲ အခိုက်အတန့်ကလေးမှာ ဒီလိုဖျားနေတာပဲ၊ ကောဇာရာဟုက သိဟ်ရာသီ၊ စနေက ပထဏီအိမ်မှာဆိုတော့ ဒါကလေးတစ်ခု နည်းနည်းဆိုးပေမယ့် မထောင်းတာပါဘူး။ ငါ့တပည့် မကျော်စောဘဲ စစ်သူကြီးမဖြစ်ဘဲ မသေနိုင်ပါဘူးကွယ် ..."ဟု အားပေးစကား ပြောကြားတော်မူသော်လည်း၊ လူမမာမှာ မျက်လုံးဖွင့်ကြည့်ရုံထက်ပို၍ ဘာမျှမပြောနိုင်ရှာချေ။ ခပ်တွေတွေ ကြောင်တက်တက်ဖြစ်၍သာ နေတော့၏။

ထိုအခိုက် ကျောင်းသားတစ်ယောက် ဆရာတော်ဘုရားအား ဝတ်ချကာ သန်လျင်ဝန်မင်း ရောက်ရှိနေကြောင်း ပြောဆိုလေရာ၊ ဆရာတော်ဘုရားလည်း လေလုံသော လူမမာခန်းမှ ထွက်ကြွကာ နေရာထိုင်တွင် တင်ပလ္လင်ချိတ် ထိုင်တော်မူရင်း ...

"ဘယ့်နှယ် ဒကာကြီး ... ဘာကိစ္စများ အကြောင်းထူးရှိလာပါသလဲ ..."

"ကိစ္စထူးတော့ မရှိပါဘူး ဘုရာ့ ... ဆရာတော်နဲ့ ဆွမ်းခံတဲ့အခါ လိုက်ပါလေ့ရှိတဲ့ မောင်ရှင် နေမကောင်းဘူး ကြားလို့ အမေးအမြန်း လာရခြင်းပါ ဘုရား ..."

"သြော် ... သြော် ... မောင်ရှင်ဇနိန္ဒလား၊ သိပ်ပြီး မကျန်းမမာဖြစ်နေရှာတယ် ဒကာကြီးရဲ့ ..."

"ဘာဖြစ်လို့တုန်း ဘုရာ့ ... အအေးမိလို့လား ..."ဟု မသိဟန်ဆောင်၍ မေးလေရာ ...

"ဟာ ... ဒကာကြီး ဘာရယ်လို့ မဟုတ်ဘူး။ ဆွမ်းမစားဘဲနေရာက ဖျားတာပါပဲ။ ဒီသူငယ်ကို ခက်ပါတယ်၊ စိတ်က သူများနဲ့မတူဘူး ..."

"စိတ်နှလုံးကြီးပုံရပါတယ် ဘုရား။ နားရွက်ကား ခေါင်းကားနဲ့ ဉာဏ်လဲ ထက်မြက်ပုံရပါတယ် ..."

"ဒါ့ကြောင့် ဆရာတော် ဂရုစိုက် ကူသနေရတာပေါ့ ...။ ပရိယတ္တိဘက်က အလွန်ဉာဏ်သွားတဲ့ သူငယ်ပဲ ..."

Commercial use of this book will be at your OWN RISK.

"ဘယ်အခန်းမှာလဲ ဘုရာ့ ..."

ထိုအခါ အနီးရှိ လူငယ်တစ်ယောက်က အခုတင် အိပ်ပျော်သွားကြောင်းနှင့် အခန်းတစ်ခန်းကို လက်ညှိုးထိုးပြလေ၏။ ဆရာတော်လည်း ...

"အိပ်ရင် သူသက်သာအောင်လို့ အိပ်ဆေးတိုက်ထားတာ ဒကာကြီး။ ခက်ပါတယ် ... ဒီသူငယ်၊ ဆရာတော်တော့ သူ့အတွက် ယူကြုံးမရဖြစ်ရတော့မယ် ထင်ပါရဲ့ ..."

"သူ့ဇာတိမျိုးနွယ်ကို မသိရဘူးလား ဘုရာ့ ... ဘယ်သူ့အဆက်အနွယ်ပါလဲ ..."

"သန်လျင်အရှေ့ပိုင်းက ဘိုးရဲကျော်ရဲ့မြေး ... ရှင်မြတ်လှရဲ့သားပေါ့ ..."

"သြော် ... ဘိုးရဲကျော် သိပြီဘုရာ့ ... ရှင်မြတ်လှဆိုတာ အရင်ဆယ်နှစ်လောက်က တောင်ငူသား တစ်ယောက်နဲ့ အကြောင်းပါပြီး ပစ်ထားခဲ့တဲ့ သူငယ်မ မဟုတ်လား ဘုရာ့ ..."

"ဟုတ်တယ် ဒကာကြီး၊ သူရို့ရဲ့ အဖြစ်အပျက်ကလဲ သနားစရာ၊ ဒီလိုဖြစ်ပျက်ခဲ့ကြတာကိုး ..."ဟု ဇာတ်လှန်၍ မိန့်မြွက်တော်မူလျက်ရှိလေ၏။

ဟ္တ ဟ္တ ဟ္တ

သက္ကရာဇ် ၉၆၂–ခု၊ တပို့တွဲလဆန်း ၄–ရက် စနေနေ့သည်ကား ရတနာပူရ အဝရွှေမြို့တော်တစ်ခုလုံး မိုးချုန်းသည့်ပမာ များစွာဆူညံလျက်ရှိလေ၏။ မြန်မာ့ဇာတိ မြန်မာ့သွေးအစစ် ဖြစ်ကြကုန်သော ဘုရင်မင်းမြတ်၏ စစ်သည်တော် တပ်သားတို့သည် ဘုံကျော်တံခါးမှ ထွက်ပြူလျက် ချီတက်လာကြလေရာ မြို့တော်သူ မြို့တော်သားတို့သည် စစ်လမ်းမဘေးမှ တိုးဝှေ့ပြည့်ကျပ်အောင် ကြည့်ရှုနေကြလေ၏။ ပိုးပုဆိုး အောက်ပိုးကျိုက်လျက် စစ်ဝတ်တန်ဆာတို့ဖြင့် သေနတ် ဓားလှံတို့ကို ထမ်းဆောင်ကာ လေးယောက်တစ်တွဲ အဆက်မပြတ် ရွှင်ပျသော မျက်နှာအမူအရာတို့ဖြင့် ဘယ်ညာညီညီ လှမ်းလျက်ရှိကြသည်ကို မြင်ကြရသော မြန်မာ့သွေး အရွယ်လွန်အဘိုးကြီးများပင် ငယ်နုပျိုမျစ်ချင်သောစိတ်များ ပေါ်ပေါက်လာကြဟန်ရှိလေ၏။

ခြေလျင်တပ်သားများ အစဉ်အလိုက်ထွက်ကြရာတွင် စစ်အောင်လံများ တံခွန်များ တလူလူတလွင့်လွင့် ဝင့်တက်နေရာတွင် တံပိုးသံ၊ ခရာသံ၊ စစ်အောင်စည်ရွှမ်းသံတို့မှာလည်း ဆူညံချိမ့်မွှမ်းလျက်ရှိလေ၏။ ဘေးမှ တစ်ပြုံး နှစ်ပြုံးစသည်ဖြင့် ရေတွက်နေကြရာ ရေတွက်သူများပင် စစ်သားပေါင်း ၅၀၀၀–ခန့်တွင် ပါးစပ်ညောင်းကာ ထောင်ပေါင်းတာပြနှင့် ခန့်မှန်းတွက်ဆနေကြရတော့၏။

ခြေလျင်တပ်များနောက်မှ မြင်းတပ်သားများမှာလည်း လှံရှင်များ၊ အဲမောင်းခေါ် လှံမကြီးများ၊ သေနတ်များကိုယ်စီနှင့် ထွက်ခွာကြရာ၊ မြင်းခွာသံများမှာ ဆူညံပွက်ရိုက်ကာ မြေစိုင်နံ့ခဲတို့ ဘေးသို့ စင်ထွက်လျက် မြူများ တထောင်းထောင်းဖြစ်၍နေလေ၏။ မြင်းတပ်နောက်မှ ဆင်တပ်များပါလာရာ ဦးစီး၊ ကုန်းလည်စီး၊ ပဲ့ချိပ်စစ်သားများ၊ စစ်ဗိုလ်များ ပေါင်းဝန်းအထွဋ် အောင်လံရဲရဲနှင့် မြင်တွေ့ကြရကာ သာလွန်၍ စိတ်ထကြွကြကုန်၏။ ထိုတပ်သားစု၏ အလျားကား လေးရာတွင်းခန့် ရှည်လေသည်ဟု ခန့်မှန်းကြလေ၏။ ဆင်တပ်များ တဖြည်းဖြည်း ရွေ့လျားချီတက်စဉ် ခြေလျင်တပ်သားများ ဆက်၍လာပြန်လေ၏။ ထိုအခါကျမှ ရှေ့တပ်သည် တပ်ဦးမျှသာဖြစ်၍ နောက်ထပ်မည်မျှလာဦးမည်ကို စောင့်စားကြည့်ရှုနေကြလေ၏။

Commercial use of this book will be at your OWN RISK.

တပ်လမ်းပြတို့သည်လည်း ကတ္တီပါကွပ် ကြိမ်လုံးများဖြင့် လူအပေါင်းတို့အား ဘေးသို့ လမ်းချဲ့ပေးစေလျက် ချီတက်လိုက်ပါလာရာ ရှေ့တပ်ဦးမှ တံပိုးသံ၊ ခရာသံ၊ စည်သံများကို သဲ့သဲ့မျှကြားရစဉ်၊ အလွန်ဆူညံလှသောအသံများကို ဆက်လက်၍ကြားရလေ၏။

စစ်သားများ၏ ဇနီးများ၊ ကလေးများ၊ မိတ်ဆွေများသည် လက်ပြနှုတ်ဆက်ကြရင်း အောင်ပါစေ၊ နိုင်ကြပါစေဟု ဆုတောင်းကြကုန်၏။ အချို့စစ်သားများမှာ ပျော်ပျော်ရွှင်ရွှင်နှင့် ခြေမှန်ချီတက်လျက်ရှိရာ အချို့စစ်သားများမှာကား သားမယားမျက်နှာကို မြင်ရလျှင် မျက်နှာအနည်းငယ်ပျက်ကြလေ၏။ သို့ရာတွင် ဇနီးသည်များမှ ကွေ့လွန်သွားသောအခါ စစ်သွေးစစ်စိတ် ဝင်ရောက်လာကာ အများနည်းတူပင် ပျော်ရွှင်စွာ ထွက်ခွာကြလေတော့၏။

စစ်တပ်များမှာကား ရှေ့တပ်ဦးအတိုင်းပင် စစ်ကြပ်၊ စစ်မှူး၊ စစ်ဗိုလ်၊ စစ်ကဲ၊ တပ်မှူးကြီးများ အုပ်ချုပ်လျက် လိုက်ပါလာကြရာ စစ်မြင်းများ၏ ဟီသံ၊ စစ်ဆင်များ၏ ကြွေးကြော်သံတို့ဖြင့် ကောင်းကင်နဘံ ဟီးအောင် အသံလှိုင်းအောင် အသံလုံး ပြန်ဟပ်၍နေလေတော့၏။ မြင်းတပ် ဆင်တပ်များ ဆုံးသောအခါ တစ်ဖန် ခြေလျင်တပ်သည် ထွက်ပေါ်၍လာပြန်လေ၏။

ထိုနည်းအတိုင်း တပ်ပေါင်းငါးတပ် ထွက်ခွာပြီးနောက် ခြေလျင်တပ်သားများ ပေါ်ထွက်လာသောအခါ၊ "ဟော ... အိမ်ရှေ့မင်းတပ်တော် ထွက်လာပြီ။ အိမ်ရှေ့ကိုယ်တော်ကလေးဟာ သက်တော် ၂၀–ကျော်မျှ ရှိသေးတယ်။ ဘုန်းလက်ရုံး၊ အာဏာနှင့် ပြည့်စုံ၍ အလွန်ကျက်သရေရှိတယ်"စသည်ဖြင့် ပြောဆိုရင်း ကြည့်ရှုနေကြရာမှ အားလုံးလက်ယှက်နေကြလေ၏။

အိမ်ရှေ့ဥပရာဇာကား ယောကျ်ားအာဇာနည်ပီသသော အမူအရာ လက္ခဏာဖြင့် ဣန္ဒြေရရလိုက်ပါ၍ သွားတော်မူလေ၏။ ထို့နောက်မှ အမြောက်သံများ တခြိမ့်ခြိမ့်ကြားရပြီးနောက် အောင်စည်အောင်မောင်း တီးခတ်ဆော်ရွမ်းသံများကို ဆက်လက်ကြားရပြန်လေရာ "ဟော ဘုန်းတော်ကြီးဘုရား တပ်မတော်ထွက်ပြီ"ဟု ပြောဆိုစဉ် "ဟဲ့ ထိုင်ကြ၊ ခေါင်းငုံ့ လက်ယှက်ကြ"ဟူသော အသံများကိုကြားရပြီးနောက် ရွှေလေးကိုင်များ ကြိမ်လုံးကိုင်များ ပြေးလွှားလမ်းဖယ် သန့်ရှင်းနေကြသည်ကို မြင်ကြရလေ၏။ တပ်သားများမှာ ဘုရင်မင်းမြတ် ကိုယ်တော်တိုင် ကွပ်ကဲလျက်ပါလာသဖြင့်၊ မျက်နှာအမူအရာ ရှေ့တပ်သားများထက် တင်းမာခန့်ညားပုံ ရလေ၏။ ရှေ့တပ်ဦးကား မြန်မာခရီး ၂–တိုင်ကျော်ကျော်ခန့်သို့ ရောက်ရှိနေသဖြင့် အိမ်ရှေ့မင်းတပ်မှ အသံများကို သဲ့သဲ့သာ ကြားရလေတော့၏။

> မှတ်ချက် ။ ။ မြန်မာနိုင်ငံ၌ ဘုန်းလက်ရုံးအာဏာ အကြီးမားဆုံး၊ ကိုယ်တော်တိုင် စွမ်းရည်သတ္တိနှင့် ပြည့်စုံတော်မူလှ၍ မြန်မာနိုင်ငံတော်ကို အကျယ်ဆုံး ချဲ့ထွင်တော်မူခဲ့သည့် ဟံသာဝတီ ဆင်ဖြူရှင်မင်းတရားကြီး(ဘုရင့်နောင်) နတ်ရွာလားသည့်နောက် သားတော်အိမ်ရှေ့မင်း ထီးနန်းဆက်ခံခဲ့ရာ၊ အဆိုပါသားတော်ကို ညီတော်တောင်ငူမင်း နန်းမှချပြီးနောက် ဘုရင့်နောင် မင်းတရားကြီး ပိုင်စိုးသမျှ နယ်ပယ်အသီးသီး မကျိုးမနွံ့ မသေမသပ် အစိတ်စိတ်အမွှာမွှာကွဲ၍ ခြားနားကြလေရာ မင်းရဲနန္ဒမိတ်ဘွဲ့ခံ ညောင်ရမ်းမင်းတရားကြီးသည် ခမည်းတော် ဘုရင့်နောင် မင်းတရားကြီး၏ ဘုန်းလက်ရုံး၊ အကြံဉာဏ် စွမ်းအင်သတ္တိအထူးရှိတော်မူသည့်အတိုင်း တိုင်းပြည်ကို တစ်လုံးတစ်ပေါင်းတည်းဖြစ်အောင် ကြံဆောင်တိုက်ခိုက် သိမ်းရုံးတော်မူသော အချိန်ဖြစ်လေသည်။ ယခုစစ်ချီသောအချိန်ကား ညောင်ရွှေနယ်ကို သိမ်းရန်ဖြစ်လေ၏။

Commercial use of this book will be at your OWN RISK

အချို့သော လုလင်ပျိုတို့သည်လည်း စစ်ရေးစစ်ရာ နားလည်သော အဘိုးကြီးများအား ဆည်းကပ်မေးမြန်းလျက်ရှိရာ၊ ဤစစ်တပ်များသည် ရှမ်းပြည် ညောင်ရွှေသို့ ချီတက်တော်မူခြင်းကြောင်း။ ဘယဂါမဏိ တစ်တပ်၊ ရာဇသင်္ကြန် တစ်တပ်၊ သီဟပတေ့ တစ်တပ်၊ သီရိဇေယျနော်ရထာ တစ်တပ်၊ သီရိဓမ္မာသောက တစ်တပ်၊ အိမ်ရှေ့မင်း တစ်တပ်၊ မင်းတရားကြီးဘုရား တစ်တပ်၊ တပ်ပေါင်း ၇–တပ်၊ တိုက်ဆင် ၃၀၀၊ မြင်း ၄၀၀၀၊ ခြေလျင်စစ်သား ၃၅၀၀၀–မျှပါကြောင်း ပြောဆိုလျက်ရှိကြလေ၏။

တပ်သားများမှာ အကုန်မဟုတ်၊ တချို့မျှသာဖြစ်ရာ၊ အလိုရှိတော်မူလျှင် သိန်းသန်းချီ၍ရနိုင်ကြောင်း၊ ဤစစ်သားများထဲတွင် ဆင်ဖြူရှင်မင်းတရားကြီးလက်ထက်ကတည်းက စစ်ရည်ဝသော စစ်သားကြီးများလည်း ပါကြောင်း၊ စစ်ဘက်ကျွမ်းကျင်သောသူများသည် ညောင်ရမ်းဘုရား၏ ဘုန်းလက်ရုံး ဉာဏ်စွမ်းသတ္တိကို ယုံကြည်၍ အမြောက်အမြား ဝင်ရောက်လာကြကြောင်းများပါ ပြောဆိုလျက်ရှိကြလေ၏။

မြန်မာစစ်တပ်များသည် တောင်ဘက်ကိုးခရိုင်၊ ကျောက်ဆည်နယ်မှဖြတ်လျက်၊ တစ်နေ့လျှင် မြန်မာဆယ်တိုင်မျှ မှန်မှန်ချီတက်လျက်ရှိကြလေ၏။ သာစည်နယ်မှတစ်ဖန် အရှေ့တောင်ဘက် ကလော၊ အောင်ပန်းစသည်တို့ကို ချောင်းမြောင်းတောင်ငယ် အရပ်ရပ်ကျော်ဖြတ်လျက် တိုက်စည်တိုက်မောင်း တီးနှင်ဟစ်ကြွေးကာ အားတက်သရောချီကြရာ၊ ညောင်ရွှေသို့ရောက်ရန် ခရီးတစ်တိုင်မျှလိုတော့၏။

စစ်မြင်း ၄၀၀၀ နှင့် တပ်ဦးချီရသော ဗိုလ်ချုပ်နန္ဒပစ္စည်းသည် ညောင်ရွှေစော်ဘွား၏ တပ်တော်သားများ အရိပ်အဆင်ကို အထူးဂရုစိုက်လျက်ရှိရာ၊ အသံကြီးအသံငယ်မတူ ဆူညံသော မောင်းတီးသံများလည်း မြန်မာတပ်ဦးကို ဖုံးလွှမ်းသွားသကဲ့သို့ မှတ်ထင်ရလေ၏။ မြန်မာတပ်မှူး၊ တပ်ကဲများနှင့် မြင်းစီးသူရဲများမှာလည်း လက်ခြေတာကွကြွဖြင့် အကြီးအချုပ်တို့အမိန့်ကို စောင့်စားနေလေရာ၊ မြန်မာ့သတ္တိကား နောက်ဆုတ် လေ့မရှိ၊ ရှေ့သို့ ထိုးတက်တိုက်ခိုက်လေ့ရှိသည့်အတိုင်း ရှမ်းစော်ဘွားတပ်ဦးကို မြန်မာတပ်ဦးသည် စတင် တိုက်ခိုက်လေတော့၏။

ရှမ်းတပ်သားများမှာ မြင်းတပ်၊ ဆင်တပ်မှစ၍ မြန်မာများ ထင်သကဲ့သို့ အနည်းငယ်မျှမဟုတ်၊ ၃၉–နယ်မှ စုပေါင်းလျက် အလုံးအရင်းကြီးစွာဖြင့် တိုက်ခိုက်သောကြောင့် အားချင်းမမျှသဖြင့် မြန်မာတပ်ဦးသည် အခြေမလှဖြစ်ပျက်နေစဉ် တပ်ဦးဗိုလ်ချုပ် နန္ဒပစ္စည်းလည်း မြင်းတစ်စီးဖြင့် အပြင်းစိုင်းကာ ဓားကွပ်လျက် "မဆုတ်နဲ့ ကြံကြံခံကြ"ဟု အမိန့်ထုတ်ကာ ဆော်ဩနေရာ စစ်ပွဲတွင် နိုင်လျှင်နိုင်၊ မနိုင်လျှင် သေစမြဲဟု စိတ်ခေါင်းမာကြသော မြန်မာစစ်သည်တော်တို့သည် ရှုပ်ရှုပ်ချွံချွံ ထိုးခုတ်တိုက်ခိုက်ကြလေရာ ရှေ့တပ်ဦးမှ ရှမ်းတပ်အင်အားကို မခံနိုင်သဖြင့် ပရမ်းပတာဖြစ်ကြရလေ၏။ ရှမ်းစစ်တပ်များလည်း မြန်မာတပ်ဦးကို ဖိဖိစီးစီးနိုင်လိုက်သဖြင့် ရှုပ်ရှုပ်ချွံချွံ ရှေ့သို့ချီတက်တိုက်ခိုက်လျက်ရှိရာ၊ မြန်မာဒုတိယတပ်ဦး ပခန်းကြီး သီဟပတေ့တပ်သို့တိုင် ရောက်လာလေ၏။

ဗိုလ်ချုပ်သီဟပတေ့လည်း "ဟေ့ နောက်ပြန်မကြည့်နဲ့ မျက်နှာစောင်း ခေါင်းအပြတ်၊ ဒီရှမ်းတွေကို ဘဇာမှုရမလဲ၊ ရှေ့သို့ ဖိဖိစီးစီးတိုက်"ဟု ဓားနှင့်အပြင်းကွပ်ကဲလျက် တိုက်ခိုက်ခုခံလေနေရာ၊ သေနတ်သံ အမြောက်သံတို့မှာလည်း တစ်မိုးလုံး ဆူညံလျက် ဗြောင်းဆန်နေလေတော့၏။ ဗိုလ်ချုပ်သီဟပတေ့တပ်မှ ဗိုလ်ချုပ်ကြီးကိုယ်တိုင် ရှမ်းတပ်ကျည်ဆံများအကြားမှ မြင်းတစ်စီးနှင့် လက်အောက် ဗိုလ်မှူး တပ်မှူးများအား အားပေးတိုက်တွန်းကာ "ဒါ ဗမာကွ၊ ရှမ်းကို ဘယ်တော့မှ မရှုံးဘူး။ ရှုံးရင် သေဖို့ကောင်းသည်၊ သေရမဲ့ အတူတူ စစ်တိုက်ရင်းသေရမယ်။ မင်းတို့ရဲ့ဆုလာဘ်ဟာ သေဆုပဲ ..."ဟု အားပေးစကားပြောကြားရင်း

Commercial use of this book will be at your own RISK

တောင့်တောင့်ကြီး ခုခံတိုက်ခိုက်နေလေရာ၊ ရှမ်းစစ်တပ်များ အားကောင်းသောမြန်မာတပ်ကို မထိုးဖောက်နိုင်ဘဲ အချိန်အတော်ကြာအောင် လုံးထွေးတိုက်ခိုက်လျက်ပင် ရှိကြလေ၏။

အိမ်ရှေ့မင်းကား ရှေ့မှ အမြောက်သံ၊ သေနတ်သံများ တစ်ရံမပြတ် ကြားရသော်လည်း ငါ့တပ်တော်သားများ နိုင်ရမည်ဟု ယုံကြည်လျက် ခပ်မှန်မှန်ပင် ချီတက်တော်မူခဲ့လေရာ၊ မြင်းစေကျော်စစ်သားတစ်ဦးသည် ရှေ့မှ နောက်သို့ အပြင်းစိုင်းနှင်လျက် "သံတော်ဦးတင်ရန်–သံတော်ဦးတင်ရန်"ဟု ဟစ်အော်စိုင်းနှင်လာရာ၊ မကြာမီ အိမ်ရှေ့မင်းရှေ့တော်သို့ ရောက်လေလျှင် မြင်းပေါ်မှ ဆင်းသက် လက်ယှက်ကာ "မှန်လှပါ၊ တပ်ဦး နန္ဒပစ္စည်းတပ် ပျက်ကြောင်းပါဘုရား၊ ယခု သီဟပတေ့တပ်တော်နှင့် ထွေးရစ်တိုက်ခိုက် ကြံ့ကြံ့ခံဆဲပါဘုရား၊ ကြာလျှင် ရှမ်းအင်အားများလွန်း၍ တပ်တော်သို့ ပေါက်မည်စိုးရကြောင်းပါ ဘုရား"

အိမ်ရှေ့မင်းက အေးဆေးသော အမူအရာဖြင့် "ကောင်းပြီ မောင်မင်း ခံနိုင်အောင် ခံနှင့်ကြ၊ ငါကိုယ်တော်တိုင်တိုက်မည်။ အမိန့်တော်ပြန် ..."ဟု မိန့်ဆိုတော်မူလိုက်သဖြင့် မြင်းစေကျော်လည်း ရှေ့တပ်သို့ အမိန့်တော်ပြန်နှင့်လေရာ အိမ်ရှေ့ဘုရားကိုယ်တော်တိုင် တိုက်တော်မူလိမ့်မည်ဟု ကြားသိရသော တပ်တော်သားတို့မှာ အားအင်တစ်မျိုးတက်လျက် လက်ရှိ ဓားလှံ သေနတ်တို့ကို ချွေးစီးကပ်နေလျက်ပင် အတင်းထိုးခုတ် ပစ်ခတ်တိုက်ခိုက်လျက်ရှိကြလေ၏။

အိမ်ရှေ့မင်းကား မိမိတပ်တော်တွင် စစ်ကဲကြီးအဖြစ် အမြဲခေါ်လေ့ရှိသော "လက်ဝဲစည်သူ"ကို ဆင်တော် ဘုန်းတောက်ပအား ရွှေကကြိုး တန်ဆာပလာများ တင်းကျပ်ခိုင်မာအောင် ကြည့်ရှုပြင်ဆင်တော်မူစေပြီးမှ "လက်ဝဲစည်သူ၊ သင့်ကို ငါယုံကြည်သည်၊ သတ္တိလည်း ယောကျ်ားပီသသည်၊ ကုန်းလည်စီး။ တပ်တော်သားများ အသင့်ပြင်ကြ ..."ဟု

အမိန့်တော်ကို စစ်နားခံများမှတစ်ဆင့် အသီးသီး ခဏချင်း ဆင့်ဆိုခေါ်တော်မူလိုက်ရာ၊ တစ်တပ်လုံး ပျံ့နှံ့လျက် ခမည်းတော် မင်းတရားကြီး၏ ညောင်ရမ်းပါ လူရင်း၊ အင်းတရော်စု၊ တစစု၊ တက်တူရန်နောင်၊ သေနတ်လုလင်တော်၊ လက်ဝဲရွှေဓား၊ လကျ်ာရွှေဓားတို့၏ ငယ်သားများနှင့်တကွ တိုက်စည်တိုက်မောင်းတီးခတ်ဆော်နှိုးကာ အတင်းချီတက်လေရာ၊ သီဟပတေ့လည်း အိမ်ရှေ့ဘုရားကိုယ်တော်တိုင် ချီတက်လာပြီဖြစ်သဖြင့် အထူးအားရှိလျက် "တိုက်ဟေ့ တိုက်ကြ ... အိမ်ရှေ့ဘုရားလာပြီ"ဟု အမိန့်ပြန်လေရာ၊ ရှမ်းတပ်သားများလည်း စစ်တိုက်နာမည်ကျော် အိမ်ရှေ့ဘုရားလာပြီဟူသော အသံကိုကြားလျှင် စိတ်တစ်မျိုးဖြစ်၍သွားကြဟန်တူလေ၏။

အိမ်ရှေ့တပ်တော်သားများကား သူရဲဘီလူးများကဲ့သို့ တစ်ဖက်ရန်သူကို ရန်သူမှတ်၊ မိမိတို့မြန်မာတပ်များကိုပင် ကျော်လွန်လျက် ရှမ်းစစ်သားများအား ထိုးခုတ်ရိုက်နှက် သေနတ်သံတဒိုင်းဒိုင်းနှင့် တိုက်ဖျက်နေကြလေရာ၊ စော်ဘွား၏တပ်သားများသည် တပ်ခြေပျက်လျက် နောက်သို့ တစ်စတစ်စ ဆုတ်စပြုလေ၏။ ရှမ်းစစ်သားများ ရွေ့သည်ကိုမြင်လေ မြန်မာတပ်သားများ အားတက်လေဖြစ်ကာ အတင်းဖိကြလေရာ၊ တစူးလွှားလွှားနှင့်နေသော အိမ်ရှေ့မင်း ဆင်တော်မှာ ဤတပ်ကြီးတစ်ခုလုံးကို ပတ်ချာလှည့်၍နေသည်ဟု ထင်မှတ်ရလေ၏။

ညောင်ရွှေစော်ဘွားသည်ကား မိမိတပ်သားများ အခြေမလှသည်ကို မြင်သဖြင့် နောက်သို့ ဆုတ်မှန်းမသိ ဆုတ်ကာ ညောင်ရွှေမြို့တံခါးကို ပိတ်၍ ခုခံမည်အနေနှင့် တိုက်ခိုက်နေလေရာ၊ တပ်တော်မှ "မြို့တံခါး မပိတ်မိစေနဲ့ ... မြို့တံခါး မပိတ်မိစေနဲ့ ..."ဟု ဟစ်အော်သောအသံများနှင့်တကွ မြန်မာတပ်

Commercial use of this book will be at your own RISK

အလုံးအရင်းတို့သည် ရှမ်းတပ်သားများနှင့် အရောရောအထွေးထွေး ခုတ်ဖြတ်ရင်းပင် မြို့တံခါးကို စီးမိလေ၏။ အိမ်ရှေ့ကိုယ်တော်လည်း ဆင်တော်ဖြင့် မြို့တံခါးသို့ အတင်းဝင်လေရာ နှစ်ဖက်မှ ညှပ်လျက်လွှတ်သော လှံရှင်များသည် ကုန်းလည်စီး လက်ဝဲစည်သူ၏ အဲမောင်းလှံဖြင့် ရိုက်ခတ်ကာကွယ်ခြင်းဖြင့် အိမ်ရှေ့ကိုယ်တော်မှာ အသက်ဘေးမှ လွတ်ကင်းခဲ့လေ၏။

မြန်မာတပ်အားလုံး ဝင်မိသောအခါ ရှမ်းတပ်သားများလည်း လက်နက်ချကာ စော်ဘွားနှင့်တကွ အညံ့ခံကြလေ၏။ နောက်ဆုံးတပ်မှ ဘဝရှင်မင်းတရားကြီးသည် သားတော် အိမ်ရှေ့မင်းက ရှမ်းစော်ဘွားများနှင့်တကွ မှူးမတ်အချုပ်အချာပူသမျှကို ရှေ့တော်အရောက် ဆက်သွင်းလေရာ၊ ညောင်ရမ်းဘုရားက ...

"အမောင်စော်ဘွားတို့ ... ငါ့သားတော်ရဲ့ ဘုန်းလက်ရုံးကိုပင် မခံနိုင်ကြကုန်တကား ..."

"မှန်လှပါ ... မခံနိုင်ကြကြောင်းပါဘုရား ..."

"ငါကိုယ်တော်တိုင် မြန်မာတို့သစ္စာခံနယ်ပယ်များ ထောင်ထားလျက်ရှိသည်ကို သစ္စာတော်ခံရန် သိမ်းသွင်းနေခြင်းပင်ဖြစ်သည်။ ငါတို့ ဘိုးတော် ဘီတော်များ လက်ထက်ကပင် ၃၉–လုံးမှိုင်းကို အစိုးရသော အမောင်စော်ဘွားများတို့ကို ဘိုးဘေးဘီများ သစ္စာခံ၍ သေဝပ်စွာနေခဲ့ကြသည်။ ငါတို့သည် မည်မျှ စွမ်းအင် သတ္တိ တန်ခိုးရှိသည်ဟု အမောင်တို့အား စစ်ဆင်၍ပြချေသော်ငြား၊ ငါတို့သည် အမောင်တို့၏ အုပ်ချုပ်ရေး၊ ပြည်တွင်းစီးပွားရေး၊ အမောင်တို့စိတ်ကြိုက် စီမံခန့်ခွဲရေးတို့ကို မည်သည့်အခါမျှ ဝင်ရောက်စွက်ဖက်တော်မူလေ့ မရှိကြ။ ငါတို့မြန်မာဘုရင် သကျသာကီဝင် မင်းမျိုး၊ မြန်မာရိုးအစဉ်မှာ မိမိတို့ လက်နက်အင်အား ကောင်း၍ နိုင်ငံငယ်များကို သိမ်းပိုက်သော်လည်း၊ ထိုနိုင်ငံငယ်မှ ရွှေငွေပစ္စည်းလာဘ်လာဘကို တပ်မက်မော၍ နိုင့်ထက်စီးနင်း မတရားသိမ်းယူလေ့မရှိကြောင်း အမောင်တို့အသိပင်ဖြစ်သည်။ ယခုလည်း အမောင်တို့ အညံ့မခံ ထောင်ထားခုခံ၍သာ နိုင်နင်းအောင် တိုက်ခိုက်သော်လည်း၊ အမောင်တို့နိုင်ငံကို ငါတို့သိမ်းမည် မဟုတ်၊ အမောင်တို့သည် ငါတို့၏သစ္စာကို ခံရုံမျှသာ၊ နောင်အခါ မထောင်ထား မနှောင့်ယှက်လေအောင် စီမံ လိုသည်"ဟု မိန့်တော်မူလေရာ ရှမ်းစော်ဘွားများလည်း လက်ယှက်ဦးချကာ သစ္စာတော်ခံပါမည်ဘုရားဟု လျှောက်ထားကြသဖြင့်၊ အသီးသီးကို သစ္စာတော်ပေး၍ လွတ်လပ်စွာနေထိုင်ကြရန် ချက်ချင်း ခွင့်ပြုတော်မူခဲ့လေ၏။

နောက်တစ်နေ့တွင် မြန်မာစစ်တပ်ကြီးသည် အင်းဝနေပြည်တော်သို့ ပြန်လည်ဆုတ်ခွာခဲ့လေရာ ကလော၊ အောင်ပန်း စသော မြို့များအလွန်တွင် ညနေ ၃–၈ဟိုရ်မောင်းခန့်တွင် စစ်စခန်းချလျက် နေကြလေ၏။ လက်သမားကိရိယာနှင့်တကွ တံတား၊ တဲအိမ် အဆောက်အလုပ် အလွန်ကျွမ်းကျင်ကြသော မြန်မာ စစ်သားများသည် ခဏချင်းပင် ဗိုလ်မှူး စစ်ကဲများအဖို့ တဲများနှင့် ဘုရင်မင်းမြတ်နှင့် အိမ်ရှေ့ကိုယ်တော်အဖို့ ယာယီတဲနန်းများကို ဆောက်လုပ်ပြီးစီးလေ၏။ နေဝင်သည်နှင့်တစ်ပြိုင်နက် တောင်ရိပ်တောင်ခြေ၏ အရှိန်ကြောင့် ဆီးနှင်းပေါက်တို့သည် တစ်လုံးတစ်စုတည်း တဖွဲဖွဲကျလျက်ရှိရာ၊ စစ်သားများမှာ ချမ်းအေးစ ပြုသဖြင့် မီးထင်းများဖို၍ နေကြလေ၏။ အိမ်ရှေ့မင်း၏ တဲနန်းတော်နှင့် တစ်ခေါ်သာသာလောက်တွင် လက်ဝဲစည်သူနှင့် အခြားဗိုလ်များ တည်းခိုနေကြရာ လက်ဝဲစည်သူကား တစ်စုံတစ်ရာကို ပြန်လှန် တွေးတောသည့် အသွင်နှင့် ငေးမောနေရှာလေ၏။

အိမ်ရှေ့မင်း၏တပ်တော်တွင် အိမ်ရှေ့မင်းမှာ ဗိုလ်ချုပ်ဖြစ်၍ လက်ဝဲစည်သူမှာ စစ်ကဲဖြစ်ရကား၊ အိမ်ရှေ့မင်းကလွဲလျှင် ထိုတပ်တွင် အကြီးဆုံး စစ်ကဲဘက်အရာရှိဖြစ်သဖြင့် အခြားစစ်မှူး စစ်ကဲများမှာ

Commercial use of this book will be at your OWN RISK

အနိမ့်တွင် ခစားနေထိုင်ကြရလေ၏။ သွေးသောက် ရောင်းရင်းဘက် ဗိုလ်အချို့တို့သာ စစ်ကဲကြီး၏ ဖော်ရွေစွာ ပြုမူချက်ကြောင့် နီးနီးကပ်ကပ်နေနိုင်ကြလေ၏။

ထိုအခိုက် ရှမ်းအဘိုးကြီးတစ်ယောက်နှင့် ဆယ်နှစ်အရွယ်သူငယ်တစ်ယောက်အား စစ်မှုးတစ်ယောက် ရှေ့ဆောင်လျက် လက်ဝဲစည်သူ၏အနားသို့ ရောက်ရှိလာလေ၏။ လက်ဝဲစည်သူလည်း သူငယ်အား သွေးပြော သကဲ့သို့ စူးစိုက်ကြည့်ရှုကာ "ဘယ်ကလဲ မောင်မင်း"ဟုမေးလေ၏။

"မှန်လှပါဘုရား သည်သူငယ်က အရှင်ဘုရား တွေ့လိုကြောင်းပြော၍ သည်အဘိုးကြီးနှင့် တပ်တော်သားများကို တစ်ဆင့်တစ်ဆင့် မေးမြန်းသဖြင့် ခေါ်ဆောင်လာရခြင်းဖြစ်ပါသည် ဘုရား"

"ဟေ့ သူငယ်၊ မင်းကဘယ်ကလဲ။ ဘယ်သူ့သားလဲကွဲ့"ဟု မေးလိုက်ရာ ကလေးမှာ ဖျတ်လတ် သွက်လက်စွာ ...

"ကျွန်တော် ရှင်မြတ်လှရဲ့သား၊ ကျွန်တော့်အမေ သန်လျင်မှာ ဘိုးရဲကျော်နဲ့နေတယ်။ ကျွန်တော့် အဖေက ကိုရဲခေါင်တဲ့"ဟု ဆိုစဉ်၊ အခြားဗိုလ်မှုးများသည် လက်ဝဲစည်သူ၏ မျက်နှာကို ကြည့်ရှုကြလေ၏။ လက်ဝဲစည်သူကား ထိုအခါကျမှ သား၏ချစ်ခြင်းဖြင့် ကလေးအား ပွေ့ဖက်ကာ ရင်ခွင်တွင်ထားရင်း "မင်းအဖေကို သိသလား"ဟု နမ်းရှုတ်မေးမြန်းလေ၏။ ကလေးမှာ သွေးပြောသည့်အလား မူလကပင် ဤလူကြီးသည် မိမိအဖေဖြစ်မှာပဲဟု ထင်မှတ်နေစဉ်၊ စစ်ကဲကြီးက ဖွင့်ဟပြောသောအခါ ဝမ်းနည်းဝမ်းသာ ဖြစ်လျက် ဖခင်၏ လည်ပင်းကို တင်းကျပ်စွာ ပွေ့ဖက်ထားမိရှာလေ၏။

စစ်ကဲကြီး လက်ဝဲစည်သူလည်း သားကလေးအား အားပါးတရ ထပ်မံနမ်းရှုတ် ပွေ့ဖက်ထားရာက "မင့်ကို အဖေ ပေးခဲ့တဲ့နာမည် မှတ်မိသေးရဲ့လားကွဲ့။ မင်း ဒီကို ဘာလို့လိုက်လာတာတုန်း ..."ဟု မေးမြန်း လေရာ၊ အရွယ်နှင့်မလိုက် ပြန်ပြောသည်ကို ငေးစိုက်နားထောင်ကြလေ၏။

"ကျွန်တော် အခါလည်သားက အဖေပစ်သွားတယ်ဆို ... ဘိုးဘိုးက ပြောတယ်။ ဘိုးဘိုးက နင့်အဖေ နာမည် မောင်ရဲခေါင်တဲ့။ တောင်ငူဘုရင့်ဆီမှာ စစ်မှုးကလေးအဖြစ်နဲ့နေသတဲ့။ နောက် နင့်မေမေနဲ့ အကြောင်းပါပြီး နင့်ကို မွေးတော့ ဘုန်းမြင့်လို့ နာမည်ပေးသတဲ့။ နောက်တော့ နင့်အဖေဟာ နင်ရော၊ နင့်အမေနဲ့ ဒို့ကိုပါပစ်ပြီး အဝကို ထွက်သွားသတဲ့။ ဘိုးဘိုးဟာ လက်ျာတံခါးမှုးကြီးတဲ့။ အဖေထွက်သွားတော့ ဘိုးဘိုးကို တောင်ငူဘုရင်က ယုံကြည်တော်မမူဘူးဆိုပြီး တံခါးမှုး မလုပ်ရတော့ဘူး။ ဘိုးဘိုးနဲ့ ကျွန်တော်တို့ သန်လျင်မှာ ပြောင်းပြီးနေကြတယ်။ ဘိုးဘိုးလဲ သူ့လယ်တွေကို သူ့တပည့်တွေနဲ့လုပ်ကိုင်ပြီး အေးအေး စားသောက်နေရတယ်။ မေမေလဲ ကျွန်တော်နဲ့ အလွမ်းဖြေရသတဲ့။ နောက် ကျွန်တော် ကလေးတွေနဲ့ ကစားတော့ 'ဟေ့ အဖေမရှိတဲ့ ကောင်ကလေး ... အလွန်စော်ကားတဲ့ကောင်ကလေး'နဲ့ ဆိုကြတယ်။ သူများတော့ ဘုန်းကြီးကျောင်းသွားရင် သူ့အဖေတွေနဲ့၊ ကျွန်တော်တော့ မေမေရယ်၊ ဘိုးဘိုးရယ်၊ ဒီလို သွားရတယ်။ ရန်ဖြစ်ကြရင်လေ ကျွန်တော်က ဘယ်သူ့မှမကြောက်ဘူး ကျွန်တော်ရိုက်တာပဲ။ ရိုက်ရင် ဘာတဲ့ ... ထထက်ဆိုး ဆိုလား သူရို့ပြောကြတယ်။ နောက် မေမေ့ကို အထပ်ထပ်မေးတော့မှ မေမေက အဖေရှိတယ်လို့ပြောတယ်။ ကျွန်တော် အဖေ့ကို ကြည့်ချင်တယ်။ ပြီးတော့ အဖေ့ကို အမေ့ဆီ ပြန်ခေါ် ချင်တယ်။ အဖေ ပြန်လိုက်မယ် မဟုတ်လား"ဟု တွတ်တီးတွတ်တာ မေးမြန်းနေလေရာ၊ ဖခင်ကြီးမှာ မျက်ရည်များဝဲလျက် ငေးမောနေရရှာလေ၏။

Commercial use of this book will be at your own risk. CAWYSK

"နေပါဦး လူကလေးရဲ့ ... မင်း ဘယ့်နှယ် ဒီကိုရောက်လာတာလဲ ..."

"ကျွန်တော်လဲ အဖေဘယ်မှာလဲဆိုတော့ အင်းဝမယ်ဆိုလို့ မေမေရယ် လိုက်ပို့ပေးပါ ... ဘိုးဘိုးရယ် လိုက်ပို့ပေးပါနဲ့ ပြောတာ။ ခရီးက ဝေးတယ်တဲ့၊ ဒါနဲ့ ကျွန်တော်တို့ အရပ်ထဲက ကုန်သည် ဦးစိုးမြတို့လှည်းနဲ့ အင်းဝအထိ သွားကြမယ်ဆိုလို့ သူတို့နဲ့ လိုက်ပြေးလာတယ်။ လူကြုံကိုလဲ မှာထားခဲ့တယ်။ အင်းဝရောက်တော့ မြို့ရိုးအရှေ့တောင်ဘက်က စစ်သားတွေ ထွက်သွားကြတာ ကျွန်တော်တို့ကြည့်ရသေးတယ်။ ကိုရဲခေါင်ဆိုတဲ့ လူတစ်ယောက်ကို မသိဘူးလားမေးတော့ ဘယ်သူမှမသိဘူး။ နောက် ဦးစိုးမြက မေးပေးမှ အမယ်လေး နာမည် မခေါ်ပါနဲ့။ မဟာဥပရာဇာရဲ့ လူယုံစစ်ကဲကြီး လက်ဝဲစည်သူဆိုတာ ငယ်နာမည် ကိုရဲခေါင်တဲ့ဆိုမှ သိပ်ဝမ်းသာပြီး၊ ကျွန်တော်တစ်ယောက်တည်း နောက်က ပြေးလိုက်ခဲ့တယ် ..."

"စစ်တပ်ကြီးကို အပြေးလိုက်ပေမယ့် မမီဘူး၊ ထမင်းကလဲ သိပ်ဆာတော့ ဘုန်းကြီးကျောင်းမှာဝင်ပြီး စားရတယ်။ ညကျတော့လဲ အပြေးလိုက်လာတာ၊ လရောင်နဲ့ အဖေတို့စစ်တပ် နားနေတာတွေ့ရလို့ မေးမြန်း လာမယ်လုပ်တယ်။ လူတွေရဲ့ ဘေးက သေနတ်ထမ်းပြီး လမ်းလျှောက်နေတဲ့ လူကြီးတစ်ယောက်က သေနတ်ကြီးနဲ့ချိန်နေလို့ မြေကြီးမှာဝပ်ပြီး နေရတယ်။ ပြီးတော့ ကျွန်တော်နေတဲ့အနားက သစ်ပင်က လှုပ်နေတော့ လှံနဲ့လှမ်းပစ်လိုက်တယ်။ သူရှိ့ဆီ မလာရဘူးထင်ပါရဲ့လို့ ခပ်ဝေးဝေးမှ သစ်ပင်တစ်ပင်ပေါ် တက်ပြီး သစ်ပင်ခွကြားထဲမှာ အိပ်ရတယ်။ ဒီလိုချည့် ၄-၅ ည သစ်ပင်ပေါ်မှာအိပ်ပြီး လိုက်လာတော့ အောက်က ကျားတွေက တစ်ခါတစ်လေ အပေါ်မော့မော့ကြည့်တယ်။ မနက်ကျရင် ဒီအကောင်တွေရှိသလား ဆိုတာ ကြည့်ပြီးမှ အတင်းပြေးရတယ်။ နောက်ဆုံး ဟိုရွာ ဘာရွာခေါ်သလဲ၊ အဲဒီမှာ အစာမစားရလို့ အားပြတ် လဲနေတော့ ဒီအဘိုးကြီးက ကျွန်တော့်ကို ကျွေးမွေးပြုစုထားရှာတယ်။ ဗမာတပ်ဆိုရင် ဒီလမ်းက ပြန်မှာပဲ၊ ဒီရွာအလွန်မှာ စစ်စခန်းချတတ်တယ်ဆိုလို့ ၁၅-ရက်လောက် စောင့်နေရတယ် ..."ဟု စီကာပတ်ကုံး ပြောဆို လေရာ၊ စစ်ကဲကြီးမှာ "ဖြစ်မှဖြစ်ရပလေ လူကလေးရယ် ..."ဟု ညည်းတွားစဉ် ဗိုလ်မှူးကြီးတစ်ယောက်က "အင်း သွေးသောက်ရဲ့သားကတော့ အသက်ငယ်ငယ်ရှိသေး၊ အဖေ့သွေးပါပဲဗျာ၊ ကြည့်စမ်းပါ တောကြီး တောင်ကြီးထဲ တစ်ယောက်တည်း မကြောက်မရွံ့လိုက်ပြေးလာတယ် ..."ဟု ပြောဆိုလေ၏။ စစ်ကဲကြီးကား သားဖြစ်သူအား ကျွေးမွေးထားသော ရှမ်းအဘိုးကြီးအား လက်စွပ်၊ အထည်တို့ကို ဆုအဖြစ် ပေးခဲ့ပြီးလျှင် ပြန်၍လွှတ်လိုက်လေ၏။ ထို့နောက် သားကလေးအား တစ်ညလုံး ယုယပြုစုလျက်၊ နံနက်လင်းသောအခါ မိမိ စီးသောဆင်တွင် တင်၍ အဝနေပြည်တော်အရောက် တင်ဆောင်ခဲ့လေ၏။

ကလေးမှာကား အဝနေပြည်တော်တွင် ၁၄-၅ ရက်ခန့်ကြာလျှင်၊ ကလေးတို့သဘာဝ မိခင်ကို လွမ်းဆွတ်ပြန်သဖြင့် ဖခင်ကြီးပါ လိုက်ပို့ဖို့ ပူဆာလျက်ရှိလေ၏။ ထိုအချိန်ကား ညောင်ရမ်း မင်းတရားကြီးသည် ခမည်းတော် ဆင်ဖြူရှင်ဘုရား၏ နယ်ပယ်အရပ်ရပ် တစ်လုံးတစ်စည်းတည်းဖြစ်အောင် တိုက်သိမ်းဖို့အရေးကြီးလှသဖြင့် လက်ဝဲစည်သူကဲ့သို့ အရေးအရာရောက်သော စစ်ကဲကြီးတစ်ယောက်လုံးကို တစ်လ နှစ်လခန့် ခွင့်လွှတ်ထားနိုင်မည်မဟုတ်ရကား၊ သစ္စာရှိသော ဇနီးသည်နှင့် ယောက္ခမကြီးအား များစွာ တွေ့လိုသော်လည်း ထိုအကြံကိုလက်လျှော့ကာ၊ သားကလေးကို ကုန်ရောင်းလာကြသော ဦးစိုးမြဆိုသူနှင့် အပ်နှံ၍ လက်ဆောင်ပစ္စည်း၊ ငွေကြေး၊ အမှာစာများကိုပါ ရေးသားလျက် ကလေးကို ချော့မော့ပြန်လွှတ် လိုက်ရလေ၏။

"သူ့စာထဲမှာ ဘုန်းကြီးဆီ သီးသန့်စာတစ်စောင် ပါလာသေးတယ်။ ဘုန်းကြီးနဲ့ မောင်ရဲခေါင်ကတော့ တောင်ငူထဲက သိရင်းစွဲ၊ အစက တောင်ငူမှာ ဘုန်းကြီးလုပ်နေစဉ်ကတည်းက ဝင်ထွက်သွားလာနေတာ။ ဘုန်းကြီး သန်လျင်မှာ ကျောင်းလာထိုင်တော့လဲ လှူဖွယ်ဝတ္ထု မပြတ်ပို့လေ့ရှိတယ်။ သူ့သားကို ရဟန်းဘောင်

Commercial use of this book with out your OWN RISK.

မြဲမယ်ထင်က ရဟန်းဘောင်အရောက်ပို့ဖို့၊ မမြဲက လောကီပညာ တတ်အောင်သင်ဖို့လဲ မှာလိုက်လေတော့၊ သူငယ် ၁၀–နှစ်အရွယ်ကတည်းက အိမ်ကို နေ့ခင်းလောက်ပြန်ပြီး ကျောင်းမှာ အိပ်စားနေရှာတယ် ဒကာကြီး။ ဘုန်းကြီးမှာ ပုထုဇဉ်ဆိုတော့ ဒင်းကလေးကို သားလိုချစ်မိတယ်။ အခုတော့ ဒင်းကလေးကြောင့် ခက်တာပဲ”ဟု မျက်နှာတော်ညှိုးလျက် ညည်းတွားရှာလေ၏။

ဝန်မင်းက ဒေါ်စိုက်နားထောင်ရာမှ “ကိုရဲခေါင်နဲ့ တပည့်တော် စကားမစပ်မိကြလို့ပါ ဘုရား ...။ ကိုရဲခေါင်နဲ့ တပည့်တော်ဟာ ရောင်းရင်းဘက် သွေးသောက်များပါ။ သူ တောင်ငူအိမ်ရှေ့ဆီမှာ တပ်မှူးကလေး အဖြစ်နှင့် နေစဉ်ကတည်းက အထူးခင်ခဲ့ပါတယ်။ နောက် တပည့်တော်က ကဗျာ၊ လင်္ကာ၊ ရတု သီဆို ရေးစပ်မှုမှာ နတ်ရှင်ကိုယ်တော်က သဘောကျတော်မူလို့၊ သန်လျင်ဝန်အဖြစ်နဲ့ ပို့ထားတာကလား ဘုရား”ဟု ပြန်လျှောက်ထားရာ၊ ကိုရင်တစ်ပါးက ရှင်ဇနိန္ဒ နိုးနေပြီဖြစ်ကြောင်း လျှောက်ထားလာသဖြင့် စကားဆက် ပြတ်သွားလေ၏။

၄င်းတို့ စကားပြောချိန်မှာ များစွာမကြာ မြန်မာတစ်နာရီလျော့လျော့မျှဖြစ်ရာ၊ သန်လျင် ဝန်မင်းမှာ ဆရာတော်၏ပြောပြချက်ကို စိတ်ဝင်စားသည်ထက် မိမိသမီးနှင့် ဒုက္ခဖြစ်နေသော မောင်ရှင်၏ အကြောင်းကို ဘယ်လိုဆက်စပ်ယူရပါ့မလဲဟု တွေးတောနေခြင်းက များသဖြင့်၊ စကားဆုံးကြလျှင် “ဒါထက် မောင်ရှင် ဘာရောဂါလဲ ဘုရား့”ဟု ဆက်၍မေးလေရာ၊ ဆရာတော်မှာ စကားအစခက်လှသဖြင့် တွေဝေ၍ နေရာက “ယခု ဒကာကြီးနဲ့ သည်သူငယ့်အဖေ ရောင်းရင်းဘက်ဆိုလို့ ပြောရဦးမယ်၊ ဒကာကြီးသူငယ်ဟာ ဟိုရှေးတုန်းက သီဟိုဠ်ကျွန်း သူကြွယ်သမီးတစ်ယောက် ...”ဟု မောင်ရှင်နှင့် မနန်းနွယ်ကလေး ဖြစ်ပျက်နေပုံကို နှိုင်းယှဉ် ပြောပြလေရာ၊ ဝန်မင်းမှာ သူ့သမီးလည်း ဤသို့ဖြစ်ပျက်နေကြောင်း ပြောရမည်ခက်လှသဖြင့် ပရိယာယ်ပြုကာ “ဒီလိုဖြင့် ဘုရားတပည့်တော်ကို စောစောမိန့်ပါတော့။ ဒင်းတို့ လူကြီးချင်း ကြောင်းလမ်းထားပြီး သုံးနှစ် သုံးသီးလောက် စောင့်စေတာပေါ့။ မောင်ရှင်ကို အားပေးစကား ပြောကြပါ ဘုရား ...”

“သာဓု သာဓု၊ ဘုန်းကြီး အလွန်အမင်း ဝမ်းမြောက်တယ် ဒကာကြီး။ ဒကာကြီး မျက်နှာပြပေးပါဦး”

ဘုန်းကြီးနှင့် ဝန်မင်းသည် ရှင်ဇနိန္ဒအနီးသို့ ထ၍သွားကြလေ၏။ ဘုန်းတော်ကြီးသည် ရှင်ဇနိန္ဒ၏ ကိုယ်ကလေးကို အသာအယာလှုပ်လျက် ...

“ဟဲ့ ဇနိန္ဒ နင့်ကို ကျန်းမာအောင်ပြုတဲ့။ ဟောဒီ ဝန်မင်းက ခွင့်ပြုလိမ့်မယ်။ ကြည့်စမ်း ဒီမှာ ဝန်မင်း” ဟု ပြောဆိုလေရာ၊ ရှင်ဇနိန္ဒမှာ ပြူးကျယ်သောမျက်လုံးကြီးများကို ခပ်မှေးမှေးဖွင့်ကာ ကြည့်ရှုပြီး ပြန်၍ မှိန်းနေလေ၏။ ဝန်မင်းက “မောင်ရှင်၊ ကျန်းမာအောင်ကြိုးစား ...”ဟု ပြောဆိုပြီးလျှင် ဆရာတော်အား ဝတ်ချလျက် ဝန်မင်းထွက်ခွာသွားလေ၏။

Commercial use of this book will be at your OWN RISK.

## အခန်း (၃)

ရှင်ဇနိန္ဒနှင့် မနန်းနွယ်ကလေးတို့ကား နှစ်ဦးနှစ်ဖက် လူကြီးများက သဘောတူကြပြီးဟူသော အသံ ကြားကတည်းက ရောဂါဝေဒနာ သက်သာ၍လာခဲ့ကြရာ၊ တစ်လခွဲ နှစ်လအကြာတွင် နှစ်ဦးစလုံး ဝဖြိုး စိုပြည်၍၊ ရှင်ဇနိန္ဒကား ရှင်နာမည် ပျောက်ကာ မောင်ဘုန်းမြင့်ဟူသော ငယ်နာမည်ဖြင့် သန်လျင်တွင် လူမော် ဖြစ်၍နေလေ၏။ တံခါးမှူးဟောင်း ဘိုးရဲကျော်နှင့် ရှင်မြတ်လှတို့လည်း ဆရာတော်က အကျိုးအကြောင်း ပြောပြသဖြင့် သန်လျင်ဝန်မင်း သဘောတူမည့်အချက်ကို သိရှိရကား၊ မိမိတို့၏ သေတွင်းထွက် သားမြေး ကလေးအတွက် အထူးဝမ်းသာကြလေ၏။

လူကြီးများဝတ္တရားအတိုင်း ကြောင်းလမ်းထားရသည်ဖြစ်ရာ၊ သက္ကရာဇ် ၉၆၉–ခု၊ ကဆုန်လတွင် သန်လျင်ဝန်မင်းအိမ်၌ လူကြီးလူကောင်းအချို့နှင့် ဆရာတော်ဘုရားကြီးကိုယ်တိုင် ရောက်ရှိနေလေ၏။ ပရိသတ်များအား လက်ဖက်ရည် မြန်မာမုန့်များဖြင့် ကျွေးမွေးဧည့်ခံပြီး၊ ဘိုးရဲကျော်က မိမိမြေး၊ အဝ နေပြည်တော် စစ်ကဲကြီး လက်ဝဲစည်သူ၏သား မောင်ဘုန်းမြင့်အား နေမျိုးကျော်ခေါင်ဘွဲ့ရ သန်လျင်ဝန်မင်း၏ သမီး ရှင်နန်းနွယ်နှင့် ကြောင်းလမ်းစေ့စပ်ကြောင်း၊ မိမိကလည်း မိဘမှ အမွေရသော လယ်မြေပယ်တစ်ရာကို ယခုကပင် လက်ဖွဲ့ပစ္စည်းအဖြစ်နှင့် ပေးအပ်သည့်အပြင်၊ နွားအရှဉ်း ၂၀၊ နို့စားနွားမ ၃၅–ရှဉ်း၊ မြင်း ၃–ကောင်တို့ကိုလည်း ပေးအပ်ကြောင်းနှင့် ပြောဆိုရာ၊ သန်လျင်ဝန်မင်းကလည်း ယခုကပင် မိမိကလည်း လယ်ပယ်–၅၀၊ ငွေခွက်–၁၀၊ ရွှေလက်ဝတ်လက်စားများ လက်ဖွဲ့ထားကြောင်း ပြောဆိုကြလေ၏။ သမီး ရှင်နန်းနွယ် ၁၆–နှစ်ပြည့်သောအခါ လက်ထပ်မင်္ဂလာအခမ်းအနားကို ကျင်းပမည်ဖြစ်ရာ၊ ယခု ကတိထားသော ပစ္စည်းများကို အပိုင်ပေးအပ်မည်ဖြစ်ကြောင်းနှင့် အသီးသီး နှုတ်ကတိထားကြလေ၏။

ပုဆိုး မတိုမရှည်၊ ပုဝါမပြည့်တစ်ပြည်နှင့် ခပ်တည်တည်ထိုင်လျက်ရှိသော မောင်ဘုန်းမြင့်သည် လူကြီးများ၏မျက်နှာကို ကြည့်လျက် မျက်လုံးကြည်လင်၍နေလေရာ၊ မိခင်အနားတွင် ထိုင်၍နေသော ရှင်နန်းနွယ်ကလေးကား ရက်စနိုးသော အမူအရာဖြင့် ဦးခေါင်းကိုအောက်ချ၍နေရှာလေ၏။ ကြွလာကြသော ပရိသတ်များလည်း သတို့သား သတို့သမီးတို့ တင့်တယ်ပုံ၊ ရှေ့နောက်လိုက်ပုံတို့ကို ချီးမွမ်းပြောဆိုလျက် ပြန်သွားကြရာ၊ နှစ်ဖက်မိဘနှင့် အိမ်တွင်းအစေခံအချို့သာ ကျန်ရစ်ကြလေ၏။

၄င်းတို့လည်း ဧည့်ခံရာမှ ဆရာတော်၏ရှေ့သို့လာရောက်၍ ကိစ္စပြီးစီးကြောင်း လျှောက်ထားတော် မူကြရာ၊ ဆရာတော်လည်း သာဓုခေါ်လျက် မျိုးကောင်းဆွေကောင်း ပီသကြောင်း၊ တင့်တယ်သင့်မြတ်ကြောင်း များကို မိန့်တော်မူပြီးလျှင် ပြန်ကြွရန် ပြင်ဆင်တော်မူရာ၊ အားလုံး ဝတ်ချကန်တော့ရင်း ကျန်ရစ်ကြလေ၏။

ရှေးထုံးစံကား မိဘလူကြီးချင်း ကြောင်းလမ်းပြီးသော် မိမိ၏ရည်းစားအိမ်သို့ ပုန်းလျှိုးကွယ်လျှိုး မဟုတ်၊ ပြောင်ပြောင်တင်းတင်း ဝင်ထွက်သွားလာနိုင်ကြလေ၏။ နှစ်ဦးတွေ့ဆုံကြသောအခါ၌လည်း နှစ်ဦး အကလက်မပါ စကားထာ ဝှက်လိုဝှက်၊ ရှေးတုန်းကအကြောင်း မြွက်လိုမြွက်နှင့် ညဥ့်နက်မှ ပြန်လေ့ရှိကြရာ၊ နှစ်ဦးတွေ့ဆုံကာ မျက်နှာချင်း ဝဝကြီး ကြည့်ရှုကြရသည့်ကိုပင် ကျေနပ်၍နေကြလေ၏။

"လေးတစ်ရာ့ဆီ၊ ထုံထုံငယ်မွှေး၊ ကုန်ကုန်ဝေးပြီမို့ …"စသော တောင်တွင်းဦးကြော့၏ ရာပုံတော်၌ ပါဝင်သည့် လေးတစ်ရာဆီကား ဟိုရှေးပဝေသဏီကပင် နန်းတော်သူနန်းတော်သား သူဌေးသူကြွယ်တို့ သုံးစွဲ

Commercial use of this book will be at your OWN RISK

ကြသည့် ဆီမွှေးမျိုးဖြစ်ခဲ့၏။ ဆီချိန်တစ်ကျပ်သားလျှင် ငွေဒင်္ဂါးကျပ်တစ်ရာ (ဝါ) အလေးတစ်ရာ ပေးရသောကြောင့် လေးတစ်ရာဆီဟုခေါ်လေ၏။ သန်လျင်ဝန်မင်း၏ တစ်ပင်တိုင်နန်းဟုဆိုအပ်သော သမီးကလေး ရှင်နန်းနွယ်၏အခန်း၌ သင်းပျံ့မွှေးကြိုင်ကာ တလှိုင်လှိုင်ဖြစ်နေသော ရနံ့ကား ထိုရနံ့ပင်ဖြစ်လိမ့်မည်တကား။

သည်ညောင်အထက်မှ မြင့်တက်သောအုံးစက်ရာတွင် မစောင်းတစောင်းနှင့် ခေါင်းကလေးမကျတကျ မှီကာနေရှာမှုကလေးမှာ ရှင်နန်းနွယ်ကလေးပင်ဖြစ်၏။ ထိုနေ့ထိုအချိန်၌ ဆတ်သဖူးရဲ့ တစ်ရုံနှစ်ရုံ စသော သီချင်းမပေါ်သေး၍ သီချင်းသံပင်မဟုတ်လင့်ကစား အခြားတေးရတုကလေးများကို တိုးတိုးသီဆို၍ နေပေလိမ့်မည်။

အစေခံ မိငြိမ်းသာကား စာဆိုတော် နဝဒေးကြီး၏ ဘုရားတိုင်ရတုများကို သံနေသံထားနှင့် ဖတ်၍ နေလေရာ ရှင်နန်းနွယ်ကလေးမှာ မျက်တောင်စင်းလျက် သောတအာရုံ ခံစားနေလေ၏။ ထိုအခိုက် အိမ်ရှေ့ ဖိနပ်ချွတ်မှ နှုတ်ဆက်သံ၊ မိမိအခန်းဆီသို့ ရောက်လာသောခြေသံကို ကြားရလေရာ၊ ရင်ကလေး တာကွကြွ ဖြစ်လျက် လက်ကလေးဖြင့် အသာဖိမိလေ၏။ အပျိုဇာတ်ဝင်ခါစတွင် အဖိုဆို၍ ယင်ဖိုမျှ မသန်းဖူးသေးသည့် အတိုင်း အထူးတုန်လှုပ်ချောက်ခြားနေလေသည်။

"နွယ်နွယ် ဟော လာပြီ၊ ဘုရားကျွန်မ သွားတော့မယ် ..."ဟု မိငြိမ်းသာကပြောလေရာ၊ "အို ရှင်ကလဲ အရေးထဲကျမှ ဘယ်ကိုသွားရမှာလဲ။ နွယ်နွယ့်အနား နေစမ်းပါ။ စကားမပြောတတ်ပါဘူး ..."ဟု မပြုံးတပြုံး ပြောနေစဉ် ဥပကလူထွက်သည် အခန်းဝသို့ရောက်လာလေ၏။ ကျွန်းတိုင်ကြီးများတွင် ထွန်းညှိထားသော ဆီမီးတိုင်များသည် မီးတောက်များယိမ်းကလျက်၊ ရှင်လူထွက်အား ပြောင်လှောင်၍ပြနေသည်ဟု ထင်မှတ်ရလေ၏။ မောင်ဘုန်းမြင့်ကား အပြင်တွင် သတ္တိကောင်းသူတစ်ယောက်ဖြစ်လျက်၊ ဤနေရာတွင် အဘယ့်ကြောင့် ရင်ခုန်ရသည်ကို မစဉ်းစားတတ်အောင်ဖြစ်နေလေ၏။

မွှေးကြိုင်သောရနံ့သည် တပျံ့ပျံ့လှိုင်သင်းလျက်ရှိရာ၊ "ဟယ် ဘာကြောက်ရမှာလဲ၊ သူရဲသဘက် စီးတာ မဟုတ်ဘူး"ဟု ခြေလှမ်းများကို ရှေ့သို့ အတင်းမိုတ်၍တိုးလေ၏။ မိငြိမ်းသာကား အစိမ်းသက်သက် ဖြစ်ရာသူနှစ်ဦး ဖြစ်ပျက်ပုံကို ခေါင်းငုံ့၍ပြုံးနေရာက ..."နွယ်နွယ်ကလဲ ကိုယ့်ဆီလာတာ ခေါ်မှပေါ့ ..."ဟု တိုးတိုးပြောမှ "အို ...သူ့မျက်စိမြင်သားပဲ၊ လာတတ်ပါတယ် ..."ဟု ပြန်ပြောစဉ်၊ ရှင်လူထွက်သည် စစ်ပွဲကြီး တစ်ပွဲကို ဗွတ်မိုတ်တိုက်ခိုက်လိုက်ရဘိသကဲ့သို့ နွယ်နွယ်၏ညောင်စောင်းတွင် ဝင်၍ထိုင်လေ၏။

နွယ်နွယ်ကလေးသည် ကြည်လင်သောမျက်လုံးကလေးဖြင့် တစ်ချက်မျှ လှန်၍ကြည့်ပြီးလျှင် ၎င်း၏ ကိုယ်ကလေးကို ကြုံ့ကြုံ့ယုံ့ယုံ့ဖြစ်အောင်ပြင်၍ ထိုင်နေလေ၏။ အကင်းပါးသော မိငြိမ်းသာသည် "နွယ်နွယ် မယ်တော်ကြီးခိုင်းထားတာကလေး သွားပြီး လုပ်ချေပါဦးမယ် ..."ဟု ပြောပြောဆိုဆို မတ်တတ်ရပ်လေရာ၊ နွယ်နွယ်ကလေး နှုတ်ခမ်းပြင်စဉ်၌ပင် အပေါက်သို့ ထွက်ခွာသွားလေ၏။

မောင်ဘုန်းမြင့်ကား လည်ချောင်းထဲမှ မနည်းညှစ်ထုတ်ရသောလေသံဖြင့် "ကျန်းမာပါပြီလား နွယ်နွယ်"ဟု မေးမြန်းလိုက်ရာ၊ ၎င်းစကားသည် မောင်ဘုန်းမြင့် ရွေးချယ်ရာတွင် ရှေးဦးပေါ်ထွက်လာသော စကား ဖြစ်သဖြင့် ရယ်ဖွယ်ပင်ဖြစ်စေကာမူ နွယ်နွယ်သည် ဦးခေါင်းကိုညိတ်ကာ "ဟုတ်ကဲ့ ကျန်းမာပါပြီ ..." ဟု ပြောဆိုလေ၏။ ထိုတွင် စကားရပ်လျက် တစ်ဦးကိုတစ်ဦး အတန်ကြာ ကြည့်ရှုနေကြရာ၊ မျက်နှာချင်း ဆုံမိလျှင် နွယ်နွယ်က ခေါင်းကလေးအောက်သို့ အချလိုက်၊ နွယ်နွယ်၏ တစ်ကိုယ်လုံးကို ကသိဏ်းကွက် ကျအောင် ကြည့်ရှုနေမိလေ၏။

Commercial use of this book will be at your own RISK

နွယ်နွယ်က ပြန်၍မော့သောအခါ မျက်နှာချင်းဆုံပြန်သဖြင့်၊ "အို သူဖြင့်ကြည့်နိုင်ရန်ကော ..." ပြောဆိုလိုက်သော အသံလေးကိုပင် နားဝင်ချိုလျက်၊ ထိုအခါကျမှ စဉ်းစားထားသမျှ စကားစပေါ်ကာ "အခုလို မကြည့်ရရင် သေတော့မယ် ... နွယ်နွယ့်ကြောင့် အသက်ယဲ့ယဲ့ကျန်တဲ့သူများ ဒီလောက်ကြည့်တာကလေးကို ဝန်မတိုသင့်ပါဘူး ..."ဟု လေလျှောက်ဆက်မိသဖြင့် ..."အို နွယ်နွယ်က မကြည့်ရဘူးလို့မပြောပါဘူး၊ ဒါထက် ကိုဘုန်းမြင့်ကို တစ်ခုမေးချင်တယ် ..."ဟု မရဲတရဲနှင့် စလေရာ၊ "ဘာတုန်း နွယ်နွယ် မေးစမ်းပါဦး ..."ဟု ခွင့်ပြုလေလျှင် "သြော် ... နွယ်နွယ်ရဲ့အသက်က ငယ်ငယ်၊ ခင်တွယ်တဲ့စိတ်က အားကြီးလို့ တခြားနည်းနဲ့ အတွေးချော်တော်မမူဘူးလားလို့ပါပဲ ..."ဟု အလွန့်အလွန် ရှက်ကြောက်သောအမူအရာဖြင့် မေးမြန်းလေရာ ...

"မထင်ပါဘူး နွယ်နွယ် ... မထင်ပါဘူး၊ နွယ်နွယ့်ကို အလွန်ပဲ ဒီက မေတ္တာရှိနေတော့ တုံ့ပြန်တဲ့ သဘော ဖြစ်ရမယ်လို့ ယုံကြည်ပါတယ်၊ နွယ်နွယ်ရဲ့ ရုပ်ရည်ကလေးဟာ အလွန်အဖိုးထိုက်တန်တဲ့ အဆင်းပြေ အသွင်ထူးသူမို့ ဒိပြင်ထင်မှားဖွယ်ရာ အကြောင်းမရှိရိုးအမှန်ပါ ..."

ထို့နောက်မူကား ရာဇဝင် ဇာတ်နိပါတ် အကြောင်းများနှင့် ရှေးတုန်းက အကြောင်းတွေကို ရင်းနှီးစွာ ပြောဆို၍နေကြလေ၏။ မောင်ဘုန်းမြင့်သည် အသည်းစွဲချစ်ခင်သူကလေးထံမှ သက်ကြီးခေါင်းချသာသာတွင် နှုတ်ဆက်ထွက်ခွာခဲ့ရာ၊ ဖိနပ်ချွတ်၌ စောင့်နေသော သူငယ်ချင်း မြစံကို လက်ကုတ်နှိုးကာ နေအိမ်သို့ ပြန်လာခဲ့လေ၏။

အိမ်သို့ရောက်သောအခါ နွယ်နွယ်ကလေး၏ အပြုအမူ အစစပ်သိမ်းကို စဉ်းစားပေါ်ပေါက်ရင်း အတော်ညဉ့်နက်မှ အိပ်ပျော်လေရာ၊ နွယ်နွယ်ကလေးမှာလည်း မောင်ဘုန်းမြင့်၏ယောကျ်ားပီသပုံ၊ အသံလုံ၍ ကြည်လင်ပြတ်သား သွက်လက်စွာ ပြောပြပုံတို့ပါ တစ်ရေးရေးမြင်လျက် အိပ်ပျော်ရှာလေ၏။ အနီးမှ ယပ်ခတ် ပေးနေသော အစေခံများလည်း အသီးသီး အိပ်ရာသို့ဝင်ကြလေ၏။

သူငယ်အိပ်ဆိတ် အချိန်တစ်ချိန်၌ သန်လျင်မြို့ အရှေ့ပိုင်း သုံးဆောင်ပြိုင် အိမ်ကြီးတစ်ဆောင်၏ တစ်ခုသော အခန်းတွင် အသက်အရွယ်အားဖြင့် ၃၀–ကျော် ၄၀–နီးပါးရှိ မိန်းမကြီးတစ်ဦးသည် ပေစာ တစ်ချပ်ကို ဖတ်ရှုရင်း မျက်ရည်များ တတွေတွေ စီးကျလျက်နေရှာလေ၏။ အသက် ၁၇–နှစ်ခန့် ဆံပင် တောင်ဆုပ်ခန့်ကို ပိုးမည်းချည်ပါနှင့် စီး၍ထားသော လုလင်ပျိုတစ်ယောက်သည် အနီးသို့ ရောက်လာကာ မိခင်လက်ထဲက စာကို ဆွဲယူဖတ်ရှုနေလေ၏။

"စာရေးမှာကြားလိုက်သည် ရှင်မြတ်လှ၊ ညဲတို့ကို နေ့စဉ်မပြတ် ငါအမှတ်ရသည်။ ငါ့သားကလေး ဘုန်းမြင့်ကို ချင်းပြန်သွားကတည်းက အမြဲမပြတ် လွမ်းနာကျလျက်ရှိရာ၊ ယခု နေပြည်တော်တွင် ခမည်းတော်မင်းတရားကြီး သိန္နီစစ်ပွဲက အပြန် နတ်ရွာလား၍ သားတော်ကြီး ဥပရာဇာသည် မဟာဓမ္မရာဇာအမည်နှင့် ထီးမွေနန်းမွေကို ဆက်ခံလျက်ရှိသည်။ ငါ့မှာ ယခုမင်းတရား လက်ထက်တော်တွင် ရှေးကထက်ပိုမို၍ တန်ခိုးရှိသည်က တစ်ကြောင်း၊ နိုင်ငံတော် သေဝပ် ပိပြားအောင် တိုက်ခိုက်သိမ်းသွင်းနေရသည် တစ်ကြောင်းများကြောင့် ညဲတို့ထံ လာချင်လျက် မလာနိုင်ဖြစ်သည်။ ညဲတို့ ကဆုန်လက ပါးလိုက်သော စာကို ဝါဆိုလတွင် ရောက်ရှိသော်လည်း၊

Commercial use of this book will be at your OWN RISK.

စစ်ချီသွားနေရ၍ ဝါခေါင်လပြည့်ကျော်မှ ဖတ်ရသည်။ ဖတ်ပြီး ယခုစာကို ပြန်ရေးရသည်။ ဘုန်းမြင့်ကို နေမျိုးကျော်ခေါင်သမီးနှင့် ပေးစားသဖြင့် အထူးဝမ်းမြောက်သည်။ ငါနှင့် ရောင်းရင်းဘက်ဖြစ်၍ စိတ်တူကိုယ်တူ ဖြစ်ခဲ့ဖူးသူများဖြစ်သည်။ ငါ့မှာ ညဲတို့ကို လွမ်းနာကျပေမယ့် ညဲတို့အရေးထက် နိုင်ငံအရေး၊ သာသနာအရေးက ပိုမိုကြီးလေးလှသည့်အပြင်၊ တိုင်းပြည်ချစ်သူတိုင်း ပြုလုပ်အပ်သော ဝတ္တရားဖြစ်သဖြင့်၊ စစ်ပွဲတွင် သေကသေ၊ မသေက ညဲတို့နှင့် ပြန်လည်ဆုံတွေ့ရမည်ဟု အောက်မေ့သည်။ ငါ့သားကလေးကို ငါတို့တိုင်းပြည်နှင့် အမျိုးကိုချစ်ရန် ညွှန်ကြားပါလေ။ ဤစာကို လူယုံတစ်ယောက်တွင် အပ်လိုက်ရ၍ ညဲတို့ ဖတ်ပြီးက မီးတင်ပါလေ။ ငါ့သားနှင့်ငါ အဆက်အသွယ်ရှိကြောင်း အခြားသူ မသိက၊ ချင်း၏နောင်ရေးကောင်းမည်ဟု ယုံသည်။ ညဲတို့ ငါတို့ကံကောင်းလျှင် ၄–၅ နှစ်တွင် တွေ့ဆုံပြန်ပေါင်းရမည်လို့ထင်သည်။

မောင်ရဲခေါင်က အဝနေပြည်တော်မှ ၉၆၉–ခု ဝါခေါင်လပြည့်ကျော် ဆယ်ရက်နေ့တွင် ရေးပို့သည်။"

"ကျွန်တော်လဲ လွမ်းတာပဲ မေမေ ... ဒါပေမယ့် ဘယ်မှာ တတ်နိုင်ပါ့မလဲ။ ကျွန်တော်တို့ကံက ဒီလိုဖန်လာတာကိုး"ဟုပြောဆိုနေလေရာ၊ ရှင်မြတ်လှမှာ သားကလေး၏မျက်နှာကို တစ်ချက်မျှ ကြည့်ပြီးလျှင် "ငါ့သားဟာ မင်းအဖေနဲ့ တစ်ချက်မျှ သာပြီးတူတယ်။ မင်းအဖေကတော့ တစ်ယူသန်ကြီးကွဲ့။ သူ့စိတ်မထင်ရင် နောက်မဆုတ်ဘူး။ မေမေ့ကို သူအလွန်ချစ်တယ်။ ချစ်ရက်နဲ့ ငါ့သား အခါလည်သားမှာ စွန့်ပစ်ထွက်ခွာသွားတာပဲ"ဟု မိမိတို့အကြောင်းကို ပြန်ပြောင်းပြောဆိုနေရှာလေ၏။

❧ ❧ ❧

တောင်ငူမြို့ လက်ျာဝင်းတော်မှူးကြီး၏နေအိမ်တွင် ဝင်းမှူးကြီး၏သမီး အသက် ၂၀–အရွယ်ခန့်ရှိ ရှင်မြတ်လှသည် မိမိနှင့်ရည်ငံရင်းရှိသူ တပ်မှူးကလေး မောင်ရဲခေါင်နှင့် ချစ်တင်းနှီးနှော ပြောဆိုလျက်ရှိကြလေ၏။ ထိုအချိန်ကား တောင်ငူဘုရင်ထက် သားတော်အိမ်ရှေ့မင်း နတ်ရှင်နောင်သည် အလွန် တန်ခိုးကြီးခိုက်ဖြစ်လေသည်။ ရှင်မြတ်လှ၏ ချောလှသော ဂုဏ်သတင်းသည် တောင်ငူမြို့တွင် ကျော်ဇောထင်ရှားသော်လည်း တပ်မှူးကလေး၏ သူရသတ္တိကို ယုံကြည်သူတို့မှာ တုပြိုင်ပိုးပန်းခြင်း မပြုဝံ့ကြချေ။ အိမ်ရှေ့မင်းသား၏ ကျွန်ယုံ ဗိုလ်မှူးမင်းထင်လက်ျာဘွဲ့ခံ မောင်ရာစိုးတစ်ယောက်သာလျှင် အပြိုင် ပိုးပန်းဝံ့လေ၏။

လက်ျာဝင်းမှူးကြီးကား မောင်ရဲခေါင်အား သမီးမေတ္တာမျှနေသည်ကို ကျေနပ်သဖြင့်၊ မိမိအိမ်တွင် ဝင်ထွက် သွားလာနေသည်ကို ခွင့်ပြုထားခဲ့လေ၏။ မောင်ရာစိုးကား အိမ်ရှေ့မင်းကျွန်ယုံဖြစ်သဖြင့် ပစ်ပစ်ခါခါပြောရန် ခဲယဉ်းလှသဖြင့် အလိုက်သင့်စွာ နေထိုင်ခဲ့ရလေ၏။ ရှင်မြတ်လှကား မောင်ရဲခေါင်ကို မေတ္တာမျှသလောက် မောင်ရာစိုးအား မေတ္တာမဲ့လေရာ တွေ့ဆုံသည့်အခါတိုင်း မိမိမေတ္တာမရှိသည့် အခြေအနေကို ပြောပြသော်လည်း၊ မောင်ရာစိုးသည် လက်လျှော့ခြင်းမရှိ၊ ရှင်မြတ်လှနှင့် နီးကပ်စွာ စကားပြောရသည်ကိုပင် ကျေနပ်၍ နေခဲ့လေ၏။ မောင်ရဲခေါင်သည် ဤကဲ့သို့ နောက်နောင်က အကြောင်းများကို တွေးတောပူပန်မိသောအခါ ချစ်သူကလေးအား ...

Commercial use of this book will be at your OWN RISK

"မြတ်လှရယ် ... ငါတော့ ညဲကို ဘယ်လိုချစ်တယ်လို့ ညဲအသိပဲ။ ရာစိုးက အိမ်ရှေ့ကျွန်ယုံဆိုတော့ သင်းက အိမ်ရှေ့ကိုယ်တော်ကို အားကိုးပြီး အတင်းကြံမှာကို စိုးရိမ်ရပါတယ်။ ညဲရဲ့ ခမည်းတော်က အလိုတူ လိုက်မှဖြင့် ကျုပ်မှာ ရင်ကွဲနာနဲ့ သေရုံရှိတော့တယ်"ဟု လှိုက်လှဲစွာပြောလိုက်သောအခါ၊ ရှင်မြတ်လှကား ပြေကျနေသော ဆံပင်များကို သိမ်းရုံးကာ နောက်တွဲထုံးရင်း ...

"ကိုရဲခေါင်ရယ် ... ကျုပ်စိတ်နေစိတ်ထားကို တော် အသိသားပဲ။ ကျုပ်စိတ်မှာ တော်ကလွဲရင် ဖွဲနှင့်ဆန်ကွဲလောက်မှ ဒိပြင်လူကို မထင်ပါဘူး ..."

"ဒါကတော့ ပြောရိုးထုံးစံကိုးကွဲ့။ တကယ့် အကျဉ်းအကျပ်ကျရင် ဘယ့်နှယ်လုပ်မလဲ ..."

"ဒီတော့ အသက်အသေခံပြလိုက်မယ် သိရဲ့လား ..."ဟု အားတက်သရော ပြောဆိုလေရာ၊ မောင်ရဲခေါင်မှာ ချစ်သူအား ကြည်ရွှင်သော မျက်နှာဖြင့် ကျေနပ်စွာ ကြည့်ရှုနေလေ၏။ ထိုအတွင်း ပြင်းထန်သော ခြေနင်းသံကို ကြားရသဖြင့် နှစ်ဦးမှာ ငြိမ်သက်၍နေကြလေရာ၊ တင်းမာခက်ထန်သော အမူအရာဖြင့် ဗိုလ်မှူးမင်းထင်လကျာ၏ အမူအရာကို မြင်တွေ့ကြရလေ၏။

"ဟော့ ရဲခေါင်၊ ဒီနေ့ မင်းတို့တပ်က စစ်ရေးပြဖို့ရှိတယ်။ ဒီမှာ ဘာလာလုပ်နေတာလဲ ..."ဟု ခပ်မာမာ ပြောလိုက်ရာ၊ ရဲခေါင်သည် တင်းမာသော အမူအရာဖြင့် ...

"ကျုပ်လာချင်လို့ လာနေတာပဲ။ မင်းအပူ တစ်စွေးသားမှ မပါဘူး ..."

"မင်းထက် ရာထူးကြီးတဲ့ ဗိုလ်မှူး၊ မင်းငါ့ကို မခန့်လေးစားမပြောနဲ့ ..."

"ဟေ့ မင်းဗိုလ်မှူးပေမယ့် ငါ့တပ်က ဗိုလ်မဟုတ်ဘူး။ မဆိုင်တဲ့သူရဲ့အမိန့်ကို နာခံရမှာလား ..."

"တယ် ဒီအကောင် ဓားစာဖြစ်သွားရော့မယ် ..."ဟု အသင့်လွယ်၍ယူလာသော ဓားအိမ်မှ ဓားရှည်ကို ဆွဲထုတ်လိုက်ရာ၊ ရဲခေါင်လည်း မတ်တတ်ရပ် ရင်ကို ကော့လျက်၊ "ခုတ်လိုက်စမ်းပါ ခံရဲပါတယ်"ဟု ပြောဆိုစဉ်၊ ရှင်မြတ်လှသည် လူနှစ်ယောက်ကြားက မတ်တတ်ရပ်လျက်၊ "တော်တို့ဟာ ကျော်မကောင်း ကြားမကောင်း"ဟု ဝင်ရောက်ဖြန်ဖြေလေ၏။

မင်းထင်လကျာကား အိမ်ရှေ့ကျွန်ယုံဖြစ်၍ သာမညလူတစ်ယောက်ဖြစ်လျှင် သတ်ပစ်ဝံ့သော်လည်း၊ မောင်ရဲခေါင်မှာ တောင်ငူဘုရင်မင်းမြတ်ထံ စစ်ဗိုလ်ချုပ်ကြီးက အသနားခံ၍ သာမန်စစ်သားကလေးဘဝမှ တပ်မှူးအဖြစ်အထိ ချီးမြှင့်ခြင်းခံရသူ ဖြစ်သဖြင့်၊ အကယ်၍ ရဲခေါင် တစ်စုံတစ်ရာဖြစ်က စစ်ဗိုလ်ချုပ်ကြီး ခံမည်မဟုတ်ဟု တွေးမိသောကြောင့်၊ "မင်းလိုအကောင်နဲ့ ငါ့ဓားမတန်သေးဘူး"ဟု ဓားကို ပြန်သိမ်းလေ၏။ ရဲခေါင်လည်း တာရှည်စကားမပြောလိုသဖြင့် "မြတ်လှရေ ပြန်လိုက်ဦးမယ်၊ ညဲရဲ့ သစ္စာကို လုံအောင် စောင့်ပါဘိ"ဟု ဆိုကာ ထွက်၍သွားလေ၏။ မင်းထင်လကျာက ကုတင်တွင်ထိုင်ကာ ...

"ဘယ့်နှယ်တုန်း မြတ်မြတ်ကဲ့ ... ဒီလို အကောင်စုတ်ကြောင့် မောင့်ကို သွေဖီတော်မူတာလား ..."ဟု မချိမချဉ် မျက်နှာနှင့် မေးမြန်းလေရာ၊ ရှင်မြတ်လှလည်း မှတ်လောက်အောင်ပြောမည်ဟု သဘောပိုက်လျက် ...

Commercial use of this book will be at your OWN RISK.

“ကျုပ်တစ်ခုပြောမယ်၊ တော်တို့ ကျုပ်တို့စီးတဲ့ ရထားနောက်က ကပ်ပါတဲ့ မြူမှုန်ဟာ ရထရေနုမြူလို့ ခေါ်တယ်။ အဲဒီမြူဟာ ဆံပင်တစ်ပင်ရဲ့ အပုံ ၃၆–ပုံမှာ တစ်ပုံမျှရှိတယ်။ နောက်တစ်ခါ ထရံပေါက်က နေစွယ် ရောက်လို့ မြင်ရတဲ့ မြူမှုန်တွေဟာ တဇ္ဇာရီမြူလို့ခေါ်တယ် ...”

“ဒါ ဘာဖြစ်သလဲ မြတ်မြတ်ကဲ့၊ ဘာတွေ လျှောက်ပြောနေရတာလဲ ...”

“ဆုံးအောင် နားထောင်ပါဦး။ အဲဒီ တဇ္ဇာရီမြူဟာ ရထရေနုမြူရဲ့ ၃၆–ပုံ ပုံရင် တစ်ပုံပဲ ပမာဏ ရှိတယ်။ ဒီတော့ တြိန်းဆ ဧက အဌထွက်လိုက်ရင် တဇ္ဇာရီမြူဟာ ဆံတစ်ပင် ပမာဏရဲ့ တထောင့်နှစ်ရာ ကိုးဆယ့်ခြောက်ပုံမှာ တစ်ပုံဘဲရှိတယ်၊ အဲဒီ တဇ္ဇာရီမြူရဲ့ ၃၆–ပုံ တစ်ပုံကို အနုမြူလို့ခေါ်တယ်။ အနုမြူရဲ့ ၄၆–ပုံ တစ်ပုံရှိတဲ့ မြူကို ပရမာနုမြူလို့ခေါ်တယ်။ အဲဒီမြူကို ဘုရားရဟန္တာများမှ မြင်နိုင်တယ်။ ဒီတော့ ပရမာနုမြူရဲ့ အသင်္ချေပုံမှာ တစ်ပုံလောက်မှ တော့်ကို မေတ္တာမရှိဘူး။ ဒါ နောက်ဆုံးသိဖို့ စကားပဲ ...”ဟု ပြောဆိုပြီးလျှင် သွက်လက်စွာ နေရာမှ ထသွားလေရာ၊ မင်းထင်လကျ်ာသည် အံ့အားသင့်ကျန်ရစ်ရာက မလှမ်းချင့်လှမ်းချင် ခြေလှမ်းများဖြင့် ထွက်ခွာသွားရလေ၏။

မင်းထင်လကျ်ာကား မိမိ အကြိမ်ကြိမ် သွားရောက်ပိုးပန်းသမျှ နောက်ဆုံး အချည်းနှီးဖြစ်ရသည်ကို တွေးတောမိသောအခါ၊ ထိုသို့ အချည်းနှီးဖြစ်ရခြင်းသည် ရဲခေါင်ကြောင့်ဟု စိတ်နှလုံးထောင်းလှသဖြင့် အိမ်ရှေ့ကိုယ်တော်ထံ ရဲခေါင်နှင့် အချစ်အတွက် ဓားကစားလိုကြောင်းများကို လျှောက်ထားလေ၏။ အိမ်ရှေ့မင်းလည်း “ငါ့ကျွန်မှ တကယ့်သတ္တိခဲ။ မင်း ဓားကစား ဆိုရာမှာ သူရဲကောင်းတို့အလုပ်ပဲ။ ငရဲခေါင်ရဲ့ ဗိုလ်ချုပ် နေမျိုးသက်တော်ရှည်ဆီ အကြောင်းကြားလိုက်မည်”ဟု မိန့်တော်မူလေ၏။

မကြာမီ အိမ်ရှေ့ဘုရားအိမ်တော်တွင် မင်းထင်လကျ်ာအမည်ခံ ဗိုလ်မှူးမောင်ရာစိုးနှင့် သဲ်ယာဘွဲ့ခံ တပ်မှူးကလေး ရဲခေါင်တို့ ဓားစွမ်းပြကြမည်ဟူသော သတင်းများ ထွက်ပေါ်လာလေ၏။ တပ်မှူးကလေးကာ သူရသတ္တိနှင့် ပြည့်စုံသည်ဟု ကျော်ကြားသော်လည်း၊ ဓားရေး မည်မျှတတ်ကျွမ်းသည်ဟု မသိကြသူက များလေ၏။ မင်းထင်လကျ်ာကား ဓားရေးလှံရေးတွင် ပြိုင်ဘက်မရှိ ကျွမ်းကျင်သူဖြစ်ကြောင်းကို သိရှိသူ များသဖြင့် တပ်မှူးကလေးအတွက် သနားကြလေ၏။ နေမျိုးသက်တော်ရှည်ကား မိမိချီးမြှင့်ထားသော တပ်မှူး ကလေးကို သားအရင်းသဖွယ် ချစ်ခင်ရကား ၃–၄ နှစ်ခန့် ဓားရေးလှံရေးကို ပြသထားသော်လည်း ပွဲတွေ့ မမြင်ဘူးသဖြင့် စိတ်မချအောင်ဖြစ်၍နေလေ၏။

ချိန်းဆိုသောနေ့ရက်သို့တိုင်သောအခါ၊ အိမ်ရှေ့ကိုယ်တော်နှင့် ဗိုလ်မှူးတပ်မှူးများ နေရာအဆင့်ဆင့် နိမ့်မြင့် ရာထူးခြား၍ သားနားစွာ ပြင်ဆင်ထားလျက်ရှိလေ၏။ မြေကွက်တစ်ခုတွင်ကား ဆယ်တောင် ပတ်လည်ခန့် မြေကို ရှင်းလင်းထားလေ၏။ အိမ်ရှေ့မင်းသည် နေမျိုးသက်တော်ရှည်အား “ဘယ့်နှယ် သက်တော်ရှည်၊ ဓား ဘယ်ဓားကို ရွေးချယ်ထားသလဲ၊ ဓားအမျိုးတူရမယ်နော်”ဟု မိန့်လေရာ ...

“မှန်လှပါ ... ကျွန်တော်မျိုး စိတ်ကူးကို လျှောက်ခွင့်ပြုတော်မူပါ”

“တင်စေ ...”

“ယခု တပ်မှူးကလေး ရဲခေါင်နှင့် ဗိုလ်မှူး ရာစိုးတို့အရေးမှာ ချင်းတို့ရည်းစားနှင့် ပတ်သက်၍ အချစ်စစ်ပွဲမျှ ဖြစ်ပါသည်။ သည်ကဲ့သို့ ကိစ္စကလေးနှင့် တစ်ဦးတစ်ယောက် အသက်ဆုံးရှုံးစေလျှင်၊ စစ်ပွဲတွင် အရာရောက်သူတစ်ဦး ဆုံးရှုံးမည်ဖြစ်၍၊ ခမည်းတော်ဘုရား အပြစ်တင်တော်မူပါလိမ့်မည်။ သို့ဖြစ်ပါ

Commercial use of this book will be at your OWN RISK

သောကြောင့် ချင်းတို့အား လုံးပတ် တစ်မိုက်၊ အရှည် သုံးတောင့်ထွာရှိသော တုတ်များဖြင့် တစ်ဦးကိုတစ်ဦး တုတ်ရေးပြလျက် မထနိုင်အောင် ရိုက်ကြစေလျှင်သင့်ပါမည်ဘုရား"

မောင်ရဲခေါင်ကား စားဖြစ်စေ၊ သေနတ်ဖြစ်စေ၊ ယှဉ်ပြိုင်ဝံ့ကြောင်း လျှောက်ထားလိုသော်လည်း၊ မိမိ ဗိုလ်ချုပ်ကြီး၏ အမိန့်ကို လွန်ဆန်ရန် ခဲယဉ်းသဖြင့် ခေါင်းငုံ့နားထောင်နေလေ၏။ အမှန်အားဖြင့် ဗိုလ်ချုပ်ကြီးသည် မိမိ၏တပ်မှူးကလေး အရေးနိမ့်လျှင် သက်သာရာရစေတော့ဟူသော သဘောဖြင့် ကြံစည် ရခြင်း ဖြစ်လေ၏။

ထိုသို့ ပြင်ဆင်ပြောဆိုနေကြခိုက်တွင် လက်ျာဝင်းမှူးကြီးနှင့် သမီး ရှင်မြတ်လှတို့ လာရောက်လျက် ရှိသည်ကို ပရိသတ်တို့ ဝိုင်းဝန်းကြည့်ရှုကြရင်း၊ အချစ်စစ်ပွဲ ဖြစ်ထိုက်သော ရုပ်ရည်နှင့်ပြည့်စုံပါပေသည်ဟု ချီးမွမ်းကြလေ၏။ သားအဖနှစ်ဦးကား အိမ်ရှေ့ကိုယ်တော်၏အမိန့်ကို မလွန်ဆန်နိုင်သဖြင့် လာရောက်ကြ ရခြင်း ဖြစ်လေ၏။ ထိုစဉ်အခါ၌ကား အိမ်ရှေ့ကိုယ်တော် နတ်ရှင်နောင်မှာ ရာဇဓာတုကလျာကို စွဲလမ်းနေခိုက် ဖြစ်သဖြင့်၊ ရှင်မြတ်လှ၏ ရုပ်အဆင်း မည်မျှတင့်တယ်စေကာမူ တိမ်းညွှတ်တော်မူခြင်း မရှိခဲ့ချေ။

ကိုယ်တော်တိုင် တည်သားအနှစ် တုတ်နှစ်ချောင်းကို ကိုင်တွယ်ကြည့်ရှုလျက် လက်ဆဖြင့်၊ "အလွန် လေးပေတယ် မောင်မင်းများ၊ သာမညလူများသည် တုတ်၏အဖျားက ကိုင်တွယ်ဝှေ့ယမ်းနိုင်ဖို့ပင် ခဲယဉ်း လိမ့်မည်"ဟု မိန့်ဆိုလေ၏။ ထို့နောက် အိမ်ရှေ့ကျွန်တော်တစ်ယောက်အား တုတ်များကိုချိန်တွယ်စေရာ၊ အလေးချိန်ညီမျှလျက်ရှိသဖြင့်၊ "ကိုင်း အလေးချိန်တော့ ပြောဖွယ်မရှိ။ သို့သော် စာရေးတံချ၍ ဝေငှတော် မူမည်"ဟု မဲလိပ်နှစ်ခု ပေရွက်ငယ်တွင်ရေးလျက် စာမတတ်သော လက်ပါးစေ အိမ်ရှေ့အပျိုတော်တစ်ဦးကို အနိုက်ခိုင်းကာ ဝေငှလိုက်လေ၏။ ရှင်မြတ်လှကား ရှက်ကြောက်သော အမူအရာဖြင့် အိမ်ရှေ့အပျိုတော်များ အလယ်တွင် ဦးချထိုင်နေရာ၊ မောင်ရဲခေါင်၏မျက်လုံးမှာ မီးတောက်မတတ်ဖြစ်၍ နေလေ၏။ အိမ်ရှေ့မင်းအား လက်ယှက်လျက် လျှောက်ထားခွင့်တောင်းပြီးလျှင် ...

"ယခု တုတ်ရိုက်၍ ပွဲကို ဝင်နွှဲတိုက်ခိုက်ရမည်မှာ စင်စစ် ပြုမူထိုက်သောအချက် မဟုတ်ပါ၊ ကျွန်တော်မျိုး ကြားဖူးသလောက်မှာ နှစ်ဦးပြိုင် ရည်ငံကြရာတွင် လုံမပျိုက မေတ္တာဝေခွဲမရ ဖြစ်လျှင်သာ အချစ် စစ်ပွဲဖြင့် အနိုင်ယူကြရစမြဲ ဖြစ်ပါသည်။ ယခုတစ်မူကား မင်းထင်လက်ျာအား ရှင်မြတ်လှ၏ မေတ္တာ တုံ့လှယ်ခြင်း လုံးဝမရှိ၊ ကျွန်တော်မျိုးအပေါ်၌သာ မေတ္တာချိန်ခွင်လျှာ အစွန်းထွက်လျက်၊ ရာသက်ပန် ပေါင်းသင်းဖို့ ကတိထားပြီးဖြစ်ပါသည်"

ပရိသတ်ထဲမှ "ဟဲ့ ရဲခေါင်၊ ကြောက်သလား"ဟု မေးကြလေ၏။

"မကြောက်ပါဘူး ... အကျိုးအကြောင်းကို လျှောက်ထားခြင်းမျှဖြစ်ပါတယ်။ ဒီစစ်ပွဲကို ဝမ်းမြောက်စွာ ဝင်နွှဲဖို့ အသင့်ပါ"ဟု ပြောပြီးလျှင် မိမိပုဆိုးကို တင်းမာအောင် အောက်ပိုးကျိုက်လေ၏။ မင်းထင်လက်ျာလည်း အသင့်ပြင်ဆင်လျက် ရှိလေ၏။

မင်းထင်လက်ျာမှာ တပ်မှူးကလေး မောင်ရဲခေါင်ထက် လက်လေးလုံးခန့် အရပ်မြင့်လျက်ရှိလေ၏။ ကိုယ်လုံးကိုယ်ပေါက်မှာလည်း သန်မာထွားကြိုင်းလျက်ရှိရာ၊ ရှင်မြတ်လှကလေးမှာ နိုင်မှနိုင်ပါ့မလားဟူသော အမူအရာဖြင့် ကြည့်ရှုမိရှာလေ၏။ သို့ရာတွင် တပ်မှူးကလေး၏ အရပ်အမောင်းသည်လည်း သေးငယ်

Commercial use of this book will be at your own RISK

လှသည် မဟုတ်။ အထူးသဖြင့် လက်မောင်းအိုး၊ ရင်အုပ်ကြွက်သားများ ဖောင်းကြွနေခြင်းသည်ပင် သိုင်းနှင့် ဓားလုံအရေးတွင် နှစ်ရှည်လများ လေ့ကျင့်ခဲ့သူတစ်ဦးဖြစ်ကြောင်း ဖော်ပြသကဲ့သို့ ထင်မှတ်ရလေ၏။

နှစ်ဦးသား တုတ်တစ်ချောင်းစီ ကိုင်မိလေရာ၊ အခြားစစ်ဗိုလ်နှစ်ဦးသည် ဒိုင်လူကြီးအဖြစ် ဘေးက စောင့်နေကြလေ၏။

မောင်ရဲခေါင်သည် တုတ်ရှည်ကို အဖျားက ကိုင်လျက် ဇွေ့ယမ်းကြည့်ရာ၊ မင်းထင်လက်ျာလည်း အလားတူ ပြုမူလျက်ရှိလေ၏။

နှစ်ဦးသား ရင်ဆိုင် လေးတောင်ကွာ ရပ်နေစေပြီးနောက် အချက်ပေးလိုက်ရာ နှစ်ဦးစလုံး အကဲခတ်လျက် တစ်ဦးကိုတစ်ဦး အတန်ကြာ ကြည့်ရှုနေလေ၏။ မင်းထင်လက်ျာသည် ရဲခေါင်၏ ငယ်ထိပ် တည့်တည့်ကို တအားကုန် ရိုက်ခွဲလိုက်ရာ၊ ရဲခေါင်သည် ၎င်း၏တုတ်ဖြင့်ခံ၍ ဘေးသို့တိမ်းဖယ်လိုက်လေ၏။ တစ်ဖန် ရဲခေါင်၏တုတ်ဖျားသည် မင်းထင်၏ ရင်ဝအရိုက်ကို ဆောင့်၍ ထိုးလိုက်ရာ လျင်မြန်သော မင်းထင်၏လက်သည် ရဲခေါင်၏တုတ်ဖျားကို ဘေးသို့တိမ်းလိုက်သဖြင့်၊ အားလွန်လျက် ရဲခေါင်၏ မျက်နှာမှာ မင်းထင်၏ ရင်ဝနားဆီသို့ ထိုးကျသွားစဉ်၊ မင်းထင်သည် ၎င်း၏တုတ်ဖြင့် နားထင်ကိုအရိုက်၊ ရဲခေါင်က လက်ကိုင်၏ အရင်းဘက်က တစ်တောင်ခန့် ထွက်၍နေသော တုတ်ဖြင့် ခုခံလိုက်လေ၏။ နှစ်ဦးသား မတိုးမဇွေ့နိုင် တုတ်သံ တချွင်ချွင်၊ တချက်ချက်ဖြင့် မြည်ထွက်တိုက်ခိုက်နေရာ၊ မင်းထင်သည် အချက်ကောင်း ကိုသာ စောင့်စားနေလေ၏။ ရဲခေါင်လည်း အလစ်စောင့်နေသူဖြစ်သဖြင့် မင်းထင်ရင်ဝသို့ ရှေးနည်း တုတ်ဖျားဖြင့် တအားထိုးလိုက်ရာ၊ မင်းထင်၏ တုတ်ဖျားဖြင့် ရိုက်ခတ်တိမ်းရှောင်စဉ်၊ ရဲခေါင်၏မျက်နှာသည် မင်းထင်ရှေ့သို့ ကျသွားခိုက်၊ မင်းထင်၏ ဘယ်ဘက်လက်သီးသည် ရဲခေါင်ကို ကျကျနန ထိုးလိုက်ရာ၊ ရဲခေါင်သည် လက်သီးပါခွင့်မရှိ ထင်မှတ်ကာ အမှတ်တမဲ့ မတိမ်းမိသဖြင့် နဖူးမျက်စမှ သွေးများ ယိုစီးကျ လေ၏။

ပရိသတ်များက "မတရားဘူး ... ဒါမတရားဘူး ..."ဟု အော်ဟစ်ကြရာ၊ အိမ်ရှေ့မင်းက ဓားပြသဖြင့် ငြိမ်သက်လက်ယှက်၍သာ နေကြလေ၏။ နှစ်ဦးစလုံး ထမင်းတစ်လုံးချက်ခန့်အကြာ မော၍နေရာ မင်းထင် လက်ျာမှာ ပို၍ မောနေဟန်တူလေ၏။ ရဲခေါင်မှာ ဒေါသဖြစ်လျက် လုပ်နေကြအတိုင်း တုတ်ဖျားဖြင့် ရှေ့သို့ တအားထိုးလိုက်ရာ၊ မင်းထင်သည် ခါတိုင်းကဲ့သို့ပင် တုတ်ဖျားနှင့် ခတ်ဖယ်လိုက်လေ၏။

သို့ရာတွင် ရဲခေါင်သည် ထိုအကြိမ်၌ တကယ်အားစိုက်ထိုးခြင်းမဟုတ်၊ မင်းထင်အား လှည့်စားခြင်းမျှ ဖြစ်ရာ၊ ၎င်း၏ကိုယ်သည် မင်းထင်၏ရှေ့သို့ ရောက်သည်နှင့်တစ်ပြိုင်နက် မင်းထင်၏ ပါးချိတ်ကို ဘယ်လက်သီးဖြင့် ကျစ်ကျစ်ပါအောင် တွယ်လိုက်ရာ၊ မင်းထင်မှာ မတ်တတ်က ပက်လက်လန်ကာ လဲကျသွား သဖြင့် ဒိုင်လုပ်သူများက တားထားရလေ၏။ အိမ်ရှေ့မင်းကား ပထမ မိမိကျွန်ယုံကစ၍ လက်သီး အသုံးပြု သဖြင့်၊ ရဲခေါင်၏ နောက်ထပ် လက်သီးသုံးခြင်းကို အပြစ်မတင်နိုင်ဘဲ အမ်းတမ်းတမ်းဖြစ်နေစဉ်၊ ပရိသတ် ထဲက "မင်းထင်လက်ျာရှုံးပြီ ... ရဲခေါင်နိုင်ပြီ"ဟု အော်ဟစ်ကြလေ၏။

အိမ်တော်ဝန်တစ်ယောက်က "မပြီးသေးဘူး၊ လက်သီးချင်း ကလဲ့စားချေကြရုံပဲ ရှိသေးတယ်"ဟု ပြောစဉ်၊ မင်းထင်က ဒယိမ်းဒယိုင်နှင့် မတ်တတ်ရပ်ကာ "တုတ်နှင့်တိုက်၍သာ ကြားဖောက်ကြခြင်း ဖြစ်ပါတယ်။ ဓားချင်းတိုက်မှာသာ သာ၍ကောင်းမည်။ ခွင့်ပြုတော်မူပါဘုရား"ဟု လျှောက်ထားလေ၏။ ရဲခေါင်လည်း "ကြိုက်ရာနှင့် တိုက်နိုင်တယ်။ လက်သီးတစ်လုံးနှင့် အနိုင်မယူလိုပါဘူး"ဟု ပြောဆိုကြရာ၊

Commercial use of this book will be at your OWN RISK

အိမ်ရှေ့မင်းလည်း ဓားချင်းကစားလျှင် ကျွန်ယုံကနိုင်မည်ဟု တွေးတောလျက်၊ နေမျိုးသက်တော်ရှည်အား "ဘယ့်နှယ်သဘောရသလဲ ..."ဟု မေးတော်မူလေ၏။ ဗိုလ်ချုပ်ကြီးလည်း မိမိအချစ်တော်၏လက်စွမ်းကို မြင်ရပြီးဖြစ်သဖြင့်၊ "ဓားချင်းယှဉ်မှ စိတ်ကျေနပ်ပုံပါဘုရား"ဟု လျှောက်ထားလေ၏။

ကွမ်းတစ်ယာညက်ခန့်ကြာလျှင် နှစ်ဦးသား ဓားကိုယ်စီနှင့် ရပ်မိကြပြန်လေ၏။ နှစ်ဦးနှစ်ဖက် အသက်လုကာ ပြိုင်ဆိုင်ကြရာတွင်၊ အကြောက်အရွံ့ကင်းမဲ့ တင်းမာသောသတ္တိနှင့် ပြည့်စုံခြင်း၊ ပွဲဦးတစ်ချီ စီးမိခြင်းတို့သည် အဓိကအချက်ဖြစ်ရကား ရဲခေါင်သည် မိမိနိုင်မည်ဟု ယုံကြည်ပြီးဖြစ်သည်။ မင်းထင် လက်ျာမှာ မိမိဂုဏ်ကြောင့် ရှက်၍ပင် ဓားနှင့်ကစားလိုကြောင်း ပြောပြရစေကာမူ၊ ရဲခေါင်၏ တုတ်ရှည်ကိုင်ပုံ၊ ခြေများအကွက်ချပုံ၊ လက်သီးပြင်းပုံတို့မှာ ၎င်း၏အသည်းနှလုံးကို ခြေမွှနိုင်သော အစွမ်းရှိသည်ဟု တွေးတော မိလေရကား ရွံ့သလိုလို ဖြစ်သွားဟန်ရှိလေသည်။

အချက်ပေးလိုက်သည်နှင့်တစ်ပြိုင်နက် ပြိုးပြိုးပြက်ပြက်ဖြစ်နေကြသော ဓားနှစ်လက်မှာ တချွင်ချွင် တခြစ်ခြစ်နှင့် မီးပွင့်သည့်အခါ ပွင့်နေလေ၏။ မင်းထင်လက်ျာကား ဓားရေးတွင် တုတ်ကိုင်သည်ထက် အဆပေါင်းများစွာ ကျင်လည်သဖြင့် ရဲခေါင်မှာ ခံစစ်ကသာ လက်မြဲမြဲနှင့် ခုခံ၍နေရလေ၏။

မူလ စိတ်လျော့ရမလိုဖြစ်သော မင်းထင်သည် ရဲခေါင် ခံစစ်ကစားနေသည်ကို တွေ့ရသောအခါ၊ ဘယ်ခြောက်ညာလှန့်ဖြင့် အတင်းထိုးခုတ်လျက်ရှိ၏။ သို့ရာတွင် ရဲခေါင်၏လက်သည် အလွန်သန်မာရကား ၎င်း၏ဓားဖြင့် တစ်ခါတစ်ခါ ပြန်၍ တွက်လိုက်သည်ကိုပင် မင်းထင်၏လက်မှာ ကျင်တက်သွားခဲ့လေ၏။ တစ်ချီတွင် မင်းထင်သည် ၎င်း၏ဓားဖြင့် ရဲခေါင်၏ ဦးခေါင်းကိုမိုး၍ ခုတ်လိုက်ရာ၊ ရဲခေါင်သည် ၎င်း၏ ဓားဖြင့် အကာလိုက်၊ ဓားချက်ပြောင်းလျက် ရဲခေါင်၏ရင်ဝသို့ စိုက်လိုက်လျှင်၊ လျင်မြန်သော ရဲခေါင်၏ လက်သည် မင်းထင်၏ဓားကို ခပ်ပြင်းပြင်း ဓားနောင့်ဘက်နှင့်ရိုက်ကာလိုက်ရာ၊ မင်းထင်၏ လက်မှဓား လွတ်ထွက်သွားလေ၏။ မင်းထင်၏မျက်နှာမှာ သွေးများဆုတ်ယုတ်သကဲ့သို့ ဖြစ်နေစဉ်၊ "မခုတ်ပါဘူး၊ ဓားကောက်ပါဦး"ဟု ရဲခေါင်က ပြုံးရယ်ပြောမှ ဓားကို လျင်မြန်စွာကောက်ပြီးလျှင် တိုက်ကြပြန်လေ၏။ ရဲခေါင်က ခံစစ်က တိုက်စစ်အနေအထားသို့ ကူးလျက် ဘယ်ပြန်ညာပြန် ချောက်လှန့်ကစားရာက တစ်ချက် အတိမ်းတွင် မင်းထင်၏နံဘေးသို့ ထိုးလိုက်ရာ၊ မင်းထင်သည် ပျော့ခွေလျက် လဲကျသွားလေ၏။ ပရိသတ်၏ သြဘာသံသည်လည်း တခဲနက် ထွက်ပေါ်လာတော့သည်။

ရဲခေါင်သည် အိမ်ရှေ့ကိုယ်တော်အား မတ်တတ်ရပ် လက်ယှက်အရိုအသေပေးကာ "ဘုရားကျွန်တော် လက်ပြင်းသလောက် မစိုက်လိုက်ပါဘူး၊ သင်းကို ဆေးကုလို့ရနိုင်အောင် ခပ်ဆဆထိုးပါသည်ဘုရား"ဟု သံတော်ဦးတင်ရာ အိမ်ရှေ့ကိုယ်တော်မှာ "အိမ်း တော်ပေ့ သူရဲကောင်း"ဟု ရွှင်ပြုံးပြုံးလျက် မိန့်တော်မူ ပြီးနောက်၊ "ကိုင်း မောင်မင်းများ၊ ငါကိုယ်တော်တိုင် လက်ထပ်ပေးတော်မူမည်"ဟု ရဲခေါင်နှင့် ရှင်မြတ်လှအား လက်ထပ်ပေးတော်မူလေ၏။

အိမ်ရှေ့ကျွန်ယုံများလည်း မင်းထင်လက်ျာအား ပွေ့ချီသွားလျက် သမားတော်များနှင့်ကုသနေလေရာ၊ ပရိသတ်များလည်း တစ်စတစ်စ လူချင်းကွဲကာ အချစ်စစ်ပွဲကလေး ပြီးဆုံးခဲ့လေပြီ။

တပ်မှူးကလေး ရဲခေါင်ကား မြို့ထဲတွင် လူကြီးများ၊ စစ်ဘက်အရာရှိများနှင့် တစ်ခါထပ်မံ၍ လက်ထပ်ပွဲ ကျင်းပပြီးနောက် ဘုရင်မင်းမြတ် ပေးသနားတော်မူသော တပ်မှူးကလေးနေအိမ်မှ အခွင့် တောင်းကာ လက်ျာဝင်းမှူးကြီးအိမ်တွင် ဇနီးခင်ပွန်း ပျော်ရွှင်စွာ နေထိုင်လျက်ရှိလေ၏။

Commercial use of this book will be at your OWN RISK

ထိုကဲ့သို့ နေထိုင်ရာမှ တစ်နှစ်အကြာတွင် သားယောကျ်ားလေး ဖွားမြင်လေရာ မောင်ဘုန်းမြင့်ဟု အမည်ပေးလေ၏။ မင်းထင်လကျ်ာလည်း အနာရောဂါပျောက်ကင်းလျက် စစ်ပွဲများတွင် အောင်နိုင်သောကြောင့် တပ်ဗိုလ်မှူးမှ စစ်ကဲကြီးရာထူးအထိ တိုးတက်ရရှိလေ၏။ သခ်ယာဘွဲ့ခံ တပ်မှူးကလေးနှင့်လည်း သဘော ကြီးစွာ မိတ်ဆွေဖြစ်ဆက်ဆံလျက် ဝင်ထွက်သွားလာ နေထိုင်လျက်ရှိလေ၏။ အိမ်ရှေ့ကိုယ်တော်ကား စစ်ရေး စစ်ရာထက် ရတု၊ ကဗျာ၊ အဲအံ့ဘက်ကို ပိုမိုလေးစားတော်မူသဖြင့် စစ်ရေးစစ်ရာကို ဂရုစိုက်သော တပ်မှူး ကလေးသည် ရာထူးတိုးတက်ခြင်းမရှိနိုင်အောင် ဖြစ်နေလေ၏။

တစ်နေ့သ၌ကား တပ်မှူးကလေး စိတ်နာဖွယ်ရာ အကြောင်းတစ်ရပ်သည် ပေါ်ပေါက်ခဲ့လေ၏။ တောင်ငူသစ်တောမှ ကြော့၍ရခဲ့သောဆင်ကြီးမှာ လူ ၇၀–အားရှိ၍ ထူးအဆင့်ဆင့် ခတ်ထားရလေ၏။ ထိုဆင်ကို မည်သူကစားဝံ့သနည်းဟု ကစားဝံ့သူများကို စစ်ဘက်ဆိုင်ရာမှ အိမ်ရှေ့မင်းအမိန့်နှင့် ရှာစေရာ နောက်ဆုံးတွင် တပ်မှူးကလေးကို ညွှန်ကြလေ၏။

တပ်မှူးကလေးလည်း ဆင်ဖမ်းဆင်ကြော့ အကြိမ်ကြိမ် လိုက်ပါဖူးသောကြောင့် ကစားဝံ့ကြောင်း သံတော်ဦးတင်ရာ၊ မကြာမီ ဆင်ကျုံးကို ပြင်ဆင်စေလျက် မည်သည့်နေ့ရက်တွင် တပ်မှူးကလေး သခ်ယာဘွဲ့ခံ ရဲခေါင်သည် အဆိုးဆုံးဆင်ရိုင်းကြီးကို ကစားလိမ့်မည်ဟု ပြောဆိုလျက်ရှိကြလေ၏။ ရှင်မြတ်လှကလေးကား မိမိခင်ပွန်းအတွက် စိတ်မအေးသော်လည်း၊ သတ္တိအရာ မပြောသာသဖြင့် ဘေးမထိရန် ဆုတောင်း၍သာ နေရရှာလေ၏။

ဤနေ့ကား တပ်မှူးကလေး ဆင်ကစားမည့်နေ့ဖြစ်လေ၏။ သစ်တိုင်များဖြင့် စိုက်ထူထားသော ဆင်ကျုံးတွင် တပ်တိုင်ထိပ်၌ လူများပြည့်နက် တိုးဝှေ့၍နေကြလေ၏။ လူပေါင်း ၁၅၀–ခန့် ဆွဲညှပ်သွတ်သွင်း လာခဲ့သော ဆင်ကြီးမှာလည်း မာန်တသုံသုံနှင့် မုန်ယိုနေသကဲ့သို့ ထင်မှတ်ရလေ၏။ လူများက ထိုးဆွ ရိုက်နက်ထားသောကြောင့် ဆင်ကြီးမှာ ခွာတပြင်ပြင်၊ အစွယ်တမော့မော့ဖြစ်နေရင်း ဆင်ကျုံးအတွင်း လှည့်ပတ်ပြေးလွှားကာနေလေ၏။

လူနောက်အချို့သည် စောင်များကို ပစ်ချလိုက်ရာ၊ ဆင်ကြီးသည် စောင်ကို အပြေးသွား၍ အစွယ်နှင့်ထိုး၊ ခြေနှင့်နင်းဖဲ့၊ နှာမောင်းနှင့်ကိုင်ကာ ကျုံးသစ်တိုင်များကို တဖုံးဖုံးရိုက်လေ၏။ ထိုအတွင်း လူနောက်တစ်ယောက်သည် အနီးမှ လူတစ်ယောက်အား ကျုံးတွင်းသို့ တွန်းချလိုက်ရာ၊ အဆိုပါလူမှာ ကျရာက သစ်တိုင်သို့တက်သော်လည်း မတက်နိုင်သဖြင့် ဟိုပြေးသည်ပြေးဖြစ်၍နေရာ၊ ဆင်ကြီးကလည်း ၄င်းအား ချောက်ပြသကဲ့သို့ ထင်မှတ်သဖြင့် အတင်းလိုက်၍နေလေ၏။

ကျုံးပေါ်ကလူများမှာ ဝေါကနဲ ရယ်မော လက်ခုပ်တီး၍နေကြလေ၏။ အသက်စွန့်ပြေးရသော ခများ မှာကား "အမယ်လေး ကယ်တော်မူပါဦး၊ အမေရေ သေရတော့မယ်"ဟု အော်လေ အပေါ်က လူစုက ရယ်မော ကြလေ ဖြစ်ပျက်နေရာ၊ တစ်ချီ၌ ထိုလူသည် ခလုတ်တိုက်၍အလဲတွင် ဆင်ကြီးက ခွာဖြင့် ရုပ်လိုက်ရာ၊ တဂျွတ်ဂျွတ်မြည်သံ သွေးများပန်းနေဟန်ပါ မြင်ရရာ၊ ပရိသတ်မှာ သာလွန်ကျေနပ်လျက် လက်ခုပ်တီးကာ ရယ်မောကြလေ၏။။။ ဆင်နင်းခံရသောလူကား ယပ်တောင်ပမာဖြစ်လျက် ဆင်ကြီး၏နှာမောင်းတွင် အရိုး အသား တခြားစီ မြောက်ပါလာခဲ့လေ၏။

သို့နှင့်ပင် ဆင်ကြီးမှာ သူရဲစီး၍နေစဉ် "ဟော တပ်မှူးကလေး တပ်မှူးကလေး"ဟု အော်ကြလျက် ပရိသတ်များ ငြိမ်သက်၍သွားလေ၏။ ရဲခေါင်ကား ဆင်ကြီးသည် လူတစ်ယောက်ကို နင်းသတ်စဉ် အခြား

Commercial use of this book will be at your OWN RISK.

ဆင်များကဲ့သို့ ညာသန်မှန်းသိသဖြင့်၊ ကျုံးတွင်းသို့ ခုန်ချမိသည်နှင့်တစ်ပြိုင်နက် အကဲကို ကြည့်ရှုနေလေ၏။ ဆင်ကြီးကား ကျားကြီးများကဲ့သို့ ကြာကြာအကဲမခတ်၊ လူမည်းမည်းမြင်ရာပြေးလာရာ၊ ရဲခေါင်မှာ ပြေး၍ မသွားဘဲ ဆင်ကြီးနှင့် နီးကပ်လှသဖြင့် အစွယ်နှင့်တည့်တည့် ထိုးအသိပ်တွင် ဝဲဘက်သို့ ရှောင်တိမ်းကာ ဆင့်ဖင်နားတွင် ရောက်၍နေလေ၏။ ဆင်ကြီးမှာ ညာသန်ဖြစ်သည့်အတိုင်း ညာဘက်သို့ ကွေ့လှည့်ဖမ်းယူရာ ရဲခေါင်မှာ ဘယ်ဘက်ပေါင်ဘေးက ကပ်လျက် လျင်မြန်စွာ တိမ်းဖယ်နေသဖြင့် ဆင်ကြီးမှာ မူးချာ ပတ်ချာ လှည့်သကဲ့သို့ ဖြစ်နေလေ၏။ ဆင်ကြီးသည် လှည့်ဖမ်း၍ မရသောအခါ ရပ်တန့်နေရာ ရဲခေါင်လည်း ဆင်က ခွာလျက် ပြေးဟန်ဆောင်လေ၏။ ဆင်ကြီးသည် ၎င်း၏စွယ်စုံဖြင့် အတင်းထိုးသိပ်ရာ ရဲခေါင်မှာ အစွယ်နှစ်ခု ကြားသို့ ရောက်သွားလျက် ဆင်ကြီးက မြေသို့စိုက်လျှင် ၎င်း၏ခန္ဓာကိုယ်အပေါ်ပိုင်းကို ဆင်စွယ်ပေါ်သို့ မြှင့်တင်လိုက်၊ ဆင်ကြီးခေါင်းထောင်လျှင် ခြေကိုအောက်ချလိုက်နှင့် ရှေ့သို့ တစ်စတစ်စ တိုး၍သွားလေရာ ကျုံးသစ်တိုင်များတွင် ဆင်စွယ်ထိုးစိုက်မိသည်တိုင်အောင် ၎င်းမှာ ဆင်စွယ်များကြားမှ ပါသွားလေ၏။

ဆင်စွယ်မှာ သုံးတောင်ခန့်ရှည်ရာ သစ်တိုင်တွင် တစ်ထွာခန့်မြုပ်သော်လည်း၊ ရဲခေါင်၏ကိုယ်မှာ ဆင်စွယ်ကြားတွင် လွတ်နေသဖြင့် ဝေါကနဲ ဩဘာပေးကြသောအသံများကို ကြားရလေ၏။ ဆင်ကြီးအထက် တည့်တည့် သစ်ကိုင်းထိပ်တွင် နေကြသူများက မနေရဲတော့သဖြင့် နောက်သို့ဆုတ်ပြေးကြလေ၏။ ရဲခေါင်မှာ ဆင်စွယ်ပေါ်မှ ဆင်ဦးကင်းပေါ်သို့ တက်မိသည်နှင့်တစ်ပြိုင်နက် ဆင်ကြီးသည် ရဲခေါင်အား အပါယူလျက် နှာမောင်းဖြင့် ရိုက်ချမည်ဟု နှာမောင်းကို ရဲခေါင်အနီးသို့ မြှောက်လိုက်ရာ၊ ရဲခေါင်က မည်သို့ပြုလုပ်သည် မသိ၊ အလွန်ကျယ်လောင်စွာအော်မြည်လျက် ပြေးပြန်လေ၏။ ရဲခေါင်လည်း ဆင်ဦးကင်းပေါ်မှ ကျောပေါ်သို့ ကူးလျက် မကျအောင် သတိထားလိုက်လျက်ရှိရာ၊ ဆင်ရေသည် လူများကို ခါချနိုင်အောင် အလျော့အတင်း လုပ်နိုင်သဖြင့် ပြေးရင်းလွှားရင်း အခါချလိုက်၊ ရဲခေါင် အောက်သို့ လိမ့်အကျ၊ လျင်မြန်သော ဆင်၏ ခြေများဖြင့် ရှပ်လိုက်ရာ မကြည့်ဝံ့သူတို့မှာ မျက်စိမှိတ်၍နေကြလေ၏။

သို့ရာတွင် ရဲခေါင်မှာ လျင်မြန်စွာ လိမ့်၍ထလိုက်သဖြင့် ဆင်ခွာနှင့် လွတ်သွားကာ ဘယ်ဘက် ဘေးတွင် ကပ်မိပြန်လေ၏။ ဆင်ကြီးသည် ညာလှည့်လိုက်ဖမ်းရာ ရဲခေါင်လည်း တိမ်းရှောင်ရင်း ခွာအိုးကို ဓားမြှောင်ဖြင့်ထိုးလေ၏။ ဆင်ကြီးသည် အသည်းခိုက်အောင် နာကျင်လှသဖြင့် ပြင်းစွာအော်မြည်လေ၏။

ရဲခေါင်လည်း ခွာအိုးနှစ်ဖက်ကို ဆက်ကာဆက်ကာ ဓားမြှောင်ဖြင့် ထိုးလေရာ၊ နောက်ဆုံးတွင် ဆင်ကြီးသည် အော်မြည်လျက် ကျုံးတွင်းသို့ လှည့်ပတ်ပြေးလွှားနေလေရာ တိရစ္ဆာန်၏သဘော အကင်း ပါးသော ရဲခေါင်သည် ၎င်း၏ အကျီအနီရောင်၊ ပုဆိုးအနီရောင်ကို ဆင်ကြီးမြင်အောင် ပြကာ အတင်း လိုက်လျက်ရှိလေ၏။ဆင်ကြီးကား မပြေးသာလျှင် ခုခံမည်ပြင်ရာ၊ ရဲခေါင်သည် ဘယ်ဘက်ဘေးသို့ အပြေး ကပ်လျက် ခွာအိုးကို ဓားမြှောင်ဖြင့် ထိုးပြန်လေ၏။ ပရိသတ်များ၏ ဩဘာသံများကား နားပွင့်လုမတတ် ဖြစ်နေလေ၏။ နောက်ကွမ်းတစ်ယာညက်ခန့်အကြာတွင်ကား ဆင်ကြီးမှာ မိမိအားနိုင်မည့် သခင်နှင့်တွေ့ပြီဟု ဝန်ခံသည့်အလား တပ်မှူးကလေး ကျောပေါ်တက်စီးသည်ကို ခါချခြင်းမပြုဘဲ၊ ဓားမြှောင်ဖြင့် နားရွက်ကို ချွန်းသဖွယ် ထိုးကာ အချက်ပေးရာသို့ အလိုလိုပင် လိုက်၍နေရရှာလေ၏။

ထိုအချိန်မှပင် မိမိကိစ္စ ပြီးစီးသဖြင့် ဆင်ကြီးအား ထူးပြန်ခတ်ကာ ကျုံးတွင်း၌ပင် ထားခဲ့၍ အပြင်သို့ ထွက်လာလေရာ တပ်မှူးကလေး၏ စစ်တပ်မှ တပ်သားလူငယ်များသည် ၎င်းတို့၏တပ်မှူးကလေးကို ၃-၄ ယောက် ထမ်းပိုး၍ ယူဆောင်သွားလေ၏။ ရှေးဆန်ဆန်လူကြီးတို့မှာ တပ်မှူးကလေး၏ စွမ်းရည်သတ္တိကို ကြားသိကြသောအခါ၊ မြတ်စွာဘုရားသခင်မှာ နာဠာဂီရိဆင်ကို အနုနည်းဖြင့် ချေချွတ်တော်မူသည်။ တပ်မှူး

Commercial use of this book will be at your OWN RISK.

ကလေးကား လောကီသားဖြစ်သည့်အလျောက် အကြမ်းကိုင်၍ ချေချွတ်နိုင်သည်။ ယောက်ျားကောင်း ပီသပါပေသည်ဟု ချီးမွမ်းလျက်ရှိကြလေ၏။

Commercial use of this book will be at your OWN RISK.

အခန်း (၄)

အိမ်ရှေ့မင်းလည်း တပ်မှူးကလေးနှင့်တကွ မင်းထင်လကျ်ာဘွဲ့ခံ ဗိုလ်မှူးပါ မိမိစံအိမ်တော်သို့ ဆုလာဘ်များပေးရန် ခေါ်ယူလေ၏။ မှူးမတ်အချို့နှင့် ဗိုလ်မှူးများလည်း တပ်မှူးကလေး၏ စွမ်းရည်သတ္တိကို အထူးချီးမွမ်းလျက်ရှိကြစဉ်၊ အိမ်ရှေ့မင်းသည် အဆောင်ကိုင်တစ်ဦးအား ငွေသုံးပိဿာကို ယူခဲ့စေ၍၊ "မောင်မင်းများ စောစောက မြင်တွေ့ကြရသည့်အတိုင်း ကြော့၍ ရခါစ ဆင်ရိုင်းကြီးအား သာမန်ယောကျ်ား တစ်ယောက် နိမ်နင်းခြင်းငှာ စွမ်းနိုင်မည် မဟုတ်ရာ၊ တပ်မှူးကလေး ရဲခေါင်သည် သူရဲကောင်းပီပီ သတိကြီးစွာနှင့် နိုင်နင်းပေသဖြင့် ဆုငွေသုံးပိဿာ ပေးသနားတော်မူလိုက်သည်။ မြန်မာမှန်သမျှ အတုယူဖွယ်ကောင်းပေသည်"ဟု မိန့်တော်မူလျက်၊ တပ်မှူးကလေးအား ငွေထုပ်ကို ထမ်းထုတ်ယူစေတော်မူလေ၏။ ထို့နောက် တစ်ဖန် မင်းထင်လကျ်ာအား ခေါ်ယူတော်မူပြန်လျက် ဟင်္သာစေ ရတုပိုဒ်စုံတစ်ပုဒ်ကို စာဆိုတော် တစ်ဦးအား ဖတ်ကြားစေလျက်၊ မောင်မင်းများသည် ရတုအဆို အဖွဲ့ အသုံးအနှုန်းမည်ကဲ့သို့ ရှိပါသနည်းဟု မေးမြန်းတော်မူလေရာ၊ "အလွန်ကျစ်လစ်သာယာ ပျော်ဖွယ်ရာရှိကြောင်းပါဘုရား"ဟု သံတော်ဦးတင်ကြလေ၏။ "မောင်မင်းများ လက်ရုံးရည်ထက် နှလုံးရည်က အရေးကြီးကြောင်း၊ နှလုံးရည်သမားသည် လက်ရုံးရည်သမား သိန်းသန်းချီ၍ အသုံးချနိုင်သည်။ ထို့ကြောင့် မင်းထင်လကျ်ာအား ထူးကဲစွာ ဆုလာဘ်ချတော်မူမည်"ဟု လက်ဝတ်တော် ရွှေလက်ကောက်တကွင်းနှင့် ငွေငါးပိဿာကို ထုတ်ယူခဲ့စေ၍ ဆုချပေးသနားတော်မူလေ၏။

တပ်မှူးကလေးကား မိမိ အသက်တဖျား စွန့်စားရသောအလုပ်အတွက် အရေးမကြီးသကဲ့သို့ ပြောပြတော်မူ၍၊ ဖင်ထိုင်ပေါ်တွင် စည်းစိမ်နှင့် ဘေးရန်မကြောက်ရ၊ အေးအေးလူလူ ရေးသားသော စာတစ်ပုဒ်ကို အဟုတ်ကြီးထင်ကာ ပိုမိုချီးမြှင့်ခြင်းကို များစွာအခံရခက်သော်လည်း၊ မိမိလုပ်ရှားလျှင် မိမိသာ ရေးဦးစွာ ဒုက္ခတွေ့မည်ကြောင့် ငွေထုပ်ကို အသာပိုက်လျက် ထွက်ခဲ့ရလေ၏။

အိမ်ရှေ့မင်း၏ မျက်ကွယ်တွင်ကား "ဘယ့်နှယ် တပ်မှူးမင်း၊ ကျုပ်တို့မှာ တိုင်းပြည်တစ်ပြည်လုံး မဆုံးရှုံးရန်၊ သူ့တိုင်းပြည်ကို တိုက်ခိုက်ရန် အသက်စွန့်ရတဲ့ လူစားတွေတော့ အရာမရောက်သလို ဆုံးဖြတ်တော်မူပါကလား။ ကိုင်းဗျာ ... ဒီပြင် တိုင်းပြည်က စစ်လာတိုက်လျှင် နတ်ရှင်ကိုယ်တော် ရေးစပ်တော်မူတဲ့ ရတုတွေ ရွတ်ဖတ်သရဇ္ဈာယ်ပြီး ထုတ်လို့ နိုင်မှာတဲ့လား။ ဒါများတော့ သူ့ကျွန်ယုံကို သွေးသောက်က စစ်ပွဲမှာ နိုင်လိုက်လို့ ဆင်ရိုင်းနဲ့ သေရင်သေ၊ မသေရင် ဒီလိုလုပ်မယ်ဆိုပြီး လုပ်တော်မူတာ ထင်ပါရဲ့ ..."ဟု ပြောသော်လည်း တပ်မှူးကလေးကား စကားတုံ့ပြန်မပြောဘဲ "သူဝါသနာပါတာကို အစွဲသန်ပြီး ပေးသနားတော်မူတာပေါ့ဗျာ၊ အရှင်မွေးမှ ကြီးပြင်းရ ဆိုတာလိုပေါ့"ဟု သာမညသာ ပြန်ပြောလိုက်လေ၏။

သို့သော် တပ်မှူးကလေး၏စိတ်၌ကား အိမ်ရှေ့ကိုယ်တော်အပေါ် အခဲမကျေတော့ချေ။ တိုင်းပြည်၏ ခြေလက်ဖြစ်သော သူရဲကောင်းတို့အား ရှုံ့ချခြင်းမှာ မိမိအတွက်သာမဟုတ်၊ အသက်ပေး၍ စွန့်စားလိုသော သူရဲကောင်းတိုင်းသို့ပင် ထိခိုက်မည်ဖြစ်သဖြင့်၊ အိမ်ရှေ့မင်း၏ဝါဒသည် သူရဲကောင်းအားလုံးသို့ မပျံ့နှံ့မစွဲယူစေရန် မည်သို့ကြံဖန်ရပါမည်နည်းဟု တွေးတောမိလေ၏။ မည်သည့်တိုင်းပြည်၌မဆို စာပေသမား လူနလူယဉ်တွေ ရှိသင့်သည်ကား မှန်၏။ သို့ရာတွင် သူရဲကောင်းတို့မှာ မိမိတို့ ကာယဗလ၏ စစ်မှုစစ်ရေး စသည်တို့ကြောင့် စာပေနှင့် မနှိုင်ဖြစ်တတ်လေရာ၊ ထိုသူရဲကောင်းများကို စာပေသမား လူနများထက် ပိုမိုအရေးပေးသင့်၏။ ဒီဝါဒကို စွဲလမ်းအောင် စစ်ဘက်ဆိုင်ရာများသို့ ပြောကြားအံ့၊ ထို့နောက် အိမ်ရှေ့ကိုယ်တော်၏ အပြုအမူကို မကြိုက်သဖြင့် တောင်ငူမှ ထွက်၍ အခြားစစ်ဘက်အားပေးသော

Commercial use of this book without at your own risk

တိုင်းပြည်သို့ ကူးပြောင်းသွားအံ့။ သို့မှသာ ကျန်ရစ်သူများကို သတိရရစ်ကြမည်ဟု အာဇာနည်စိတ်ကူးမျိုးကို တစ်ကိုယ်တည်း ကြိတ်၍ တွေးတောနေလေ၏။

မည်သို့ပင် တွေးတောနေစေကာမူ ဇနီးသည်နှင့် သားကလေး၏ မျက်နှာကို လွတ်လွတ် မခွာရက်အောင် ဖြစ်ရသောအခါ၊ မှိုင်တွေချ၍ နေမိရှာလေ၏။ သို့ရာတွင် အိမ်ရှေ့ကိုယ်တော်နှင့် အလိုတော်အချို့မှာ စာရတုပြိုင်ပွဲများ မကြာခဏကျင်းပခြင်း၊ သူရဲကောင်းများနှင့်နှိုင်းယှဉ် ဆုလာဘ် ပိုမိုပေးသနားခြင်းများကို ကြိမ်ဖန်များစွာ ကြားသိရသောအခါ တစ်ကိုယ်တည်း ချောင်းမြောင်းသတ်ဖြတ်လိုသောစိတ်များ ပေါ်ပေါက်လာလေ၏။

ထို့ထက် သာလွန်ဆိုးဝါးချက်မှာ ကုလားဖြူနိုင်ငံက သင်္ဘောကုလားအချို့အား မျက်နှာသာပေး၍ ဆက်ဆံခြင်း၊ ကုလားဖြူနိုင်ငံက ပါလာခဲ့သော ပစ္စည်းများကို မြန်မာ့ရွှေငွေတို့ဖြင့် လဲလှယ်အသုံးပြုခြင်း စသည်တို့ဖြင့် ပြုမူတော်မူခြင်းများ မြင်တွေ့ရသောအခါ၊ မဖြစ်တော့ဘူး ... မိမိသည် ဤတိုင်းပြည်၌ ကြာကြာနေလျှင် အခက်ကြုံတော့မည်ဟု စစ်သားများအား မိမိ၏ ဝါဒကို ပြောပြ၍ ဇနီးနှင့် သားကလေးပါ ခေါ်ဆောင်ကာ အဝနေပြည်တော်သို့ ပြေးတော့မည်ဟု စိတ်ကူးလေ၏။

တစ်ညနေကား ရှင်မြတ်လှသည် ဖြူဖြူဖွေးဖွေး ရေဆေးငါးကဲ့သို့သော သားဦးကလေးကို ဆောင်ပန်းပုခက်ကြီးတွင် ပက်လက်လှန်သိပ်ထားကာ မြူ၍နေလေ၏။ ကလေးမှာကား ကြည်လင်သောမျက်လုံးကြီးဖြင့် လှန်ကြည့်ကာ ဂူးဝါးနှင့် ခြေကားယားလက်ကားယား မြူးတူးနေလေရာ၊ "လူကလေးလေ့ မေမေ့သားလေး၊ မင်းအဖေ ဘယ်သွားသလဲ။ မင့်အဖေ ပြန်မလာသေးဘူးနော်။ ငါ့သားလည်း မင့်အဖေလို သူရဲကောင်းကြီး ဖြစ်ရမယ်။ အို ... ငါ့သား အဆက်အလက်က ထွားကြိုင်းမယ့်ပုံပါ၊ ပါးအိုကြီးက မို့မို့နဲ့ ..."ဟု ကြည်နူးနေစဉ်၊ နောက်မှ ခြေသံကြားသဖြင့် လှည့်ကြည့်လိုက်ရာ၊ မျက်နှာမကြည်မလင် ဖြစ်နေသော ခင်ပွန်းသည်ကို မြင်တွေ့ရလေ၏။

တပ်မှူးကလေးကား ကလေးကို ပွေ့ချီလိုက်ကာ ဖက်ယမ်းနမ်းရှုပ်ပြီးလျှင် "မြတ်လှရေ ... ဒီကို လာပါဦး ... နင် ငါ့ကို အဟုတ်ချစ်ကဲ့လား ..."ဟု တုံးတိတိမေးလိုက်ရာ၊ မျက်နှာမှာ ကျီစယ်သောအမူအရာ မဟုတ်သဖြင့် ကြောင်တက်တက် ကြည့်ရှုနေမိရာ၊ "ချစ်ကဲ့လား ..."ဟု ထပ်မေးပြန်လေ၏။

"ကိုယ့်လက်ထဲက သားကလေးကြည့်ပြီး စဉ်းစားရင် ကျုပ်ပြောဖို့ မလိုပါဘူး။ ဘာဖြစ်လာတာလဲ။ ကနေ့ စကားထူးထူးဆန်းဆန်းတွေ မေးနေပါပြီ ..."

"မဟုတ်ဘူးကွယ် ... ကျုပ် ဒီတိုင်းပြည်မှာ နေလို့မဖြစ်တော့ဘူး။ ကျုပ် ဘယ်နည်းနဲ့မှာ မနေနိုင်တော့ဘူး ..."ဟု အိမ်ရှေ့ကိုယ်တော်၏ဝါဒနှင့် မိမိ၏မကျေနပ်ပုံတို့ကို ပြောပြနေလေ၏။

"ဒါဖြင့်လည်း ကိုယ်သွားရာ ကျုပ်လိုက်မှာပေါ့ ... ကိုယ့်ကို အပ်နှံပြီးပဲဟာ ဘာပြောစရာလိုသလဲ။ တကတည်း ကိုယ့်မယား သူများလို ကပျက်ယပျက် မှတ်သလား ..."ဟု မပြုံးတပြုံး ပြောဆိုလေ၏။

"ကိုင်း ... ကျုပ် ထမင်းပြင်ချေဦးမယ်။ ပေး ကလေး ... ကျုပ်ကို ... အထိန်းဆီအပ်ထားမယ် ..."ဟု ဆိုရာ၊ "နေပါစေကွယ် ... ငါချီနေပါ့မယ် ..." ကလေးငယ်အား မြူချော့၍နေရစ်လေ၏။

Commercial use of this book will be at your OWN RISK

နောက်တစ်နေ့၌ တပ်မှူးကလေးသည် စစ်တပ်သို့ အတိုင်ပင်ခံ ထွက်၍သွားရာ၊ တောင်ငူမှ ဟံသာဝတီကို တိုက်၍ သိမ်းပြီးဖြစ်ကြောင်း၊ ယခု တောင်ငူဘုရင်နှင့် ဟံသာဝတီဘုရင်မှာ ညီနောင်တော်ဖြစ်၍ ဟံသာဝတီဘုရင်မှာ အကြီးဖြစ်ကြောင်း၊ သားတော် အိမ်ရှေ့ကိုယ်တော်၏ အလိုအတိုင်း တိုက်တော်မူမည် ဖြစ်ကြောင်း၊ မောင်တို့ ငါတို့မှာ တစ်ပါးကျွန်ဖြစ်၍ တောင်ငူဘက်မှ တိုက်ရမည်ဖြစ်ကြောင်း ဗိုလ်ချုပ်ကြီးက ပြောပြလေရာ ...

"ကျွန်တော်တော့ စစ်မတိုက်ခင် အဝသို့ပြေးမည်ဟု ကြံရွယ်ပါသည်။ အိမ်ရှေ့ကိုယ်တော်သဘောကို မနှစ်ခြိုက်ပါ။ သူရဲကောင်းများကို ရှုတ်ချသည့်အပြင်၊ ကုလားဖြူများကိုလည်း အရေးပေးတော်မူလွန်းအားကြီး ပါသည်"ဟု ပြောဆိုလေ၏။

"အိမ်း ... ယခု ဟံသာဝတီကို တိုက်မည်ဆိုရာမှာလည်း သူ့အလိုတော် ဖြစ်ပေတယ်။ ဟံသာဝတီ ဘုရင်ဟာ စိတ်နှလုံး အလွန်ကောင်းရှာတော်မူတယ် ..."ဟု ပြောပြလေ၏။

နောက်မကြာမီ တောင်ငူဘုရင်က ဟံသာဝတီဘုရင်အား တိုက်ခိုက်ရာ၊ ညီတော် လိုချင်လျှင် တိုင်းပြည်က ဆင်းပေးမည်ဟူ၍ အညံ့ခံရာ၊ အကျယ်ချုပ်နှင့် တောင်ငူသို့ ခေါ်ဆောင်ခဲ့၏။ တောင်ငူ ရောက်လျှင် အိမ်ရှေ့မင်း နတ်ရှင်နောင်က သတ်ရန် တောင်းဆိုရာ၊ ခမည်းတော် တောင်ငူဘုရင်က "ငါ့အစ်ကိုကို ဘုရားတစ်ဆူ ဂူတစ်လုံးသို့ ကိုးကွယ်မည်၊ သတ်ခွင့်မပြု ..."ဟု ဆိုသောအခါ ခမည်းတော် မသိအောင် ဘကြီးတော် ဟံသာဝတီဘုရင်ကို အိမ်ရှေ့မင်းက သတ်လေသည်။ (ဤကား အကျယ်မချဲ့သာ၍ အိမ်ရှေ့မင်း နတ်ရှင်နောင်သဘောကိုသိရန် အကျဉ်းချုပ် ဖော်ပြရခြင်းဖြစ်ပါသည်။ )

တပ်မှူးကလေးလည်း ဗိုလ်ချုပ်ကြီးနှင့် တီးတိုးတိုင်ပင်ပြီးလျှင် နေအိမ်သို့ စောစောစီးစီး ပြန်ခဲ့ လေ၏။ လက်ျာဝင်းမှူးကြီးနှင့် သမီး ရှင်မြတ်လှတို့သည် ထိုနေ့ညနေတွင် ခေါင်းချင်းရိုက်ကာ တိုင်ပင်၍ နေကြလေ၏။ ၎င်းတို့နှစ်ဦးစလုံး၏ မျက်နှာမှာ များစွာမကြည်သာလှဘဲ၊ မျက်ရည်ဝိုင်းလျက်ရှိနေကြသည်ကို ထောက်သဖြင့်၊ စိတ်နှလုံးကို အလွန်ထိခိုက်ကြောင်း ထင်ရှားစေလေ၏။

ထိုအခိုက် မိမိတို့အခန်းတွင် ဇနီးသည်အား အသင့်မတွေ့ရသော တပ်မှူးကလေးသည် အိမ်ရှေ့ခန်းသို့ တုံ့ပြန်ထွက်ခဲ့ရာ၊ ကဲလား မစေ့တစေ့ချထားရာမှ သားအဖနှစ်ဦးရှိရာသို့ ဝင်ခဲ့လေ၏။ တပ်မှူးကလေး ဝင်လာသည်ကို မြင်ရသည်နှင့် တစ်ပြိုင်နက် ရှင်မြတ်လှ၏ကိုယ်ကလေးမှာ တရှုံရှုံလှုပ်ကာ တရှုပ်ရှုပ် ငိုကြွေး နေရှာလေ၏။ ဝင်းမှူးကြီးလည်း မျက်စိမျက်နှာညှိုးငယ်လျက် လေးဆေးသောအသံဖြင့် ...

"အဘဟာ မင်းတို့ကို သားရင်းသမီးရင်းလိုပဲ ချစ်ခင်တယ်။ မင်းတို့အကြံကိုလဲ သဘောမတူစရာ မရှိဘူး။ ဒါပေမယ့် မင်းတို့ဇနီးမောင်နှံထွက်လျှင် အထွက်နှေးလိမ့်မယ်။ မင်းတို့အထွက်နှေးလျှင် သမီးပါ လိုက်ပါသွားလျက်နဲ့ အဘ မသိရကောင်းလားလို့ ရာဇဝတ်ဘေးသင့်တော့မယ်။ တပ်သားအချို့နဲ့ ဗိုလ်မှူး များလဲ သားရဲ့ဝါဒကို ပြောနေကြတယ်။ သားကို သူရို့ချစ်ကြတဲ့အတွက် အထင်အရှား သံတော်ဦးတင်မည့်သူ မရှိကြသေးဘူး။ တစ်နေ့နေ့ အိမ်ရှေ့ကိုယ်တော်နားပေါက်ကြားရင် အကုန် ဓားစာဖြစ်ကြတော့မယ်။ ဒါ့ကြောင့် တစ်လလောက်ဆိုင်းပြီး အဘနဲ့အတူ ပြေးကြတာပေါ့။ ကလေးလဲ ငယ်နုလှသေးတယ်၊ မင်းတို့ကို မမိဘူး ထားဦး၊ ကျန်ရစ်တဲ့အဘ ဒုက္ခဖြစ်မှာကို စဉ်းစားပါဦးလို့ မြတ်လှကိုပြောပြနေတာပဲကွယ် ..."ပြောဆိုလေ၏။

Commercial use of this book will be at your own RISK.

"အဘပြောတာလဲ ဟုတ်တာပဲ။ ဒါပေမယ့် ကျွန်တော် ဆိုင်းလို့မဖြစ်ဘူး။ ဆိုင်းရင် ရှင်ကွဲမကွဲဘဲ သေကွဲကွဲကြပါလိမ့်မယ်။ ကိုင်း မြတ်လှ ညဲ မငိုပါနဲ့တော့၊ ညဲသားနဲ့ ညဲအဘဆီမှာ နေရစ်ကြ။ ငါတစ်ကိုယ်တည်း ထွက်သွားမယ် ..."

"ကျုပ်နေရစ်လို့ ဘယ်ဖြစ်မှာလဲ ကိုရဲခေါင်ရဲ့။ ကျုပ်တို့ ဒီမှာ မျက်နှာငယ်နဲ့ နေရစ်ရမှာပေါ့။ ဘာပဲဖြစ်ဖြစ် ကျုပ် လိုက်ခဲ့မယ် ..."ဟု အတင်းပြောဆိုလျက်ရှိရာ၊ ဝင်းမှူးကြီးမှာ "အေးကွယ်၊ အဘလဲ အသက်ကြီးပါပြီ၊ သေမယ်ဆိုရင်လဲ သေပျော်ပါပြီ"ဟု မချိမဆန့်ပြောဆိုရှာလေ၏။ သားအဖသုံးဦးအား စကားဆက်၍ မပြောနိုင်ဘဲ တွေဝေ၍နေကြရာ၊ အချိန်မှာ ကုန်မှန်းမသိ ကုန်ခဲ့လေ၏။ အဘိုးကြီးလည်း ဘုရားစင်မှ ပျားဖယောင်းတိုင်အထုပ်ကြီးကို မီးခတ်ကျောက်မီးခြစ်ဖြင့် မီးတောက်ကိုယူလျက် ညှိထွန်းပြီးလျှင် ဘုရားရှိခိုး၍ နေလေ၏။

"ဒီလိုဆိုတော့လဲ အဘကို သိပ်သနားတယ်။ ငါကလဲ မသွားမဖြစ် ဘယ့်နှယ်လုပ်ရပါ့မလဲ"

"တော်သွားရင် ကျုပ်လဲ လိုက်မှာပေါ့။ ကလေးနဲ့ လူလွတ်ပြေးရရင် သွားနိုင်ပါတယ် ..."

"ခက်တယ် ခက်တယ်၊ အဘကြောင့် ခက်တယ်။ သူ့ပါခေါ်ရမှာကလဲ လိုက်ချင်မယ် မဟုတ်ဘူး။ ပြီးတော့ ကြီးတောင့်ကြီးမားနဲ့ ရာဇဝတ်တော် မကင်းမှုဖြင့် ညဲတို့ငါတို့ နှိပ်စက်လို့ဖြစ်ရတယ်ဆိုပြီး အသေ ဖြောင့်ရှာမှာ မဟုတ်ဘူး ..."ဟု ညည်းလေရာ ...

ရှင်မြတ်လှမှာ ခင်ပွန်းသည်အား ချစ်စိတ်နှင့်ပြောရသော်လည်း ဖခင်ကြီးအား ကရုဏာသက်လှသဖြင့် စိတ်နှလုံး မဝေခွဲနိုင်ဘဲ အချိန်အတန်ကြာအောင် တွေ၍နေမိလေ၏။ ထိုအခိုက် ဝင်းအပြင်ဘက်မှ "ဟဲ့ ဝင်းမှူးကြီး တံခါးဖွင့်ပေး၊ မရှိကြဘူးလား ..."ဟူသော တင်းမာသည့်အသံကို ကြားရလေ၏။

"ဟော မြတ်လှရေ ခက်ကပြီ။ အမိန့်တော်နဲ့ ငါ့ကိုဖမ်းဖို့ လာကြပြီထင်တယ်။ ငါမနေ့က အိမ်ရှေ့ ကိုယ်တော်အကြောင်း မကောင်းအတော်ပြောခဲ့တယ်။ ဒါကိုကြားလို့ မင်းလုလင်များနဲ့ အဖမ်းခိုင်းပြီ ထင်တယ်" ဟု ပြောလေရာ၊ ရှင်မြတ်လှမှာ ချုံးမဲချ ငိုကြွေးနေရှာလေ၏။

"ဟေ့ ဟေ့ မငိုနဲ့၊ လူရိပ်မိမယ် ... ငါ့သားကလေးကို ကောင်းကောင်းကြည့်၊ ငါပြတင်းက ခုန်ချပြီး အနောက်ဖက်ဝင်းကို ခုန်ထွက်မယ်။ မေးရင် ပြန်မလာသေးဘူးပြော။ နေဦး အဘကို ငါပြောဦးမယ် ..."ဟု ဝင်းမှူးကြီးဆီ အပြေးသွားပြီး "အဘ အဘ"ဟု လက်ကုပ်ရာ၊ အဘိုးကြီးမှာ ဘုရားဝတ်ပြုရာက တုန်တခိုက် ဖြစ်၍ နေရှာလေ၏။

"မကြောက်နဲ့၊ နေ့ကတည်းက ပြန်မလာဘူးပြော။ အရေးရှိရင် ဖိုလ်ချုပ်ကြီးကပ်၊ ကျွန်တော် ပြေးမယ်"

"ဟဲ့ တံခါးဖွင့်ပါတော့လား ..."ဟူသော အာဏာသံနှင့် ဒိုးဒိုင်းထုရိုက်သံများကို ကြားရလေ၏။

အဘိုးကြီးလည်း ပြာပြာသလဲ အိမ်ပေါ်မှ ဆင်းကာ ဝင်းတံခါးကို ဖွင့်လိုက်ရာ၊ အိမ်ရှေ့ဝန်နှင့် ဓားလုံ ကိုယ်စီ ကိုင်လျက်ရှိသော လုလင်တစ်ကျိပ်ခန့်ကို မြင်ရလေ၏။ "ဟဲ့ အိမ်ပေါ်တက်ဖမ်း" ဆိုသည်နှင့် တစ်ပြိုင်နက်၊ လုလင်တို့မှာ အိမ်ပေါ်သို့ အနှံ့အပြား ရှာဖွေကြသော်လည်း မတွေ့သဖြင့်၊ "ဝင်းမှူး သျှောင်ဆွဲ

Commercial use of this book will be at your OWN RISK

ထောင်းမေးဟဲ့ …”ဟု အမိန့်ပေးပြန်သဖြင့်၊ သန်မာသော လုလင်တစ်ယောက်သည် ဝင်းမှူးကြီး၏ သျှောင်ကို ဆွဲကာ ထောင်းရင်း “ငရဲခေါင် ဘယ်မလဲ”ဟု မေးလေ၏။

ဝင်းမှူးကြီးကား ခါးကော့လျက် နာကျင်လှသဖြင့် “ချမ်းသာပေးပါ ဘုရား။ ငရဲခေါင် နေ့ခင်းကတည်းက အိမ်သို့ ပြန်မလာသေးပါ …”ဟု ဆိုသဖြင့်၊ “ကိုင်း သူ့ကို နှောင်ကြိုးတည်းပြီး ယူခဲ့ကြ”ဟု အမိန့်ပေးကာ ခေါ်ဆောင်သွားလေသည်။

ဝင်းမှူးကြီးအား မည်မျှရိုက်နှက်စစ်ဆေးစေကာမူ သားမက်ကလေးအား ငဲ့ကွက်သဖြင့် အမှန်ကိုမပြော အံကြိတ်ခံနေလေရာ၊ ရှင်မြတ်လှကား ဖခင်လည်း ရာဇဝတ်ဘေးသင့်မည်မသိ၊ ခင်ပွန်းသည်လည်း ဘေးတွေ့ မတွေ့ မသိသောကြောင့်။ အရူးမကလေးပမာဖြစ်ကာ တစ်ညလုံး ငိုကြွေးပူဆွေးနေရှာလေ၏။ နောက်တစ်နေ့ နံနက်လင်းမှ ဗိုလ်ချုပ် နေမျိုးသက်တော်ရှည်ထံ အကျိုးအကြောင်းပြောဆိုရာ၊ ဗိုလ်ချုပ်ကြီးလည်း ဘုရင်မင်းမြတ်ထံ အခစားဝင်လျက် သခ်ယာဘွဲ့ခံ တပ်မှူးကလေးရဲခေါင်သည် ယောက္ခမသြဇာခံ မဟုတ်ကြောင်း၊ ၎င်းကိုယ်တိုင် ထင်ရှားပြုသည့်အတွက် ဝင်းမှူးကြီးအား အပြစ်မှလွတ်သင့်ကြောင်း အမျိုးမျိုး အကြောင်းပြ လျှောက်ထားတော်မူရာ၊ ဘုရင်မင်းမြတ်လည်း အိမ်ရှေ့မင်းထံမှ နုတ်ယူတော်မူလိုက်လေ၏။

သို့ရာတွင် ဝင်းမှူးကြီးအား ယုံကြည်တော်မမူသဖြင့် ရာထူးမှ နုတ်ထွက်တော်မူစေလေရာ၊ ဝင်းမှူးကြီးမှာလည်း တောင်ငူတွင်မနေတော့ဘဲ ရှိပစ္စည်းများကို ထုခွဲရောင်းချပြီးလျှင် မိဘအမွေအနှစ် လယ်မြေရှိရာ သန်လျင်သို့ သမီး ရှင်မြတ်လှ၊ မြေးကလေး မောင်ဘုန်းမြင့် လူမမယ်နှင့် ပြောင်းရွှေ့နေထိုင်ကြလေ၏။ ရှင်မြတ်လှမှာလည်း အိမ်ထောင်သစ် မထူထောင်ဘဲ တပ်မှူးကလေး တစ်နေ့လာနိုးနှင့် အချိန်ကုန်၍၊ သားကလေး ၁၁–နှစ်အရွယ်မှာ တစ်ကြိမ် ဇာတ်ကြောင်းအကျဉ်းချုပ်ပြောဖူးကြောင်း၊ ရှင်မြတ်လှသည် လူလားမြောက်သော သားကြီးအား အထက်ပါအတိုင်း ပြန်ပြောင်းပြောဆိုနေခဲ့ရာ …

“နို့ နေပါဦး မေမေရဲ့ … အဖေက တစ်ခါမှ မလာတော့ဘူးလား။ ရက်စက်လိုက်တာနော်”

“ရက်စက်တယ်လို့ ဘယ်ဟုတ်မလဲ လူကလေးရယ်၊ သူ့အကြောင်းကလဲ ရှိသေးတာကိုးကွဲ့။ အဲ … သူ လူကြုံပါးလိုက်တဲ့ စာကလေးရှိသေးတယ်။ ငါ့သားကို ပြဦးမယ် …”ဟု ပေစာတစ်ခုကို ထုတ်၍ပြပြန်လေ၏။

“စာပါးလိုက်သည် ရှင်မြတ်လှ … ပို့လောင်းသော မေတ္တာကြောင့် ကျန်းမာသည်။ ညဲတို့နှင့် တကွ အဘပါ ကျန်းမာအောင် မေတ္တာလောင်းသည်။ တို့သားကလေး ဘုန်းမြင့် ယခုဆိုလျှင် သုံးခါလည်လောက် ရှိရော့မယ်၊ စကား တီတီတာတာနှင့် သူ့အဖေကို မေးရှာလိမ့်မယ်၊ ခွဲခွာ၍ နှစ်နှစ်ခန့်ကြာမှ ညဲတို့ထံ စာပေးရသည်မှာ စစ်ပွဲများတွင် ခရီးဝေးလိုက်ပါနေရသောကြောင့် ဖြစ်သည်။ ထွက်ပြေးသောညက သားကလေး ဝင်ကြည့်နမ်းရှုပ်ရင်း ငါအလွန် နလုံးဝမ်းငယ်မိသည်။ ရာဇဝတ်ဘေးကြောင့်သာ အလွတ်ပြေးရသည်၊ ဝင်းထဲရုံကို ကျော်မိစဉ်၌ လူစောင့်မတွေ့၊ မြို့တံခါး အထွက်တွင် မင်းထင်လက်ကျာအသံနှင့်တူအောင် အမိန့်သံနှင့် ပြောထွက်ရ၏။

သို့သော် နောက်က ခြေလျင်တော် ၅–ဦး အပြင်းလိုက်လာကြသည်။ ခရီးနှစ်တိုင်ခန့်တွင် လရောင်ကလေးနှင့် ချင်းတို့ကို မြင်၍ အပြေးအလိုက်၊ အဲမောင်းနှင့် ကညင်ပင်ကို တစ်တောင်ခန့် စူးအောင်ထိုးပြမှ ချင်းတို့ တုံ့လှည့်ပြန်ပြေးကြသည်။ ခရီးပြင်းသွား၍ အဝနေပြည်တော်သို့

Commercial use of this book will be at your OWN RISK.

၁၅–ရက်နှင့် ရောက်သည်။ ဘဝရေစက်ကြောင့် ရွှေဓားဗိုလ်တစ်ဦးက လက်ခံ သံတော်ဦးတင်ပေးသဖြင့် အရည်အချင်း စစ်ဆေးကြည့်ရှုပြီးလျှင် မရှုံ့မချ တပ်မှူးကလေးရာထူးပင်ပေးသည်။ မိုးညှင်း၊ မိုးကောင်းတိုက်၍အပြန် လူတစ်ထောင်တပ်ကို အုပ်ချုပ်ရသော ဗိုလ်မှူးအရာကို ရရှိသည်။ နောင်အခါ ပြည်ထဲရေး မငြိမ်မဝပ်ဖြစ်သဖြင့် ညောင်ရမ်းဘုရားထံ ဝင်စားဖို့ ကြံရွယ်သည်။ သူရဲကောင်းကို ချီးမြှင့်လေ့ရှိ၍ ကိုယ်တော်တိုင် ခမည်းတော်ကဲ့သို့ စွမ်းအင်သတ္တိရှိသည်ဟူသော စစ်ရေး ဆက်ကာဆက်ကာ တွေ့ရချေမည်။ ညဲကို ချစ်၏၊ ညဲကို ချစ်သည်ထက် နိုင်ငံနှင့် စစ်ရေးကို ပိုမိုချစ်ခင်သောကြောင့် အရေးပိပြားသေဝပ်မှ ပြန်လာမည်။ ညဲစောင့်နိုင်ကစောင့်၊ မစောင့်နိုင်က ညဲပြုလိုရာ ခွင့်ပြုသည်။ အထူးမှာလိုချက်ကား သားကလေးကို အဖေတူဖြစ်အောင် ကြိုးစားပါ၊ ငယ်စဉ်တွင် မချောက်လှန့်ပါနဲ့၊ မရိုက်ပါနှင့်၊ အဘကလည်း ဗဟုသုတရှိ၍ ရာဇဝင်တွင် ထင်ရှားသော သူရဲကောင်းများအကြောင်း၊ သားကလေး ငယ်နုစဉ်က အသည်းစွဲမှတ်မိအောင် ခဏခဏ ပြောပြပါစေ။ ငါ့သားကြီးလျှင် သေရေးကြုံက သူရဲကောင်းအဖြစ်နှင့် သေချင်အောင် စိတ်စွဲနှာပါစေ …

မောင်ရဲခေါင် အဝနေပြည်တော်မှ ပေးပို့သည့်စာ”

“နောက် မကြာခင်ဘဲ မင့်အဖေ ညောင်ရမ်းဘုရားဆီ ဝင်ရောက်အမှုထမ်းတော့ စစ်ကဲကြီးရာထူးရပြီး လက်ဝဲစည်သူဘွဲ့နဲ့ အလွန်တန်ခိုးကြီးနေတာပဲ။ အိမ်ရှေ့မင်းကလဲ တောင်ငူမင်းလို မဟုတ်ဘူး။ စစ်မြေပြင်မှာ ရင်မြေကတုတ်လုပ်ပြီး တိုက်ရဲတဲ့ စစ်ဗိုလ်စစ်သားကို အလွန် ချီးမြှောက်တော်မူသတဲ့ …”

“အနို့ … အဝနေပြည်တော်မှာ အဖေ နောက်အိမ်ထောင်ပြုသေးသလား …”

“မပြုဘူးကွဲ့ … သူဟာ စစ်ရေးစစ်ရာဘက်မှာ စိတ်အလွန်ဝင်စားနေတယ်။ ကိုင်း ကိုင်း … တော်တော် ညဥ့်နက်သွားပြီ၊ လူကလေး အိပ်ချေတော့ …”ဟု ဆိုသဖြင့် မောင်ဘုန်းမြင့်လည်း မိခင်အပါးမှ ထခဲ့ကာ ၎င်း၏အိပ်ခန်းသို့ ဝင်သွားလေတော့သတည်း။

❧ ❧ ❧

ယခုအခါ၌မူကား ရှင်နန်းနွယ်ကလေးမှာ အသက် ၁၅–နှစ်အရွယ်သို့ ရောက်လာပြီဖြစ်၍ မောင်ဘုန်းမြင့်မှာလည်း အသက် ၁၈–နှစ်အရွယ်သို့ တိုင်ခဲ့လေ၏။ ၎င်းတို့နှစ်ဦးမှာ ဝင်ထွက်တွေ့ဆုံချိန်များခဲ့သည်ဖြစ်သဖြင့်၊ အပြောအဆို အနေအထိုင် ရေးကထက် ရင်းနှီးရဲတင်းကြလေ၏။ တစ်ဦးကိုတစ်ဦး အထူးချစ်ခင်ကာ မျက်စိအောက်က အပျောက်မခံနိုင်အောင်ဖြစ်၍ နေကြလေ၏။ သို့ရာတွင် မောင်ဘုန်းမြင့်မှာ မိမိလယ်မြေများကို ကိုယ်တိုင်ကြီးကြပ်၍ လုပ်သားများနှင့် ထွန်ယက်လုပ်ကိုင်နေရာ၊ တစ်ရံတစ်ခါ လယ်တောတွင် ၁၀–ရက်၊ ၁၅–ရက်ခန့်ကြာလျှင် ရှင်နန်းနွယ်မှာ မိငြိမ်းသာကိုလွှတ်၍ ခေါင်းခဲလို့ နေမကောင်းလို့ စသည်ဖြင့် ပြောဆိုကာ ခဏပြန်လာရန် အပြောခိုင်းလေ့ရှိ၏။ မောင်ဘုန်းမြင့်မှာလည်း ရှင်နန်းနွယ်မှာလျှင် အူယားဖားယား အပြေးပြန်လာလျက် ခြေမကိုင်မိလက်မကိုင်မိ မေးမြန်းယုယကာ နေရှာလေ၏။ ရှင်နန်းနွယ်၏ သာမည ရောဂါလေးများလည်း တော်ရာသို့ပြေးရှောင်လျက် ချစ်သူပျော်အောင် အလိုလိုက်ကာ နေလေ့ရှိ၏။

Commercial use of this book will be at your OWN RISK

တစ်ညနေခင်းကား ရှင်နန်းနွယ်သည် မောင်ဘုန်းမြင့်လာမည့်နေ့ ဖြစ်သဖြင့် အိမ်ပြတင်းမှ မကြာခဏ မျှော်မှန်းကြည့်လေရာ၊ မိငြိမ်းသာမှာ ပျက်ရယ်လည်းမပြုဝံ့၊ တည်တည်တံ့တံ့လည်း မနေနိုင်သဖြင့် တံခါး အကွယ်မှ ကြည့်ရှုပြုံးရယ်၍ နေမိလေ၏။ ထိုအခိုက် ရှင်နန်းနွယ်ကိုသာ အာရုံစူးစိုက်လာခဲ့သော မောင်ဘုန်းမြင့်သည် မိငြိမ်းသာ ဘိုင်းကနဲ လဲကျအောင် ဝင်တိုးမိသဖြင့်၊ "ကျွတ်ကျွတ် ... အို မတော်လို့၊ မငြိမ်းသာ နာများနာသွားသလား ..."ဟု မေးမြန်းမိသော်လည်း၊ မျက်နှာထားမှာ ရှက်တက်တက်ဖြစ်ကာ ခဏမျှ ငိုင်၍နေမိလေ၏။ ရှင်နန်းနွယ်ကလေးကား ပြတင်းပေါက်မှဆုတ်ခွာကာ ညောင်စောင်းပေါ်တွင် ဣန္ဒြေရရနှင့် ထိုင်၍နေလေရာ မိငြိမ်းသာမှာလည်း ၎င်း၏နံဘေးကို လက်နှင့်နိုပ်၍ "မနာပါဘူး ဘုန်းဘုန်း ..."ဟု ရှုံ့မဲ့ကာ ထ၍သွားလေ၏။

"တကတဲ ... နွယ်နွယ်ကို ကြည့်နေရတာနဲ့ လူတစ်ယောက်လုံးတောင် ဝင်တိုးမိတယ်။ သူကလဲ ရာရာဖွေဖွေ တံခါးကြားထဲမှာ ဘာလုပ်နေသလဲပဲ ..."ဟု ပြောဆိုရင်း ရှင်နန်းနွယ်၏နံဘေးတွင် အသာဝင်၍ ထိုင်လေ၏။

ရှင်နန်းနွယ်ကလေးကား ၁၅–နှစ်အရွယ်သို့ ရောက်ရှိလာသည့်အတိုင်း အသားအရည်များ တစ်နေ့ တခြား စိုပြည်လျက် နဂိုရည် အချောတွင် ထပ်လောင်းအရောင်တင်သကဲ့သို့ ကြည်ကြည်လင်လင် ဖြစ်၍ နေလေ၏။ ခါသာအတွင်းခံ၊ ဗလာထမီ ကြက်သွေးရောင်၊ ပိုးစရင်စေ့အထိ ဖုံးလွှမ်းကာဆီး၍ထားသော်လည်း တင်းမာလှသော ရင်သားအထက်ပိုင်းမှာ မို့ဝိုင်းချွန်တက်လျက် ဘယက်တန်ဆာများ၏အရောင်နှင့် ရောထွေး၍ နေလေ၏။ နှစ်တောင့်ထွာခန့်များ၍ နက်မှောင်သောဆံပင်ကို နောက်တွဲထုံး၍ထားလေရာ၊ မကျဉ်းမကျယ်နဖူး၊ ပြူးကျယ်သောမျက်လုံး၊ နက်ညီသောမျက်ခုံး၊ ကော့တက်သော မျက်တောင်၊ ပုလဲရောင်ငွေသွား၊ နှာတံ ကလေးများ ခပ်စင်းစင်းနှင့် ဝင်းဝါနေသည့်အသားတို့ကြောင့် များစွာကြည့်ရှုတင့်တယ်၍နေလေရာ၊ တစိမ့်စိမ့် ကြည့်ရှုနေသော မောင်ဘုန်းမြင့်သည် နွယ်နွယ်ကလေးကို မစွမ်းမရဲ ရှိလွန်းလှသဖြင့် ပွေ့ဖက်သိမ်းကြုံး ယူငင်ကာ၊ ညီညာပြေပြစ်ချောမွတ်သော ပါးပြင်ကလေးကို အားပါးတရ မွှေးကြူလိုက်ရင်း တစ်ဖန်ပြန်၍ လွှတ်တဲ့ကာ ...

"ဘယ်တော့မှ နှစ်ကိုယ်ပေါင်းပြီး ကောင်းကောင်းကြီး နေထိုင်ရပါမလဲ နွယ်နွယ်ရဲ့။ နွယ်နွယ်က အသက်ကလေး ကြီးကြီးလာပြီး ခုလိုမြင်ရလေ၊ စိတ်ထဲမှာ မချိမဆန့်ဖြစ်လေ၊ ရန်သူတွေအပေါ် စိုးရိမ်ရလေပဲ နွယ်နွယ်ရယ်။ သုံးနှစ်တောင် မဆိုင်းကြပါစို့နဲ့ ..."

"အို ဘုန်းဘုန်းကလဲ ... ဘဘဘုရားဟာ စကားအလွန်မြဲခဲ့တယ်။ အထင်လွဲတော်မူမှာကို စိုးရိမ်ရ ပါတယ်။ နွယ်နွယ်ရဲ့ ကိုယ်ခန္ဓာကို ဘုန်းဘုန်းအား ဆက်သပြီးမို့ ခုလိုမွှေးတာကို အလိုလိုက်ခဲ့တယ် မဟုတ်လား ..."

"ဟုတ်ပါတယ် ... ဓမ္မသတ်အရဆိုလျှင်၊ ကိုယ်ခန္ဓာအထက်ပိုင်းမှာ အရေးအကြီးဆုံးဟာ ခုလို မွှေးလိုက်ခြင်းကို ကြည်သာစွာ လက်ခံတာဟာ အထူးအရေးရောက်တာပါပဲ။ နို့ပေမယ့် ချစ်ရတဲ့သူမှာတော့ ဒီဟာနဲ့ အားမရ၊ နေ့ညဥ့်အတူ ကြည်ဖြူနှစ်သက်သလောက် နေချင်တဲ့စိတ်တွေက ကြိတ်လို့သာနေခဲ့ရတယ်၊ အသည်းကတော့ ခပ်နာနာ ဖြစ်နေတာပဲ နွယ်နွယ်ရဲ့ ..."

"နွယ်နွယ်လဲ ဘုန်းဘုန်းကို တစ်ဗီဇော ပြန်ခရာမှ မခွဲချင်ဘူး။ အနို့ပေမဲ့ ဘဘဘုရားအမိန့်နဲ့ နေရတော့ အလောသုံးဆယ် စကားစဖို့ ခဲယဉ်းနေပါတယ် ..."

Commercial use of this book will be at your Own RISK.

"ဘုန်းဘုန်းနဲ့ နွယ်နွယ်ဟာ တစ်နှစ်ခန့်အကြာ ရန်သူ မပေါ်ပါစေနဲ့လို့ ဆုတောင်းရတာပဲ ..."

"အို ... နိမိတ်မရှိ နမာမရှိ၊ ဘုန်းဘုန်း စဉ်းစားကြည့်တော်မူပါ။ သူများ ရည်ငံကြတယ်ဆိုတာဟာ သာမညလေးပါ။ ဟိုစဉ်အခါက ဘုန်းဘုန်းနဲ့ နွယ်နွယ်မှာ ဘယ့်ကလောက် စွဲလမ်းကြသလဲ။ တကယ်လို့သာ အမြော်အမြင်ကြီးတဲ့ မိဘက ဝင်ရောက်မကယ်ဆယ်ဘဲ အသက်ငယ်ငယ်နဲ့ အလော်မာများတယ်လို့ ရက်စက်ပြီး ထားကြမယ်ဆိုရင် အခုလောက်ရှိရင် အရိုးဆွေးကြရောပေါ့။ ဒါ့ကြောင့် နွယ်နွယ်နဲ့ ဘုန်းဘုန်းဟာ ရေးဘဝရေစက် သူများထက်ကြီးခဲ့တယ်လို့ ယုံပါတယ် ..."

"ဘုန်းဘုန်းလဲ ယုံကြည်ပါတယ် ... ဒါပေမယ့် ကာလကြီးက မင်းပြောင်းမင်းလွဲ မင်းနားကပ် တန်ခိုး ယူတဲ့ လူတွေကလဲ အများဆိုတော့ နွယ်နွယ့်ကို သတင်းကြားနဲ့ ကြံစည်ကြမှဖြင့် ..."

"သူတို့ ဘယ်လိုကြံစည်ကြံစည် နွယ်နွယ်မပါရင် ပြီးရော မဟုတ်လား။ ကိုင်း ပြောနေကြာရော့မယ် ... ပြီးမှ စကားဆက်ပြောတာပေါ့။ နှစ်ဦး သစ္စာဆိုရအောင် ..."ဟု ငွေရေတစ်ကောင်းတွင် အုပ်ထားသော ရွှေဖလားငယ်ကိုယူကာ ညောင်ရေအိုးစင်မှ ရေများကို ထည့်လေ၏။ ပြုံးပြုံးကလေးကြည့်ရင်း ...

"ကိုင်း ကိုင်း ... နှစ်ဦး စိတ်ချရအောင် ဘုန်းဘုန်း သစ္စာဆိုရဲမလား ..."

"နွယ်နွယ် မိန်းမသားတောင် ဆိုရဲသေးတာပဲ။ ဘုန်းဘုန်းက ယောက်ျားဘဲ မဆိုဝံ့စရာ မရှိပါဘူး ..."

"ဒါဖြင့် ..."

ငါးပါးသီလခံယူပြီးနောက် ...

"အရှင်ဘုရား တပည့်တော်တို့သည် ဤဘဝ၌ တစ်ဦးကိုတစ်ဦး မပစ်ပယ်စတမ်း၊ ရာသက်ပန် ပေါင်းသင်းနေထိုင်ကြပါမည်ဘုရား။ အကယ်၍ တစ်ဦးဦးက သွေဖယ်ခဲ့သော် သွေဖယ်သူသည် ကုန်းသွားလျှင် ကုန်းဘေး၊ ရေသွားလျှင် ရေဘေးသင့်၍ သေလွန်သည့်အဆုံး၌ အဝီစိတွင် ကျပါစေသား ..."ဟု ပြိုင်တူ တိုင်တည်ကာ ညောင်ရေအိုးရေကို တစ်လှည့်စီသောက်ပြီးနောက် နှစ်ဦးစလုံး ကျော်ချမ်း၍သွားကြလေ၏။

"ကိုင်း နွယ်နွယ်၊ ကျေနပ်တော်မူပြီလား ... ယုံတော်မူပါပြီလား ..."

"ဒါကတော့ နွယ်နွယ်က မေးရမယ့်စကားပါ။ နွယ်နွယ်က ဘုန်းဘုန်းအပေါ် ဘယ်တော့မှ မယုံသင်္ကာ မရှိခဲ့ဘူး။ ဘုန်းဘုန်းဟာ နွယ်နွယ်ထက် ပိုမိုခင်မယ့်လူ မရှိဘူးလို့ စိတ်ချပြီးပါပြီ ..."

"ဘုန်းဘုန်းကလဲ နွယ်နွယ့်ကို ဒီလိုစိတ်ချပြီးပါပဲ။ နို့ပေမယ့် မတော်တဆ တန်ခိုးအာဏာနဲ့ အတင်း အကျပ် ကြံစည်တဲ့သူများရှိရင် မိန်းမသားကလေးမို့ စိုးရိမ်မိကြောင်းပြောတာပါ။ ဘုန်းဘုန်းကို ဘုရင် တစ်ပါးက နွယ်နွယ့် မယူရဘူး၊ ဒိပြင်မိန်းမ ယူရမယ်၊ နားမထောင်ရင် သတ်ပစ်မယ်ဆိုရင် ခုခံနိုင်က ခုခံမယ်၊ မခုခံနိုင်က အသက်အသေခံလိုက်မှာပေါ့"

"နွယ်နွယ်လဲ လူနွဲ့နှောင်းပေမယ့် ... ဒီကိစ္စမှာ မပျော့ပါဘူး ဘုန်းဘုန်းရဲ့။ စမ်းကြပါစေတော့လား၊ နွယ်နွယ် နိုင်သလောက် ခုခံမှာပေါ့။ မနိုင်ရင် နွယ်နွယ့်အသက် ဘာနမြောစရာရှိသလဲ ..."

Commercial use of this book will be at your OWN RISK.

“ကိုင်းကွယ် ဒီလိုစိုးရိမ်တဲ့စကားတွေ မပြောကြပါနဲ့စို့။ ဟိုတစ်နေ့က ဘုန်းဘုန်းမေးတာ စဉ်းစားပြီးပြီလား ... အဲဒါ ဖြေစမ်းပါ။ နွယ်နွယ့်အကြောင်း ဒီတစ်ခါသိရတာပေါ့ ...”

“ဘာတဲ့လေ ... အင်း၊ မိန်းကလေးကဖျား၊ အရှေ့အရပ်က ဆရာတစ်ယောက်၊ အနောက်အရပ်က ဆရာတစ်ယောက်၊ ဆရာနှစ်ယောက် ဆေးကု၊ မိန်းကလေးအိမ်နဲ့ ဆရာနှစ်ယောက်အိမ် အကွာအဝေးအတူတူ၊ ဆရာနှစ်ယောက်ရပ်ရည်နဲ့ အသက်ကလဲ အတူတူ၊ ဆေးစွမ်းကလည်းတူ၊ မနက်တစ်ခေါက် ညတစ်ခေါက် ဆေးလာကုကြရတော့ တစ်နေ့နှစ်ခေါက်စီ အတူ၊ မိန်းကလေးရောဂါပျောက်တော့ ဘယ်ဆရာကိုယူထိုက်သလဲ ဆိုတာ မဟုတ်လား ...”

“ဇာတ်ကြောင်းခင်းမနေပါနဲ့။ ဘယ်သူနဲ့ ရသင့်သလဲဆိုတာ ပြောပါ”

“တစ်နေ့ကတော့ နွယ်နွယ် နားဝေ့သွားလို့ ရက်တောင်းတာပါ။ အလွယ်ကလေး ... အားလုံးအတူတူ ဖြစ်ပေမယ့် မတူတာ ပါသေးတယ် ဘုန်းဘုန်းရဲ့။ ဘာလဲဆိုရင် အရှေ့အရပ်က ဆရာနဲ့ အနောက်အရပ်က ဆရာ၊ မိန်းကလေးအိမ် လာကြတော့ မနက်ခင်းမှာ အနောက်က ဆရာ နေမင်းကို မျက်နှာပြုလာရတယ်။ အရှေ့က ဆရာကတော့ ကျောပေးလာရတယ်။ ညနေခင်းကျတော့ အနောက်က ဆရာမှာ ဒီလိုဘဲ နေပူခံလာရတော့၊ နေ့ရှည်ရက်များ အနောက်က ဆရာလာရတာ ပင်ပန်းလို့ သူ ရထိုက်တာပေါ့။ ဟုတ်ကဲ့လား ...” ဟု မေးလိုက်ရာ ...

“အဲဒါမှ ပညာရှိကွဲ့။ ဘုန်းဘုန်းက နွယ်နွယ့်စဉ်းစားဉာဏ် ဘယ်လောက်ရှိသလဲလို့ စမ်းကြည့်တာပါ” ဟု ပြုံးရွှင်စွာ ပြောဆိုနေလေ၏။

“နွယ်နွယ် ငယ်ငယ်တုန်းကလဲ ဘဘဘုရားက၊ နွယ်နွယ် ငါ စကားထာဝှက်မယ် နားထောင်၊ လမ်းမှာ လူကြီးတစ်ယောက်နဲ့ သူငယ်တစ်ယောက်တွေ့ကြတော့ ... လူကြီးက မင်းဟာ ငါ့သားအရင်းပဲ၊ ဒါပေမယ့် ငါဟာ မင်းအဖေ မဟုတ်ဘူးလို့ ပြောသတဲ့။ လူကြီးနဲ့သူငယ် ဘာတော်ကြသလဲလို့ မေးတယ်။ လူကြီး၊ သူငယ်များ ဘာတော်ကြသလဲလို့ မေးတာကိုး။ နွယ်နွယ်က ခဏစဉ်းစားပြီး သူ့အဖေမဟုတ်ရင် သူ့အမေနဲ့ တွေ့တာပေါ့လို့ ပြောလိုက်တော့ ကျေနပ်သွားတာပဲ ...”

“ယောကျ်ားနဲ့ မိန်းမ ရွေ့သွားနောက်လိုက်ညီတယ်ဆိုတာ ရုပ်ရည်ရူပကာယတွင်သာ မဟုတ်ဘူး၊ စိတ်နေသဘောထား အကြံဉာဏ်လဲ တူကြမှ နွယ်နွယ်ရဲ့။ ဒါထက် ဘုန်းဘုန်းဟာ လယ်မြေနဲ့ ကုန်သည် အလုပ်ကို စိတ်ဝင်စားနေပေမယ့်၊ အမှန်က စစ်ဘက်မှာ အမှုထမ်းပြီး စစ်တိုက်ချင်တဲ့စိတ်တွေက အလွန် များနေတယ်။ အကြောင်းညီတဲ့တစ်နေ့ စစ်ထဲလိုက်ချင်တာပဲ။ နွယ်နွယ့်သဘော ...”

“သြော် ... ဘုန်းဘုန်းက ခမည်းတော်ကြီး စစ်ဘက်မှာ ကျော်သလို လူကျော် သူရဲကောင်းတစ်ယောက် ဖြစ်ချင်တယ် ဆိုပါတော့။ ဒီလို သူရဲကောင်းတစ်ယောက်ဖြစ်မယ်ဆိုရင် နွယ်နွယ်လဲ သူရဲကောင်းတစ်ဦးရဲ့ဇနီး ဖြစ်မှာမို့ သိပ်ပြီးဝမ်းသာတာပေါ့”

“အလိုလိုက်ပြီး အကြိုက်ကိုပြောနေတာလား နွယ်နွယ်ရယ် ...”

“မဟုတ်ရပေါင်ပါ။ နွယ်နွယ့်ဘဘုရားလဲ စစ်ပွဲတွေမှာ ကျော်ခဲ့သူတစ်ယောက်ဖြစ်ကြောင်း ဘုန်းဘုန်း ကြားဖူးပါလိမ့်မယ်။ နွယ်နွယ်ကိုယ်တိုင်လဲ အဘသွေးမကင်းဘူးလို့ ဒိပြင်လူပြောရင် ရယ်မော ကဲ့ရဲ့ကြမလား

Commercial use of this book will be at your OWN RISK

မသိပါ။ နွယ်နွယ်ကို အချို့ မိန်းမဖော်များက ရုပ်ရည်ကတော့ နန်းတွင်းမွေး ပင်တိုင်စံကဲ့သို့ ချောပါရဲ့၊ ကိုယ်အမူအရာ အသွားအလာ ယောကျ်ားလိုလို ကြမ်းတမ်းတယ်လို့ ကဲ့ရဲ့ခြင်းခံရဖူးပါတယ် ...”

“နေကြတဲ့ခေတ်ကြီးမှာ နွယ်နွယ်တစ်ယောက်က ထူးတော့ ပြူးတူးပြဲတဲ ပြောကြတာပေါ့။ တကယ်ပဲ ဒီလိုစိတ်မျိုးရှိတယ်ဆိုတာ ဘုန်းဘုန်း ယုံကြည်စွာ သာခုခေါ်ပါတယ်။ နောင်အခါ နှစ်ကိုယ်သင့်လို့ ရင်မှာတဲ့ သန္ဓေက သံတွေခဲ သူရဲကောင်းကလေး မွေးလာမှာပဲနော် ...”

“အို ... ဘယ့်နှာ ရှက်စရာပြောနေရတာတုန်း ဘုန်းဘုန်းရဲ့ ...”ဟု မောင်ဘုန်းမြင့်ကျောပြင်ကို အသာ အယာ ထုနှက်၍နေလေ၏။

ထို့နောက် ရှင်နန်းနွယ်သည် အဆောင်ကူး ရေတံလျှောက်အောက်က နှင်းဆီပင်မှ ကြက်သွေးရောင် ပေါက်နေသော နှင်းဆီပန်းပွင့်ကြီးများကို လက်ညှိုးညွှန်ရင်း၊ “ဘုန်းဘုန်း ခူးပြီးပန်မပေးချင်ဘူးလား”ဟု မျက်လုံးကလေး အထက်သို့လှန်လျက် မေးမြန်းလိုက်လေရာ၊ မောင်ဘုန်းမြင့်သည် ချစ်သူကလေးအား ခပ်ပြုံးပြုံးကလေး ကြည့်ရှုတဲ့ပြီးလျှင် ...

“ဒီလိုပန်းမျိုး မပန်ကောင်းဘူး နွယ်နွယ်ရဲ့ ...”

“အို ... ပန်းပန်တာပဲ ဘာဖြစ်လို့လဲ ဘုန်းဘုန်းရယ်၊ ဘယ့်နှာကြောင့် မပန်ကောင်းရတာတုန်း ...”

“နားထောင် ... ဘုန်းဘုန်း သုံးထောင်အိုင် သီချင်းတစ်ပုဒ် ဆိုပြမယ်။ ပညာရှိများလဲ မှတ်သားလေ့ ရှိကြတယ်”ဟု ပြောဆိုကာ၊ အိုင်ချင်းတစ်ဝက်တစ်ပျက်ကို အောက်ပါအတိုင်းဆို၍ အဓိပ္ပါယ်ပါ ပြောပြလေ၏။

“ဥသျှစ်သီး မြေကြီးမှာမြှုပ်၊ ပြာဖုံးအုပ်လို့ မီးဖုတ်လိုက်ရင်၊ သီးဖော်ရယ်မှသီးဖက်၊ အပင်ထက်မှာ တက်တက်စင်၊ မီးကင်သည့်နှယ် ကွဲတတ်တယ် ...”

“ဟော ... မှတ်ထား၊ ဥသျှစ်တစ်ပင်က အသီးကိုမီးဖုတ်ရင် အပင်ပေါ်က သီးသမျှ အက်ကွဲရောတဲ့။ ဒါတောင် အိုင်ချင်းရေးသူ ကျန်သေးတယ်။ အဲသလို မီးဖုတ်ထားတဲ့ အလုံးကို ရွှံ့ပုပ်မှာ စိမ်ရင် အသီး ပြန်ကောင်းသတဲ့။ ဆက်ပြီး နားထောင်ဦး။ စနေဂြိုဟ်စား ကြိမ်ခိုက်များမှာ၊ ချယားသစ်ပင် အိမ်လှေကားတွင် စိုက်ထားလျှင်မူ၊ အင်ခွင်ဥစ္စာ နည်းတတ်တယ်။ စနေဂြိုဟ်စားတုန်း ခရေပင် အိမ်လှေကား မစိုက်ရဘူးတဲ့။ နောက်တပိုဒ်ကတော့ တံစက်ရေနှင့် တွင်းရေမတူ၊ ရေက မိုးရေချိုးသူ၊ ညှင်းဖြူပြိုးပြောက် စွဲတတ်တယ်။ ပဝါပျောက် အထောက်ကယ်မှ မတန်၊ မျက်နှာသစ်လို့ အညှစ်ခံ၊ ဝက်ခြံမှည့်လို့ မည်းတတ်တယ်။ သနပ်ခါး ကျောက်ပြင်ပေါ်တွင် သောက်ရေအေးနှင့် ရောသွေးလာလျှင် နံ့သာအပေါ် ကျဲတတ်တယ်။ မိုးချုပ်ကယ်မှနေဝင်၊ စားဖိုထဲ အမဲကင်၊ စုန်းမှင်နတ်တို့ ရဲတတ်တယ်။ ပန်းနီနီ မပန်လေနှင့်၊ အဘယ်မှာ နတ်ပန်းပွင့်တဲ့၊ အတင့် ငယ်မှရဲချင်၊ ပျော်လိုအားနှင့် ခေါင်ဖျားတင်၊ အရင်လူနဲ့ လွဲတတ်တယ်။ ကိုင်း ဒါတွေကတော့ အဓိပ္ပါယ် ပါတယ်။ နောက်ဆုံးအပိုဒ်မှာ နားလည်ပြီလား၊ ပန်းနီဟာ နတ်ပန်းမျိုးမို့ ခေါင်းမှာပန်လျှင် အရင်လူနဲ့ လွဲတတ်တယ်တဲ့ ...”ဟု ဆိုလိုက်လျှင်၊ ရှင်နန်းနွယ်ကလေးမှာ မျက်နှာများပျက်လျက်၊ “ဘုန်းဘုန်း စိတ်မဆိုး ပါနဲ့နော်၊ နွယ်နွယ်မသိလို့ ပြောမိတာပါ”ဟု အခါခါ တောင်းပန်လေ၏။

“အို မသိလို့ပြောမိတာ ဘယ်တတ်နိုင်မလဲ။ မျက်နှာတော်မညှိုစမ်းပါနဲ့ နွယ်နွယ်ရယ်၊ ပျော်ပျော်ရွှင်ရွှင် နေစမ်းပါ”ဟု ယုယပြောဆိုလေ၏။

Commercial use of this book will beat your OWN RISK.

"ဘုန်းဘုန်းက ရေးကဗျာတွေ အားကြီးရတယ်နော် ..."

"နည်းနည်းပါးပါးတော့ ရပါတယ်။ ဒါပေမယ့် အဖေက ကဗျာလင်္ကာ အနုသမားတွေဟာ လုံ့လဝီရိယ စိုက်ထုပြီး စစ်ဘက်အသုံးကြီးတဲ့ တိုင်းပြည်နဲ့ မတော်ဘူးဆိုလို့ မလိုက်စားတော့ပါဘူး။ စစ်ရေးစစ်ရာကိုသာ ဆည်းပူးနေမိတာပါပဲ နွယ်နွယ်ရယ် ..."

ချစ်သူနှစ်ဦးကား နေဝင်ဖြိုးဖျအချိန်မှ စကားပြောနေကြရာ၊ သူငယ်အိတ်ဆိတ်ချိန်သို့တိုင်သော်လည်း စကားပြောကောင်းတုန်းဖြစ်လေ၏။ ညနေခင်းတွင် ထောက်မထားသော ကဲလားတံခါးများလည်း ချလျက် ကျွန်းတိုင်လုံးကြီးများအေားတွင် ဆီမီးခွက်ကြီးများဖြင့် အလင်းရောင်များ ထွန်းတောက်လျက်ရှိလေ၏။ ပင်လယ်ပြင်မှ ဖြတ်သန်းတိုက်ခတ်လာသော လေပြည်လေညင်းများသည် ဝင်လာရာမှ ခေါင်းပြုလျက် ချစ်သူ နှစ်ဦးအား ကြည်နူးစိတ်လန်းအောင် ပက်ဖျန်း၍နေကြလေ၏။ ထိုအခိုက် မိငြိမ်းသာသည် ပြာပြာသလဲ ကဲလားကို အပြင်က ခေါက်လိုက်ပြီး ..."ကိုဘုန်း ကိုဘုန်း"ဟု ခေါ်လေရာ၊ မောင်ဘုန်းမြင့်လည်း နေရာမှ ရုတ်ချည်းထလိုက်လေ၏။ ရှင်နန်းနွယ်သည် မောင်ဘုန်းမြင့်၏ ခါးကိုဖက်ကာ "နွယ်နွယ်လဲ လိုက်ခဲ့မယ်၊ ဘာလဲ ဘာလဲ"ဟု မေးစဉ် မောင်ဘုန်းမြင့်သည် ကဲလားကို မလေ၏။ ကဲလားအပြင်ဘက်သို့ နှစ်ဦးသား ထွက်ပြီးနောက် "ဘာလဲ ဘာလဲ မိငြိမ်းသာ"ဟု မေးရာ၊ "အိမ်ရှေ့တော် မြန်မြန်လာပါ၊ ဟိုကျမှ သိမယ်၊ မယ်မယ်ဖုရား အခေါ်လွှတ်လို့ ..."ဟုဆိုသဖြင့် သာ၍ပင် စိုးရိမ်မကင်းဖြစ်ကြကာ အပြေးကလေး သွားကြလေ၏။

အိမ်ရှေ့ခန်းတွင်ကား ဝန်ကတော်ကြီးသည် ဝန်မင်း၏လက်မှ ဓားရှည်ကို လုရင်း "စဉ်းစားပါဦး စဉ်းစားပါဦး၊ ဘာလို့ရုက်ရမှာလဲ ..."ဟု အထပ်ထပ်ပြောဆိုလျက် ထွေးလုံးနေကြသည်ကို တွေ့မြင်ကြရာ၊ နှစ်ဦးစလုံး ၄င်းတို့အတွက်ဟု အတတ်တွေးကာ ကြက်သေသေ၍နေကြလေ၏။ မောင်ဘုန်းမြင့်လည်း မိမိ ဓားနှင့် အခုတ်ခံမှ ခံရစေတော့၊ ဒိပြင်လူ မထိစေရဘူးဟု ဝန်ကတော်ကြီးနှင့်အတူ "သဘောမကျတာ ပြီးတော့မှပြောပါ။ ဓားကိုချထားပါဦး ဘဘရဲ့ ..."ဟု အတင်းလုရာ၊ လူငယ်အားဖြစ်၍ ဓားကိုရရှိလေ၏။ ဝန်မင်းကား "ရှက်သေဖို့ကောင်းတယ်။ ဓားကို ပေးပါ"ဟု တောင်းသော်လည်း မောင်ဘုန်းမြင့်သည် မပေးဘဲ ရှိနေစဉ် ဝန်ကတော်ကြီးက ...

"ကိုယ့်မှာ ဒီရာထူးပြုတ်တော့ကော တော်သေမှာလား ... တစ်သက်စားမကုန်ပါဘူး။ ရာထူးပြုတ်လို့ ကိုယ့်ကိုယ်ကို သတ်သေတယ်ဆိုတာ လူကြားရှက်စရာကြီး ..."ဟု ဆက်လက်ပြောဆိုမှ မောင်ဘုန်းမြင့်မှာ ၄င်းတို့အတွက် မဟုတ်၊ သန်လျင်ဝန်မင်း ရာထူးပြုတ်လို့ ထင်ရာကြံကြောင်း နားလည်ကာ "ဘဘ ဂရုစိုက်စရာ တွေလဲ ဘဘရယ်၊ လူပဲ အကြံနဲ့ ဉာဏ်နဲ့နေတာ။ တစ်နေ့နေ့ ကလဲ့စားချေနိုင်မှာပေါ့"ဟု ဝင်ရောက်ပြောဆို လေ၏။ ဝန်ကတော်ကြီးကား အပြောလည်ပတ် ချိုသာလှသဖြင့် အမျိုးမျိုးလှည့်ပတ်ပြောဆိုလေရာ၊ နွယ်နွယ် ကလေးမှာလည်း ... "ဘဘ ဘဘ၊ နွယ်နွယ့်ကို ချစ်တယ်ဆို၊ ဘဘ ဒီလို ရက်စက်ရင် နွယ်နွယ်တို့ ခက်ကုန် မှာပေါ့ ..."ဟု ငိုပြန်သဖြင့်၊ ဝန်မင်းမှာ မျက်ရည်ဝိုင်း၍လာရာလေ၏။

"ကုလားဖြူတွေကို ငါစိတ်မဆိုးပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒင်းတို့ဟာ အစကမှ မကောင်းခဲ့ပဲ။ အခု ဘဘတို့မှာ ကိုယ့်မြန်မာအချင်းချင်းဖြစ်တဲ့ မြန်မာလူမျိုးတွေ အဆင်းတွန်းခံရတာသာ ရှက်တာပါပဲကွယ်။ တောက် ... တိုင်းပြည်ကို သူများလက်အပ်ရတယ်ဆိုတာ ဒီလိုအကောင်မျိုးတွေကြောင့်ပေါ့။ ဒင်းတို့တော့ တစ်နေ့သိရမှာပေါ့ကွယ် ..."ဟု ကြိမ်းဝါးနေလေ၏။ တစ်ဖန် ဝန်မင်းသည် စကားဆက်ကာ ...

Commercial use of this book will be at your OWN RISK

"ကိုင်း မောင်ဘုန်းမြင့်၊ မင်းတို့ကို နွယ်နွယ် အသက် ၁၆–နှစ်ပြည့်မှ လက်ထပ်ပေးမယ်လို့ကြံခဲ့တယ်။ ယခုတော့ မဖြစ်ကဘူး။ မင်းအိမ်ပြန်တော့၊ ဝင်းမှူးကြီးနဲ့ မင်းမေမေကို တိုင်ပင်၊ နက်ဖြန်မှာ လက်ထပ်မယ် ဟုတ်လား။ ခုနေခါ ကြီးကြီးကျယ်ကျယ်မလုပ်လိုဘူး။ လက်ထပ်ပြီးရင် ငါ့သားလဲ ဘဘနဲ့အတူနေရလိမ့်မယ်။ ဘဘတို့အရေးဟာ သည်လိုနဲ့အေးကြမယ် မဟုတ်ဘူး ..."ဟု ပြောဆိုလေရာ၊ နှစ်ဦးစလုံးမှာ နီးစပ်ကြရ တော့မည်ဖြစ်၍ အလွန်အကျူးဝမ်းမြောက်ကြသော်လည်း အမူအရာကို သတိထားကာ ...

"ကောင်းပါပြီ ဘဘ၊ အမိန့်တော်အတိုင်း ဆောင်ရွက်ပါ့မယ်"ဟုဆိုကာ မောင်ဘုန်းမြင့် ထွက်ခွာသွား လေ၏။

Commercial use of this book will be at your OWN RISK.

## အခန်း (၅)

နောက်တစ်နေ့နံနက် ဆွမ်းခံပြန်ချိန်၌ကား သန်လျင်ဝန်မင်းအိမ်တွင် အိမ်နီးချင်းများ၊ မြန်မာအမှုတော်ထမ်းဟောင်းများ ဆင်းတက်၍နေကြသည်ကို တွေ့မြင်ရလေ၏။

လူကြီးလူကောင်းများ စုံသောအခါ သန်လျင်ဝန်မင်းက မိမိ၏သမီးထွေး ရှင်နန်းနွယ်ကို အဝနေပြည်တော် စစ်ကဲကြီး လက်ဝဲစည်သူ၏သား မောင်ဘုန်းမြင့်နှင့် လက်ထပ်မင်္ဂလာ အခမ်းအနား ပြုလုပ်ခြင်းဖြစ်ကြောင်း၊ မိမိတို့သည် လွန်ခဲ့သည့်နှစ်နှစ်က ကြောင်းလမ်းကတိထားခဲ့သော လယ်မြေပစ္စည်းများကို လက်ဖွဲ့အပ်နှံကြောင်းများကို ပြောဆိုလျက်ရှိလေ၏။

လူငယ်နှစ်ဦးကား အဝတ်အစား သားနားစွာ ဝတ်ဆင်လျက် ခုံမြင့်တွင် ထိုင်၍နေကြရာ၊ လက်ထပ်အခါပေးချိန် နီးသည်နှင့်တစ်ပြိုင်နက်၊ မြန်မာပညာရှိကြီးတစ်ဦးက ငွေဖလားကြီးတွင် သတို့သား သတို့သမီးလက်များကို ကိုင်တွယ်ဆက်စပ် ထပ်လျက်ထားကာ၊ သုတိသြဘာ မင်္ဂလာစကားများကို ပြောဆိုလျက်ရှိလေ၏။

ဝန်ကတော်ကြီးကား မိမိတို့တိုင်းပြည်တွင် ချီးမြှင့်တော်မူရှင်း မင်းတရားကြီးရှိတော်မူပါက၊ မိမိတို့ကဲ့သို့ အဆင့်အတန်း ရှိသည့်အခြေအနေမှာ မည်မျှခမ်းနားလေမည်ကို တွေးတောဝမ်းနည်းကာ မျက်ရည်များလည်၍လာရှာလေ၏။ ရှင်မြတ်လှမှာလည်း မိမိခင်ပွန်းသည်သာရှိပါက၊ သားကလေး၏ လက်ထပ်ပွဲမှာ မိစုံဖစုံနှင့် ဂုဏ်ကျက်သရေ မည်မျှရှိမည်ကို တွေးမိသဖြင့် မျက်ရည်ဝိုင်းပြန်ရာ၊ ဝင်းမှူးကြီးက ခုလို မင်္ဂလာအခါတွင် မျက်နှာညှိုးငယ်၍ မျက်ရည်မလည်ကြရန် သတိပေးပြီးနောက်၊ အခြားရင်းနီးသူတို့ လက်ဖွဲ့စာရင်းကို စာရေးတော်တစ်ဦးက ဖတ်ကြားလျက်၊ လက်ထပ်အခမ်းအနားမှာ ပြီးဆုံး၍သွားလေ၏။

ပရိသတ်များလည်း တစ်စတစ်စ စဲ၍သွားလေရာ အိမ်သူအိမ်သားများသာလျှင် ကျန်ရစ်ကြလေသည်။

လတ်ဆတ်ကြည်နူးသော အကြင် ဇနီးခင်ပွန်းအဖြစ်ဖြင့် ပေါင်းသင်းနေထိုင်ကြသော ဘုန်းဘုန်းနှင့်နွယ်နွယ်တို့ကား တစ်ဦးမျက်နှာကလေးကို တစ်ဦးမမြင်ရ မနေနိုင်၊ တစ်နေ့တာကလေးထွက်ခွာလျှင် ရက်ကြာကာလကူးလျက် နှစ်ပရိစ္ဆေပင် ကျူးခဲ့သည်ဟု မှတ်ထင်လေ့ရှိကြ၏။ ချောင်းခြားကိန္နရာတို့ တစ်ညတာနှင့် နှစ်ပေါင်း ၇၀၀၊ သုံးရက်လျော့ ငိုကြွေးကြသည်ဟူသော ဘလ္လာတိယ နိပါတ်တော်ကို အခြားသူများထက် အဓိပ္ပါယ်ပေါက်ကြ၏။ အရွယ်များကလည်းငယ်၊ အချစ်မှာလည်း လက်ဦးတွေ့ဖြစ်သဖြင့်၊ အချစ်ပင်လယ်ကြောတွင် နစ်မျောလိုက်ပါလျက်၊ အဏ္ဏဝါပြင်ကျယ်ကိုပင် ငယ်သည်ဟု မှတ်ထင်ကြဟန်ရှိလေ၏။

ထိုကဲ့သို့ ပျော်မြူးချစ်ခင်ကြ၍ ရက်သတ္တတစ်ပတ်အကြာတွင် အလင်းရောင်ထွန်းညှိပြီးခါစ အချိန်၌ သန်လျင်ဝန်မင်းသည် မောင်ဘုန်းမြင့်အား ၎င်းထံပါးသို့ လာရောက်ရန် ခေါ်ယူလိုက်လေ၏။ မောင်ဘုန်းမြင့်သည် ဇနီးသည်အနားမှ အသာထကာ ဝန်မင်းအနီးသို့ ရောက်လျှင်၊ ဝန်မင်းသည် လေးလေးစားစား ကြည့်ရှုရင်း ...

"ငါ့သားကြီးတစ်ယောက်ပဲ အားကိုးရပုံပေါက်လို့ နောက်က အကြောင်း တိုင်ပင်ဖို့ ခေါ်တာပဲကွဲ့ ..."

Commercial use of this book will be against OWN RISK.

"ဘဘ စီမံတော်မူသမျှ တစ်စမကျန် အသက်စွန့်ဆောင်ရွက်ဖို့ အသင့်ပါ ..."

"ဘဘဟာ နွယ်နွယ်နဲ့ အမြန်လက်ဆက်စေတာဟာ အကြောင်းနှစ်ခုရှိတယ်။ တစ်ခုက နွယ်နွယ်အား အခြားပိုးပန်းသူများ ရန်မရှာနိုင်အောင်ဖြစ်တယ်။ ကျန်တစ်ချက်ကတော့ ငါ့သားကြီးရဲ့ ဇာတာစန်းလင်ရုပ်လက္ခဏာနှင့်တကွ၊ အဘ၏ သူရသတ္တိသွေးပါသိလို့ အဘ၏လူယုံ မြန်မြန်ဖြစ်ပြီး တိုင်ပင်စရာကို မြန်မြန်တိုင်ပင်ရအောင်လို့ပဲကွဲ့။ ကျမ်းဂန်မှာလဲ စစ်ပွဲမှာ သတ္တိကောင်းသူကို အလိုရှိရမယ်၊ တိုင်ပင်ချင်ရင် နှုတ်လုံသူကို အလိုရှိရမယ်၊ နက်နဲတဲ့ပုစ္ဆာကိုသိချင်ရင် ပညာရှိကို အလိုရှိရမယ်၊ ထမင်း အဖျော်နဲ့ စားစရာကလေးရရင် ချစ်သူကို အလိုရှိရမယ် ဆိုတဲ့အတိုင်း၊ ငါ့သားကြီးမှာ သတ္တိနဲ့ နှုတ်လုံလုံနေရာမှာ အဘအသက်နှင့်အတူချစ်ခင်ယုံကြည်ရမယ်လို့ စိတ်ချရပေတယ်။ ဒါ့ကြောင့် ကနေ့ညဖြင့် ဇာတ်လှန်ရဦးမယ် လူကလေးရဲ့ ..."

"မှန်ပါ ... မိန့်သမျှ စဉ်းစဉ်းစားစား နားထောင်လိုကြောင်းပါ ..."

"ငါ့သား ဟံသာဝတီဆင်ဖြူရှင်မင်းတရားကြီးရဲ့အကြောင်း ကြားဖူးတယ် မဟုတ်လားကွဲ့ ..."

"မှန်ပါ ဖေဖေနဲ့ ဘိုးဘိုးပြောပြလို့ သိရကြောင်းပါ။ ငယ်နာမည် ရှင်ရဲထွဋ်၊ နောက် ဘုရင့်နောင်ကျော်ထင်နော်ရထာ၊ နောက် ဆင်ဖြူရှင်ဆိုပြီး မြန်မာတစ်နိုင်ငံလုံးကို အုပ်စိုးပိုင်သတဲ့အပြင်၊ ယိုးဒယား၊ ဇင်းမယ်တို့ပါ နိုင်ငံတော်ဖြစ်ဖူးတယ်လို့ သိရကြောင်းပါ ..."

"အိမ်း ... ဆင်ဖြူရှင်မင်းတရားကြီးလက်ထက်က ဘဘရဲ့ခမည်းတော်ဟာ ဒီ သန်လျင်ဝန်မင်းပေါ့။ ဘဘလဲ ခမည်းတော်ရဲ့အမွေကို ဆက်ခံအုပ်စိုးခဲ့ရတယ်။ နောက် ဆင်ဖြူရှင်မင်းတရားကြီး နတ်ရွာလားရင်ပဲ ထီးနန်းဆက်ခံတဲ့ သားတော် အိမ်ရှေ့မင်းကို မကျိုးနွံကြဘဲ၊ တောင်ငူက တစ်မင်း၊ ပြည်က တစ်မင်း၊ ရှမ်းစော်ဘွားတွေက တစ်မျိုးဆိုသလို ခြားနားကြတယ်ကွဲ့။ အလွန်ဝမ်းနည်းစရာကောင်းတဲ့ မြန်မာတို့သဘောတွေပဲ။ တန်ခိုးအာဏာကြီးတဲ့ ပုဂ္ဂိုလ်တစ်ဦးပေါ်မှ တစ်နိုင်ငံလုံးကို သိမ်းကြုံးအုပ်ချုပ်နိုင်တယ်။ နို့မဟုတ်ရင် မင်းလုပ်ချင်တဲ့သူတွေပေါ်ပြီး တိုက်ကြခိုက်ကြ၊ တစ်ယောက်မကောင်း တစ်ယောက်ကြံကြ၊ ဆင်းရဲသားတွေ သွေးထွက်သံယိုနဲ့ သေကြ၊ ပစ္စည်းဆုံး အင်အားနည်းဖြစ်ကြရတယ်။ နောက် ညောင်ရမ်းဘုရားလက်ထက်ကျတော့ ဘုန်းတန်ခိုး ရှိလာပြန်ရင်ပဲ တချို့ ညောင်ရမ်းလက်အောက်မှာ ဝင်ရောက်ကြတယ်။ ခုတော့ ညောင်ရမ်းဘုရား သိန္ဓိကအပြန် နတ်ရွာလားလို့ သားတော် အိမ်ရှေ့မင်း ထီးနန်းဆက်ခံနေတယ်။ ဘိုးတော်ဆင်ဖြူရှင်သတ္တိမျိုးမို့ မှူးမတ် ကျေးကျွန် စော်ဘွားစော်ခံမှစ၍ အထူးယုံကြည်ကိုးစားခြင်းကို ခံတော်မူရတယ်"

"ဘဘတို့ သန်လျင်မှာလည်း ဆင်ဖြူရှင်ဘုရား နတ်ရွာလားပြီးတဲ့နောက်၊ ကုလားငဇင်ကာဟာ မုတ္တမစား ဗညားဒလရဲ့သား ဗညားနွယ်ကို သမီးပေးပြီး ခမည်းခမက် ဖမ်းကြတယ်။ မုတ္တမစားရဲ့ အကူအညီရလျှင် ဘယ်သူ့ကိုမှ မကျိုးနွံတော့ဘူး၊ သူတစ်မင်းလိုပဲ ပြုမူနေထိုင်တယ်။ ၆၄–ခုနှစ်ကပေါ့ကွယ်၊ ၆၅–ခုနှစ်မှာ ရခိုင်ဘုရင်က သားတော် အိမ်ရှေ့ဥပရာဇာနဲ့ စစ်တပ်တွေ လွှတ်ပြီးတိုက်တော့ ရခိုင်မင်းသားရှုံးပြီး ကုလားလက်ထဲ ရောက်ရရှာတယ်။ နောက် ကျေနပ်အောင် ငွေကြေးပေးကမ်းတောင်းပြီး ကုလားကို မင်းတစ်ပါးကဲ့သို့ ပြောဆိုသုံးနှုန်းရတယ်။ နောက် တောင်ငူကလည်း ကုလားထောင်ထားပုံကို မခံနိုင်လို့ ဆင်–၃၀၀၊ မြင်း–၃၀၀၀၊ စစ်သား–၃၀၀၀၀ နဲ့ တိုက်ခိုက်တယ်။ ကုလားဘက်က မြို့စီးမြို့နင်းကောင်းပြီး အမြောက်သေနတ်ထူထပ်လို့ တောင်ငူဘုရင်လဲ မကပ်နိုင်ဘူး၊ အလျှော့ပေးရတယ်။ အဲဒီနောက် ကုလားငဇင်ကာကို တိုက်ခိုက်နိုင်သူမရှိဘဲ ဘုရင်တစ်ဆူလို နေထိုင်လာတာ ကနေ့တိုင် ၅–နှစ် ၆–နှစ်ရာသီထဲ

Commercial use of this book will be at your own risk

ရောက်လာပြီကွဲ့။ ဘဘ သတိထားကြည့်ရှုခဲ့သလောက်ဖြင့် အတော်ဆိုးရွားနေပြီ။ ရှင်ဘုရင်တွေ အလုံး အရင်းနဲ့ တိုက်ပေမယ့် မနိုင်ကြတော့ဘူး လူကလေးရဲ့ …”

“ဘဘတို့ မြန်မာတွေကတော့ ဘာမဆို ပေါ့ပေါ့ဆဆ နေထိုင်ခဲ့ကြတယ်။ လူမျိုးခြားကုလားတွေက ဒီလိုမဟုတ်ဘူး။ ဆင်ဖြူရှင်မင်းတရားလက်ထက်က ဇေင်ကာတို့လို ကုလားဖြူတွေကို ၄၀၀–စု ၅၀၀–စု စစ်တပ်ဖွဲ့ပြီး ကျေးကျွန်အဖြစ် အသုံးချခဲ့တယ်။ ဘုန်းလက်ရုံးနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်ဆိုတော့ ကုလားတွေ မထောင် ထားဝံ့ဘူး။ ဒါပေမယ့် သင်းတို့ အခွင့်အရေးကို အမြဲကြည့်ပြီး နေရာကွက်ကလေးတစ်ခု တောင်းတယ်။ မြန်မာနိုင်ငံကိုလဲ ဘယ်နေရာက ဘာထွက်တယ်၊ ဘယ်လမ်းခရီး ဘယ်လိုသွားရတယ်ဆိုတာ အကုန်စုံစမ်းပြီး ထားကြတယ်။ နောက်ဆုံး သင်းတို့ အားဖြည့်ရင်း နိုင်ငံကိုသိမ်းခဲ့တယ်။ နည်းရှေ့သလား လူကလေး၊ အလွန်မှပဲ အသည်းနာစရာကောင်းတယ်။ သန်လျင်ကို အခိုင်အမာပြုပြီး ဒဂုန်၊ ဒလ၊ မြောင်းမြ၊ ပုသိမ် ဟိုဘက်ဆို မုတ္တမစားက မုတ္တမ၊ မော်လမြိုင်၊ ရေး၊ ထားဝယ်၊ မြိတ်အထိ သူရို့ ပိုင်ကုန်ကြပြီ၊ သူရို့ရဲ့ အကြံက မကြာမီ အင်အားဖြည့်တင်းပြီးတဲ့နောက် ဟံသာဝတီကို တိုက်မယ်။ နောက် အဝနေပြည်တော်၊ နောက် မြန်မာ နိုင်ငံတော်တစ်ခုလုံး ကုလားဖြူနိုင်ငံ လုပ်တော့မယ်။ ဒါတွေကို ဘဘတို့ ဘယ့်နှယ်ကြံစည် ခုခံရမလဲ”

“ဘဘဟာ သူတို့ရဲ့ အုပ်ချုပ်ရေးအဖွဲ့မှာ အတိုင်ပင်ခံအရာရှိတစ်ဦး အဖြစ်နဲ့ပါရတော့ သူရို့လုပ်ပုံ ကိုင်ပုံတွေကို ဘဘ အကုန်သိရတယ်။ မြန်မာဘုရင်တွေ မအုပ်ချုပ်တတ်လို့ သူတို့ သိုးဆောင်းကုလားဖြူရဲ့ ယဉ်ကျေးမှုဖြင့် အမြင်ကျယ်အောင် လုပ်မတဲ့၊ လူတွေနိုးကြားအောင် လုပ်မတဲ့။ ဒါတွေကို အချို့မြန်မာတွေ ယုံကြည်ကြတယ်၊ ကြည်ညိုကြတယ်။ ဘဘ စုံစမ်းသိရသလောက်ဆိုရင် ကုလားဖြူမှာလဲ ဇေင်ကာတို့လူမျိုးက ပူတကေတဲ့။ သည်ပြင် ဒတ်ချ်လူမျိုး၊ စပိန်လူမျိုးလို လူဖြူမျိုးတွေ အများကြီးတဲ့။ ဒီလူမျိုးတွေဟာ ဇမ္ဗူဒီပါ နေရာတိုင်းမှာ ပြည်ရှာပြီး ကူးသန်းရောင်းဝယ်ရေး ဘန်းပြကာ၊ သူတို့နိုင်လျှင် လက်နက်နှင့် တိုက်သိမ်း၊ နောက် တိုင်းပြည်မှာရှိတဲ့လူမျိုးတွေ တစ်စတစ်စ တိမ်ကောအောင်လုပ်၊ သင်းတို့လူမျိုးတွေက အဲဒီတိုင်းပြည်ရဲ့ အဆီအနှစ်တွေကို ရအောင်ယူလေ့ ရှိကြတဲ့အကြောင်း ဒတ်ချ်လူမျိုးတစ်ဦးက ဘဘကို ပြောပြတယ် လူကလေးရဲ့။ ဘယ့်ကလောက် ကြောက်စရာကောင်းသလဲ။ အဲဒီ လူမျိုးခြား အုပ်စိုးတာကြောင့် လူမျိုး ပျောက်ရမယ်၊ တိုင်းပြည်ရှိ အဖိုးတန်ပစ္စည်း ကုန်ရမယ်ဆိုရင် သေသူနှင့် ဘာမှမခြားတော့ဘူး။ သင်းတို့ အယူ ဝါဒကလဲ မိစ္ဆာဒိဋ္ဌိဖြစ်လေတော့ သည်နှစ်ခြောက်နှစ်အတွင်းမှာ သင်းတို့အုပ်ချုပ်လို့ ဖြစ်ပျက်နေရပုံကို ဘဘ ပြောပြမယ် …”ဟု သန်လျင်ဝန်မင်း၏ ပြောပြချက်မှာ အလွန်တရာမှ မှတ်သားဖွယ်ကောင်းလှသဖြင့်၊ မောင်ဘုန်းမြင့်မှာ သန်လျင်ဝန်မင်းပြောသမျှကို သေချာလေးနက်စွာ စဉ်းစား၍ နားထောင်နေလေ၏။

“သင်းတို့အုပ်ချုပ်မှ အကျင့်စာရိတ္တတွေ အတော်ပျက်စီးကုန်ကြပြီ၊ ပျက်စီးရုံသာမဟုတ်၊ ငွေကြေးလဲ အတော်ကုန်ခန်းခဲ့ရပုံကို ဘဘပြောပြမယ်ကွဲ့။ ဘဘတို့ မြန်မာ တလိုင်း ကရင်လူမျိုးတွေဟာ အရက်သေစာ သောက်စားဖူးသူ အလွန်နည်းပါးခဲ့တယ်။ တချို့တလေ ရှိပြန်ပါလဲ ခနိရေကို ပုန်းလျှိုးကွယ်လျှိုးနဲ့ သောက်ကြ ရတယ်၊ ခနိရေတစ်မြူကို ကြေးနည်းနည်းနဲ့ သောက်စားကြရတယ်။ ကုလားဖြူတွေ ရောက်မှ သူတို့သင်္ဘော နိုင်ငံက ပါလာတဲ့ သေအရက်အမျိုးမျိုးကို သုံးစွဲကြရတယ်။ ဖြစ်ခါးခေါ်တဲ့ သေစာကိုလေ ဘော်တစ်ကျပ် သားကို တစ်ကျည်လောက်သာရပြီး လူတစ်ယောက် ကောင်းကောင်းမမူးဘူးတဲ့။ ပျားရည်ပါတဲ့သေကတော့ ဘော်ငွေ ၄–၅ ကျပ်သားနဲ့ လဲရတယ်။ မင်းတရား တပင်ရွှေထီး ပျက်စီးတဲ့သေမျိုးပေါ့ကွယ်။ အဲသလို အရက်မျိုးကို သိုးဆောင်းကုလားဖြူ လူဂုဏ်တန်တွေက ထမင်းပွဲဧည့်ခံရာမှာ အသုံးပြုတော့ မြန်မာ အထက်တန်းစားတွေက သည်ဟာကို ဂုဏ်ရှိတယ် ထင်ပြီး သောက်ကြတယ်။ တစ်စတစ်စ ကြိုက်နှစ်သက်လာ ကြပြီး နှစ်နှစ်လောက်အကြာမှာ သေအရက်ဆိုင် အကြီးအကျယ် ဖွင့်လှစ်ရောင်းချစေတယ်။ မြို့ကြီးရွာကြီး တွေမှာဆိုရင် သည်ဆိုင်မျိုးရှိတာချည့်ပဲ။ ဘဏ္ဍာရေးစာရင်းမှာ ကြည့်ရင်၊ တစ်နှစ်မှာ သေအတွက် သင်္ဘော

ပြည်က ငွေပိသာ နှစ်သောင်းဖိုး သုံးသောင်းဖိုး ဝယ်ယူကြတယ်။ အဖိုးတန်တဲ့ သေကို မသောက်နိုင်သူများ အတွက်လဲ ဓနိရေကို ဆိုင်တည်ခင်း ရောင်းခွင့်ပြုပြီး အဲဒီဆိုင်ပေါ်က အခွန်အတုတ်ယူကြတယ်။ မြန်မာ တလိုင်းအကုန် ဈေးကထက် သောက်စားသူပေါများလို့ အခွန်အတုတ်ဆိုတာတွေ ပိုပြီးရတယ်။ တိုင်းပြည်တော့ လိမ်မှု၊ ခိုးမှုဆိုတာတွေ တိုးတိုပြီးလာတာပေါ့။ ဒီအကြောင်းကို ဘဘပြောပြတဲ့အခါ၊ ဒီလို စည်းကမ်းစနစ် ကျကျ ဆိုင်ကနားနဲ့ မဖွင့်ရင် တိတ်တိတ်ပုန်း သောက်စားကြမှာပဲတဲ့၊ ပြီးတော့ အခွန်တွေကလဲ နည်းတာ မဟုတ်ဘူး၊ ဒါတွေပိတ်ရင် သူတို့အုပ်ချုပ်ရေးကို ထိခိုက်မှာပဲတဲ့ကွယ်။ ဒီထက်ဆိုးတာက အထက်အညာက တရုတ်တွေကိုလက်သင့်ခံပြီး ဘိန်းဆိုင်ဖွင့်တဲ့အလုပ်ကို လုပ်ကြသေးတယ်။ သူရို့အကြောင်းပြချက်ကတော့ အရက်ဆိုင်လိုပါပဲ ဘာမှအကြောင်းမထူးပါဘူး။

ဒါတွေကို လူကလေး စဉ်းစားကြည့်ပေတော့။ အကယ်၍ မြန်မာဘုရင်မင်းမြတ်ကသာ စိုးပိုင်ရင် အမျိုးတူ မြန်မာအချင်းချင်းဖြစ်တာက တစ်ကြောင်း၊ ဗုဒ္ဓဘာသာ ဖြစ်တာက တစ်ကြောင်းတို့ကြောင့်၊ ရင်ဝယ် သားကဲ့သို့ ကိုယ့်မြန်မာအမျိုးသား ပျက်စီးနစ်နာဖို့ကို ပြုရက်ပါ့မလား။ ရာဇဝင်အဆက်ဆက် ဘယ်မင်း လက်ထက်မှ သည်လိုပြုတော်မမူကြဘူး။ ဘဘတို့ရဲ့ နောင်လာနောက်သားတွေလဲ ဘဘတို့ အခု ကြုံရ တွေ့ရတဲ့ ဘဝဆိုးနဲ့ မကြုံကြပါစေနဲ့။ သူတို့လူမျိုးသား ကိုယ့်စီးပွား ကိုယ့်အကျိုးသာကြည့်ပြီး အမျိုးမတူတဲ့ တိုင်းရင်းသားတွေ ခွေးဖြစ်ဖြစ် ကျွန်ဖြစ်ဖြစ် သူတို့ထင်ရာ လုပ်တတ်ကြလေတော့၊ တွေးမိတိုင်း ဘယ်လောက် အော့နှလုံးနာစရာကောင်းသလဲ။ ဗုဒ္ဓဘာသာ တရားတော်အရှိန်ကို ခိုလှုံတဲ့ မြန်မာတွေ မသောက်ရင်ပြီးတာပဲ ဆိုပေမင့်၊ အာဏာရှိသူတွေက မကောင်းတဲ့အမှုကို ပပျောက်အောင် နှိပ်ကွပ်စောင့်ရှောက်နိုင်မှ ဖြစ်တာ ကလားကွဲ့ ...။

ခုနင်က သေနဲ့ပျက်စီးပုံကို ပြောခဲ့ပြီနော်၊ ပြီးတော့ တစ်ဖန် လောင်းကစားတွေမှာလဲ သူရို့ရဲ့ဥပဒေနဲ့ မကစားရဘူး ဆိုပြီး၊ လောင်းကစားနိုင်တဲ့ ကိရိယာတွေကို ရောင်းချခွင့်ပြုတယ်၊ ဘုရားပွဲ အကြီးအကျယ် ဖြစ်တဲ့အခါ၊ တစ်ခါတစ်ရံ အကြီးအကျယ်ဆိုပြီး လှေပွဲ၊ မြင်းပွဲ၊ နွားပြိုင်ပွဲတွေအပြင်၊ ကြွေအံကစားပွဲ ကြက်တိုက်ပွဲတို့ကို အကြီးအကျယ် လောင်းကစားခွင့်ပြုခဲ့တယ်။ တို့လူမျိုးတွေဟာ ဒီဘက်မှာအာရုံစူးစိုက်ပြီး စီးပွားရေးအလုပ် ဘာတစ်ခုမျှ ဂရုမစိုက်လိုကြဘူး။ ပြီးတော့ ငွေကြေးကုန်ကျတဲ့ ပလီရိုက်ခြင်းနဲ့၊ ဒိပြင် ဘဘ မခေါ်တတ်တဲ့ ကစားခုန်ပွဲ အမျိုးမျိုးတွေကိုလဲ ကျန်းမာရေးဘန်းပြပြီး မျိုးစေ့ချကြတယ်။ ဘယ်လူမျိုးမဆို အသစ်အဆန်းကို နှစ်သက်ကြတဲ့အတိုင်း လိုက်နာကစားကြတော့ ထိုကိရိယာများအတွက် ငွေကြေး အဆမတန်ကုန်ကျကြရတယ် ...။

လူမျိုးပျက်စီးရေးကို ဘဘ ပြောပြဦးမယ်၊ သူတို့ကုလားဖြူက တန်ခိုးအာဏာရင်၊ ဘဘတို့က ကျေးကျွန်ဖြစ်နေတော့ သူတို့လုပ်သမျှ ကြည့်ရှုနေရတာပဲကွဲ့။ ဟို ကုလားမည်းတိုင်းပြည်က ကုလားမည်း ပသီတွေ အများကြီး သူရိုနဲ့ပါလာကြတယ်။ ဈေးကတဲက အချို့ရှိကြတယ်။ မြန်မာဘုရင်တွေလက်ထက်က မော်လို့တောင် မကြည့်ရဲတဲ့ ကုလားမည်းတွေက မြန်မာမ၊ တလိုင်းမ စတဲ့ လုံမပျိုတွေကို သူရို့ ယူငင် သိမ်းပိုက် မယားပြုလို့။ သူတို့က မွေးတဲ့ ဗန္ဓုတွေဟာ မြန်မာမဟုတ်ကြတော့ဘူး၊ ဘာသာကွဲကုန်ကြပြီကွဲ့။ ဘဘတို့က တစ်စုံတစ်ရာပြော၊ သူရို့က တစ်ဖက်တစ်လမ်းပြုကြတယ်။ သည်လို ကုလားမည်းတွေက မြန်မာ တလိုင်းနဲ့ အိမ်ထောင်ပြုချင်အောင် တရားစီရင်တဲ့အခါ ဘဘတို့ မြန်မာခံသမတ် ဈေးအစဉ်အလာ ဗုဒ္ဓဘာသာ ဓမ္မသတ်နဲ့ မဟုတ်တော့ဘူး၊ သူရို့ ဗရင်ဂျီဘာသာနဲ့ စီရင်တယ်။ ကုလားမည်းဖြစ်ရင် ကိုရန်ဆိုတဲ့ တရားနဲ့ စီရင်တယ်။ တရားဖြစ်ရင် မြန်မာကရှုံး၊ ကုလားက အမြဲနိုင်နေတော့၊ ကုလားတွေက မြန်မာတလိုင်းမတွေကို သူရို့နိုင်ငံက မယားကြီးများနဲ့ ကွဲကွာစဉ်မှာ အပျော်ယူကြတာ ဘဘတို့ ဘာမှမတတ်နိုင်တော့ဘူး၊ လက်ပိုက် ကြည့်ရှုနေရတာပဲ။ ကုလားတစ်ဝက် မြန်မာ တစ်ဝက်ဖြစ်ကြရတော့မယ်။

Commercial use of this book with at your OWN RISK.

စီးပွားရေးဘက်ကဆိုရင် ပူတကေသားတွေဟာ လာဘကြောင့် ဘဘတို့ကို လက်နက်နှင့် အခိုင်အမာ စိုးနေတာဖြစ်တော့ အခုအခြေအနေမှာ ဘဘတို့ ဆန်စပါး၊ ပဲ၊ ပြောင်းကို သင်္ဘောပြည်နှင့် ကုန်ချင်းဖလှယ်ရင် သူရို့ကြိုးကိုင်နေကြတယ်။ ကုလားတွေဆိုတာလဲ မြန်မာတလိုင်းတွေထက် ဝီရိယကောင်းတာက တစ်မျိုး၊ ကုလားဖြူတွေက သာပေးတာက တစ်မျိုးကြောင့် သူရို့လဲ ကြေးရတတ်တွေဖြစ်ကုန်ကြပါပြီ။ နောက် နှစ် ၂၀– ၃၀ ကြာရင်ဖြင့် မြန်မာတို့အိမ်ယာ လယ်တွေ မြေတွေ သူရို့လက်ထဲ ရောက်မည့်အရေးကို အစအနမြင်ကြရပြီ။ ကုလားဖြူတွေကတော့ ဘဘတို့မြန်မာနိုင်ငံကို သာလာယံဇရပ်လုပ်ပြီး ရက်ရက်စက်စက်ကျင့်ကြံကုန်ကြပြီကွဲ့။

ဘာသာအယူဝါဒကို နားထောင်ဦး။ သူရို့ ဗရင်ဂျီဘာသာကို လူကြီးတွေ ဟောမရတော့ ကလေးတွေ ဟောဖို့ စီမံကြပြီ။ စီမံပုံက သူတို့က မြန်မာတလိုင်း စာသင်ကျောင်းတွေ အခမဲ့ဖွင့်၊ ငွေကုန်ခံပြီးတည်၊ သူရို့ ဘာသာသင်ကျောင်းကို ဂုဏ်ရှိအောင်လုပ်၊ သူရို့ဘာသာတတ်တဲ့သူကို လခစားအဖြစ်နဲ့ ဂုဏ်ထူးပေး စာရေး စာချီ ဖြစ်စေတယ်။ သူရို့ဘာသာဝင်လျှင် အသိအမှတ်ပြုကြတယ်။ ဒီတော့ ကရင်တွေ တလိုင်းတွေ အမြောက်အမြား ပုသိမ်နယ်မှာ သူရို့ဘာသာကို ဝင်ကြတယ်၊ အခွင့်အရေးကို ယူကြတယ်၊ ဘယ့်ကလောက် နစ်နာစရာ ကောင်းသလဲ ...။

အုပ်ချုပ်ရေး ပြောခွင့်ဆိုခွင့်ကိုလဲ သူရို့က တစ်ဖက်ဖြစ်ကုန်ကြပြီ၊ ၄–၅နှစ် ကြာသေးတယ် ဘယ့်ကလောက် ဆိုးရွားကုန်ကြပြီလဲ၊ ကြာရင် ဗရင်ဂျီဘာသာ ကိုးကွယ်တဲ့ နိုင်ငံကြီးဖြစ်ကုန်တော့မယ် ...။

အုပ်ချုပ်ရေးကို ပြောရဦးမယ် ...။ ဇေင်ကာဆိုတာ သူ့ကွယ်ရာမို့သာ ပြောတာ၊ အားလုံးပဲ သူ့ကို သခင်ကြီးဘုရားလို့ ခေါ်တယ်၊ ဒူးထောက်ရှိခိုး အရိုအသေပြုရတယ်၊ သူ့ကို သင်္ဘောပြည် ပူတကေဘုရင်ရဲ့ ကိုယ်စားခန့်လိုက်တဲ့ ဘုရင်ခံမင်းကြီးတဲ့။ ဒတ်ချ်လူမျိုးတစ်ယောက် ပြောပြချက်အတိုင်းဆိုရင် စစ်သည် လက်နက်ကို ပူတကေဘုရင်က ထောက်ပံ့ပြီး မြန်မာတစ်နိုင်ငံလုံး သိမ်းဖို့တဲ့။ အခုအတိုင်းဆိုရင် မြန်မာ နိုင်ငံကို သူရို့မသိမ်းနိုင်ဘူး ဆိုဖို့ရာ ခဲယဉ်းနေတယ်။ အဲသည်တော့ သူ့နိုင်ငံသိမ်းချင်ရင် သူ့နိုင်ငံရင်းသား တွေကို လှည့်ဖြားရမယ်ဆိုတဲ့အတိုင်း၊ သူရို့က ဥပဒေ စနစ်ကျကျနဲ့ အုပ်ချုပ်တယ်။ လက်ညှိုးမကောင်း လက်ညှိုးပဲ စီရင်တယ်။ တိုင်းရင်းသား သူတစ်ထူးအယူဝါဒကို မနှောင့်ယှက်ပါဘူးလို့ အဆိုရှိတယ်၊ ဒါပေမယ့်လည်း ငွေကြေး၊ လာဘ်လာဘ အလုပ်ရာထူးနဲ့ ဘဘ ခုနက ပြောသလို သူရို့ဘာသာကို ကြီးပွားအောင် လုပ်တယ်။ မြန်မာဘုန်းတော်ကြီးတွေ ရှေးကလို တန်ခိုးမရှိကြတော့ဘူး၊ ဘုန်းကြီးတွေ ရုံးရောက်ရင် သူရို့ဥပဒေနဲ့ စီရင်လိုက်တာပဲ။ မင်းကြီးနေရာဟာ သူရို့ ပိုင်ဆိုင်တုန်းမို့ မျက်နှာဖြူ ဖြစ်ချင် ဖြစ်ပါစေတော့၊ ဒီပြင်နေရာတွေမှာ မြန်မာတလိုင်းတို့ကို ယုံယုံကြည်ကြည်ထားဖို့ဟာ မထားဘူး၊ လခကိုလဲ သူရို့မျက်နှာဖြူ ပူတကေလူမျိုးဆိုရင် စာမတတ်ပေမယ့် လခကြီးကြီးပေးပြီး ချီးမြှင့်တယ်၊ သူရို့ အုပ်ချုပ်တာ မကောင်းဘူးပြောရင် အကျိုးအပြစ် ပြောခွင့်မရှိဘူး၊ သူရို့မုန်းအောင်လုပ်တယ်ဆိုပြီး ဥပဒေနဲ့ ထောင်တန်း ချတယ်၊ ကိုင်း လူကလေး၊ မြန်မာဘုရင်ပိုင် တစ်နိုင်ငံကို သူရို့တိုက်သိမ်းတာ မတရားပါပဲ၊ အဲသလို တိုက်သိမ်းတာ မတရားဘူးလို့ပြောရင် သူရို့မုန်းအောင်လုပ်တာဆိုပြီး ထောင်တန်းချရမယ်တဲ့၊ တချို့ စိတ်မထိန်းနိုင်တဲ့လူတွေက အဲသလိုပြောကြလို့ ထောင်တန်းကျခဲ့ရရှာတယ်ကွဲ့ ...

လူကလေးက ငယ်တော့ ဘာမှမသိခဲ့ရသေးဘူး။ တချို့မြန်မာတလိုင်းတွေက ခုထက်ထိ လူဖြူတွေ အုပ်စိုးလို့ တိုင်းပြည်ကောင်းစားတယ်လို့ ထင်နေကြတယ်။ တိုင်းပြည်အခြေအနေက ခုနပြောသလို အပျော် အလော်မာတွေကြောင့် သင်္ဘောပြည်ကို ဘော်တွေ ရွှေတွေ ပေးကြရလှပြီ။ ပြီးတော့ကာ ခါသာ၊ သက္ကလပ်စတဲ့ ကုန်တွေ၊ ဖလ် မှန် ပုတီးစတဲ့ ကုန်တွေကို အဆင့်အတန်းမရွေး သုံးစွဲကြလို့ နှစ်တိုင်း ငွေတွေ ကုန်ကြရပြီး တိုင်းပြည်မှာ တစ်စတစ်စ ထိခိုက်လာပြီ။ ရှေးက ဆန်တစ်တင်း ရွက်နီတစ်ကျပ်သာ ပေးရတယ်။ ခု ရွက်နီ

Commercial use of this book will be at your OWN RISK.

နှစ်ကျပ်ဖြစ်တယ်။ ဆန်စျေးကောင်းလို့ လယ်ပယ်များများ ရှိတဲ့သူတွေ နည်းနည်းတော်ကြပေမယ့် ဆင်းရဲသားတွေ မစားနိုင်တော့ဘူး။ အခွန်ကလဲ ဟိုကယူ ဒီကယူနဲ့ ဘဘတို့ ဒီအတိုင်းသာကြည့်နေရင် နိုင်ငံလဲဆုံး၊ လူမျိုးလဲ ပြုန်းတော့မယ်ကွဲ့ ...”

ထိုအခါ မောင်ဘုန်းမြင့်သည် လေးနက်စွာ စဉ်းစားနားထောင်နေရာမှ တစ်ချက်မျှ မော်ကြည့်ကာ ...

“နို့ ဘဘရယ်၊ ဘဘလဲ အသိသားနဲ့၊ ဘဘ ဘာမှမကြံစည်ဘူးလား ...”

“ကြံစည်ခဲ့လို့ ဘဘ ဝန်ရာထူးပြုတ်သွားတာပေါ့ကွယ်၊ ဒီလိုကွဲ့ ... ဘဘက အုပ်ချုပ်ရေးထဲမှာ မြန်မာဘုရင်ရှိစဉ်ကတည်းက အမျိုးအရိုး အရည်အချင်းအလိုက် ဝန်ဖြစ်ခဲ့တယ်။ ဒီတော့ ပူတကေမင်း အုပ်စိုးပေမယ့် သူ့ကို တွဲဖက်ထားသင့်တယ်ဆိုပြီး ထားကြတာကိုး။ အမှန်ကတော့ ဘဘကို ဘန်းပြပြီး ဘဘတောင်ကျေနပ်တာ၊ ဘဘလက်ထဲ တာရှည်စွာနေခဲ့တဲ့ ဆင်းရဲသားတွေလဲ ကျေနပ်ကြပါလို့ ဘဘကိုယ်တိုင်ကလဲ ပြောစေချင်တယ်။ ဘဘကို မြင်ပြီးတော့ အားကျစေချင်တဲ့ ဆန္ဒပဲ၊ သူတို့ဟာ ဘဘကို အမျိုးမျိုး သွေးဆောင်တယ် ... ဒါပေမယ့် ဘဘက မှန်မှန်ပဲ။ အုပ်ချုပ်ရေး နည်းလမ်းမကျရင်လည်း ခုခံပြောတာပဲ။ ဒီတော့ တစ်နေ့ထက်တစ်နေ့ ဘဘကို ရွံမုန်းကြီး ဖြစ်လာကြဟန် တူပါရဲ့။ ဒီအထဲ ဘဘနေရာမျိုးလိုချင်တဲ့ ဟို ဘယကျော်သူဆိုတဲ့အကောင်က အရင်တုန်းက ဘဘတိုင်ပင်တဲ့ကိစ္စတွေကို ဇေင်ကာ ပြန်ပြောပြတာကိုးကွဲ့။ ဒါတောင် ဘယ်သူဘယ်ဝါလို့ မပြောပြမိပေလို့သာ ... သူရို့လက်အောက်မှာ ဘဘကို နှစ်ပြီး ဘဘသြဇာညောင်းတဲ့လူတွေကို မင်းတို့ သူ့အမှုလဲထမ်းပါ၊ ကိုယ့်မြန်မာ အကျိုးဆောင်ဖို့လည်း မမေ့ပါနဲ့၊ တစ်နေ့နေ့မှာ ငါတို့က အုပ်ချုပ်တဲ့နေရာ များများယူပြီး တစ်လုံးတစ်စည်းတည်း လုပ်ကြံကြရမယ်လို့ စကားသွင်းထားတာကိုး။ ဒါကို ဘယကျော်သူက သံတော်ဦးတင်တော့ အတွင်းစစ်ဆေးကြတယ်၊ သက်သေသက္ကာယ အခိုင်အလုံမရပေမယ့် ဇေင်ကာက ဝန်မင်းကို သူအုပ်ချုပ်စဉ်မှာ မရှုတ်မချ သူကောင်းပြုခဲ့ကြောင်း၊ သို့ရာတွင် ဝန်မင်းသည် စိတ်တစ်ဖြောင့်တည်းသွားပုံ လက္ခဏာမရ၍ ဝန်ရာထူးမှ ဖြုတ်ချလိုက်ကြောင်း၊ ဤသို့ ဖြုတ်ချသော်လည်း ရိက္ခာတော်ကိုမူ တစ်ဝက်မျှပေးကမ်းမည်ဖြစ်ကြောင်း ပြောပြတယ်။ ဒင်းတို့ရိက္ခာ မယူဘူးဆိုရင် သူပုန်နဲ့မခြားဖြစ်မှာကြောင့် ဘာမှမပြောဘဲ ဘဘ ပြန်လာခဲ့ရတယ်။ ဒါဟာ ဘဘအရေးနဲ့ ဘဘတို့ မြန်မာတလိုင်းတို့ အရေးပဲကွဲ့ လူကလေးရဲ့ ...”

“ဒါဖြင့် ဒီလူယုတ်မာတွေ လက်အောက်ကလွတ်အောင် ဘယ်လိုလုပ်မှာလဲ ဘဘရဲ့ ...”

“အတော်တော့ ခက်တာပဲ၊ သူရို့က အုပ်ချုပ်ရေးမတတ်ကြလို့ လိမ္မာအောင် သွန်သင်ပေးမယ်တဲ့၊ ၄-၅ နှစ်နဲ့ ကျုပ်တို့ တတ်ပါပြီ၊ ကျုပ်တို့ဘာသာ အုပ်ချုပ်ပါရစေဆိုရင် သူပုန်ဖြစ်ကြတော့မယ်၊ အမှန်တော့ ကိုယ့်ဘုရင်နဲ့ ကိုယ်နေလာတဲ့လူမျိုး၊ ဒီမျောက်လိုအကောင်တွေက လက်နက်နဲ့ဖိပြီး မတရားအုပ်စိုးတာကို မချိမဆန့် ခံနေရတာကွဲ့။ သန်လျင် ဒဂုံ ပုသိမ် မြောင်းမြမှာရှိတဲ့ မြန်မာတလိုင်းတွေကလည်း စစ်ဘက်ကို နားမလည်၊ စစ်ရေးစစ်ရာမသိ၊ ကျန်းမာရေးဆုတ်ယုတ်၊ စီးပွားရေးပျက်ပြား၊ အမျိုးပျက်၊ ဒီလိုဖြစ်နေတာကို အလျင်အမြန် ပြုပြင်ပြီးမှ လုပ်ရလိမ့်မယ်။ ဘာမဆို လူကြီးတွေဆီက အကြံဉာဏ်ယူပြီး တိုင်တိုင်ပင်ပင် လုပ်ဖို့ပဲ။ ဘဘမှာလဲ စိတ်တူကိုယ်တူ မိတ်ဆွေတွေရှိတော့ ရှေးမီနောက်မီ သမာဓိရှိတဲ့ လူကြီးတွေနဲ့ အကြံဉာဏ်ယူလုပ်ရအောင် စဉ်းစားကြတာပေါ့ကွယ်။ လူကလေးဇာတာကိုလဲ ဘဘက စစ်ဆေးပြီးမို့ လူကလေးမှာ နောက်လိုက်ငယ်သားအများ ကြံအားစည်အားရှိရမယ့် ဇာတာရှင်ဘဲ၊ ပြီးတော့ မြောက်ဘက်တစ်လွှားက မြန်မာဘုရင် တန်ခိုးကြီးပေမယ့် ကုလားကို နိုင်ချင်မှနိုင်မှာ၊ သူရို့ကို အားကိုးလို့ မဖြစ်ဘူးကွဲ့၊ ကိုယ်တို့ကလည်း

Commercial use of this book will be at your OWN RISK.

ကြိုးစားနှင့်ကြမ့်ပေါ့၊ ကိုင်းကိုင်း မင်းလဲ ညောင်းရော့မယ်၊ စဉ်းစဉ်းစားစားနဲ့ အိပ်ပေတော့ကွယ် ...”ဟု လူချင်းခွဲလိုက်ကြလေ၏။

မောင်ဘုန်းမြင့်ကား မိမိအိပ်ခန်းသို့ရောက်လျှင်၊ ညောင်စောင်းပေါ်တွင် မိမိပေါ်လာနိုး ပေါ်လာနိုးနှင့် မျှော်ကိုးရင်း အိပ်ပျော်နေဟန်တူသော ရှင်နန်းနွယ်ကလေး ဘေးက အသာယုဉ်လျက် ပစ်လှဲချပြီးလျှင် ဆက်လက်စဉ်းစားကာနေလေ၏။

ထိုအခါ၌ ကုလားဇဗင်ကာသည် ဗုဒ္ဓဘာသာဘုရားများကို တိတ်တိတ်ခိုး ဌာပနာဖောက်လျက် ရွှေဆင်းတု ငွေဆင်းတုများကို အရည်ကျိုကာ၊ ရွှေပြားငွေပြားလုပ်ပြီး သင်္ဘောပြည်ပို့ကြောင်း၊ မိစ္ဆာဒိဋ္ဌိ ဖြစ်ကြောင်း ဆရာတော် ပြောပြဖူးသည်ကိုလည်းကောင်း၊ နင်တို့ယောကျ်ားလူရွယ်မှန်က ဓားသိုင်း၊ လှံသိုင်း၊ သေနတ်ပစ်၊ မြင်းစီး စသည်တို့ကိုတတ်ရမည်ဟု ၁၅-နှစ်အရွယ်က ယနေ့တိုင် လေ့ကျင့်သင်ကြားပေးပုံ၊ စစ်မှုထမ်းဟောင်းတို့အားခေါ်၍ စစ်တိုက်ခိုက်ပုံတို့ကို တိတ်တိတ်ပုန်း သင်ကြားစေခြင်းတို့ကို ပေါ်ပေါက်လာခဲ့လေ၏။ တစ်ခါတစ်ရံ စစ်သားဟောင်းတစ်ယောက်နှင့် တောပစ်သွားရန် အကြောင်းပြလျက် တောထဲသို့ ရောက်လျှင် သစ်ပင်တစ်ပင်ကို ဓားထစ်လျက် မှန်အောင် လက်တည့်စမ်းရပုံတို့ကိုပါ တွေးမိသောအခါ မိမိနှင့်တကွ လူရွယ်တို့တာဝန် မည်သို့ရှိသည်ကို ရိပ်မိစပြုလာလေ၏။ ယောက္ခမဖြစ်သော သန်လျင်ဝန်မင်း ပြောပြချက်ကို စဉ်းစားမိသောခါ ပူတာကေလူမျိုးမှန်သမျှတို့အား အစိမ်းလိုက် ဝါးစားချင်စိတ်များပင် ပေါ်ပေါက်လာသဖြင့် တော်တော်နှင့် အိပ်မပျော်နိုင်ရှာဘဲ၊ ကြက်ဦးတွန်လောက်ကျမှ ဇနီးသည်အား ကမ္ဗလာ စောင်လျောကျနေသည်ကို ပြင်ဆင်ကာ ခြုံပေးရင်း ခပ်ကွေးကွေးကလေး အိပ်မောကျ၍သွားလေ၏။

နောက်တစ်နေ့နံနက် အိပ်ရာမှ နိုးလေလျှင် မောင်ဘုန်းမြင့်သည် အရင်းနှီးဆုံးသူငယ်ချင်း မြစံနှင့် ရဲဘော်တို့အား ၎င်း၏နေအိမ်သို့ခေါ်လျက် အကျိုးအကြောင်းကို တိုင်ပင်၍နေကြလေ၏။ မောင်ဘုန်းမြင့်သည် သန်လျင်ဝန်မင်းပြောပြသော တိုင်းပြည်၏အဖြစ်အပျက်ကို ပြန်ကြားပြီးလျှင် ...

“ယခု ငါတို့လုပ်ရမယ့် တာဝန်က မသေးဘူး၊ တိုင်းပြည်မှာရှိတဲ့လူတိုင်း ပူတာကေအုပ်စိုးခြင်း မကောင်းပုံ၊ တစ်စတစ်စနဲ့ တိုင်းပြည်နှင့် လူမျိုးဘာသာ သာသနာ ပပျောက်ရမယ့်အရေးကို နားလည်အောင် ပြောပြဖို့လိုလိမ့်မယ်။ ဒီလိုပြောပြဖို့ဟာလဲ လူစုလူဝေးနှင့် ပရိသတ်အလယ်မှာပြောရင် ဒုက္ခဖြစ်ကြမယ်။ ဒီတော့ နီးရာနီးရာ လက်ကုပ်ပြီး ပြောထားကြဖို့ စီမံရလိမ့်မယ်။

အင်း ဒို့လဲ ဒီလိုသဘောရတာပဲ သူငယ်ချင်းရဲ့။ အလွန်အရေးကြီးတဲ့ ကိစ္စကဖြင့် ဒို့လူငယ်တွေရဲ့ အပေါ်မှာ တာဝန်ရောက်ခဲ့ပြီ။ ဒို့တွေ အသက်စွန့် မဆောင်ရွက်ရင် အနှစ် ၄၀-၅၀ အတွင်း ကျွန်စာရင်းက မတက်နိုင်ဘဲ အခက်ကြီး ခက်ကြတော့မယ်။ ဒို့မြန်မာလူမျိုးတော့ ကြည့်ဦးကွဲ၊ ၁၈၃၂-ခုနှစ်မှာ ရှမ်းသိုဟန်ဘွား မတရားအုပ်ချုပ်စိုးမိုးတော့ မင်းကြီးရန်နောင်စတဲ့ လူငယ်တွေ ပုန်ကန်ပြီး အောင်မြင်ခဲ့ကြတယ်။ ဒို့လူမျိုးဟာ ဘယ်လူမျိုးခြားလက်အောက်မှာ တာရှည်စွာခေါင်းငုံ့ပြီး ကျွဲတွေ နွားတွေလို ခံခဲ့မယ်ဆိုရင် နောင်လာ နောက်သားတွေ ကဲ့ရဲ့စရာဖြစ်တော့မယ်။ တကယ်လို့ ဒို့အခုလို ကြံစည်လို့မအောင်မြင်ဘူးထား၊ ဒို့လူမျိုးဟာ အောင်တာမအောင်တာ ဂရုမစိုက်ဘူး၊ လူမျိုးခြားလက်အောက်မှာ ဘယ်တော့မှ ခေါင်းငုံ့ခံနေမယ့်လူမျိုး မဟုတ်ဘူးလို့ ဒို့ရာဇဝင်မှာ နောင်ထင်ပေါ်ပြီး၊ နောင်လာနောက်သားများ ကြည့်ရှုအတုခိုးကြလိမ့်မယ်။ အကြောင်းမှာလဲ လူမျိုးတစ်မျိုးကို အခြားတစ်မျိုးက အုပ်စိုးနိုင်တယ်ဆိုတာ အုပ်စိုးခံရတဲ့လူမျိုးတွေ ညံ့ဖျင်းလို့ ဆိုရမယ်။ ဒို့က လူတွေ အများကြီး၊ လူတိုင်းစိတ်မှာ မင်းတို့အုပ်စိုးတာ မခံလိုဘူး၊ သတ်ချင် သတ်ပစ်လိုက်၊ အကုန်သေရင် အေးတာပဲလို့ မျက်နှာထားတင်းတင်းနှင့် ဆောင်ရွက်ကြလျှင် သူရို့တာရှည်မအုပ်ချုပ်နိုင်ပါဘူး။

Commercial use of this book will be at your Own Risk

ခုတော့ သူတို့ရဲ့ ရာထူးဂုဏ်ထူး လာဘ်လာဘတွေ မျှော်ကိုးပြီး ကိုယ်ကျိုးရှာတဲ့ ဗမာတွေကြောင့် သူရို့က အုပ်ချုပ်နေနိုင်တာ။ ဒီတော့ကာ ရှေးဦးစွာ ကိုယ်ကျိုးရှာသမားတွေကို ပပျောက်အောင် လုပ်ရမယ် ...”

“မင်းပြောသလိုဆိုရင် ဒို့ဟာ အစုနဲ့လုပ်လို့မရဘူး၊ ဒို့ဘာသာတရားကလဲ အတော်ခက်တာပဲကွာ ... သိပ်ခက်တာပဲ”

“ဟေ့ စဉ်းစားမနေနဲ့၊ ဆရာတော်ကို သွားပြီး လျှောက်ထားတိုင်ပင်ကြစို့ ...”ဟု သုံးယောက်သား ချိန်းချက်ကာ တစ်ကွဲစီ အမှတ်တမဲ့ သန်လျင်ဆရာတော်ထံသို့ သွားကြလေ၏။ သန်လျင်ဆရာတော်ကား မင်း ၃–ဆက် မီသော ပုဂ္ဂိုလ်ဖြစ်သဖြင့်၊ တိုင်းပြည်၏ အခြေအနေကို ကောင်းစွာသိရှိတော်မူခဲ့လေ၏။ မြန်မာ လူမျိုးနှင့် ဘာသာ သာသနာအခြေအနေ တစ်နေ့တစ်ခြား ဆိုးရွားခဲ့ပုံကိုမြင်လေ၊ တပည့်တပန်းနှင့် ယုံကြည် စိတ်ချရသော မြန်မာတလိုင်းမှန်သမျှ သတိတရားရရန် တိတ်တိတ်ပုန်း ဟောပြလေ့ရှိသဖြင့်၊ ပူတကေ ဘုရင်ခံမင်းကြီးပင် အထူးဂရုစိုက်ခြင်းကို ခံခဲ့ရလေ၏။ တစ်ဦးစီ အမှတ်တမဲ့ ဆိုက်ရောက်လာသော တပည့် ဟောင်းများကို ဘုရားကျောင်းအတွင်းသို့ ခေါ်ဆောင်သွားပြီးလျှင် အကျိုးအကြောင်း ဆွေးနွေးလျက် ရှိကြ လေ၏။

“အိမ်း ... မင်းရို့ကို ငါသင်ကြားပြသခဲ့တာတွေ စဉ်းစားမိရင်၊ မင်းတို့ ဘာကို ဆောင်ရွက်ကြရမယ် ဆိုတာ စဉ်းစားကြဖို့ပဲ။ ဆောင်ရွက်ရာမှာလဲ သတ္တိရှိသူ၊ နှုတ်လုံသူ၊ အသက်စွန့်ဝံ့သူတွေကို လူရင်းအဖြစ်နဲ့ အသုံးချကြရမယ် ...”

“မှန်လှပါ ... တပည့်တော်တို့သဘော မရှင်းတာကလေး လျှောက်ထားချင်ပါသည် ဘုရား။ တပည့်တော်တို့ဟာ အနုနဲ့မရ သိကြပါပြီ။ အကြမ်းကိုင်ပြီး ခုတ်လားဖြတ်လား လုပ်ဖို့ကလဲ တိုင်းပြည်နိုင်ငံ အတွက် ငရဲကိုကျရင် တပည့်တော်တို့ ရင်စည်းပြီးခံမယ်ဘုရား။ ဒါပေမယ့် လူကြီးအချို့ အစွဲသန်တွေက ငရဲ ကြောက်ပြီး နောက်တွန့်နေရင် အကူအညီ ရတန်သလောက် မရမှာစိုးလို့ ...”

“မိုက်ပါဘိ တပည့်ရယ် ... သီဟိုဠ်မှာ ဒုဋ္ဌဂါမဏိမင်းအကြောင်း ဖတ်ဖူးကြတယ် မဟုတ်လား။ ငါက အဲဒီဝတ္ထုကို ဖတ်ခိုင်းတာ မဟုတ်ဘူး။ ဒီ ဒုဋ္ဌဂါမဏိမင်းကြီးဟာ လူတွေ မရေမတွက်နိုင်အောင် သတ်ဖြတ် ခဲ့တယ် မဟုတ်လား။ အဲဒီလို သတ်တာတွေဟာ သူ့မှာ ငရဲမကြီးဘူး၊ မကြီးတာတွေကို ဆရာ ရှင်းပြမယ် ... ကျေးကုလားတွေဟာ ဗုဒ္ဓဘာသာကို ဖျက်ဆီးနေတယ် မဟုတ်လား။ အဲဒီ ဗုဒ္ဓဘာသာကို ပြန်လည် ထွန်းကားအောင်လုပ်ဖို့ကလဲ ကျေးကုလားတွေသတ်ပြီးမှ အထမြောက်မယ်ဆိုတော့ ကျေးကုလားနိုင်ငံတွေကို ပထမ တိုက်သိမ်း၊ နောက် သာသနာပြုရရှာတာကိုး။ မင်းကြီးဟာ ကျေးကုလားသေတာထက် ဗုဒ္ဓဘာသာ ထွန်းကားရေးကို စဉ်းစားတာကိုး။ ဥပမာ ခြပုံးပုရွက်တက်လို့ ဘုရားစေတီပျက်မှာစိုးတော့ ခြပုံးပုရွက် သေတာ မသေတာ အရေးမထား မစဉ်းစားဘဲ၊ ဘုရားကြည်ညိုစိတ်နှင့် တံမြက်လှဲရင် ကုသိုလ်ရသလိုပေါ့။ ဒီတော့ မင်းတို့တိုင်းပြည်မှာ မင်းတို့လူမျိုး ကြီးပွားချမ်းသာမှ မင်းတို့ကိုးကွယ်တဲ့ သာသနာကြီးပွားမယ်၊ မင်းတို့ ဗုဒ္ဓ ဘာသာ ကြီးပွားလိုတဲ့စိတ်ကို နှောင့်ယှက်သမျှ ကိုယ့်ဘာသာ ကြီးပွားချင်တဲ့စိတ်နဲ့ သတ်ဖြတ်တာ ငရဲ မကြီးဘူး၊ ကုသိုလ်ရမဟဲ့ ...”

“တပည့်တော်တို့ အတိအလင်း လျှောက်ထားရရင်၊ အဖြူအမည်းမရွေး သတ်မှ တပည့်တော်တို့ သာသနာကြီးပွားမှာမို့ အဲဒါကို မေးနေတာဘုရား ...”

Commercial use of this book will be at your own RISK.

“ရှေးက ဒုဋ္ဌဂါမဏိမင်းကြီး ကျေးကုလားတွေ စစ်တိုက်တုန်းက၊ ရဟန္တာအရှင်မြတ်တွေတောင် ဗုဒ္ဓသာသနာ ကြီးပွားရေးဆိုပြီး စစ်တပ်ရှေ့က လိုက်ပါတော်မူကြတယ်၊ ရဟန္တာများပင် လိုက်ပါလေသေးတော့ ပုထုဇဉ်လူသားတွေက ဘာကိုဂရုစိုက်တော့မလဲ ... နိုင်အောင်သာ တိုက်ကြတာပေါ့။ ယခု ငါလဲ ငါတို့ ဘာသာ သာသနာဘေးရန်ကြောင့် ငါတတ်နိုင်သလောက် လုံးပန်းနေရတာ ငါ့တပည့်တို့ စဉ်းစားဖို့ဘဲ၊ နင်တို့ ပျက်စီးရင် ငါတို့ဆွမ်းငတ်ဖို့ဟာ လက်ငင်းဒုက္ခပဲ”

တပည့်ချစ်သုံးဦးကား ဆရာတော် တိုက်ရိုက်မိန့်တော်မမူသော်လည်း၊ တိုင်းပြည်နိုင်ငံ အမျိုးဘာသာ သာသနာ ကောင်းစားအောင် ဆောင်ရွက်ရာ၌ လူကိုသတ်သော်လည်း ငရဲမကြီး၊ ကုသိုလ်ရသည်ဟူသော အဓိပ္ပါယ်များ ပေါ်ပေါက်ရာ များစွာအားတက်နေပုံရလေ၏။ မောင်ဘုန်းမြင့်ကား မိမိ စိတ်ကူး ကြံစည်ရ သမျှကို ဆရာတော်အား ဆက်လက် လျှောက်ထားပြန်လေ၏။

“တပည့်တော် သည်လိုစိတ်ကူးရတယ်ဘုရား၊ လူငယ်တွေ သေအရက်မသောက် ရှောင်ကြဉ်တဲ့ ဝတ်အသင်းတစ်သင်း ဖွဲ့မယ်ဘုရား၊ အဲဒီ ဝတ်အသင်းဖွင့်လိုက်ရင် အသောက်အစား အပျော်အပါး နည်းပါးဖို့ မဟုတ်လား ဘုရား၊ ဒိပြင်အချက်က လှေပြိုင်ပွဲတွေ ကျင်းပဖို့ စိတ်ကူးထားပါတယ်၊ ကုန်းဘက်ကလဲ မြင်းခင်း အတတ်၊ သိုင်းအတတ်၊ လက်ဝှေ့၊ မြားပစ်အတတ်၊ လူပြေးပွဲတွေ ကျင်းပ၊ အလောင်းအစားမရှိတဲ့ ရွှေငွေ ပန်းထိမ်ကျော်များအား ထုလုပ်စေပြီး ဆုတွေပေး၊ အဲဒီလို လူအများ လှုပ်လှုပ်ရွရွဖြစ်ခိုက်မှာ၊ တိုင်းပြည်ရဲ့ အဖြစ် တပည့်တော်တို့လုပ်ငန်းကို လက်ကုပ်ပြီး ပြောပြမယ်ဘုရား ...”

“အိမ်း အခုဖြင့် ဒီနည်းပဲရှိတာပဲ၊ ဒိပြင်နည်းနဲ့ ပူတကေလူမျိုး အုပ်စိုးတာ ဘယ်လို၊ ဒို့အုပ်ချုပ် ချင်တယ်၊ အုပ်ချုပ်သူထဲ ဒို့ပါမယ်ဆိုတာတွေ ဆူရင် မင်းတို့ကြံသမျှ ပျက်စီးကုန်မှာဘဲ၊ ဒီလို ပြောခွင့်ဆိုခွင့် ကိုလဲ သူရို့ပြုကြမယ် မထင်ဘူး ...”

“တပည့်တော် လျှောက်ထားသလို လူတွေ စိတ်ဝင်စားအောင် လုပ်ပြီးတော့မှ၊ တပည့်တော်တို့ လိုတာတွေရအောင် ကြိုးစားမယ် ဘုရာ့ ...”

“အိမ်း ... အပြောလွယ်သလောက် အလုပ်မလွယ်ဘူးကွဲ့နော်၊ ကြပ်ကြပ်သတိပြု၊ ကုလားဖြူတွေက သိပ်ပြီးပါးတယ်။ မြို့ကြီးရွာကြီးတိုင်းမှာ သူတို့လူမျိုး အကြီးအကဲနဲ့ မြန်မာလူငယ် မင်းလုလင်ကလေးတွေ ထားတယ်၊ ပြီးတော့ သူတို့အလိုလိုက်မယ့် လူငယ်ကလေးတွေရွေးပြီး သူလျှိုလွှတ်ထားတာတွေလဲ အမြောက် အမြား၊ သည်တော့ကာ တပည့်တို့မှာ လူယုံသတ်သေရ ဆိုသလို မဖြစ်စေနဲ့၊ အရာခပ်သိမ်း လူကြီးများနဲ့ တိုင်ပင်လုပ်ကြဦး၊ ကိုင်း ကိုင်း သွားကြ၊ ကြာရင် ကျောင်းသားငယ်တွေ စကားပျံ့သွားမယ်”ဟု ဆိုသဖြင့် သုံးဦးသား ထွက်လာကြလေ၏။

Commercial use of this book will be at your OWN RISK.

## အခန်း ( ၆ )

၃–လလောက်ကြာသောအခါ သန်လျင်နယ်နှင့်တကွ ပုသိမ်၊ မြောင်းမြ၊ ဒဂုန်၊ ဒလစသော အရပ်ဒေသများတွင် ရှိဟီးသံ တညံညံနှင့် လောင်းလှေ လှော်ခတ်ခြင်းများကို လေ့ကျင့်၍နေကြလေ၏။ မောင်ဘုန်းမြင့်ကား ပြောရေးဆိုစ လိမ္မာရေးခြား၍ လူကြီးကို လူကြီးအလိုက်၊ လူငယ်ကို လူငယ်အလိုက် တောင်းပန်တိုးလျှိုးပြောဆိုသောကြောင့်၊ ၎င်းအား ကြည်ညိုချစ်ခင်လေးစားသူ တစ်နေ့တစ်ခြား တိုးတက်၍လာလေ၏။ ၎င်းကိုယ်တိုင်မူကား မည်သည့်နေရာတွင်မျှ ခေါင်းဆောင်အမည်မခံဘဲ၊ ယုံကြည်စိတ်ချရသော သူငယ်ချင်းများကိုသာ အကြံဉာဏ်ပေးကာ အတွင်းရေးတို့ကို တိုင်ပင်လုပ်ကိုင်လေ့ရှိခဲ့၏။

သေရည်သေရက် ရှောင်ကြဉ်သော ဝတ်အသင်းများကိုမူ လူကြီးများကိုယ်တိုင် နှစ်ခြိုက်သဘောကျလှသဖြင့်၊ မိမိတို့သားများကို ထိုအသင်းတွင်ပါဝင်ရန် တိုက်တွန်းလျက်ရှိကြ၏။

မြစံနှင့် ရဲဘော်ကား မောင်ဘုန်းမြင့်၏ လူယုံသတ္တိခဲနှစ်ဦးဖြစ်ကြလေ၏။ ငွေကြေးကိုလည်း မောင်ဘုန်းမြင့်ပိုင်ငွေများအပြင် သန်လျင်ဝန်မင်း ကိုယ်တိုင်ကလည်း ပေးကမ်းထောက်ပံ့သောကြောင့် လှေဝယ်ရန်၊ မြင်းဝယ်ရန် ကိစ္စများတွင် လွယ်လင့်တကူ ပြည့်စုံလျက်ရှိလေ၏။ ခြောက်လအတွင်း၌ ၎င်းတို့၏လုပ်ငန်းမှာ သိသိသာသာကြီး တိုးတက်လျက်ရှိလေရာ၊ သန်လျင်ဘုရင်ခံမှာ လူငယ်များ မည်သို့ကြံစည်လုပ်ကိုင်လျက်ရှိသည်ကို အထူးသူလျှိုများဖြင့် အမြဲစေလွှတ်စုံစမ်းလေ၏။ သူလျှိုတို့မှာလည်း လှေပွဲ၊ မြင်းပွဲ၊ လူပြေးပွဲများတွင် အသင်းသားအဖြစ်ဖြင့် ၎င်းတို့ကိုယ်တိုင် ပါဝင်လျက် စုံစမ်းကြလေ၏။ သို့ရာတွင် တစ်စွန်းတစ်စ ထွက်ပေါ်ခြင်းမရှိ၊ ၎င်းတို့ဝါသနာအလျောက်သာ ပျော်ရွှင်ကြသည်ဟု အကဲခတ်ရကြလေရာ ဘုရင်ခံဆီသို့လည်း ထိုအတိုင်း အစီရင်ခံကြလေ၏။ ရှေးအခါက တစ်မြို့နှင့်တစ်မြို့ တစ်ရွာနှင့်တစ်ရွာ မသိဖူး မမြင်ဖူးသောသူများလည်း လူကိုယ်တိုင်ဖြစ်စေ၊ ပေဖူးလွှာနှင့်ဖြစ်စေ စေလွှတ်ရင်းနှီးကြရကား၊ တစ်ဦးအကြောင်း တစ်ဦး ကောင်းစွာအကဲခတ်နိုင်ကြလေ၏။ မောင်ဘုန်းမြင့်သည် နှုတ်အလွန်လုံ၍ သတ္တိရှိသောလူငယ်များကို အကျိုးအကြောင်းလွှဲအပ်ထားလေရာ၊ ထိုလူငယ်များကလည်း အခြားမြို့ရွာများရှိ သတ္တိခဲလူယုံများကို မိမိတို့တိုင်းပြည်၏အဖြစ်အပျက်၊ ပူတကေလူမျိုးများ တိုင်းပြည်ကို မတရားတိုက်သိမ်းပုံ၊ အခွန်ကိုအဆမတန်ကောက်ခံပုံ၊ ၎င်းတို့လူမျိုးများ လက်ဝါးကြီးအုပ်ပုံ၊ လူမျိုးခြားမှန်သမျှ မြန်မာနိုင်ငံကို တံခါးမရှိ ဓားမရှိ ဝင်စေလျက်၊ သာလာယံဇရပ်ကဲ့သို့ ပြုလုပ်ထားပုံတို့ကို စိတ်နာလောက်အောင် ပြောဆို၍ထားကြလေ၏။

နယ်အသီးသီးမှ လှေသင်းခေါင်းဆောင်တို့လည်း ၎င်းတို့ရင်းနှီးရာ လူယုံများအား တစ်စိတ်တစ်ဝမ်းတည်း ဖြစ်စေရန် သွေးညှိထားကြလေ၏။ ထိုခြောက်လအတွင်း၌ပင် ထက်သန်လှသော မြန်မာတလိုင်းတို့၏ စိတ်သည် ပေါက်ကွဲလိုသောဆန္ဒရှိကြရာ၊ မောင်ဘုန်းမြင့်သည် အချိန်မရောက်ခင် မျိုသိပ်နိုင်သလောက် မျိုသိပ်သည်းခံကြရန် တိုက်တွန်းတောင်းပန်ထားရလေ၏။

ပူတကေဘုရင်ခံကား အမြော်အမြင်ကြီးသူဖြစ်သည့်အတိုင်း မြောက်ဘက်တစ်လွှားက မဟာဓမ္မရာဇာမင်းသည် စစ်မက် လက်နက်အင်အားကောင်းကောင်းနှင့် တိုင်းပြည်နိုင်ငံချဲ့ထွင် သိမ်းပိုက်နေသည့်သတင်းကို ကြားသိပြီးဖြစ်ရကား၊ အဆိုပါ ကျန်းမာရေးဗန်းပြသော အသင်းများသည် မိမိ၏စစ်သားများ ဖြစ်ရမည်ဟု ရည်မှန်း၍ထားသောကြောင့်၊ လှေပွဲ မြင်းပွဲများကို ၎င်း၏အစိုးရအဖွဲ့ကပါ ကူညီအားပေးလျက်ရှိလေ၏။

Commercial use of this book will be at your OWN RISK

အခါလည်းမျှကြာသောအခါ သန်လျင်မြို့တွင် အမြို့မြို့အနယ်နယ်မှ လှေလောင်းပြိုင်ပွဲ၊ မြင်းပွဲ၊ လူပြေးပွဲများကို အကြီးအကျယ် ခင်းကျင်းရန် စီမံလေ၏။

မောင်ဘုန်းမြင့်၏ လူငယ်များအဖွဲ့သည်လည်း ပူတကေဘုရင်ခံ၏ စီမံချက်အတိုင်း လိုက်နာကြရန် သဘောတူကြလေ၏။ အမြော်အမြင်ကြီးမားသော လူကြီးအချို့ကမူ မြန်မာဘုရင်ကို လိုလားသည့်အတိုင်း၊ အကယ်၍ ဤလူငယ်များကို ပူတကေဘုရင်၏ စစ်မှုထမ်းများဖြစ်က သူ့ကိုအားဖြည့်သကဲ့သို့ ဖြစ်မည်စိုးသောကြောင့် သဘောမတူဘဲနေကြလေရာ၊ မောင်ဘုန်းမြင့်က မိမိတို့လူငယ်များသည် ပူတကေအစိုးရဆွဲတိုင်းမပါကြောင်း၊ အကြောင်းကုန်သိလိုလျှင် စောင့်ကြည့်ဖို့ လိုကြောင်းများကို ကျေနပ်အောင် ရှင်းလင်းရခြင်းနှင့် ပတ်သက်၍ အချိန်အတော်ကုန်ခဲ့လေ၏။

ကြီးကျယ်သော လှေပြိုင်ပွဲ၊ မြင်းပွဲစသည်တို့တွင် လူငယ်နှစ်သောင်းခန့်ရှိသည်ကို ပူတကေဘုရင်ကြားသိရသောအခါ များစွာဝမ်းမြောက်လျက် ထိုလူငယ်များ၏ လှေပွဲ နောက်ဆုံးဆုပေးသောနေ့တွင်၊ မိမိတို့သည် ဤနိုင်ငံကို အမြဲသိမ်းပိုက်ရန် စိတ်မကူးကြောင်း၊ မြန်မာဘုရင်တို့၏ အုပ်စိုးမှုသည် များစွာချွတ်ယွင်းခဲ့ကြောင်း၊ တန်ခိုးကြီးသော ဘုရင်တစ်ပါးအောက်သာလျှင် တစ်စည်းတစ်လုံးတည်းဖြစ်ပြီး၊ တန်ခိုးငယ်သော ဘုရင်များလက်ထက်တွင် တိုင်းပြည် အစိတ်စိတ်အမွှာမွှာကွဲ၍ အချင်းချင်း တိုက်ခိုက်သေကြေကြကြောင်း၊ ကောင်းစားလျှင် ဘုရင်လုပ်သူများသာဖြစ်၍၊ သေစရာရှိလျှင် ဆင်းရဲသားများသာ သေကြရကြောင်း၊ မိမိတို့သည် ဆင်ဖြူရှင်မင်းတရားကြီး လက်ထက်က ကျိုးနွံစွာ သစ္စာခံခဲ့ကြကြောင်း၊ နောက်ဘုရင်များလက်ထက်တွင် မညီမညွတ်ဖြစ်၍ မိမိတို့ကလည်း အိုးအိမ်စည်းစိမ်အတွက် နယ်ပယ်များကို သိမ်းရကြောင်း၊ မိမိတို့ရည်ရွယ်ချက်အတိုင်းဆိုလျှင် မြန်မာတစ်နိုင်ငံလုံးကို သိမ်းပြီးလျှင်၊ မြန်မာလူမျိုးများ စိတ်သဘောထားပြောင်းလွဲ၍ အာဏာရှိသူတစ်ဦးတည်းလက်အောက်တွင် နေလိုကြသောအခါ ပြန်၍ ပေးအပ်ခဲ့မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခု မိမိလက်အောက်ခံ လူငယ်များမှာ မိမိတို့အကြံအစည်ကို ကူညီလိမ့်မည်ဟု မျှော်လင့်ကြောင်းပြောဆိုရာ၊ အချို့လူကြီးနှင့် လူငယ်များမှာ ဟုတ်နိုးနိုးနှင့် နားယောင်ကြလေ၏။ သို့ရာတွင် မောင်ဘုန်းမြင့် မျိုးချစ်စိတ်ဓာတ်သွင်းပေးထားသော လူငယ်များမှာ တိတ်တိတ်ပုန်းရယ်မောလျက် "ဒီလို မဆီမဆိုင် လူမျိုးခြားတွေက ဒို့ကို သနားတယ်ဆိုတာ ယုံရမှာလား" ဟု ပြောဆိုလျက်ရှိကြလေ၏။

ထိုစဉ်အခါ၌ ခါသာ၊ သက္ကလပ်၊ ဖန်၊ မှန်၊ ပုတီးစသည်တို့ကို ပူတကေလူမျိုးများနှင့် ကုလားမည်းများဦးစီးရောင်းချလျက်ရှိရာ၊ အရက်ရောင်းကြဉ်ရေးမှာ ဘာသာနှင့်ပတ်သက်၍ လစ်လျူရှုကြသော်လည်း၊ နိုင်ငံခြားကုန် သပိတ်မှောက်ရေးမှာ ခွင့်ပြုမည်မဟုတ်ရကား၊ မောင်ဘုန်းမြင့်မှာ အကျပ်အတည်းနှင့် တွေ့ကြုံရလေ၏။ သို့ရာတွင် ၄င်းကိုယ်တိုင်နှင့် သူငယ်ချင်းများအား မိမိတို့အိုးအိမ်တွင် ရက်လုပ်သော အထည်အလိပ်များကို သုံးစွဲရန် တိတ်တိတ်ပုန်း တိုက်တွန်းလျက်၊ အဆင့်အတန်းမြင့်သော အမျိုးသမီးများပင် ကိုယ်စီကိုယ်င ရက်လုပ်ကြရန် သွေးဆောင်၍နေကြရလေ၏။ နိုင်ငံရေးလုပ်ငန်းကိုကား အစအနမျှ မဖော်ပြဝံ့သေးချေ။

အကယ်၍ မိမိတို့ တလိုင်းမြန်မာဟူသမျှ ပူတကေ လူမျိုးခြား အအုပ်အစိုးမခံလိုဟု ပြောဆိုက၊ ပြောဆိုသူတိုင်း သူပုန်ဖြစ်ကြရပေတော့မည်။ ဤသို့မပြောဘဲ လိုက်လျောစွာနေပါကလည်း ၄င်းတို့အုပ်စိုးသည်ကို ကျေနပ်သည်ဟု ထင်ပေလိမ့်မည်။ ဤနည်းလမ်းနှစ်ခုအခြားမှ မည်ကဲ့သို့သွားရမည်ကို ခေါင်းဆောင်သူငယ်ချင်းများနှင့် အကြိမ်ကြိမ် စဉ်းစားကြရပြန်လေ၏။ ယောက္ခမ သန်လျင်ဝန်မင်းနှင့်တကွ ရေးမီနောက်မီလူကြီးများနှင့်လည်း အထပ်ထပ် မေးမြန်းဆွေးနွေးကြည့်လေ၏။ လူကြီးများလည်း အကြံမပေးတတ်၊ ပူတကေလူမျိုးတို့အား ပြောင်ပြောင်ခုခံတိုက်ခိုက်ရန်လည်း အင်အားမရှိ၊ ပူတကေလူမျိုးများ ယုံမှတ်သောသူများအိမ်မှအပ အခြားအိမ်များတွင် ရာဇဝတ်မှုကျူးလွန်သည်ကို အကြောင်းပြကာ၊ သေနတ်ကို မဆိုထားဘိ၊

Commercial use of this book will be at your OWN RISK.

ဓားရှည်များ လှံများကိုပင် ထားခွင့်မပြုချေ။ အကယ်၍ အိမ်တစ်အိမ်၌ လှံတွေ့အံ့၊ ထိုအိမ်ရှင်အား ထောင် ၃–လအထိ ချထားလေ့ရှိခဲ့လေ၏။ အနေအထိုင်အားဖြင့် လွတ်လပ်ချောင်ချိသည်ဟု ဆိုရစေကာမူ၊ လက်နက် တစ်စုံတစ်ရာ မရှိသော လူမျိုးများသည် မည်သို့ ပုန်ကန်နိုင်ပါအံ့နည်း။ မြောက်ဘက် မြန်မာဘုရင်များ အုပ်စိုးရာနှင့် ဆက်ဆံဖို့ရာကလည်း မြန်မာဘုရင်များနယ်နှင့် ထွက်ပေါက်ဝင်ပေါက် ခြေရာစပ်၌ စစ်တပ် အချို့နှင့် ပိတ်ဆို့ထားလျက်ရှိလေ၏။

မောင်ဘုန်းမြင့်ကား မိမိအကြံအတိုင်း အထမြောက်ရန် လူတို့၏စိတ်ကို နှိုးဆွပြီးဖြစ်လေရာ၊ နောက်တစ်နှစ်ခန့် အကြာတွင် ထို့ထက်ပိုမိုနိုးကြားသူများ ပြည့်နှက်မည်ကို မျှော်မြင်မိသောကြောင့်၊ တစ်ဆင့် တက်၍ လုပ်ငန်းကိုတွေးလေ အခက်တွေ့လေဖြစ်၍နေရှာလေ၏။

တစ်ခါတစ်ရံ တိုင်းပြည်၏လွတ်လပ်ခွင့်ကို စိတ်ဝင်စားလွန်းအားကြီးလွန်းသဖြင့် ရှင်နန်းနွယ်ကလေး ကိုပင် ရှေးကကဲ့သို့ မယုယနိုင်ဖြစ်လေရာ၊ ဖခင်၏စကား၊ ခင်ပွန်းသည်၏ စကားများကို မပြတ်ကြားသိရသော ရှင်နန်းနွယ်မှာ အထွေအထူးမရှိ၊ ၎င်းကိုယ်တိုင်ပင် နီးစပ်ရာ အမျိုးသမီးများနှင့်အတူ ဗိုင်းငင်ခြင်း၊ ချည်ချခြင်း တို့ကို စိတ်ပါလက်ပါပြုလုပ်၍နေရှာလေ၏။

မောင်ဘုန်းမြင့်ကား မိမိလုပ်ကိုင်ရာတွင် ရှေးဦးစွာ အနှောင့်အယှက်ဖြစ်မည့်အရာများကို တွေးတော ကြည့်ပြန်လေ၏။ ထိုအခါ၌ မင်းလုလင်များ၊ သူလျှိုများသည်လည်းကောင်း၊ အရာရှိကြီးငယ်တို့သည် လည်းကောင်း ရန်သူဖြစ်ရမည်ကို မြင်မိလေ၏။

ပူတကာဘုရင်ခံကား အမြော်အမြင်ကြီးသူဖြစ်သည့်အတိုင်း၊ မင်းလုလင်များတွင် ပညာတတ်သည် မတတ်သည်ကို ပဓာနမထား၊ မိမိတို့ တလိုင်းမြန်မာအချင်းချင်းကို မိုက်ရူးရဲလုပ်ဝံ့သော တလိုင်းမြန်မာလူငယ် အချို့ကို ခန့်ထားခြင်းဖြစ်ရာ၊ သေနတ် ဓားလှံ ကိုင်တွယ်ရ၍ သွေးကြွလျက်ရှိသော အဆိုပါ မင်းလုလင် တို့သည် တလိုင်းမြန်မာ အချင်းချင်းအပေါ်၌ နှိပ်စက်ကလူပြုလျက် အနိုင်ကျင့်လေ့ရှိကြလေ၏။ သူလျှိုများ ကလည်း လူတစ်ဦးတစ်ယောက် ပြုမူသည်မှာ တိုင်းပြည်နိုင်ငံ ကောင်းစားမှုဖြစ်သည်ဟု သဘောမထား၊ ဖခင်ကြီးများထံ မျက်နှာရအောင် ကြားသိသမျှ သံတော်ဦးတင်လေ့ရှိကြလေ၏။ တလိုင်းမြန်မာ အရာရှိအချို့ မှာလည်း တရားသည် မှန်သည်မှားသည်ကို ဂရုမစိုက်၊ မျက်နှာဖြူ ပူတကေအစိုးရအကြိုက်ကိုသာ စီရင်လေ့ ရှိကြလေ၏။ ထိုကိစ္စများကို မည်ကဲ့သို့ ပပျောက်အောင်လုပ်ရမည်နည်းဟု စဉ်းစားရာ၊ ထိုလူများနှင့် ရင်းနှီးအောင်ပေါင်း၍ မျိုးချစ်စိတ်ဓာတ်ရှိရန် ဟောပြောခြင်းတစ်ခုသာ အဓိကတွေ့ရသဖြင့် လူငယ်များအား အကျွမ်းဝင်ရာတို့နှင့် ဆက်ဆံစေလေ၏။

ပူတကေဘုရင်ခံကား ရှေ့လာဘ်ကိုမြင်တတ်သူ ဖြစ်သည့်အတိုင်း၊ မင်းလုလင်များ ၎င်းတို့အချင်းချင်း ညှဉ်းဆဲကြသည်ကို လစ်လျူရှုခဲ့လေ၏။ အရာရှိပိုင်းမှလည်း ၎င်းတို့မျက်နှာဖြူများမှာ လခရိက္ခာ များများ ယူလျက် တည်ကြည်စွာ တရားစီရင်ကြ၏။ တလိုင်းမြန်မာ အရာရှိငယ်တို့အား လခရိက္ခာ မလောက်မင ပေးသဖြင့် တံစိုးလက်ဆောင်ယူခြင်းကို မသိမသာ ခွင့်ပြုထားလေ၏။ ဦးတစ်ရာယူမှ ၎င်းတို့အား ကြည်ညိုအောင် တစ်ဦးတစ်လေကို အပြစ်ပေးလေ့ရှိ၏။ တိုင်းသူပြည်သားတို့မှာ မြန်မာတလိုင်းတို့ တံစိုးလက်ဆောင် ယူတတ်ပုံ၊ အကယ်၍ ၎င်းတို့အား ရာထူးကြီးပေးက ထိုထက်ဆိုးရွားချေမည်။ ပူတကေ လူမျိုးများ သမာဓိရှိကြပါပေသည်ဟု ထင်မှတ်ကြလေ၏။ ထိုသို့ထင်မှတ်စေခြင်းပင် ပူတကေလူမျိုးတို့၏ ရည်ရွယ်ချက်ပင်ဖြစ်လေသည်။ မောင်ဘုန်းမြင့်သည် ထိုအစွဲအလမ်းများ ပပျောက်အောင် ပြောင်ပြောင် မဟောနိုင်ရကား၊ ရင်းနှီးသူတို့အား လက်ကုပ်ကာ အကျိုးအကြောင်းကို ရှင်းပြရရှာလေ၏။ တိုင်းပြည်တစ်ခု

Commercial use of this book will be at your OWN RISK.

လုံးကို ဖြောင်လိမ်၍ တိုက်သိမ်းသူများသည် ထိုထက် သေးငယ်သောမကောင်းမှုကို အဘယ်မှာလျှင် မပြုဘဲ နေတော့အံ့နည်းဟု လူမျိုးခြားမှန်သမျှ အုပ်စိုးခြင်းခံရသော မည်သည့်နိုင်ငံမဆို ကံဆိုးမိုးမှောင်ကျသည်နှင့် တူကြောင်းပါ မနေမနားပြောနေရလေ၏။ တလိုင်းမြန်မာတို့၏ ဆူပွက်နေသော သွေးတို့သည် ပေါက်ကွဲ တော့မည်ကဲ့သို့ တကဲကဲ ဖြစ်ပျက်နေလေရာ၊ မောင်ဘုန်းမြင့်မှာ ခေါင်းဆောင်အမည်မခံဘဲ အလွန် ကြီးလေးသော တာဝန်ကြီးကို ထမ်းပိုး၍ နေရရှာလေ၏။

သန်လျင်မြို့လယ် ခပ်ကျကျတွင် ကြီးကျယ်ခမ်းနားသော အုတ်တိုက်ကြီးတစ်ခုရှိလေ၏။ ထိုအုတ် တိုက်ကြီး၏ဘေးပတ်လည်တွင်ကား သေနတ်ကိုင်မျက်နှာဖြူစစ်သားများ အမြောက်လည်းများဖြင့် ဝိုင်းရံလျက် ရှိလေ၏။ ထိုအဆောက်အဦကား ပူတကေဘုရင်ခံမင်းကြီး၏ အဆောက်အဦကြီး ဖြစ်လေသည်။ ထိုနေ့ နေပိုင်းတွင် ဘုရင်ခံမင်းကြီးသည် ပူတကေလူမျိုး ကုန်သည်ကြီးများ၊ တလိုင်းမြန်မာ လူကြီးလူကောင်းများ၊ ကုလားမည်းလူကြီးများ၊ အရာရှိများစသည်တို့ကို ကြီးကျယ်ခမ်းနားစွာ ညစာကျွေးမွေးသော နေ့ထူးနေ့မြတ်၍၊ တလိုင်းမြန်မာလူကြီးလူကောင်းနှင့် အရာရှိတို့မှာ ပူတကေ ဘုရင်ခံမင်းကိုယ်တိုင် လက်ဆွဲနှုတ်ဆက်ကာ ဖော်ဖော်ရွေရွေပြုမှုသည်ကို များစွာကျေနပ် သွေးကြွလျက်၊ နှလုံးသားများ ဖိန်းရှိန်းပူထူ၍ သွားကြလေ၏။

အဆိုပါ ထမင်းစားပွဲ၌ ပူတကေနိုင်ငံကြီး၏ ကြီးကျယ်စည်ကားပုံ၊ ပူတကေလူမျိုးတို့၏ ပညာ ဉာဏ်နှင့် တန်ခိုးကြီးပုံ၊ တလိုင်းမြန်မာစသော လူမျိုးများကို တစ်လုံးတစ်စည်းတည်းဖြစ်အောင် မဟာ ကရုဏာနှင့် အုပ်ချုပ်ပုံတို့ကိုပါ ပြောပြလျက်ရှိရာ၊ မြန်မာလူမျိုးတို့ကိုယ်စားဟူ၍ ပူတကေဘုရင်မင်းမြတ် သက်တော်ရာကျော်ရှည်ပါစေ၊ တလိုင်းမြန်မာလူမျိုးတို့သည် ကိုယ့်လူမျိုးအချင်းချင်း အုပ်စိုး၍မဖြစ်၊ အမြဲ မသင့်မတင့် ဖြစ်တတ်၍ ပူတကေအရှင်မင်းမြတ်ကိုယ်စား ယခု ဘုရင်ခံမင်းကြီး သခင်ဘုရားအုပ်စိုးသဖြင့် ရှေးကထက် သာယာဝပြောကြောင်း၊ မြို့ခင်းတိုက်တာ အဆောက်အဦတို့မှာ မဟာဇနက ဇာတ်တော်လာ မိထိလာပြည်ကြီးနှင့်တူကြောင်း စသည်ဖြင့် အားပါးတရ သံတော်ဦးတင်ကာ လျှောက်ထားကြလေ၏။

ပတ်တတ်၊ နွဲ့တတ်၊ ညွှင်းတတ် သတင်းအသုံးတော်ခံတို့ကလည်း ဘုရင်ခံမင်းကြီး သက်တော် ရာကျော်ရှည်ပါစေကြောင်း ဆုတောင်းကာ ကခုန်မြူးတူး၍နေကြလေ၏။ ထမင်းစားပွဲကြီးကား တစ်စတစ်စ လူစဲ၍သွားခဲ့လေ၏။ ပရိသတ်တို့လည်း ပြန်သွားကြပြီဖြစ်ရာ အချို့မှာ အရက်ချိုများယစ်လျက် ပုဆိုး မနိုင့် တနိုင်နှင့် ဖြစ်ပျက်ချင်တိုင်း ဖြစ်ပျက်နေကြလေ၏။

ပူတကေဘုရင်ခံမင်းကြီးကား သက်တော်စောင့် ကိုယ်ရံတော်များနှင့် ၎င်း၏စံအိမ်တော် အပေါ်ထပ်သို့ တက်ရောက်သွားလေရာ၊ ၎င်း၏အပါးမှ မျက်နှာဖြူကိုယ်ရံတော်များ၊ အလိုတော်ရိ တလိုင်းမြန်မာအချို့တို့ အနားကပါသွားကြလေ၏။

အိမ်ပေါ်သို့ရောက်လျှင် ဘုရင်ခံမင်းကြီးသည် တလိုင်းမြန်မာ အရာရှိအချို့နှင့် နီးနှောလျက်ရှိလေရာ၊ ဘယကျော်သူကား နှုတ်လျှာသွက်သွက်နှင့် လျှောက်ထားလျက်ရှိလေ၏။

“ဘယ့်နှယ်လဲ မောင်မင်းများ ... ကနေ့ ညနေစာထမင်းပွဲနှင့် စမ်းသပ်ကြည့်တဲ့အခါ၊ ငါတို့ကို ကြည်ညိုလေးစားတဲ့လူတွေ အလွန်မှ များပါကလား ...”

“မှန်လှပါ ... ဒါဟာ မြန်မာလူမျိုးများရဲ့ သဘောဖြစ်ကြောင်းပါဘုရား၊ ဘုန်းတန်ခိုးအာဏာရှိသူတို့က ပြုလုပ်လျှင် မျက်နှာလိုမျက်နှာရ နောက်တော်ပါးက အမြဲခစားမယ့် လူမျိုးတွေပါဘုရား ...”

Commercial use of this book will be at your OWN RISK

"အင်း ... ဒီအတိုင်းမှန်ရင် ငါကိုယ်တော် ဆောင်ရွက်သမျှ အထမြောက်ဖို့ပေပဲ ..."

"မှန်လှပါ ... တစ်နေ့တစ်ခြား ဘုန်းတန်ခိုးကြီးပြီး၊ မြန်မာတစ်နိုင်ငံလုံး အလွယ်နှင့်အောင်မြင်ဖို့ပါ ဘုရား၊ ဘုရားကျွန်တော် ဘယကျော်သူ အကျယ်လျှောက်ထားခွင့်ကို ရွှေနားဆင်တော်မူပါဘုရား ..."

"အင်း ... မောင်မင်းဟာ ငယ်ကျွန်တော် လူယုံတော်ပညာရှိဖြစ်၍ တင်စေဗျား ..."

"ကျွန်တော်မျိုးတို့ကိုယ်တိုင် အရှင်ဘုရားတို့ကိုးကွယ်တဲ့ ဘာသာမွန် ဘာသာမြတ်ကို အကိုးကွယ်နောက်ကျနေသည့်အတွက် ဝမ်းနည်းမိပါသည်။ သခင်ယေရှု၏ ဘုန်းတော်၊ ဂုဏ်တော်ကိုလည်း နောက်မှ သိရပါသည်။ သည်တော့ကာ အရှင်တို့ ကျွန်တော်မျိုးတို့၏ မွန်မြတ်သော ဇရင်ဂျီဘာသာကို တိုင်းနိုင်ငံတွင် အလွန်များပြားခဲ့ပါက၊ အုပ်ချုပ်ရေးမှာလည်း ကိုယ့်ဘက်သားများဖို့ရာ အကြောင်းရှိပါသည် ဘုရား၊ ဘာသာတရားတွင် လူဝင်ဖို့မှာ အရှင်တို့စီမံတဲ့အတိုင်း ဘာသာဝင်များအား ငွေကြေးပိုမိုထောက်ပံ့ခြင်း၊ ရာထူးရာခံပေးခြင်းတို့ဖြင့် အတော်ပင် လူဦးရေများခဲ့ပါသည်။ ထို့ထက် တစ်ဆင့်တက်ဖို့မှာ ဗုဒ္ဓဘာသာဘုန်းကြီးလူထွက်များအား လခရိက္ခာ စားသောက်လောက်အောင် ပေးကမ်းပါလျှင်၊ သာမန်လူထက် တရားဟော၊ စကားပြောတတ်၊ မိုက်ရူးရဲ လုပ်တတ်လှသောကြောင့် လူပေါင်းများစွာ ကျွန်တော်မျိုးတို့ဘာသာတွင် ဝင်ရောက်ကြပါမည် ဘုရား"

"ဘာသာရေးကိစ္စနဲ့ မပြီးဘူး မောင်မင်း၊ တချို့မြန်မာတွေက သူတို့မြန်မာဘုရင် လာလိမ့်မယ်လို့ ထင်နေကြတယ်။ ကျေနပ်ပုံမရဘူး၊ ဒါ စဉ်းစားဖို့ အရေးကြီးတယ် ..."

"မှန်လှပါ ဒီဟာမှာလဲ မခဲယဉ်းလှပါဘုရား၊ မကျေနပ်တဲ့သူများကို နာနာဖိပစ်လိုက်လျှင် နောက်ဆုတ်ပြီး ကြောက်ရွံ့သွားကြပါလိမ့်မည်ဘုရား ..."

"အို ... ကျွန်ုပ်တို့ ပူတကေလူမျိုးရဲ့ စည်းစနစ်က ဒီလိုမဟုတ်ဘူး။ မကျေနပ်လို့ ဆူပူတဲ့သူတွေကို နာနာပေါင်း၊ ရာထူးကြီးပေး၊ ငွေများ ပေးထားရမယ်၊ ဒီလိုလုပ်ရမတဲ့။ သူ့ကိုမှ နာနာဖိရမယ်၊ ယုတ်စွအဆုံး ကျွန်ုပ်တို့ကိုလည်း လူအကြည်ညိုမပျက်အောင် တစ်နည်းနည်း သတ်ရမယ်၊ တိတ်တိတ်ပုန်း သတ်ရမယ် ဆိုပါတော့။ ဒါဟာ ငြိမ်းချမ်းစွာနေတဲ့သူတွေကို အနှောင့်အယှက်ပေးတဲ့လူတွေမို့ ကျွန်ုပ်တို့ အပြစ်ရှိမယ် မထင်ဘူး ..."

"မှန်လှပါ အရှင်ဘုရားတို့၏ စိတ်သဘောထား ကြီးမားလှ၍သာ မြောက်တန်မြောက် ပြုမူနေကြပါသေးသည်။ ကျွန်တော်မျိုးများသာ အာဏာရှိမည်ဆိုလျှင် တစ်ခါတည်း သုတ်သင်မည်ဖြစ်ပါကြောင်း ..."

"ဒီလိုလဲ ကျွန်ုပ်တို့ ရိုင်းရိုင်းစိုင်းစိုင်းကြီး မပြုမူလိုကြပါဘူး"

"အရှင်သခင်ဘုရား ရွှေဉာဏ်တော်ဖြင့်လည်း ကျွန်တော်မျိုးများ၊ မြန်မာတလိုင်းတို့နှင့် အလွန်ပင် သင့်တော်ပါသည် ဘုရား၊ မြန်မာတလိုင်းလူမျိုးများသည် ဘွဲ့ထူးရာထူးများကို အလွန်နှစ်သက်ကြပါသည်။ လာဘ်လာဘကိုလည်း အလွန်ပင် မျှော်ကိုးကြပါသည်။ တစ်ဦးတစ်ယောက် ကောင်းစားမည်ဆိုပါက အများဆင်းရဲသူကို မညှာမတာ နှိပ်စက်ဝံ့သောလူမျိုးများလည်း ဖြစ်ပါသည်။ တစ်နေရာရာက အသင်းအပင်းအဖွဲ့နှင့် ဆူညံအော်ဟစ်နေသော်လည်း၊ လူကြီးလုပ်သူကို ကိုယ့်ဘက်ပါအောင် ချော့မော့ဖြားယောင်းက၊ ၎င်း၏ ငယ်သားများကို ၎င်းကိုယ်တိုင် ဖြားယောင်းသိမ်းသွင်းပြီး အေးအောင်လုပ်တတ်ကြပါသည်။ ကောက်ရိုးမီး

Commercial use of this book will beat your own RISK

ကဲ့သို့ တစ်ခဏချင်း ဆူတတ်၍၊ အတော်ကြာလျှင် စိတ်ပျက်မေ့ပျောက်တတ်သော လူမျိုးဖြစ်၍ သိမ်းသွင်းနိုင်သမျှ သိမ်းသွင်းသင့်ကြောင်းပါဘုရား”

“ကျွန်ုပ်တို့ စေတနာ သဒ္ဓါတရားနဲ့ ဒီလူမျိုးတွေ ကြီးပွားစေချင်တယ်၊ ကျွန်ုပ်တို့မှာ ဒီနိုင်ငံကို အမှီပြုပြီး ရှေးမင်းအဆက်ဆက်ကတည်းက၊ အကျိုးခံစားခွင့်၊ တိုင်းပြည်နေထိုင်နိုင်ခွင့်ရလို့ ကျွန်ုပ်တို့ တတ်နိုင်သည့်အခါ လူတစ်မျိုးလုံးကို အလိမ္မာ ဖြစ်စေချင်၍သာ၊ သဘော်ပြည်က စရိတ်စက အကုန်အကျခံပြီး အုပ်စိုးနေရခြင်းဖြစ်တယ် မောင်မင်း ...”

“မှန်လှပါ၊ ဤကျေးဇူးတော်ကို ကျွန်တော်မျိုးများ အသိဆုံးဖြစ်သဖြင့်၊ ကျွန်တော်မျိုးနှင့်တကွ မိတ်ဆွေများပါ အသက်နှံ၍ ဘာသာကို ပြောင်းလဲပြီး စိတ်စွဲ ယုံယုံကြည်ကြည်နှင့် အမှုတော်ကို ထမ်းရွက်နေရခြင်း ဖြစ်ကြောင်းပါ ဘုရား”

“မြောက်ဘက်တစ်လွှားက ညောင်ရမ်းမင်းသားတော်ဟာ မကြာခင် ကျွန်ုပ်တို့ကို တိုက်ပြီး သိမ်းလိမ့်မယ်၊ ဒီအခါမှာ ကျွန်ုပ်လက်အောက်ခံ တလိုင်းမြန်မာများ မသေမဝပ်ဖြစ်မှာကို စိုးရိမ်ရတယ် ...”

“မှန်ပါ လက်နက်နှင့်ဖိထားလျှင် ထောင်ထားဝံ့ကြမယ် မဟုတ်ကြောင်းပါ ဘုရား ...”

“တောင်ငူဘုရင် နတ်ရှင်နောင်ကလဲ ကျွန်ုပ်နှင့် ပူးပေါင်းလိုကြောင်း၊ တောင်ငူနိုင်ငံကို အသာတကြည် သိမ်းယူဖို့ အကြောင်းများ အတွင်းစာရထားတယ် မောင်မင်း ...”

“ဒီလိုဖြစ်လျှင် မြောက်ဘက်က မြန်မာဘုရင်ကို ဂရုစိုက်ဖွယ်မရှိပါဘုရား၊ အရှင်ဘုရား၏ဘုန်းတန်ခိုး ကံဇာတာ တက်နေအသွင် ဖြစ်နေပါသဖြင့် စိုးရိမ်ဖွယ် စိုးစဉ်းမျှ မရှိကြောင်းပါ ဘုရား ...”

“နိုင်ငံတော်အတွင်းမှာ လူငယ်များ အလွန်ညီညွတ်နေတယ်လို့ သိရှိရတဲ့အတွက် ဒီလူငယ်များကို သတိထားရမယ် မောင်မင်း ...”

“သူလျှိုများ သတင်းပေးချက်အရ၊ နိုင်ငံတော်ကို ဆူပွက်မည့် အရိပ်အရောင်မထွက်၊ လူငယ်သဘာဝ လေပွဲ၊ မြင်းပွဲနှင့် ပျော်ပါးနေသဖြင့်၊ နောင်အခါ သခင်ဘုရား စစ်ဘက်မှာပင် အသုံးချနိုင်ပါလိမ့်မည် ဘုရား ...”

“ကျွန်ုပ်လည်း ဤသို့ပင်ဖြစ်မည်ဟု မျှော်လင့်ပေသည် မောင်မင်း ...”

ထိုနေ့ည ဘယကျော်သူ လျှောက်တင်ချက်ဟူသမျှကား မင်းလိုလိုက် မင်းကြိုက်တင် ဟူသကဲ့သို့ အလိုတော်ရိပီပီ လျှောက်ထားလျက်ရှိရာ ပူတကေဘုရင်ခံကား များစွာကျေနပ်လျက် အချိန်အတော်ကြာ ညဉ့်နက်မှ ပြန်သွားခွင့်ပြုလိုက်လေ၏။

ပူတကေဘုရင်ခံ အစိုးရိမ်ဆုံးကား လူတစ်မျိုးလုံး ညီညွတ်မှုပင်ဖြစ်လေရာ၊ ကရင်လူမျိုးကို မြန်မာ တလိုင်းတို့က နှိပ်စက်အရေးမထားခဲ့ပုံ၊ တလိုင်းတို့အားလည်း မြန်မာများက နှိပ်စက်ပုံတို့ကို ရာဇဝင်ပေစာများ အနှံ့အပြားကူးစေလျက် လူမျိုးအသီးသီးကို ဖတ်ကြားစေ၏။ တတ်နိုင်သမျှ ကုန်းချောစကားပြုသောကြောင့်၊ သဘောနု၍ အမြင်မကျယ်သော တိုင်းရင်းသားတို့မှာ ကွဲပြားလျက်ပင်ရှိကြရာ၊ ဗရင်ဂျီဘာသာဝင်သော

Commercial use of this book will be at your OWN RISK

တလိုင်း၊ ကရင်၊ မြန်မာတို့မှာ သာ၍ပင် စိတ်ဝမ်းကွဲလျက်ရှိကြလေ၏။ သို့ရာတွင် အမြော်အမြင်ကြီးသော လူကြီးအချို့နှင့် လူငယ်ခေါင်းဆောင်တို့မှာ တိုင်းရင်းသားချင်း ရင်ကြားစေ့အောင် အထူးကြိုးစား ဟောပြော နေကြရလေ၏။

ဘယကျော်သူကား အသက် ၄၀–ခန့်မျှရှိရာ၊ သန်လျင်နယ်တစ်ဝိုက်တွင် တွဲဘက်ဝန်မင်းဟု အထူး ကျော်ဇောသူတစ်ယောက်ဖြစ်လေ၏။ ပူတကေဘုရင်ခံလည်း ၎င်း၏အလိုကို စွမ်းဆောင်သူတစ်ဦးဖြစ်သဖြင့် အခွင့်အရေး ပိုမိုပေးထားလေရာ သန်လျင်တွဲဘက်ဝန်မင်းမှာ တလိုင်း၊ ကရင်၊ မြန်မာ အမျိုးသမီးထဲမှ ဝန်ကတော် ၁၀–ဦးခန့် လက်ရှိထားလျက်၊ အခြား အပျိုဘော်ဝင်စ အမျိုးသမီးကလေးများအား ခေါ်တော် တင်ခဲ့သည်မှာလည်း မရေမတွက်နိုင်အောင်ရှိခဲ့လေ၏။ လင်ရှိမိန်းကလေးများပင် ဖြစ်လင့်စေကာမူ၊ ၎င်း နှစ်ခြိုက်က တစ်နည်းနည်း ကြံဆောင်လေ့ရှိသဖြင့် လက်အောက်ခံ မြန်မာ တလိုင်းအမျိုးသားတို့မှာ ဘယ ကျော်သူအား ရွံ့ကြောက်နေကြလေ၏။

သမီးပျိုအရွယ်ငယ် ချွေးမရှိကြသော အိမ်ရှင်တို့မှာ ဘယကျော်သူအား တန်ခိုးအာဏာကြောင့် လက်သင့်ခံရသော်လည်း ၎င်းတို့ သမီးပျို၊ ချွေးမငယ်အတွက် အထူးစိုးရိမ်ကြရာလေ၏။ မောင်ဘုန်းမြင့်၏ ယောက္ခမ သန်လျင်ဝန်မင်းကား ဘယကျော်သူအကြောင်းကို သိပြီးဖြစ်၍၊ သမီးငယ်အား မောင်ဘုန်းမြင့်နှင့် လျင်မြန်စွာ နေရာချထားခြင်းဖြစ်လေရာ၊ ထိုစဉ်အခါက ရှင်နန်းနွယ်မှာ အိမ်တွင်းအောင်းသည်က တစ်ကြောင်း၊ သန်လျင်ဝန်မင်းအရှိန်ကြောင့် ဘယကျော်သူကိုယ်တိုင် ဝင်ထွက်ခြင်းမပြုဝံ့သည်က တစ်ကြောင်းကြောင့် မသိရှိဘဲ နေလေရာ၊ ရှင်နန်းနွယ်မှာ အိမ်ထောင်ကျပြီးနောက် ခင်ပွန်းသည်၏ ဝါဒအတိုင်း၊ အမျိုးသမီးတိုင်း ခါသာ၊ ကတ္တီပါ၊ သက္ကလပ်တို့ကို ရှောင်ကြဉ်ရေး၊ ဗိုင်းငင်ခြင်း၊ ချည်သဲ့ခြင်းအလုပ်ကို လုပ်ကိုင်ရေးတို့ကို ပြောဆိုဆက်ဆံ ထွက်ဝင်သွားလာနေရာမှ မြင်တွေ့ဖူးသဖြင့်၊ အရူးစွဲ စွဲလမ်း၍နေခဲ့သည်ကို မည်သူမျှ သိကြဟန်မတူသေးချေ။

ဘယကျော်သူကား ၎င်း၏အကြံကြောင့် သန်လျင်ဝန်မင်းထံသို့ ဝင်ရောက်ကာ၊ ယခင်အခါက မိမိသည် သန်လျင်ဝန်မင်းအား အဆိုးချလျှောက်ထားခဲ့ခြင်းမှာ သန်လျင်ဝန်မင်း သက်သာဖို့ရာအတွက် ဖြစ်ကြောင်း၊ သန်လျင်ဝန်မင်းရှေ့တွင် မိမိအပြစ်ပြောခြင်းဖြင့် အကယ်မှန်းတီးသည်ဟု ထင်သောအခါ၊ သန်လျင်ဝန်မင်း၏ ရိက္ခာတော်နှင့် နေထိုင်ရေးပါ ကာကွယ်ခဲ့ပုံတို့ကို ပြောပြရင်း ဝင်ထွက်နေလေ၏။ သန်လျင်ဝန်မင်းကား ဘယကျော်သူ၏စကားကို မယုံကြည်သော်လည်း မိမိ တင်းမာက မိမိတို့အကြံအစည်ကို ထိခိုက်မည်စိုး၍တစ်ကြောင်း၊ မိမိသမီးမှာ အအိုဖြစ်သည် တစ်ကြောင်းများကြောင့် အလိုက်အထိုက် လက်သင့် ခံ၍ စကားပြောရလေ၏။ မောင်ဘုန်းမြင့်မှာ အလုပ် အလွန်များလျက် တစ်ခါတစ်ရံ နေ့ချင်းပြန်၊ တစ်ခါတစ်ရံ တစ်ညအိပ်၊ နှစ်ညအိပ်၊ လောင်းလှေနှင့်ထွက်ကာ အလုပ်လုပ်၍နေလေ၏။

ရှင်နန်းနွယ်ကလေးကား အသက် ၁၆–နှစ်က ကျော်လွန်၍ ၁၇–နှစ်အတွင်း ဝင်ရောက်ပြီဖြစ်သဖြင့်၊ ၁၃–နှစ်အရွယ် ရွှေကန်တော့စွပ် စည်းကြိုးစည်း အရွယ်ကဲ့သို့မဟုတ်၊ အသားအရေ စိုပြည်လျက် ကျစ်ကျစ်ရစ်ရစ် အလှကျက်သရေတိုးခိုက် ဖြစ်လေသည်။ အပျိုဘော်ဝင်ကတည်းက အလွန်အမင်း တက်ကြွသောစိတ်ကို ၁၅–နှစ်အရွယ်တွင် ခင်ပွန်းဇနီးဖြင့် ဖိနှိပ်လိုက်သောကြောင့်၊ ကျန်းမာရေး သွေးသား မျှတညီညွတ်လျက် အစားအအိပ်ကောင်းမွန်လှသဖြင့်၊ ခေတ်မသိသူတို့မှာ အအိုဟုမထင် အပျိုဟုထင်မှတ်ကာ ငေးစိုက်ကြည့်ရှုကြလေ၏။ ထို့နောက် တစ်ဦးက တစ်ဦး မေးမြန်းစုံစမ်းမှ ဇနီးခင်ပွန်းရှိကြောင်း သိကြသော အခါ ရှင်နန်းနွယ်၏ ရုပ်ရည်ကို ပိုမိုချီးမွမ်းကြလေ၏။ ရှင်နန်းနွယ်ကိုယ်တိုင်မှာကား တစ်ခါတစ်ရံ သတိ မေ့လျက်၊ ၎င်း၏ကိုယ်ကို အပျိုဟုထင်မှတ်ရာက ခင်ပွန်းသည် မောင်ဘုန်းမြင့်အား မြင်သောအခါကျမှ

Commercial use of this book will be at your own RISK

မိမိသည် ခင်ပွန်းသည်နှင့်နေရသော အိမ်ထောင်သည်အဖြစ်ကို သတိရခဲ့လေ၏။ ၂-နှစ်တွင်း သားသမီးမရှိ၊ ကိုယ်ဝန်မရှိ၊ လွတ်လွတ်လပ်လပ် ချစ်ချစ်ခင်ခင်နေကြရသောကြောင့် လောကကြီးတွင် ၄င်းတို့ဇနီးခင်ပွန်းထက် ပျော်ရွှင်ကြသူမရှိဟုလည်း မှတ်ထင်ခဲ့လေ၏။

တစ်နေ့သ၌ အသည်ဦးတုတ်စံ၏ သမီးပျို ရှင်ဖြူ၏အိမ်သို့အသွား လမ်းခရီးတွင် နောက်ပါတို့နှင့် ထွက်ကြွလာသော ဘယကျော်သူနှင့် ရင်ဆိုင်တွေ့ကြုံလေ၏။ ရှင်နန်းနွယ်ကလေးကား အမျိုးကောင်းသမီးပီပီ ဣန္ဒြေရရ အခြေမပျက် ခြေလျှင်သွားရာ၊ နောက်ပါ မိငြိမ်းသာပြောမှ သန်လျင်ဝန်မင်းအသစ်သည် ဥမ္မာဒန္တီကို သိဝိရာဇ်မင်းကြီးကြည့်သလို ဝါးမျိုမတတ်ကြည့်သွားကြောင်းနှင့် သိရှိရလေ၏။ ထို့နောက်မှ ဘယကျော်သူသည် မိမိတို့အိမ်သို့ အလည်အပတ်လာကြောင်း၊ ကြားသိရသော်လည်း၊ အိမ်ခန်းအတွင်းက မထွက်ဘဲ အရေးမစိုက် ခပ်အေးအေးနေခဲ့လေ၏။

ဘယကျော်သူ ဝင်ထွက်သွားလာ၍ သုံးလခန့်ကြာသောအခါ၊ ဘယကျော်သူသည် နောက်ပါလူယုံ နှစ်ဦးနှင့် သန်လျင်ဝန်မင်း၏အိမ်သို့ ရောက်ရှိလာလေ၏။ သန်လျင်ဝန်မင်းနှင့် ဝန်ကတော်တို့ တခြား သွားခိုက်ကို လည်းကောင်း၊ မောင်ဘုန်းမြင့် အခြားတစ်နေရာတွင် ရှိခိုက်ကိုလည်းကောင်း စုံစမ်းပြီးမှ လာရောက်ခြင်းဖြစ်ရာ၊ အိမ်ဦးဧည့်ခန်းတွင် မိငြိမ်းသာတစ်ဦးတည်းသာ တွေ့ရလေ၏။ မိငြိမ်းသာအား သန်လျင်ဝန်မင်းတို့ ဘယ်သွားကြသလဲဟု စကားဖာ မေးပြီးနောက်၊ အသည် ဦးတုတ်စံသမီး ရှင်ဖြူ ရက်လုပ်သော အထည်ကို ကြည့်လိုကြောင်း၊ တွဲဘက်ဝန်မင်းက ဆို၍ တောင်းယူခဲ့ရန် ခိုင်းစေလိုက်ရာ၊ မိငြိမ်းသာမှာ သန်လျင်ဝန်မင်းကိုယ်တိုင် ဂရုတစိုက်ခိုင်းစေခြင်းကြောင့် မငြင်းသာဘဲ ထွက်ခွာသွားလေ၏။

ရှင်နန်းနွယ်ကလေးကား အိမ်ရှေ့မှ လူသံကြားသော်လည်း ဂရုမစိုက်၊ ညောင်စောင်းခေါင်းရင်း စင်မြင့် ပေါ်ရှိ လှေလှော်သားအပြည့် လှေလှော်ဟန်ဖြင့် ထုလုပ်ထားသော လှေရုပ်ကလေးကို ကြည့်ရှုကာ ခင်ပွန်းသည်၏ လက်ရာကို ကျေနပ်၍နေလေ၏။ ထိုအခိုက် ကဲလားပေါက်မှ ပုဆိုးစကို လက်တစ်ဖက်က ဆွဲလျက် ဝင်ရောက်လာသော သန်လျင်တွဲဘက်ဝန်ကို မြင်လိုက်ရရာ၊ ခေါင်းနပန်းကြီးလျက် ရင်ကလေး ဖိုလှိုက်ကာ နေမိရှာလေ၏။

"အမယ် ... လှေကလေးက တယ်ကောင်း၊ နွယ်နွယ်ကလေး တစ်ယောက်တည်း မပျင်းဘူးလားကွယ်" ဟု ပြောပြောဆိုဆိုဖြင့် ရှင်နန်းနွယ်၏လက်ထဲမှ လှေကလေးကို ကိုင်တွယ်ကြည့်ရှုလေရာ၊ ရှင်နန်းနွယ်မှာ အသားများ ဆတ်ဆတ်တုန်၍၊ "အို ဘယ့်နှာလဲ၊ ဒါ သူတစ်ထူးအခန်းပါလား၊ တော် ဘယ့်နှာကြောင့် ဝင်လာရသလဲ၊ ခုမြန်မြန်ထွက် ..."ဟု ရန်တွေ့သော်လည်း၊ ဘယကျော်သူမှာ နှုတ်ခမ်းမွေးများ တလှုပ်လှုပ် ဖြစ်အောင် ပြုံးလျက်၊ "နွယ်နွယ့်အခန်းမှန်း သိပါတယ်ကွယ်၊ နွယ်နွယ် ဥမ္မာဒန္တီရဲ့ဇာတ်ကို ဖတ်ဖူးတယ် မဟုတ်လား ..."

"ဖတ်ဖူးတယ်၊ ဟိုက ဘုရားအလောင်း၊ တော်က ခွေးလောင်း၊ ဖယ် ... သွားမယ်"ဟု ကဲလားတံခါး ရှိရာသို့ အလာ၊ ဘယကျော်သူမှာ ရှေ့ကကာဆီးလျက်၊ "နေပါဦးကွယ်၊ စကားတစ်ခွန်းလောက် ပြောပါရစေဦး နွယ်နွယ်ရဲ့၊ ဒီစိတ်နဲ့ ဒီကိုယ် အရှုံးဖြစ်ပြီး သေရတော့မယ် ..." ချွဲပြစ်နေသော်လည်း ရှင်နန်းနွယ်မှာ ဘာကိုမျှ မကြား ထူပူလျက်၊ "တော်ဖယ်ပါ၊ ကျုပ်ထွက်မယ်"ဟု အတင်းတိုးရာ၊ ဘယကျော်သူအမှာ အနကိုင်၍မရ၊ အကြမ်းကိုင်မှ သင့်တော်မည်ဟု သဘောပေါက်ကာ ရှင်နန်းနွယ်၏လက်ကလေးနှစ်ဖက်ကို တင်းကျပ်စွာ ဆွဲယူလိုက်လေ၏။ ရှင်နန်းနွယ်ကား မောင်ဘုန်းမြင့်ကလွဲ၍ မည်သည့် ယောကျာ်းသား၏ အကိုင်အတွယ်ကိုမျှ

Commercial use of this book will be at your OWN RISK.

မခံရဘူးသဖြင့် အလွန်အမင်းရှက်၍ ဒေါသထွက်ကာ အားကုန်ဆောင့်ရုန်းလိုက်ရာ၊ လက်မောင်းအိုး ပြုတ်ကျလုမတတ် နာကျင်လှသော်လည်း မလွတ်ဘဲရှိရလေ၏။

“တော့်နမကို ကြံစည်ပါလား၊ တော့်သမီးကို ကြံပါလား၊ ဟဲ့ အမျိုးယုတ် ... ခွေးကျင့်ခွေးကြံ ကြံတယ်”ဟု စန္ဒကိန္နရီသည် ဘလ္လာတိယမင်းကြီးအား ဆဲရေးသကဲ့သို့ ဆဲဆိုကြိမ်းမောင်းနေသော်လည်း ဘယကျော်သူကား အပြုံးမပျက်၊“ချစ်လို့ပါ ကလေးရယ်”ဟု ရှင်နန်းနွယ်ကလေး၏ နုထွတ်ညီညွတ်သော ပါးပြင်ကလေးကို အတင်းနမ်းရှုပ်မည်အလုပ်၊ ရှင်နန်းနွယ်ကလေးမှာ တတ်အားသမျှ အတင်းရုန်းကန်ကာ ခေါင်းကို အောက်သို့ ငုံ့၍ထားလေ၏။ ဘယကျော်သူလည်း အတင်းဒလကြမ်းပင် ဖက်ယမ်းနေလေရာ၊ တစ်ချီတစ်ချီ၌ သန်မာသော မိန်းကလေးဖြစ်သည့်အတိုင်း လွတ်ထွက်၍သွားလေရာ အတင်းမိအောင်ဖမ်းလျက် ရှိလေ၏။

ထိုစဉ် အသက် ၅၀–ကျော်ခန့်ဟုထင်ရသော ဆီသည်အဘိုးကြီးတစ်ယောက်သည် သန်လျင်ဝန်မင်း၏ အိမ်ပေါက်ဝမှ ဝင်ရောက်ကာ “ဆီ ဆီ ...”ဟု ဟစ်လျက် အိမ်ပေါ်သို့ တက်ခဲ့လေ၏။ အိမ်ပေါ်မှ ဘယကျော်သူ၏ လူယုံနှစ်ယောက်သည် “အိမ်မှာ လူမရှိဘူး မြန်မြန်ဆင်း”ဟု ဆိုလေရာ၊ ဆီသည်ကြီးမှာ ဂရုမစိုက်သကဲ့သို့ “အို ... သူတို့မရှိရင် စားဖိုက ဆီအိုးထဲ ထည့်ခဲ့ရမှာပဲ ...”ဟု ဖွတ်တိုးလာရာ၊ “ဟေ့ အဘိုးကြီး ဆင်း ...”ဟု ဓားကိုယ်စီ ဓားအိမ်ကချွတ်ရင်း မတ်တတ်ရပ်ကြလေ၏။

အဘိုးကြီးကား ဆီထမ်းပိုးကို ဖြုတ်ကာ ဆီအိုးများကို ပြင်ဆင်နေခိုက်၊ လူယုံနှစ်ယောက်သည် ရှေ့သို့တိုးလာလျက် “ဟေ့ အဘိုးကြီး၊ ဓားစာ ဖြစ်ချင် သလား”ဟု ကြိမ်းဝါးစဉ်၊ အဘိုးကြီး၏ အခြေအနေမှာ ပမာမခံ့မြင်ရသဖြင့်၊ တစ်ယောက်က ဓားဖြင့်အခုတ် အဘိုးကြီးသည် ထမ်းပိုးဖြင့် ဓားကိုင်သော လက်ကို ရိုက်ချလိုက်လေ၏။ အခြားတစ်ယောက်ကလည်း တစ်ဖန် ဓားနှင့်ဝင်ပြန်ရာ၊ ယခင်လူကဲ့သို့ လက်ကောက်ဝတ်ကို ရိုက်ချပြီးနောက်၊ လူငယ်နှစ်ယောက် အနားကပ် မလုံးခင် လျင်မြန်သော အဘိုးကြီး၏လက်သည် လူငယ်နှစ်ယောက်၏ နားထင်ကို တုတ်ဖြင့်ရိုက်လှဲပြီး ဖြစ်သည်။

ရှင်နန်းနွယ်ကလေးကား မောသည်ထက်မော၍ လက်လျှော့ရတော့မည်သို့ဖြစ်ခိုက်၊ ပြင်းထန်သော လူရိုက်သံကို ကြားရသဖြင့်၊ ဘယကျော်သူသည် မိန်းကလေးအား လွှတ်ကာ ကဲလားအပြင်ဘက်သို့ လျင်မြန်စွာ ထွက်ခဲ့လေ၏။ ထိုအတွင်း အဘိုးကြီးမှာ အခန်းတံခါးကို ကွယ်မိပြီးဖြစ်၍၊ ဘယကျော်သူ၏ ဦးခေါင်းစွန်း ထွက်လာသည်နှင့်တစ်ပြိုင်နက် ထမ်းပိုးနှင့် ကျကျနန ရိုက်လှဲလိုက်လေရာ၊ ရှေ့သို့ ဟပ်ထိုးစိုက်လဲသွားလေ၏။ အဘိုးကြီးလည်း အပြေးကလေး အခန်းထဲသို့ဝင်ကာ ရှင်နန်းနွယ်ကလေးအား ပွေ့ယူလိုက်ပြီး၊ တီးတိုးစကား ပြောကြားပြီးနောက် အိမ်ပေါ်က ဆင်း၍သွားလေ၏။ ထိုအခိုက် မိငြိမ်းသာ ရောက်လာသဖြင့် လူသုံးယောက် လဲနေသည်ကို မြင်သောအခါ အိမ်နီးချင်းများကို ခေါ်ယူလျက် ကွမ်းတစ်ယာညက်ခန့် အတွင်း ဆူပွက်၍နေကြလေတော့သည်။

လူများ စုရုံးဆူညံလျက်ရှိစဉ်မှာပင် သန်လျင်ဝန်မင်းလည်း ရောက်ရှိလာ၍၊ ရှင်နန်းနွယ်အား အကျိုးအကြောင်း မေးမြန်းလေရာ၊ ရှင်နန်းနွယ်ကလေးမှာ ရှိုက်ငိုလျက် အကျိုးအကြောင်း ဇာတ်ခင်းပြောပြသည်နှင့် တစ်ပြိုင်နက်၊ သန်လျင်ဝန်မင်းမှာ ငယ်ထိပ်သွေးရောက်ကာ ဆင်စွယ်ရိုးတပ် လက်သုံးတော်ဓားရှည်ကြီးကို သွား၍ယူလေ၏။ ဝန်ကတော်ကြီးလည်း ဝန်မင်းအား အတင်းဆွဲထားကာ၊ “ကိုယ်စဉ်းစားပါ၊ ကိုယ့်အကြံတွေ ပျက်ပါ့မယ်၊ လူကြားလဲ ရှက်စရာကြီး ...”ဟု တားမြစ်ထားသဖြင့်၊ “တောက် ... ခွေးမျိုးစော်ကားခံရတယ်၊ ဒီအကောင်ကို ငါ ဘယ်တုန်းကများ အရေးစိုက်လို့လဲ”ဟု ကြိမ်းဝါး၍သာ နေရရှာလေ၏။ အပြင်ဘက်၌ကား

commercial use of this book will be at your own RISK.

ဆူညံသံကြား၍ မင်းလုလင်များရောက်ရှိလာရာ လဲ၍သတိမေ့နေသူများအား ပွေ့ယူလျက် သွေးများကို သုတ်ပေးကြလေ၏။ ဘယကျော်သူသည် သတိရသည်နှင့်တစ်ပြိုင်နက် ဝိုင်းဝန်းကြည့်ရှုနေသူများအား "နင်တို့ ဘဇာကြောင့် လာရသလဲ"ဟု ကြိမ်းဝါးလိုက်ရာ၊ အားလုံးဆင်းပြေးကြလေ၏။ ဝန်ကတော်ကြီးအား မိမိတို့သည် လယ်ခွန်ကိစ္စများအတွက် ဤအိမ်သို့ လာရောက်စဉ်၊ အမည်မသိလူတစ်ယောက်မှ ရိုက်နှက်သွားကြောင်းနှင့် ပြောဆိုရာ၊ ဝန်ကတော်ကြီးသည် မိမိတို့အိမ်ပေါက်ဝတွင် ဖြစ်ပျက်ရ၍ စိတ်မကောင်းကြောင်း အလိုက်အထိုက် ပြောဆို၍လွှတ်လေ၏။

ထိုသတင်းကား အပြင်သို့များစွာမထွက်၊ သန်လျင်တွဲဘက်ဝန်သည် ဝန်ဟောင်းကြီးအိမ်သို့ အခွန်ငွေအတွက်နှင့် လာရောက်စဉ်၊ အမည်မသိလူတစ်ယောက်က ရိုက်နှက်သွားကြောင်းလောက်သာ ပြောဆို၍ နေကြလေ၏။ ဝန်ကတော်ကြီးလည်း သမီးဖြစ်သူအား ဤအကြောင်းများမှာ အခြားသို့ မထွက်သဖြင့်၊ မောင်ဘုန်းမြင့် ပြန်လာက ဘာမျှမပြောဘဲ၊ အများထင်မှတ်သလို သာမန်မျှပြောပြရန် ဆုံးမ၍ထားလေ၏။

ရှင်နန်းနွယ်ကလေးမှာကား မိမိအား ဖက်ယမ်းဆွဲငင်ခြင်းကို ခံရသည့်အတွက် မိမိအဖြစ်ကို ယူကြုံးမရဖြစ်ကာ မောင်ဘုန်းမြင့်အား ဖွင့်ပြောရမည်လည်းအခက်၊ ထိန်ချန်၍ထားရမည်လည်းအခက် ကြုံတွေ့နေရလေ၏။

သစ္စာရှိ၍ မိမိကိုယ်ကို ထိန်းသိမ်းစောင့်ရှောက်လေ့ရှိသော မိန်းမကောင်းတို့မည်သည်မှာ မိမိ ခင်ပွန်းသည် ကွယ်ရာ၌ အခြားယောကျာ်းတစ်ပါးနှင့်တွေ့ဆုံကာ မိတ်ဆွေအဖြစ်ပင် ပြုံးရယ်၍ စကားပြောရိုး မရှိ။ မိမိယောကျာ်းမှတစ်ပါး ထိကပါး ရိကပါး ကိုင်တွယ်ပြုလုပ်ခြင်းကိုလည်း အထူးရှောင်ကြဉ်ရစမြဲ ဖြစ်လေရာ၊ ယခု အသက် ၄၀–ကျော် ဇရာအိုကြီးသည် သမီးချင်း မစာနာ မိမိအား ဆွဲငင်ကာ အတင်း ဗလက္ကာရပြုမူသဖြင့်၊ အလွန်ခံရခက်လျက် မည်ကဲ့သို့ လူယုတ်မာအား ကလဲ့စားချေမှ သင့်တော်မည်ဟု ဒေါသစိတ်ကလေးနှင့် တွေးတောနေမိလေ၏။ တစ်ဖန်လည်း မိမိက မည်သို့မျှစိတ်မပါပဲ၊ တစ်ဖက်သတ် လောဘစိတ်နှင့် ပြုမူသောစိတ်သည် မိမိ၏စင်ကြယ်သောစိတ်ဓာတ်ကို မထိခိုက်နိုင်ဟု ဖြေမိသောအခါ၊ "အို ကိုဘုန်း မသိရင် ပြီးတာပဲ၊ ဘာမှလဲ လွန်ကျူးမိတာမှမဟုတ်ဘဲ"ဟု မချိမဆန့်နှင့် တွေးတောပြန်ရာလေ၏။

Commercial use of this book will be at your OWN RISK.

## အခန်း ( ၇ )

၂–ရက်ခန့်ကြာလျှင်၊ မောင်ဘုန်းမြင့်သည် ဒဂုန်ဘက်သို့သွားရာမှ ပြန်လည်ရောက်ရှိလာလေ၏။ ရေးဦးစွာ သန်လျင်ဝန်မင်းထံသို့ ဝင်ရောက်ကာ ဒဂုန်ဘက်ကလူများမှာ စိတ်ဝမ်းညီညွတ်လျက်ရှိကြကြောင်း၊ သန်လျက်ဘက်က စလိုက်လျှင် သဘောတူဆောင်ရွက်ရန်အသင့်ရှိကြောင်းနှင့် တွေ့ဆုံနှီးနှောပုံများကို ပြောဆိုပြီးလျှင် ဇနီးသည်၏အခန်းသို့ ကူးခဲ့လေ၏။

ရှင်နန်းနွယ်ကလေးကား ကဲလားတံခါးမှထွက်ကာ မောင်ဘုန်းမြင့်၏လက်ကို ဆွဲပြီးလျှင် နှစ်ကိုယ်ယှဉ်တွဲကာ ညောင်စောင်းပေါ်တွင် ထိုင်ကြလေ၏။ ထိုအခါ ရှင်နန်းနွယ်မှာ မိမိသည် အလွန်စောင့်စည်းကျစ်လစ်စွာ နေထိုင်ပါလျက် လူစော်ကားခံရလေခြင်း၊ ကိုဘုန်းရှိလျှင် ဒီလိုဖြစ်မှာမဟုတ်ဘူးဟု တွေးတောဝမ်းနည်းလာကာ မျက်ရည်များလည်း၍လာရှာလေ၏။

မောင်ဘုန်းမြင့်သည် ဇနီးသည်၏မျက်နှာလေးကို အားပါးတရကြည့်ရှု၍ အချစ်၏နှုတ်ဆက်နည်းဖြင့် နှုတ်ဆက်ရင်း ...

"အို နွယ်နွယ်၊ ဘာဖြစ်တာလဲကွယ်၊ ကိုဘုန်း ခရီးသွားတာ ကြာလို့လား ... ၅–ရက်ထဲပါ၊ နွယ်နွယ်က ဒီလိုလွမ်းပြီး ငိုနေရစ်မယ်ဆိုရင် ကိုဘုန်း ခလုတ်တိုက်ပြီးလဲနေမှာပေါ့၊ ကိုဘုန်းတို့ကုသိုလ်ကံက အကြင်လင်မယားအဖြစ် အေးအေးနေခွင့် မကြုံကြိုက်ဘူး၊ ကိုဘုန်းတို့လက်ထက်မှာ အောင်ရင်အောင်၊ မအောင်ရင် နောက်လာနောက်သားများအတွက် နမူနာရစေတော့လို့ အသက်စွန့်ဆောင်ရွက်နေကြရတာ၊ နွယ်နွယ်လဲ အသိသားနဲ့ မငိုပါနဲ့ကွယ်၊ ပြန်လာရင် ပြုံးပြုံးကလေး ကြည့်ပါရစေ"ဟု စကားလေလျှောက်ပြောကာ ချော့မော့၍ နေရလေ၏။

နွယ်နွယ်ကား မောင်ဘုန်းမြင့် တစ်မျိုးထင်၍ ပြောဆိုခြင်းဖြင့် မိမိ၏အဖြစ်ကို ဖုံးကွယ်ပြီးဖြစ်သော်လည်း၊ မောင်ဘုန်းမြင့်၏ ကြင်နာယုယသော ကရုဏာသံသည် အသည်းနှလုံးကို ပိုမို ထိခိုက်လေရကား၊ မောင်ဘုန်းမြင့်၏ လည်ပင်းကိုဖက်ကာ ရှိုက်ငင်ငိုကြွေးမိရှာလေသည်။ မောင်ဘုန်းမြင့်လည်း ရင်ခွင်တွင် ပွေ့ယူကာ ...

"လုပ်ပြန်ပြီ နွယ်နွယ်၊ ကိုဘုန်း အလုပ်ကို ဖျက်ပစ်တော့မှာလား၊ နွယ်နွယ်ကသာ ကိုဘုန်း ခရီးထွက်တိုင်း ဒီလိုငိုရှိုက်နေမယ်ဆိုရင်၊ ကိုဘုန်းမှာ နောက်ဆံတင်ငင်နဲ့ ဖြစ်ရတော့မယ်၊ အလုပ်စခန်းမှာလဲ ဖြောင့်ဖြောင့်သွားနိုင်မှာ မဟုတ်တော့ဘူး၊ မသေလဲပေါင်း သေလဲကံပေါ့၊ တိုင်းပြည်နိုင်ငံအကျိုးအတွက် ကိုဘုန်းဆောင်ရွက်သမျှ၊ နွယ်နွယ်ရဲ့ ဂုဏ်ကျက်သရေ တိုးတက်ဖို့ချည်းပါပဲလို့၊ နွယ်နွယ်ပြောထားတာတွေ မေ့ပြီလားကွယ် ..."ဟု ဝမ်းနည်းသံနှင့်ပြောလေရာ၊ နွယ်နွယ်မှာ ထိုအခါကျမှ မျက်ရည်များကိုသုတ်လျက် ...

"ကိုဘုန်း ဆောင်ရွက်မှာကို ဆောင်ရွက်ပါ၊ ဒီကနေ့တော့ ခါတိုင်းထက် ပိုပြီးလွမ်းလို့ ငိုမိတာပါ၊ နောက်ကို နွယ်နွယ် မငိုတော့ပါဘူး၊ ကိုဘုန်း သဘောတူမယ်ဆိုရင် ကိုဘုန်းသွားလေရာမှာ သေအတူရှင်အမျှ နွယ်နွယ်လဲ လိုက်နာဆောင်ရွက်ဝံ့ပါတယ်"ဟု ပြောပြလေရာ ...

"အဲဒီလိုမှပေါ့ နွယ်နွယ်၊ အေးအေးသက်သာနေရတဲ့ အခါမျိုးမဟုတ်ဘူး၊ ဘာသာ သာသနာနဲ့ တစ်မျိုးလုံးအတွက် ကြီးလေးတဲ့ကိစ္စကို ကိုဘုန်းတို့က နမူနာပြဆောင်ရွက်ခဲ့မှ နောင်ရာဇဝင် တွင်ရစ်တော့မပေါ့ ..."ဟု နွယ်နွယ်၏ မျက်နှာကလေးကို ရွှန်းရွှန်းစားစားကြည့်ရင်း ပြောဆိုလိုက်လေ၏။

တစ်ဖန် မောင်ဘုန်းမြင့်က ဆက်လက်၍ ... "အခု ကိုဘုန်းတို့ ဆောင်ရွက်နေတာကို ပူတကေ ဘုရင်ခံရဲ့ သူလျှိုတွေက အမြဲချောင်းမြောင်းနေတယ်။ ကိုဘုန်းကိုလဲ သူငယ်ချင်းတွေက ခုနေခါ ခေါင်းဆောင် အမည်မခံဘဲနေတာကို ကျေနပ်ကြတယ်။ ခေါင်းဆောင်လုပ်ဖို့ထက် ခရီးတွင်အောင်လုပ်ဖို့က အရေးကြီးတော့၊ ခေါင်းဆောင်လုပ်မယ့်လူငယ်ကိုပဲ အတော်တောင်းပန်ရမယ်။ ဝမ်းသာစရာကောင်းလိုက်တာက ကိုဘုန်းတို့မှာ တွေ့သမျှလူတွေက မိဘတစ်ဦးတည်းမှ ပေါက်ဖွားတဲ့ ညီအစ်ကိုတွေ ကွဲကွာနေရာက ပြန်ပြီးဆုံတွေ့ကြသလို သိပ်ပြီးခင်ကြတာပဲ။ တစ်ဦးကပြောရင် တစ်ဦးက နားထောင်တာပဲ နွယ်နွယ်ရဲ့။ တချို့ စိတ်မထိန်းနိုင်တဲ့ လူငယ်တွေကတော့ အကျွန်တို့ ဆိုးလှချေရဲ့လို့ ငိုကြတယ်။ တချို့ကတော့လဲ ကုလားဖြူတွေကို တွေ့ရာ သချိုင်း သတ်ပစ်မယ်လို့ ကြိမ်းဝါးကြတယ်။ နောက်ဆုံးဆောင်ရွက်ရမယ့် ကိစ္စကတော့လဲ အတော်ပဲ ကြမ်းတမ်းကြရမှာမို့ ခုနေကတည်းက နွယ်နွယ် သဘောကြီးကြီးနဲ့ စဉ်းစားထားစေချင်တယ် ..."

"နေပါဦး ကိုဘုန်းရယ်၊ နောက်ဆုံး သူပုန်ထမှဖြစ်မယ့် ကိစ္စမဟုတ်လား ..."

"အမှန်ပဲ၊ ဒီအခါမှာ ကိုဘုန်းဟာ သူပုန်ကြီး ဖြစ်ရမပေါ့၊ ဒါပေမယ့် ဒီအချိန်က လိုပါသေးတယ်၊ ကိုယ့်လူမျိုးအချင်းချင်း ဘုရင်ကို နန်းချချင်တဲ့အခါမှာဖြစ်စေ၊ လူတစ်မျိုးလက်အောက်က ရုန်းထွက်ချင်တဲ့ အခါမှာ ဖြစ်စေ၊ သူပုန်ထဝံ့မှ ရရှိနိုင်မှာမို့ ကိုဘုန်းတို့ အတွင်းလူငယ်များဟာ ဒါတွေကို နက်နက်နဲနဲ စဉ်းစားထားကြတယ်၊ ဒီတော့ နွယ်နွယ်ဟာ ဒိပြင် ဘာမှမစဉ်းစားဘဲ နွယ်နွယ်တတ်နိုင်သည့်ဘက်က ကိုဘုန်း အလုပ်ကို ကူညီစေချင်ပါတယ် ..."

"နွယ်နွယ်လဲ နေ့စဉ်နှင့်အမျှ စဉ်းစားလျက်ပါ၊ ကိုဘုန်းရဲ့အလုပ်ကို ဘယ်လိုကူညီရပါ့မလဲလို့၊ နွယ်နွယ် စဉ်းစားရသလောက် ကိုဘုန်း နွယ်နွယ့်ကို စွန့်လွှတ်နိုင်တဲ့တစ်နေ့ဟာ ကိုဘုန်းရဲ့ သံယောဇဉ်ကြိုး ပြတ်သွားလို့ ယခုကြံဆောင်နေတာထက် ပိုမို စိတ်ထက်သန်မလားလို့ ..."

"ဒီလိုဟုတ်ရိုးလား နွယ်နွယ်ရယ် ... ခုနေခါ ကိုဘုန်း တခြားကို သွားရောက်ဆောင်ရွက်နေရာက၊ ကိုယ်စိတ်နှစ်ပါး နွမ်းနယ်လာတဲ့အခါ၊ နွယ်နွယ်ရဲ့ မျက်နှာကလေးကိုမြင်ရရင် စိတ်လက်ကြည်လင်ပြီး ပင်ပန်းသမျှ အကုန်ပျောက်တာမို့ အားတစ်မျိုးဖြစ်နေပါတယ် ..."

"ဒီလိုဆိုရင်လဲ နွယ်နွယ်ဟာ ကိုဘုန်းအလိုလိုက်ပြီး အကြိုက်နေဖို့ပါပဲ ..."ဟု နှစ်ဦးရွှင်ပျစွာ ဆက်လက်ပြောဆို၍နေကြလေ၏။

၎င်းတို့နှစ်ဦး၏ စိတ်ကူးရည်ရွယ်ချက်မှာ အသက်အရွယ်နှင့် မလိုက်၊ အလွန် အထက်တန်းကျသောကြောင့် မျိုးချစ်စိတ်မရှိသူ သို့မဟုတ် မျိုးချစ်စိတ်ရှိသော်လည်း မစွန့်စားဝံ့သူတို့အတွက်မှာ ထင်မြင်သဘောပေါက်ရန် ခဲယဉ်းပေလိမ့်မည်။ သို့ရာတွင် အသက် ၁၃-နှစ် ၁၄-နှစ်အရွယ်ကပင် ဘုရင့်အမှုတော်ကို ထမ်းလျက် အမှုကြေကုန်အောင် အသက်စွန့်ဆောင်ရွက်သူများ ရာဇဝင်တွင် အထင်အရှားရှိရကား၊ တစ်မျိုးလုံး တစ်ပြည်လုံး၏ နစ်နာချက်ကို နက်နဲစွာသိရပြီးဖြစ်၍ အမျိုးအတွက် အသက်နှင့်လဲကာ ဆောင်ရွက်ကြတော့မည်ဟု ဇနီးမောင်နှံပိုင်းဖြတ်ကြသည်မှာ အာဇာနည်တို့၏ အစဉ်အလာပင်ဖြစ်ပါသည်။

Commercial use of this book will be at your OWN RISK

နောက်တစ်နေ့ နံနက်ခင်းတွင် မောင်ဘုန်းမြင့်သည် သန်လျင်ဝန်မင်းနှင့်အတူ လက်ဖက်ရည်ကြမ်း သောက်ရင်း နိုင်ငံရေးစကားများကို ပြောကြားဆွေးနွေး၍နေခိုက်၊ မင်းလုလင်များ ရောက်ရှိလာသဖြင့် အထူး အံ့အားသင့်၍နေမိကြလေ၏။

သန်လျင်ဝန်မင်းသည် ဣန္ဒြေမပျက်ကြည့်ရှုကာ ...“ဘာကိစ္စများပါလဲ အမောင်လုလင်တို့ ...”ဟု မေးမြန်းရာ၊ ယနေ့ မွန်းမတိမ်းမီအချိန်တွင် ဘုရင်ခံမင်းကြီး၏ လွှတ်တော်သို့ သန်လျင်ဝန်မင်းနှင့် သားမက် ဘုန်းမြင့်ပါ လာရောက်ရန် အမိန့်ပါကြောင်း စက္ကူမင်ရေးစာကိုထုတ်၍ပြလေ၏။

“ဘုရင်မင်းကြီး၏ အမိန့်တော် ...

သန်လျင်ဝန်မင်းနှင့်တကွ ပုသိမ်၊ မြောင်းမြ၊ ဒလ၊ ဒဂုန်စသော အောက်မြန်မာနိုင်ငံ တလိုင်းသုံးရပ်ကိုပါ အစိုးရတော်မူသော အရှင်ပူတကေ ဘုရင်ခံမင်းကြီး အမိန့်ရှိလိုက်သည် သန်လျင် ဝန်ဟောင်းနှင့် သားမက်ဘုန်းမြင့်တို့။

မောင်မင်းတို့သည် လယ်ပယ် ၂၀–ကျော်အတွက် အခွန်ငွေ လွတ်သင့် မလွတ်သင့်ကိစ္စနှင့် ပတ်သက်၍ တွဲဘက်ဝန် ဘယကျော်သူ သွားရောက်စုံစမ်းရာတွင်၊ မောင်မင်းတို့နှစ်ဦးမှာ တိမ်းရှောင် နေ၍၊ လူဆိုးလူသွမ်းတို့အား မြှောက်ပင့်ပေးသောကြောင့်၊ ဘယကျော်သူနှင့် မင်းလုလင်နှစ်ဦးတို့ အရိုက်အနှက်ခံရကြောင်း အစီရင်ခံကြသည်။ ထိုကိစ္စကြောင့် အထူးစစ်မေးလိုသဖြင့် လွှတ်တော်သို့ လာရောက်ကြရမည်။”

“ကောင်းပါပြီ အမောင်လုလင်တို့၊ လာခဲ့ပါမည် ...”ဟု ပြောဆိုကာ မင်းလုလင်တို့အား လွှတ်လိုက် ပြီးနောက်၊ သန်လျင်ဝန်မင်းမှာ ဒေါပွ၍နေမိလေ၏။ မိမိနှင့် သားမက်မရှိခိုက် သမီးဖြစ်သူအား ဇလက္ခာရ ပြုမူပြီးလျှင် ၄င်းတို့ကပင် တစ်ဖန် အမှုဆင်၍ နှောင့်ယှက်ပြန်ချေပြီတကားဟု စဉ်းစားနေရာက၊ အကယ်၍ သမီးဖြစ်သူအား ဘယကျော်သူ ကြံစည်ပုံကို မောင်ဘုန်းမြင့်အား ပြောပြချေက၊ မောင်ဘုန်းမြင့်မှာ ထို့ထက် ဒေါပွကာ တစ်စုံတစ်ရာ ဖြစ်ပျက်ချေမည်စိုးသောကြောင့် ...

“အဲဒါကိုပဲ ချင့်ရော့ လူကလေးရဲ့ ... ဘယကျော်သူဟာ မင်းမြှောက်စိုးကပ် အလိုတော်ရိလုပ်ရုံသာ မဟုတ်၊ လူကောင်းသူကောင်းတွေကို အလွန်ပဲနှောင့်ယှက်လေ့ရှိတယ်၊ တစ်နေ့က ဘဘရဲ့အိမ်ကို သူလာတော့ ဘယ်သူက ရိုက်နှက်သွားတယ် မသိ၊ ဒါကိုပဲ ဘဘတို့ ခိုင်းစေလေဟန် ဒင်းက ဉာဏ်ဆင်ဘိတော့တယ်၊ အစစအရာရာ သတိထားမှ ဖြစ်ချေမယ်”

“မစိုးရိမ်ပါနဲ့ ဘဘ၊ ကျွန်တော်တစ်ယောက်တည်းရဲ့ အကျိုးနစ်နာမှုကိုစီမံလျှင် ကျွန်တော် ခေါင်းငုံ့ ခံပါတယ်၊ ယခုလို တိုင်းပြည်အမျိုးသားအကျိုး ထိခိုက်အောင် ပြုမူတဲ့သူတွေကိုတော့ ဘယ်နည်းနဲ့မျှ ချမ်းသာပေးနိုင်မည်မဟုတ်ပါ၍၊ တစ်နေ့နေ့မှာ တရားစီရင်ရမည် အမှန်ပင်ဖြစ်ပါတယ် ...”

Commercial use of this book will be at your OWN RISK.

"ကိုင်း ... သူ့နိုင်ငံမှာ သူ့အမိန့် မနာခံလို့တော့ မဖြစ်သေးဘူး၊ ထမင်းစားကြဦးစို့ ..."ဟု အစေအပါး များအား ထမင်းပြင်ဆင်ရန် ခိုင်းစေပြီးနောက် စားသောက်၍နေကြလေ၏။

မွန်းမယိမ်းခင် အချိန်၌မူကား သားအဖနှစ်ယောက်သည် ပူတကေဘုရင်ခံမင်းကြီး၏ လွှတ်ရုံးသို့ သွားရောက်ကြရလေ၏။ အရပ်ထဲမှာလည်း သန်လျင်ဝန်မင်းနှင့် သားမက်မောင်ဘုန်းမြင့်တို့အား လွှတ်ရုံးက ဆင့်ခေါ်ပြီဟု ကြားရသောအခါ၊ ဘာများဖြစ်ကြလိမ့်ဦးမည်လဲဟု နားစွင့်နေကြလေ၏။ ပူတကေဘုရင်ကား သန်လျင်မြို့ပေါ်တွင် လွှတ်ရုံးကြီးတစ်ခု ဆောက်လုပ်ထားကာ အရေးကြီးသောကိစ္စများကို ၄င်းကိုယ်တိုင် စစ်မေးစီရင်လေ့ရှိ၏။ အချို့ကိစ္စများကိုမူ ခုံသမာဓိရုံး အရာရှိများ ခန့်ထားလျက် စီရင်လေ၏။ ရုံးအသီးသီး တွင်လည်း အမှုသည်နှစ်ဖက်မှ ရှေ့နေတို့၏လျှောက်လဲခွင့်ကို ရှေးကထက် ပိုမိုအရေးပေး၍ထားလေ၏။ သန်လျင်ဝန်မင်းသားအဖ လွှတ်တော်ရုံးသို့ရောက်လျှင် အသင့်စောင့်စားနေသာ ကိုယ်ရံတော်တို့သည် ပူတကေ ဘုရင်ခံမင်းကြီးအိမ်တော်သို့ ခေါ်ဆောင်သွားလေ၏။ ဘုရင်ခံမင်းကြီးကိုယ်တိုင် ပြုံးချိုစွာ ဆီးကြိုကာ နှုတ်ဆက်လျက် နေရာထိုင်ခင်းပေးလေ၏။

"ဝန်မင်းတို့ အမိန့်စာများ နံနက်ခင်းက ရရှိပါသလား ..."

"မှန်လှပါ ... မင်းလုလင်တို့ လာရောက်ပေးအပ်ဆင့်ခေါ်လို့ ရရှိကြကြောင်းပါ ..."

"ကျွန်ုပ် မဆင်မခြင် ပြုမူမိပါလျှင် အလွန်ဝမ်းနည်းစရာ ကောင်းပေမည်။ ယခုမူကား ဘယကျော်သူနှင့် ပါလာသော မင်းလုလင်နှစ်ဦးကို စုံစမ်းကြည့်မှ အကြောင်းစုံသိရကြောင်း၊ ထို့အတွက် မိမိ အမိန့်ကို မိမိရုပ်သိမ်း၍ မိတ်ဖြစ်ဆွေဖြစ် စကားပြောဆိုလိုကြောင်း ..." မိန့်ဆိုရာ ...

"ဘယကျော်သူ လာစဉ်က ကျွန်တော်တို့ မရှိကြပါ၊ သူတို့ ဘာသာဘာဝ ဘယ်ပုံဖြစ်ပျက်သည် ကိုလည်း မသိရပါ၊ လယ်ပယ် ၂၀–ကျော်မှာလည်း ထိုက ထွက်သော သီးနှံအားလုံး လေ့လော်သင်းများကို ကုသိုလ်ဖြစ် ထောက်ပံ့ရသည့်အတွက် လယ်ခွန်လွတ်ဖို့ လျှောက်ထားရခြင်းဖြစ်ပါတယ်၊ လယ်ခွန်ကိစ္စ ဆောင်ရွက်မှုအစဉ်အလာမှာလဲ လယ်ဘက်ဆိုင်ရာကသာ စုံစမ်းခွင့်ရှိတယ်လို့ သိရပါတယ် ..."

"ဘယကျော်သူအမှားပဲ ဝန်မင်း၊ သူ့ကိုလဲ ကျွန်ုပ် သတိပေးလိုက်ပါပြီ၊ သည်ဟာနှင့်ပတ်သက်ပြီး အထူးအထွေ ပြောဆိုရန် မရှိပါ၊ ဝန်မင်း၏သားမက် မောင်ဘုန်းမြင့်ကိုလည်း ကြည့်ရှုလို၍ စောင့်စား နေခြင်းဖြစ်ပါတယ် ..."

"မှန်ပါ၊ သည်သူငယ်ပင် မောင်ဘုန်းမြင့်ဖြစ်ပါသည်၊ သူ့အဘိုးမှာ လက်ျာဝင်းမှူးဟောင်းကြီး ဖြစ်ကြောင်းပါ"

"ကြားသိရသလောက် အပေါင်းအသင်းများကို ဉာဏ်အမြော်အမြင်နဲ့ ပြည့်စုံတယ်လို့ အစီရင်ခံကြ ပါတယ်၊ ကျွန်ုပ်ရည်ရွယ်ချက်မှာလဲ ယခုလို အရည်အချင်းရှိတဲ့ လူငယ်များကို ရာထူးပေးလိုတဲ့အတွက်၊ အခွန်ဘက်ဆိုင်ရာ အရာရှိအဖြစ် ရိက္ခာသုံးပိဿာနှင့်ခန့်ထားလျှင် လက်ခံနိုင်မယ်လို့ မျှော်လင့်ပါတယ် ..."

သန်လျင်ဝန်မင်းသည် မောင်ဘုန်းမြင့်၏မျက်နှာကို လေးနက်သောအမူအရာနှင့် ကြည့်ရှုပြီးနောက် ...

"သူ လက်ခံလုပ်နိုင်မယ်ဆိုရင် ကန့်ကွက်စရာမရှိကြောင်းပါ ..."

Commercial use of this book will be at your OWN RISK

"ဘယ့်နှယ် မောင်ဘုန်းမြင့်၊ မင်း ဘဘဘုရားက သဘောတူနေပြီ၊ လက်ခံလိုက်မယ်ဆိုရင် ကျေးဇူး တင်ရမှာပဲ"

"မှန်လှပါ၊ ခုလို လခကြီးတဲ့ ရာထူးရာခံနဲ့ ယုံယုံကြည်ကြည် ချီးမြှင့်တော်မူသည့်အတွက် အထူးပင် ကျေးဇူးတင်ကာ ဝမ်းမြောက်လှပါသည်။ သို့ရာတွင် ကျွန်တော့်မှာ လယ်မြေလုပ်သားနှင့် ဦးစီးလုပ်ကိုင်ရသော ကိစ္စ၊ လူငယ်များ ကျန်းမာမှုဆောင်ရွက်နေကြသည်ကို အားပေးလိုသောကိစ္စများကြောင့်၊ လက်ခံလိုလျက်နှင့် ဝမ်းနည်းစွာ ငြင်းပယ်ရမည် ဖြစ်ပါတယ်..."

"မောင်ဘုန်းမြင့် အိမ်တွင်းစီးပွားရေးကိစ္စကို သည့်ပြင်လူ လွှဲလုပ်ရင် ဖြစ်နိုင်ပါတယ်၊ ကျွန်ုပ် လွှဲအပ်တဲ့ကိစ္စဟာ ကြီးလေးသောတာဝန်နဲ့မို့ သမာဓိရှိသူများနှင့်တော်၍ ပေးအပ်ခြင်းဖြစ်ပေတယ် ..."

"မှန်ပါ ... လက်မခံနိုင်လို့ ဝမ်းနည်းပါတယ်"

"ကောင်းပြီ ... စဉ်းစားပါဦး၊ နောင်အခါ နောင်တမရပါလေနဲ့၊ လိုချင်သူတွေကတော့ အလွန် များပါတယ်၊ ကိုင်းကိုင်း ... သွားနိုင်ကြပြီ ..."ဟု ခွင့်ပြုလွှတ်လိုက်လေ၏။

သားအဖနှစ်ဦးကား လွှတ်တော်အနီးတွင် စောင့်နေသော လှည်းယာဉ်ဖြင့် အိမ်သို့ပြန်ခဲ့ကြရာ၊ သန်လျင်ဝန်မင်းသည် မောင်ဘုန်းမြင့်ကို လေးစားသောအမူအရာဖြင့်ကြည့်ရှုရင်း ...

"လူကလေး သဘောပေါက်ပါ့မလား အောက်မေ့နေတာ၊ သဘောပေါက်ရဲ့ကိုးကွဲ့ ..."

"ဘာ သဘောမပေါက်စရာရှိလဲ ဘဘ၊ ကျွန်တော့်ကို ချီးမြှင့်ချင်လို့မဟုတ်ဘူး၊ ကျွန်တော် နာမည်မခံ ပေမယ့်၊ ကျွန်တော့်အကြံဉာဏ်နဲ့ လူငယ်ပေါင်း မြောက်မြားစွာ စည်းလုံးညီညွတ်နေတာကို သူလျှိုများ သိကြတယ်၊ တစ်နေ့နေ့မှာ ကျွန်တော် ခေါင်းဆောင်လိမ့်မယ်ဆိုတာလဲ ရိပ်မိကြတယ်၊ ဒါ့ကြောင့် ကျွန်တော့်ကို ရာထူးနဲ့အမိဖမ်းကြတာပေါ့ ..."

"ခါတိုင်း အကြိမ်မှာဆိုရင် ဘယကျော်သူရဲ့စကားကို နေရာတိုင်း လိုက်လျောလေ့ရှိတယ်၊ သည်တစ်ကြိမ်မှာ ဘယကျော်သူကို ယုံစားတော်မမူသလို လုပ်လိုက်ခြင်းဖြင့်၊ ဘဘတို့သားအဖကို လက်ကိုင် ပြုလိုကြောင်း ထင်ရှားနေတယ်"

"ခုနေအခါမှာ ကျွန်တော့်ကို သိပ်ပြီး အားကိုးကြတယ် ဘဘရဲ့၊ မြစ်နဲ့ ရဲဘော်တို့လည်း သတ္တိ ရှိပေမယ့် အကြံဉာဏ်တော့ ကျွန်တော့်ကို အားကိုးပြုရက်ပဲ၊ တကယ်လို့များ ပူတကေဘုရင်ခံရဲ့ဘက်က အုပ်ချုပ်ရေးထောက်ခံတဲ့အလုပ်ကို ကူညီပြီးလုပ်ကိုင်ရင် အကုန် ရင်ကွဲပက်လက် ဖြစ်ကုန်ရှာကြတော့မယ်၊ မလုပ်ရက်ပါဘူး ဘဘရယ် ..."

"သာဓု သာဓု ... ဒီလို သန့်ရှင်းတဲ့စိတ်ရှိမှ အဖိုးတန်တာပဲကွဲ့၊ ပူတကေဘုရင်ခံဟာလဲ အမြော် အမြင်ကြီးပါပေတယ် ..."ဟု ပြောစဉ် ဝင်းပေါက်သို့ရောက်ရှိလာကြလေ၏။

သန်လျင်ဝန်မင်း၏ အိမ်ဝင်းပေါက်၌ကား လူ ၄-၅၀ ခန့် စုဝေးစောင့်ဆိုင်းနေကြရာ၊ လှည်းပေါ်က ဆင်းလျှင်ဆင်းချင်း အကျိုးအကြောင်းကို မေးမြန်းကြလေ၏။ ဝန်မင်းနှင့် မောင်ဘုန်းမြင့်လည်း ပူတကေ

Commercial use of this book will be at your OWN RISK.

ဘုရင်မင်းကြီးက အမှုရှိ၍ ဆင့်ခေါ်ခြင်း မဟုတ်၊ တိုင်ပင်စရာကိစ္စရှိ၍ ခေါ်ယူခြင်းဖြစ်ကြောင်းကို ပြောဆိုသော အခါကျမှ၊ စိတ်အေးကျေနပ်သော လက္ခဏာနှင့် ဒီလိုဆို ကောင်းပါလေရဲ့ဟု ပြောဆိုကာ ပြန်သွားကြလေ၏။ ထိုလူစုထဲမှ မြစ်နှင့်ရဲဘော်ကား ပြန်မသွားကြသေးဘဲ မောင်ဘုန်းမြင့်အား တီးတိုးကပ်ရပ်မေးမြန်းရာ၊ မောင်ဘုန်းမြင့်လည်း အကြောင်းစုံပြောပြမှ သာလွန်ကျေနပ်လျက် အခြားလုပ်ငန်းကိစ္စများကို ဆက်လက် ပြောဆို၍နေကြလေ၏။

ဘယကျော်သူကား သန်လျင်ဝန်ဟောင်းနှင့် သားမက်တို့အား အဆင်းတွန်းသော်လည်း မအောင်မြင် သဖြင့် အခဲမကြေဘဲ နေခဲ့ရလေရာ၊ ရှင်နန်းနွယ်ကလေးအားလည်း စွဲလမ်းလွန်းအားကြီးသောကြောင့် အရူး ကဲ့သို့ ဖြစ်၍နေလေ၏။

တစ်ခါတစ်ရံ ၎င်း၏ဇနီးများကိုပင် "နွယ်နွယ် ... နွယ်နွယ်"ဟု ယောင်ယမ်း ခေါ်ငင်မိသဖြင့် တိတ်တိတ်ပုန်း ပြုံးမိကြလေ၏။

၎င်း၏စိတ်တွင် ရှင်နန်းနွယ်ကလေးအား အရယူဖို့ အကြံအစည်မလျှော့သေး။ ချောင်သည်နှင့် တစ်ပြိုင်နက် ခိုးယူပေါင်းသင်းရန် တပည့်များနှင့် တိုင်ပင်၍ထားလေ၏။ အရက်သောက်ရ၍ ငွေကြေး ဖောဖောသီသီ သုံးစွဲရသော ဘယကျော်သူ၏ တပည့်ကျွန်များမှာလည်း၊ ဆရာခိုင်းစေသမျှ အသက်စွန့် ဆောင်ရွက်ကြသူများဖြစ်သဖြင့်၊ အကယ်၍ ရှင်နန်းနွယ်ကလေးသည် မောင်ဘုန်းမြင့်အား အကျိုးအကြောင်း ပြောဆိုထားပါက၊ မောင်ဘုန်းမြင့်မှာ အပေါင်းအသင်း သူငယ်ချင်း ပေါများသူဖြစ်သည့်အတွက်၊ တစ်စုံတစ်ရာ ဖြစ်နိုင်ဖို့ အကြောင်းမရှိပေ။ ယခုမူကား မောင်ဘုန်းမြင့် စိတ်မကောင်းဖြစ်မည်စိုး၍ ဖုံးကွယ်ထားသောကြောင့်၊ လစ်သည်နှင့်တစ်ပြိုင်နက် မည်ကဲ့သို့ဖြစ်ပျက်မည်ကို ၎င်းကိုယ်တိုင် တွေးတောပူပန်နေဟန် မတူတော့ချေ။

မောင်ဘုန်းမြင့်ကား ယခုအခါတွင် တိုင်းရေးပြည်ရေးက ပိုမိုအရေးကြီးခဲ့လေ၏။ မဟာဓမ္မရာဇာ ဘုရင်မင်းမြတ်သည် တောင်ငူဘုရင်အား ထီးနန်းကို တိုက်ခိုက်အနိုင်ရသော်လည်း၊ တောင်ငူဘုရင်၏ စည်းစိမ်ကို မရှုတ်မချဘဲ ပေး၍ထားခဲ့သောကြောင့်၊ တောင်ငူဘုရင်မှာ ပူတကေဘုရင်နှင့် စကား အဆက် အသွယ်ရှိသည်ဟု ကြားသိရသောကြောင့်တည်း။

အကယ်၍ တောင်ငူသည် ပူတကေဘုရင်ခံ၏ လက်အောက်သို့ ရောက်ရှိသွားပါက၊ ဟံသာဝတီကို တိုက်ခိုက်သိမ်းယူရန် ခဲယဉ်းတော့မည် မဟုတ်ချေ။ ဟံသာဝတီ ကုလားလက်ထဲပါပါက အထက်နိုင်ငံ မြို့ရွာများမှာ ကုလားလက်နက်နိုင်ငံဖြစ်၍ မြန်မာတစ်ပြည်လုံး ကုလားဖြစ်မည်ကို တွေးတောပူပင်လှကာ၊ ကုလားဖြူများ၏ အုပ်ချုပ်ရေးတွင် သွေးစမ်းသည့် သဘောဖြင့် အနှောင့်အယှက်ပေးရန် နည်းလမ်းများကို လူငယ်တို့နှင့် လှည့်လည်တိုင်ပင်လျက် နေရလေ၏။

အဝနေပြည်တော်တွင် စိုးစံလျက်ရှိတော်မူသော မဟာဓမ္မရာဇာမင်းတရားကြီးသည် အလွန်စိတ်ချ ယုံကြည်ရသော မင်းကြီးသက်တော်ရှည်၊ စစ်ဘုရင်ချုပ်၊ သံတော်ဆင့်တို့နှင့် တင်ဆက်လွှာတစ်စောင်ကို စဉ်းစား၍နေကြလေ၏။ သံတော်ဆင့်မင်းကား ဘုရင်မင်းမြတ် ရွှေနားတော်ကြားရုံမျှ တိုးတိုးဖတ်ကြားလျက် နေလေ၏။

Commercial use of this book will be at your OWN RISK

"ဘုရားရှေ့ဘုန်းကို ခိုလှုံလျက် စုံစမ်းသိရှိရသမျှ သံတော်ဦးတင်လွှာကို ရှိခိုးဆက်သပါသည် ဘုရား၊ ယခုအခါ ဇေင်ကာသည် ပူတကေဘုရင်ခံမင်းကြီးဟု အခေါ်ခံလျက်၊ သန်လျင်နယ်တစ်ဝိုက် ပုသိမ်၊ မြောင်းမြ၊ ဒဂုန်၊ ဒလ စသည်တို့ကို အုပ်စိုးနေရာ၊ ဆားချက်သောဒေသမှ ဘုရားနိုင်ငံတော်သို့ ဆားမပို့ရန် ပိတ်ပင်လျက်ရှိပါသည် ဘုရား။ ဟံသာဝတီတွင် ဆင်တပ် မြင်းတပ်ကာ၍ ဆားချက်ခဲ့ရ သလို စိုးရိမ်ဖွယ်ဖြစ်ပါသည် ဘုရား။ ဘုရားပုထိုးတို့ကိုလည်း ဖောက်ထွင်းဖျက်ဆီးနေပါသည် ဘုရား။ ဘိုးတော်ဘုရား ကျေးကျွန် တလိုင်း၊ မြန်မာ၊ ကရင်လူမျိုးတို့အားလည်း မိစ္ဆာဒိဋ္ဌိဘာသာကို သွတ်သွင်းနေပါသည် ဘုရား။

ကြာလျှင် ကုလားဇေင်ကာ၏ အလုံးအရင်း ပိုမိုမြဲဖို့ရာ များပါသည်ဘုရား၊ တောင်ငူဘုရင် ကိုလည်း ယုံကြည်တော်မမူရန် အရေးကြီးပါသည် ဘုရား။ ကြက်ရိုးပင်စားသည် တောင်ငူဘုရင်နှင့် ဇေင်ကာတို့ ပူးပေါင်းရေးကို ဆက်သွယ်နေကြောင်း ကြားသိရပါသည်။ ဇေင်ကာသည် တစ်နှစ် နှစ်နှစ်အတွင်း အားအင်ဖြည့်တင်းလျက် ဟံသာဝတီကို ရှေးဦးစွာတိုက်မည့် အကြောင်းကိုပါ သိရပါသည်။ ကျွန်တော်၏ သားငယ်သည် အပေါင်းအသင်းနှင့်ပြည့်စုံ၍ သန်လျင်တွင် အတွင်းသူပုန် ထမည် ကြံစည်နေရာ၊ ဘုရားခွင့်ပြုတော်မူလျှင် တတ်အားသမျှ ကူညီလိုသောဆန္ဒရှိပါသည် ဘုရား။ ဇေင်ကာမှာ သူလျှိုများထားသဖြင့် သတင်းစကား ကြားသိအောင် ပြုလုပ်ရသောအရေးမှာ အေးအေး လွယ်လွယ် မဟုတ်ပါ၊ အသက်စွန့်ဆောင်ရွက်ရကြောင်း ဘုရားသိတော်မူပါသည် ဘုရား ...

အမတ် လက်ဝဲစည်သူ"

"ဘယ့်နှယ်လဲ သားတော်များ ... ဇေင်ကာရဲ့နိုင်ငံကို ဝင်ဖို့ တက်ဖို့ အတော်ခဲယဉ်းပေမယ်၊ လက်ဝဲ စည်သူဟာ ခမည်းတော်ဘုရားလက်ထက်ကတည်းက လက်ရုံးရည်၊ နှလုံးရည်နဲ့ ပြည့်စုံလို့ ငါကိုယ်တော် မြတ်၏ တပ်မတော်မှာ စစ်ကဲကြီးလုပ်ပြီး အမြဲပါတော်မူတယ်၊ သူ့တပ်ကသာဖြင့် နောက်ဆုတ်ပေါက်ယိုခြင်း မရှိခဲ့ပေဘူး၊ ယခု ခိုင်းတော်မူတဲ့ကိစ္စမှာလည်း သတင်းရအောင်ယူလို့မို့ နေပြည်တော်အရောက် ပေးပို့ နိုင်တာများ အလွန်ပင် ချီးမြှောက်သင့်ပါပေတယ် ..."

"မှန်လှပါ ... ဘုန်းတော်ကျွန်ဖြစ်သောကြောင့် သတ္တိအရည်တူရာ ကျွန်ကောင်းများ ရောက်ရှိလာရစမြဲ အတိုင်း ဖြစ်ကြောင်းပါဘုရား ..."

"သူ့အလိုဆန္ဒအတိုင်း မောင်မင်းတို့ ဘယ်လိုသဘောရကြသလဲ ..."

"မှန်လှပါ ... အပြင်က မည်မျှအားကောင်းသော်လည်း ခံတပ်လုံက တာရှည်ခုခံနိုင်ပါသည်။ အတွင်းရန်၊ အတွင်းသူပုန်ရှိက အပြင်ရန်ထက် စိုးရိမ်ရသောကြောင့် ဘုရားအလိုတော်ကို မကြာမီ ပြည့်စုံတော် မူမည်ဖြစ်ကြောင်းပါ ဘုရား"

"ကောင်းပြီ မောင်မင်း ... စာပို့သူ မြင်းစေကျော်ကို ဇော်တပုံချီဘွဲ့နှင့် ငွေသုံးပိဿာ သနားပါဘိ၊ ကိစ္စအဝဝ ဆောင်ရွက်ရာ၌ စိတ်ချရန်လည်း မှာလိုက်ပါဘိ ..."ဟု မိန့်ဆိုကာ အတွင်းဆောင်သို့ ဝင်တော် မူသည်။ အမတ်ကြီးနှင့် သံတော်ဆင့်မင်းတို့လည်း မြင်းစေကျော်အား အောက်ပြည်အောက်ရွာ၏ အကြောင်း များကို ဆက်လက်မေးမြန်း၍နေကြလေ၏။

Commercial use of this book will be at your OWN RISK

"မှန်လှပါ ... ဘုန်းတော်ကြီးဘုရားကို သံတော်ဦးမတင်ဝံ့၍သာ နေရပါသည်။ ပူတကေလူမျိုးတို့ အင်အားမှာ အထူးများပြားလျက်ရှိကြောင်းပါ။ သဘော်ပြည်မှလည်း ရှေ့အလားအလာကို မြော်ထောက်ပြီးလျှင် သဘော်များ၊ အမြောက် သေနတ် ခဲယမ်းမီးကျောက်များသာ ယူဆဲပါ ဘုရား ..."

"အနို့ မောင်မင်း ... ဇေင်ကာရဲ့ လက်အောက်ခံ တလိုင်းမြန်မာတို့မှာ ဇေင်ကာ အုပ်ချုပ်တာ ကျေနပ်ကြရဲ့လား၊ ကုလားဖြူကို သဘောကျလေရောတဲ့လား ..."

"အချို့မှာလဲ ဇေင်ကာအုပ်စိုးပုံဟာ မြန်မာဘုရင် အုပ်စိုးပုံထက်ကောင်းတယ်လို့ သဘောကျနေကြပါတယ်။ အချို့မှာလည်း ဓားနီးရာ ကြောက်ရွံ့ရှိသေနေကြကြောင်းပါ။ အချို့မှာလည်း ဘုန်းတော်ကြီးဘုရား ချီတော်မူလာမည်ကို မျှော်လင့်နေကြကြောင်းပါ ဘုရား ..."

"တယ်တော်တဲ့လူတွေ မောင်မင်း ... ကိုယ်စွမ်းကိုယ်စနဲ့ ဒင်းတို့ အုပ်ချုပ်မခံဘူး၊ အကုန်သေသွားရင် သူ့ကျွန်အဖြစ်ပင် သက်သာသေးတယ်လို့ သဘောမထားနိုင်ကြဘူးလား ..."

"ကိုယ်ရေးကိုယ်တွက်သာ အသက်ကို ငဲ့ညှာကြဖို့ကတော့ ခဲယဉ်းကြောင်းပါဘုရား ..."

"သွေးသောက် လက်ဝဲစည်သူရဲ့သား ဆိုတာကကော ..."

"သည်လုလင်ကတော့ အတွင်းကြိတ် ကြံစည်နေဆဲပါပဲ၊ မည်သို့ ကြံစည်နေကြောင်းကို မသိရသေးပါ ဘုရား"

"လွန်ခဲ့တဲ့ ဆယ်နှစ်လောက် ကလေးအရွယ် လိုက်ပြေးလာတဲ့ သတ္တိကိုထောက်ဆရင် သွေးသောက် လက်ဝဲစည်သူရဲ့ သူရသတ္တိမျိုး လာလိမ့်မယ်ထင်ပါ့ မောင်မင်း ..."

"မှန်ပါ ... လူငယ်တိုင်း ကြည်ညိုကိုးစားခြင်းမှာ သတ္တိ ဗျတ္တိကြောင့်ပင်ဖြစ်ပါသည်။ အရုပ်အမောင်းမှာလည်း အဖ စစ်ကဲကြီးထက် လက်တစ်ဝါးခန့်မြင့်၍ အင်္ဂါရုပ် အလွန်ကောင်းပါသည် ဘုရား ..."

"အိမ်း ... ဒင်းတို့လူရည် ကြည့်ရဦးမှာပဲ၊ ကောင်းပြီ ကောင်းပြီ၊ မောင်မင်း ဘွဲ့ပုံစာချွန်နဲ့ ဆုတော်ငွေကို လွှတ်ရုံးဖွင့်ချိန်မှာ အသနားတော်မြတ်ခံရမယ်"ဟု မိန့်ဆိုပြီးနောက်၊ မြင်းစေကျော်လည်း လက်ယုက်ရှိခိုးကာ ထွက်ခွာသွားလေ၏။

❧ ❧ ❧

နေမင်းသည် ကောင်းကင်အနောက်ဘက်ပိုင်းတွင် ထန်းတစ်ဖျားသာသာခန့်၌ တိမ်ဖြူတိမ်ညိုများ ပြေးလွှားနေသည့်အတွင်းမှ ဂေါယာကျွန်းသို့ ယွန်းတော့မည့်ဟန် ပြင်လျက်ရှိလေ၏။ လှိုင်းအိကြီးများဖြင့် ဖောင်းကြွပိန်ခွက်၍နေသော ရေပြင်တွင် အလင်းရောင်လက်လျက် ရွက်လှေများ၏ မည်းမည်းသဏ္ဌာန်ကိုလည်း သန်လျင်ဘက်မှ ကြည့်ရှုတွေ့မြင်နိုင်လေ၏။ ထိုအချိန်၌ သန်လျင်မြို့တောင်ပိုင်းတွင် ပိုးရောချည်ဖောက် တိုင်လျက်၊ လွန်းကလေးများကို ဘယ်ညာကူးကာ တေးသံကလေးကြူးကာ ရက်ကန်းယက်နေသော အသက် ၁၆–နှစ်ခန့်ရှိ သူငယ်မပျိုတစ်ဦးကိုလည်း မြင်တွေ့နိုင်လေ၏။

Commercial use of this book will be at your OWN RISK.

ထိုအခိုက်မှာပင် ရက်ကန်းယက်နေသော မိန်းမပျိုရှိရာသို့ အသက် ၁၇–နှစ်ခန့် မိန်းမပျိုဟု ထင်ရသော သူငယ်မတစ်ဦးနှင့် အစေခံနှင့်တူသော အသက် ၂၀–ခန့် မိန်းမပျိုတစ်ဦးတို့ လာရောက်ကြလေ၏။ ရက်ကန်းယက်နေသာ သူငယ်မလည်း လွန်းများကို လက်ခတ်ဘောင်တွင် တင်ခဲ့ကာ ပြုံးချိုသောမျက်နှာဖြင့် ...

"အို နွယ်နွယ်တို့ပါလား ... လာကြပါ လာကြပါ ..."ဟု ဆီးကြိုဖိတ်ခေါ်လျက် အိမ်အောက်ထပ် သုံးခန်းပေါက် ကျွန်းခုတင်ကြီး၏ တစ်ခုသော အစွန်းတွင် နေရာထိုင်ခင်းချထားလေ၏။

"ရှင်ဖြူရဲ့ ပုဆိုးက မပြတ်သေးဘူးလား၊ ဒါပြတ်ရင် ဘာဆက်ပြီး ယက်ဦးမလဲ ..."

"ချည်ချောတွေ ဝယ်ထားတာတော့ရှိတယ်၊ အဲဒါကို ဖျင်ချုပ်ဖို့လို့ ယက်ရဦးမယ် ..."

"နွယ်နွယ်လဲ တစ်နေ့ကမှပြတ်တဲ့ ပုဆိုးကို ကိုဘုန်းဖို့ ပုဆိုးချုပ်ပေးလိုက်တော့ ကိုဘုန်းဟာ သိပ်သဘောကျတာပဲ။ ရှင်ဖြူနဲ့ နွယ်နွယ်တို့က နမူနာပြလိုက်တာ အတော်ဟန်ကျနေတယ်။ တချို့ ကြေးငွေ ဖြုန်းနိုင်တဲ့ ရှင်မွေးလှတို့ ရှင်အုန်ဘူးတို့တောင် ရက်ကန်းကိုပြန်ပြီး ဂရုစိုက်နေကြရပြီ။ အမှန်လဲ သဘော်ာ ပြည်က ခါသာတွေ၊ ပိုးဖလာတွေဟာ အမြင်ကောင်း၊ အဆင်ကောင်း၊ ကြေးထိုက်အဖိုးတန်တာတော့ မှန်ပါရဲ့။ ဒါပေမယ့် အဲဒါတွေကို ရှင်ဖြူတို့တော့ မသိသေးဘူးပေါ့။ နွယ်နွယ်တို့တော့ ချစ်သူရှိတဲ့အတွက် ရည်းစား ဘဝနဲ့ နေတုန်းကိုက နွယ်နွယ်ကိုယ်တိုင် ပိုးမည်းပုဆိုးကလေးများ၊ ချည်ဝါ ပိုးနီဖောက် ပုဆိုးများ ယက်ပြီး ပေးလိုက်တဲ့အခါ၊ ကိုဘုန်းဟာ သိပ်ပြီးသဘောကျတာပဲ။ ဟိုဟာတွေက ဘော်ရှိရင် ဝယ်ပေးလိုက်ရုံပဲ၊ ဘာ ခဲယဉ်းသလဲ၊ ကိုယ်တိုင် ယက်ပေးရတာက အလွန် စေတနာထက်သန်မှ ဖြစ်တာကလား။ အသက်နှင့်ဖလှယ်ပြီး ချစ်တဲ့သူများဟာ အလွန်လေးစားတယ် ရှင်ဖြူရဲ့ ..."ဟု စကားလေလျှောက်ပြောဆိုနေရာ၊ ရှင်ဖြူမှာ အချစ်၏ အရသာကို နားမလည်သေးရကား လည်တိုင်ကလေး မော့လျက် ခပ်ပြုံးပြုံး နားထောင်နေလေ၏။

ရှင်ဖြူနှင့် ရှင်နန်းနွယ်တို့ကား ငယ်စဉ်ကပင် စိတ်တူသဘောတူ ချစ်ခင်လာကြသော သူငယ်ချင်းများ ဖြစ်၏။ ရှင်နန်းနွယ် ၁၃–နှစ်အရွယ်က မောင်ဘုန်းမြင့်နှင့် ချစ်ကြိုက်သော သတင်းဆိုးကို ကြားရသဖြင့် ခပ်ရွံ့ရွံ့ဖြစ်သွားဖူးရာ၊ နောက်တစ်ဖန်အရေလည်၍ ရှင်နန်းနွယ်၏ တည်ကြည်မြင့်မြတ်သော စိတ်နှလုံးကြောင့် ပြန်လည်ခင်မင်ခဲ့ခြင်းဖြစ်လေ၏။ ခါသာ၊ ကတ္တီပါ၊ သက္ကလပ်တို့ကို အမျိုးသမီးများ ရှောင်ကြဉ်ဖို့ ဆောင်ရွက် ရေးတွင်၊ စိတ်တူကိုယ်တူ ဆောင်ရွက်နေကြသဖြင့်လည်း တိုင်ပင်ဖော် တိုင်ပင်ဖက်ဖြစ်ကာ၊ ရှေးကထက်တိုး၍ တစ်မျိုးချစ်ခင်ရင်းနှီးကာ နေကြခြင်းလည်းဖြစ်လေ၏။

"နွယ်နွယ်၊ ကျွန်မ ရဖူးတဲ့ ရတုတစ်ပုဒ်ကို ဆိုပြမယ်၊ နားထောင်မလား ..."

"အို ... ကိုဘုန်းက ရတု ကဗျာ လင်္ကာတွေဟာ တိုင်းရေးပြည်ရေး အခက်ကြုံတဲ့အခါ မဆို ကောင်းဘူးတဲ့"

"နားထောင်စမ်းပါဦး၊ နွယ်နွယ် သဘောနှစ်ခြိုက်လိမ့်မယ်၊ ရက်ကန်းအကြောင်း စပ်ထားတာ ..."ဟု လေတက်၍ "ကြင်သူပေးသည်၊ ချည်သေးပိုးယှက် ..."ဟု မဆိုးခင် နွယ်နွယ်က ပြုံးလျက် ...

"ဟင် ... တခြားရတု ဆိုမလား အောက်မေ့နေတယ် ..."ဟု ပြောရင်း၊ ၎င်းကိုယ်တိုင်မှာ ရှင်ဖြူ၏ သာယာသော အသံနှင့်ဆိုသည်ကို ကြားလိုသေးသဖြင့် ...

Commercial use of this book will be at your own risk

"ရှင်ဖြူ အလွတ်ရနေမင့်ကိုး ..."ဟု ပြောပြန်လေ၏။

"ဒီအလယ်ပိုဒ်ကလေးတော့ သဘောကျလွန်းလို့ နွယ်နွယ် ပေဖူးလွှာပြတုန်းက ကူးပြီးထားလိုက်တာပါ၊ ကိုဘုန်းဟာ ရတုတွေ ဘာတွေ မကြိုက်ပေမယ့်၊ သူရေးထားတာကလေးတွေက မျက်စိနဲ့ ကွက်ကွက်ကွင်းကွင်း မြင်လာတာပဲနော် ..."ဟု အပျိုတစ်ဦးက မိမိခင်ပွန်းသည်အား ချီးမွမ်းသည်ကို နွယ်နွယ်သည် အထူးကျေနပ်လျက် ...

"ဘာများ သဘောကျနေတာလဲ ဖြူဖြူရဲ့ ..."

ရှင်ဖြူသည် အသံနေအသံထား ဆွဲဆွဲငင်ငင်နှင့် ...

"ကြင်သူပေးသည်၊ ချည်သေးပိုးယှက်၊ တိုင်ဖောက်လျက်သား၊ ဆန်းကွက်ဝါနီ၊ ထောင့်တန်းညီ၍၊ နေရီစွန်းစွန်း၊ ဂေါယာကျွန်းသို့၊ ယွန်းမည်ဆဲဆဲ၊ တိမ်မျက်ထဲဝယ်၊ ပေါ်ကဲထိန်ထိန်၊ အကြိမ်ကြိမ်တည့်၊ လိမ္မော်အရောင်၊ ခေါင်ရမ်းအပွင့်၊ ပမာချင့်သော်၊ တဖြင့်နှင်းနိုး၊ တူခဲ့ရိုးတွင်၊ ဝက်သိုးအပ်စီ၊ လက်ရွေးသီခဲ့၊ ချစ်ညီငယ်ကျွမ်း၊ လက်ရာစွမ်းလို၊ ခါးဝမ်းကျစ်လစ်၊ ဆီးပတ်ရစ်လည်း၊ တစ်တစ်မြဲမြဲ၊ ကိုင်မဆွဲဝံ့၊ စိတ်ရဲမာန်လိုက်၊ အောက်ပိုးနိုက်လည်း၊ မကျိုက်ရက်ရက်၊ သည်အခက်ပင်၊ ပိုက်ဖက်ထွေးယူ၊ မွှေးကြူကြူဖြင့်၊ ကြင်သူမြတ်နိုး၊ ဤပုဆိုးကား၊ ရွယ်ကိုးသိတ်သိတ်၊ တံတင်းပိတ်လည်း၊ စိတ်မချသည်၊ တာရှည်ဆင်လည်း၊ အမြင်ညစ်ကျေး၊ တက်မည်တွေးခဲ့၊ ရွှေသွေးနှမ၊ ဖူးစာမျှ၍၊ ဘဝကြင်သူ၊ ဆင်တစ်မူဟု၊ ငင်ယူရက်ကန်း၊ တစ်ပင်ပန်းသည်၊ စိတ်မှန်း ချင့်ရဲပွေတော့ပြီ ..."

"ကြည့်စမ်းပါ နွယ်နွယ်ရယ် ... ကိုဘုန်း ရေးထားတာကလေးက၊ ညနေခင်း တိမ်တောင်တိမ်လိပ်မျက်နှာပြင်မှာ လိမ္မော်ရောင် ခေါင်ရမ်းအပွင့်လို ဟပ်နေတာနဲ့၊ နွယ်နွယ် ယက်ပေးတဲ့ ပုဆိုးအရောင်နဲ့ တူပြန်သတဲ့။ ပြီးတော့ နွယ်နွယ်ကိုယ်တိုင် ဝက်သိုးထိုးချုပ်ပေးထားတာကို၊ ခါးမှာလဲ တင်းတင်းကျပ်ကျပ် မဝတ်ဝံ့ဘူးတဲ့၊ အောက်ပိုးလဲ မကျိုက်ရက်ဘူးတဲ့၊ ပုဆိုး ကြေမွကုန်မှာစိုးလို့ပေါ့နော်။ တံတင်းထည့်ပိတ်ထားဖို့လဲ စိတ်မချဘူးတဲ့။ ပုဆိုးကလေးကိုတော့ ချစ်သူလက်ရာမို့ ပွေ့ဖက်နမ်းရှုပ်မိသေးသတဲ့။ ဖြူဖြူတောင် သည်ရတုကို ဖတ်ပြီး တစ်မျိုးဖြစ်မိသေးတယ်၊ နွယ်နွယ် ဖတ်တဲ့အခါများ ဘယ့်နှယ်နေမလဲ"ဟု ခပ်တည်တည် ပြုံး၍ပြောဆိုလေရာ ...

"အို ... ဒီအပိုဒ်ထက် အစပိုဒ်က သာပြီးကောင်းသေးတယ်၊ မြင်သူငေးသည့် ရွှေသွေးနတ်သွင် ... ဆိုတဲ့ အပိုဒ်ပေါ့ ..."ဟု စကားမဆက်ဘဲ နေလေရာ ...

"ကျွန်မက အလယ်ပိုဒ်သာ ကူးမိတာကိုး၊ အဲဒီ ပေဖူးလွှာကို ပေးပါဦး၊ သုံးပိုဒ်စလုံး ကူးပါရစေနော် နွယ်နွယ်"ဟု တောင်းလေရာ၊ ရှင်နန်းနွယ်ကလေးကား ချစ်သူ၏ရတုကို ကြားရသဖြင့်၊ ခရီးထွက်သွားသော ခင်ပွန်းသည်အား ပိုမို၍ လွမ်းဆွတ်ကာ ခဏမျှ တွေဝေမိရှာလေ၏။

"ဒါထက် နွယ်နွယ်ရဲ့၊ ကိုဘုန်းက ခရီးအလွန်ထွက်ရပါကလား၊ ဘာတွေများ လိုက်လုပ်နေရသလဲ ..."

"မပြောတတ်ပါဘူး ရှင်ဖြူရယ်၊ လေ့သင်းကိစ္စတွေ၊ ပြီးတော့ မော်ဝန်းနယ်ဘက်က အရပ်တွေမှာ ရှင်ဖြူတို့လို လူကုံထံအမျိုးသမီးတွေကို ဘော်ပြည်ကကုန်မသုံးဘဲ ရက်ကန်းစင်တွေ ပိုရရှိုက်ဖို့ ဟောပြောနေတယ် ထင်ပါရဲ့၊ တိုးတိုးတိတ်တိတ် လုပ်နေရတာပဲ ..."

Commercial use of this book will be at your OWN RISK

"ကိုဘုန်းဟာ အရွယ်နဲ့မလိုက်ဘူး၊ သိပ်တော်တာပဲနော် ... အဘကဆိုရင် သိပ်ပြီးချီးမွမ်းတာပဲ၊ ဒီကလေးဟာ အထွဋ်အမြတ်ရောက်ဦးမှာတဲ့၊ နဖူးကျယ်ပြီး နားရွက်ကားကြီးနဲ့ ပြောလိုက်တဲ့ စကားသံကလဲ အသံလုံပြီး အလွန်အောင်တယ်၊ အမှတ်တမဲ့များပြောလိုက်ရင် လန့်လန့်သွားတဲ့ အသံမျိုးဟာ မုချ ဉက္ကဋ္ဌ ဖြစ်ရမယ့် အသံပဲတဲ့ ..."

"နွယ်နွယ်တို့ ဘဘဘုရားလဲ ဒီလိုပဲ ချီးမွမ်းတာပဲ၊ ဒါပေမယ့်လေ နွယ်နွယ့်အပေါ်တော့ သိပ်ပြီး ကြင်နာတာပဲ"ဟု ခင်ပွန်းသည်အား ချီးမွမ်းသည်ကို ကျေနပ်စွာ ထောက်ခံလိုက်လေ၏။

"အဘမှာလဲ သူအပြောကောင်းတာနဲ့ တစ်နေ့က ဘော် ၅-ပိဿာ ထုတ်ပေးလိုက်တယ်၊ မောင်ဘုန်း အသုံးလိုရာ သုံးပါတဲ့၊ ပြီးတော့ ဒိပြင် ကြေးရေတတ်တွေဆီကလဲ တတ်နိုင်သလောက် ၂-ပိဿာ ၃-ပိဿာစီ ပေးကြသတဲ့၊ ဒါတွေဟာ လှေတွေ၊ မြင်းတွေ ဝယ်ဖို့ဆောင်ထားတဲ့ ငွေတွေဆိုကိုး ..."

"ဟုတ်တယ် ရှင်ဖြူ၊ အိမ်မှာလည်း သူပိုင်ပစ္စည်းနဲ့ ဘဘဘုရားပိုင်တဲ့ပစ္စည်းတွေ တစ်ဝက်ကျော် ကုန်ပြီ၊ ဒါ့ကြောင့်လဲ ကျေနပ်ချစ်ခင်နေကြတာပေါ့ ..."

"တစ်နေ့က လှေအလောင်းအစားနဲ့ တွံတေးချောင်းက စုန်လာတာကို ပူတကေဘုရင်ခံက မေးမြန်း သေးတယ်ဆို၊ သူ့ဘာသာ လှေလှော်တာ ဘာမေးစရာရှိသလဲ ..."

"အလကား မေးတာပါ။ ကိုဘုန်း လှေသင်းတွေဆီသွားပြီး အပြန်မိုးချုပ်တော့ ဘာတွေကြံစည်နေ သလဲ၊ လှေသင်းဘယ်လောက်ဖွဲ့ပြီးပလဲ၊ လူငယ်တွေ လှေသင်းမှာ ဝါသနာပါကြရဲ့လားနဲ့ အမေးလွှတ်တယ် ထင်ပါရဲ့ ..."

"တစ်နေ့က ဘဘနဲ့စကားပြောတုန်း ကျွန်မ ကြားလိုက်မိတယ်၊ ဘေးလူတွေ အိမ်နီးချင်းတွေက နှုတ်လုံဖို့ အရေးကြီးသတဲ့။ အဘလဲ စိတ်ခေါင်းမာတဲ့ အိမ်တွေနားမှာ စီမံမှုဖြစ်မယ်တဲ့။ ဒါတွေဟာ ဘာတိုင်ပင်ကြတာလဲဟင် ... နွယ်နွယ် မသိဘူးလား ..."

"မသိရပါဘူး ရှင်ဖြူရယ် ... တစ်ခါတစ်လေ မေးမြန်းကြည့်တဲ့အခါ ပြောသင့်တာဖြစ်ရင် နွယ်နွယ် သိရမှာပဲတဲ့။ ဒါနဲ့ပဲ ဩော် ... သူ့ကိုမေးတာ မကြိုက်ဘူးထင်ပါရဲ့လေလို့ အသာနေလိုက်ရတာပဲ ..."

"ကျွန်မကိုတော့ပြောတယ်၊ ကျန်းမာသန်စွမ်းပြီး ယောကျ်ားပီသတဲ့သူ၊ ကိုယ့်အမျိုး ကိုယ့်ဗုဒ္ဓဘာသာနဲ့ ကိုယ့်တိုင်းပြည် ချစ်တဲ့သူကို ယူရမယ်တဲ့၊ အဲဒီလို ဂုဏ်ရှိပြီး အတန်းမြင့် ရုပ်ချောတဲ့ မိန်းကလေးတွေက ပြုပြင်လိုက်မယ်ဆိုရင် လုလင်ပျိုတွေ အဖိုးတန်လာမယ်တဲ့ ..."

"သူကတော့ လုံမပျိုတွေတွေ့တိုင်း ဒီလို ပြောပြောနေတာပဲ၊ ဟော ... အချိန်တောင် လင့်သွားပြီ၊ မယ်မယ်ဘုရား မျှော်နေရော့မယ်"ဟု ဖ-အိမ်ခန့်ခြားသော မိမိအိမ်သို့ပြန်ရန် ခုတင်ပေါ်မှ ဆင်းလိုက်လေ၏။

ရှင်ဖြူလည်း ခုတင်ပေါ်ကဆင်းကာ အိမ်ပေါက်အထိ လိုက်ပို့လျက်၊ "သွားတော့နော် နွယ်နွယ် ..."ဟု နှုတ်ဆက်စဉ်တွင်၊ ရှင်နန်းနွယ်မှာ မိငြိမ်းသာကို မိမိနောက်ကထား၍ ထွက်လာခဲ့လေ၏။

Commercial use of this book will be at your OWN RISK.

# အခန်း (၈)

ဝါးသုံးပြန်ခန့် သွားမိလျှင် ရှင်နန်းနွယ်၏နောက်မှ အွတ်ကနဲမြည်သံ ကြားရသဖြင့် လှည့်အကြည့် လိုက်၊ မိငြိမ်းသာကို လူဆိုးနှစ်ယောက်က ချုပ်ကိုင်နေသည်ကိုမြင်သဖြင့် နီးရာအိမ်တစ်ဆောင်တွင်းသို့ ဝင်ပြေးမည်အလုပ်၊ အခြားလူဆိုး ၃-ယောက်တို့သည် လျင်မြန်စွာဖမ်းချုပ်၊ ပါးစပ် အဝတ်ဆို့လျက် လှည်းတစ်စီးပေါ်သို့တင်ပြီး အပြေးမောင်းနှင်သွားလေ၏။ လူဆိုးများမှာ မျက်နှာတွင် အဝတ်စည်းထားသည်က တစ်ကြောင်း၊ နေဝင်ရီတရော မှောင်စပျိုးပြီ တစ်ကြောင်းကြောင့် မည်သူမည်ဝါဟု မသိနိုင်ဘဲ ရှန်းကန်ရင်းသာ လိုက်ပါသွားရလေ၏။

အိမ်နီးနားချင်းတို့လည်း ရှန်းရင်းဆန်ခတ် ဆူညံသံကြားရ၍၊ ထွက်ပြေးလာကြကာ ကြည့်ရှုကြသော အခါ၊ လဲလျောင်းနေသော မိငြိမ်းသာကို တွေ့ရသဖြင့်၊ ကြိုးများကိုဖြေလျက် အကျိုးအကြောင်းကို မေးမြန်းကြ လေသည်။ မိငြိမ်းသာလည်း ပါးစပ်ကို ဖွင့်နိုင်လျှင် ဖွင့်နိုင်ချင်း၊ "အမယ်လေး … ကိုယ်ကျိုးနည်းပါပြီ၊ လုပ်ကြ ပါဦး၊ နွယ်နွယ်ပါသွားပြီ …"ဟု သွေးရူးသွေးတန်းဖြစ်သူကဲ့သို့ အော်ဟစ်ကာ၊ သန်လျင်ဝန်မင်း၏အိမ်သို့ အရောက်ပြေးလေ၏။

သန်လျင်ဝန်မင်းလည်း အကြောင်းသိသည်နှင့်တစ်ပြိုင်နက် ထိပ်ကိုသွေးရောက်ကာ … "ငါမခံဘူး၊ ဘယ်သူ့ညဏ်လဲ၊ ဒီအကောင် ဖြစ်ရမယ်၊ အခုလိုက်မယ် အခုလိုက်မယ် …"ဟု ပြင်ဆင်နေခိုက်၊ အိမ်နီးနားချင်း ခင်မင်သူလူအများ ရောက်ရှိလာကြလေ၏။ ယောကျ်ား လူငယ်လူကြီးတို့မှာ ဓားလှံကိုင်ခွင့် မရှိသဖြင့် ဝါးရင်း တုတ်များ၊ တူများ၊ ပုဆိန်များ တွေ့ရာကိုင်ဆွဲကြလျက် လူတစ်ရာကျော် စုမိလေ၏။ ထိုအထဲမှ အမြော်အမြင် ရှိသူတို့က သန်လျင်ဝန်မင်းအား သန်လျင်မြို့အတွင်း အကြောင်းကြီးငယ်ရှိလျှင် မင်းလုလင်များရှိရာဌာနသို့ ချက်ချင်းတိုင်တန်းရမည် ဥပဒေရှိကြောင်း သတိပေးကြသောအခါမှ သတိရလျက် …

"ဟေ့ … အကုန်မလိုက်ခဲ့ကြနဲ့၊ ၄-၅ ယောက်သာ လိုက်ခဲ့ကြ …"ဟု မင်းလုလင်များ၏ဌာနသို့ လာခဲ့ကြလေ၏။

သန်လျင်ဝန်မင်းကား ဒေါသကြီးသော အမူအရာနှင့် လုလင်ခေါင်းလုပ်သူအား တိုင်းတန်းပြောဆိုရာ၊ လုလင်ခေါင်းမှာ စိတ်မပါ့တပါနှင့် အေးဆေးစွာပြောဆိုနေသောကြောင့်၊ "ဟေ့ အသက်သေရင် သေပစေ … မခံဘူးကွ၊ ဒင်းအကြံပဲ"ဟု သန်လျင်တွဲဘက်ဝန်အိမ်သို့ သွားပြန်လေ၏။ '

"ဝန်မင်း … ဝန်မင်း"ဟု ဝင်းပေါက်က ခေါ်လိုက်လျှင်၊ ဘယကျော်သူသည် ကျွန်ယုံများအား မီးရှူး တိုင်ကို စေကိုင်လျက် ထွက်လာကာ၊ "အို ဝန်မင်းကြီးပါလား၊ ဘယ့်နှယ်ဖြစ်လာသလဲ"ဟု ဆီးကြိုမေးသော အခါ၊ သန်လျင်ဝန်မင်းမှာ အကဲခတ်ရင်း …

"ကျုပ်သမီး လူဆိုးတွေခိုးသွားလို့ မင်းလုလင်ခေါင်းများကို တိုင်တယ် … ဂရုမစိုက်ဘူး၊ ကျုပ်တို့ ဘာသာ ရှာရတော့မှာပဲ"ဟု ပြောလေရာ …

"အို … တယ်မိုက်တဲ့ကောင်တွေ၊ ချက်ချင်း အရေးယူပါစေ့မယ်၊ ကိုယ်တိုင်လဲ ရှာတော်မူကြပါ၊ ကလေးမလေးနယ် တယ်ကံဆိုးတာကိုး …"ဟု ညည်းတွားလိုက်လေ၏။

Commercial use of this book will be at your OWN RISK.

သန်လျင်ဝန်မင်းမှာ အစပထမက ဘယကျော်သူအား စွပ်စွဲမိလေရာ၊ ဘယကျော်သူကိုယ်တိုင် အေးအေးဆေးဆေး ဣန္ဒြေရရ တွေ့မြင်ရသောအခါ မည်သူ၏လက်ချက်ဟု မတွေးတတ်အောင် ဖြစ်၍ နေလေ၏။ မောင်ဘုန်းမြင့်လည်း မရှိသဖြင့် မည်သို့မည်ပုံ လိုက်လံရှာဖွေရမည်ကို စဉ်းစားတွေးတောနေရာ၊ နောက်ဆုံးတွင် လှည်းများအသွားအလာကို လူခွဲစုံထောက်ရန် အကြံရသဖြင့် လူတစ်ရာခန့်ကို ၂–ယောက် တစ်တွဲ၊ ၃–ယောက် တစ်တွဲ ညတွင်းချင်း စေလွှတ်လိုက်လေ၏။ သို့ရာတွင် သန်းယိမ်းအချိန် နီးသည့် တိုင်အောင် သတင်းအစအနမျှမကြားရသဖြင့် မှိုင်တွေချကာ ငုတ်တုတ်ထိုင်၍ နေရရှာလေ၏။

ရှင်နန်းနွယ်ကလေးမှာကား ရန်းရင်းကန်ရင်းပင် လှည်းတစ်တန်၊ လှေတစ်တန်ဖြင့် ပါသွားရရှာရာ၊ သန်းခေါင်အချိန်တွင် တောတွင်းတစ်နေရာသို့ ရောက်ရှိလေ၏။ ဘယ်အရပ် ဘယ်ဒေသကို ရောက်သည်မသိ၊ မောပန်းလှသည်လည်း တစ်ကြောင်း ငြိမ်သက်စွာနေလေရာ၊ သစ်ပင်ကြီးများကို လေခတ်လျက် ဆည်းလည်းသံများကို သဲ့သဲ့မျှကြားရသောအခါမှ လေးဆူဓာတ်ပုံ ရွှေတိဂုံ တောင်စောင်း၊ ဆင်ခြေလျှော သစ်တောကြီးတွင် ရောက်ရှိနေကြောင်းသိရလေ၏။ (ထိုစဉ်အခါက ရွှေတိဂုံကုန်းတော်ပတ်လည်တွင် တောအတိဖြစ်လျက်၊ သားကောင်များ ထူထပ်သောနေရာဖြစ်၏။ ၁၂၆၄–ခုနှစ်၌ပင် ကျားတစ်ကောင် အဆိုပါတောထဲမှ စေတီပေါ်သို့ တက်ရောက်ဖူးသေး၏။)

လူဆိုးများကား ရှင်နန်းနွယ်ကလေးအား တုတ်ထားသောကြိုးများကို ဖြေကာ၊ အသင့်ပါလာသော ဖျာနှင့် အုန်းဝန်းတစ်ခုခံ ဂွမ်းထိုးစောင်တစ်ထည်ကိုပေးလျက် ၎င်းတို့မှာ ဘေးသို့ ဝိုင်းထိုင်နေကြ၏။ လူဆိုး တစ်ယောက်ကား သစ်ရွက်ဟောင်းများကို မီးခတ်ကျောက်ဖြင့် မီးညှိမှုတ်ရှို့လေရာ၊ မကြာမီ မီးတောက်များ ထွက်ပေါ်၍လာခဲ့လေ၏။ လူဆိုး ၅ဦးမျှဖြစ်ရာ၊ ထိုနေရာတွင် ၎င်းတို့၏မျက်နှာများကို မဖုံးကွယ်တော့ဘဲ၊ အေးဆေးသောအမူအရာနှင့် အကဲခတ်၍ ကြည့်ရှုနေကြလေ၏။ ရှင်နန်းနွယ်ကား အမောပြေ၍ အားအင် ပြည့်တင်းသည်နှင့်တစ်ပြိုင်နက် နေရာမှ ထပြေးမည်လုပ်ရာ၊ လူဆိုးများသည် ရှေ့က တားဆီးကြ၏။

"လုံမလေး မပြေးနဲ့၊ ပြေးရင် မလွတ်ဘူးနော်၊ ပြီးတော့ ဒီတောမှာ ကျားတွေရှိတယ်၊ ဒို့ကိုကြည့် ... ဒီသေနတ်တွေ ဓားတွေဟာ လူကို ကြောက်လို့ မဟုတ်ဘူး၊ တောကောင်ကို ကြောက်လို့ ..."

"တောကောင်ကိုက်ပြီး အသေခံမယ်၊ ရှင်တို့လက်ထဲ မနေဘူး၊ ရှင်တို့ ဘာပြုလို့ ကျွန်မကို မတရား ခေါ်လာရသလဲ"ဟု တင်းမာသောအမူအရာနှင့် ရန်တွေ့လေရာ ...

"ခေါ်တဲ့အကြောင်း နက်ဖြန် သိလိမ့်မပေါ့၊ ကနေ့ည အေးအေးချမ်းချမ်းအိပ်ပါ၊ ဘယ်သူမှ လုံမလေးကို လက်ဖျားနဲ့ ထိဝံ့ကြမယ် မဟုတ်ဘူး ..."ဟု အကြီးအကဲလုပ်သူက ပြောသောအခါ၊ ရှင်နန်းနွယ်မှာ ပြေး၍လည်း တကယ်လွတ်မည် မဟုတ်ကြောင်းကို သိရသဖြင့်၊ ဖျာပေါ်တွင် ကိုယ်ကလေးကို ပစ်လှဲကာ ... "ကိုဘုန်းရေ ... နွယ်နွယ့်အဖြစ်ကို ကြည့်လှည့်ပါဦး၊ သားပစ် မယားပစ် ခရီးသွားတဲ့သူမို့ ကိုယ့်မယား ဒုက္ခရောက်ရောပေါ့"ဟု လှိုက်လှိုက်လှဲလှဲငိုကြွေးလိုက်ရာ၊ လူဆိုးများပင် သနားသောအမူအရာသို့ ပြောင်းလဲလာကြလေ၏။

ရှင်နန်းနွယ်ကား ချစ်သူနှင့်ဝေး၍ ဘေးရန် မည်ကဲ့သို့တွေ့မည်မသိ၊ မချိတင်ကဲ ဝမ်းနည်းပက်လက် ဖြစ်ကာ၊ ခုနေခါ ကိုဘုန်းများ ပြန်လာရင် ဇနီးသည်ကို မတွေ့လို့ ဒေါင်းတောက်အောင် ရှာဖွေနေရှာရော့မယ်၊ ဟိုပြေးသည်လွှားနဲ့ မယားချစ်တဲ့ဖောကြောင့် သောက အလွန်ရောက်ရှာတော့မယ်ဟု တွေးမိသောအခါ၊ မျက်ရည်မဆည်နိုင်လောက်အောင် ဖြစ်ရရှာလေ၏။

Commercial use of this book will be at your OWN RISK.

ဘေးရန်တွေ့၍ ကွဲကွာရသောကြောင့် နောက်နောက်က ကြင်နာချစ်ခင်စွာ နေထိုင်ခဲ့ပုံတို့မှာ ပိုမိုသတိရစေလျက်၊ ကိုဘုန်းရေ … သေကွဲမကွဲ၊ ရှင်ကွဲဖြင့် ကွဲကြပေါ့ဟု ကြိတ်ငိုရင်း ထွေထွေရာရာ စဉ်းစားအချိန်ကုန်လေရာ၊ ကြက်ဦးတွန်သာသာ အချိန်ကျမှ အိပ်ပျော်သွားရှာလေ၏။ လူဆိုးများကား ရှင်နန်းနွယ်ကလေးအား ဘာမျှမပြော၊ ထွက်မပြေးအောင်သာ ၂–ယောက်တစ်လှည့် ၃–ယောက်တစ်လှည့် အိပ်ကြလျက်၊ မီးဖိုများနှင့် စောင့်၍နေကြလေရာ၊ မြင့်မားသော သစ်ပင်များကြားမှ အလင်းရောင်ကို မြင်ရသည်နှင့်တစ်ပြိုင်နက် "ဟေ့ ထကြ ထကြ၊ အရုဏ်ကျင်းပြီ"ဟု ပြောဆိုလျက်ရှိကြလေ၏။

ထိုအခိုက် ရှင်နန်းနွယ်ကလေးလည်း ရုတ်ကနဲ အိပ်ရာမှထကာ ထိုင်လိုက်လေရာ၊ လူဆိုးတစ်ယောက်က ဝါးကျည်တောက်တစ်ခုနှင့် ရေများထုတ်ပေးသဖြင့် မျက်နှာသစ်ရရှာလေ၏။ တစ်ညလုံး ငိုရသောကြောင့် မျက်လုံးများမို့လျက် အိပ်ရေးမဝသော မျက်လုံးအိမ်များမှာ ကျိန်းစပ်လျက်နေရှာလေ၏။ မျက်နှာသစ်ပြီးနောက် ရွှေတိဂုံဘုရားကြီးသို့ ရည်မှန်းကာ ဦးချရှိခိုး၍ ငါးပါးသီလကို ခံယူလေ၏။ ထို့နောက် ပရိတ်၊ မေတ္တာသုတ်များကို ရွတ်ဆိုပြီးလျှင် …

"ဘုရားတပည့်တော်သည် ငယ်စဉ်တောင်ကျေး အကလေးအရွယ်ကတည်းက သရဏဂုံတည်မြဲလျက်ငါးပါးသီလကို လုံခြုံစွာ စောင့်ထိန်းခဲ့ပါသည်ဘုရား၊ ဘုရားတပည့်တော်မ၏ ခင်ပွန်းသည် ကိုဘုန်းသည်လည်း သူတစ်ထူးကို မတရားသဖြင့် မည်သည့်အခါမျှ မပြုခဲ့ပါ၊ သည်အတိုင်းမှန်လျှင် ဘုရားတပည့်တော်မ၏ ဝဋ်ဒုက္ခကို လွတ်မြောက်အောင် ကယ်မတော်မူပါ ဘုရား …"ဟု ဦးချ၍ အဆုံးတွင်၊ ဖခင်ကြီးမှာ စိတ်က ခပ်ကြီးကြီးမို့ တိုင်နဲ့ခေါင်းနဲ့ရိုက်ပြီး ပူဆွေးဒုက္ခရောက်ရှာမည်။ မိခင်ကြီးမှာ တစ်ဦးတည်းသော သမီးကလေးအတွက် အရူးမကြီးလို ဖြစ်နေရှာတော့မည်။ ခင်ပွန်းသည် ကိုဘုန်းမှာ ဇနီးကိုမတွေ့သဖြင့် မြောမေ့အောင် ဒုက္ခရောက်ကြရမည့်အရေးကို တွေးတောမိသောအခါ၊ "အို အို ဘဘဘုရားရဲ့၊ သမီး ဒီမှာ ရှိတယ်လို့ သိတော်မမူကြဘူးလား"ဟု အသံထွက် ငိုကြွေးလိုက်ရာ၊ လူဆိုးတစ်ယောက်မှာ မျက်ရည်များ ဝိုင်း၍လာအောင် သနားနေဟန်တူလေ၏။ သို့ရာတွင် ၄င်းတို့မှာ စေသည့်ကျွန်၊ ထွန်သည့်နွားကဲ့သို့ တစ်ပါးကျွန်ဖြစ်ရကား၊ မည်သို့မျှမတတ်နိုင်ဘဲ မျက်နှာလွှဲကာ၊ ရှင်နန်းနွယ် ထွက်မပြေးရန်ကိုသာ အရိပ်အခြေကြည့်၍ နေကြရလေ၏။

အထက်သစ်ပင်ကိုင်းများအကြားမှ အလင်းရောင်သည် တစ်စတစ်စ ပိုမိုတောက်ပလာလေရာ၊ သစ်တောအတွင်းရှိ လှုပ်ရှားနေသည့်အရာကို လူများသည် ထင်ထင်ရှားရှားမြင်တွေ့ရလေ၏။ ထိုအခိုက် ခပ်လှမ်းလှမ်းမှ ကင်းပုန်းထားသော လူဆိုးတစ်ယောက်၏ အချက်ပေးသံကိုကြားရသဖြင့်၊ လူဆိုး ၄–ယောက်သည် သေနတ်များကို ကောက်ယူကြလေ၏။

နွယ်နွယ်သည် လူဆိုးများအလစ် ထွက်ပြေးလေရာ၊ ဝါးတစ်ရိုက်ခန့်တွင် ပြန်မိလျက် "မပြေးပါနဲ့လုံမလေး၊ မလွတ်နိုင်ပါဘူး"

ဟု ပြောဆိုသံကိုကြားရလေ၏။ ကင်းပုန်းထားသူကလည်း အချက်တစ်ခါပေးပြန်ရာ၊ လူဆိုးများသည် သေနတ်များကိုချလျက်

မတ်တတ်ရပ်နေကြစဉ်၊ ကင်းသမားများနောက်မှ ဘယကျော်သူနှင့် နောက်ပါသေနတ်ကိုင်နှစ်ဦး ချုံနွယ်သစ်ကိုင်း ကာရံထားသည့် အထဲသို့ ရောက်ရှိလာလေ၏။ ဘယကျော်သူက အချက်ပြလိုက်သည်နှင့်

Commercial use of this book will be at your OWN RISK.

တစ်ပြိုင်နက်၊ လူဆိုးအားလုံး ထွက်ခွာသွားကြလေရာ၊ ဘယကျော်သူမှာ နှုတ်ခမ်းမွေးကို လက်တစ်ဖက်က သပ်ရင်း ...

"ဘယ့်နှယ် လုံမကလေး၊ ညက ကောင်းကောင်းအိပ်ပျော်ပါစ ..."ဟု မေးမြန်းကာ ပြုံးပြုံးကြီး ကြည့်ရှုနေရာ၊ ရှင်နန်းနွယ်သည် ထိုအခါကျမှ ဘယကျော်သူ၏အကြံဉာဏ်ကို နားလည်တော့သဖြင့်၊ မျက်နှာကို တင်းနိုင်သမျှ တင်းမာစွာထားလျက် ...

"ဒါ တော့်အကြံပေါ့၊ တယ်တော်တဲ့ လူယုတ်မာ၊ ဒီလိုနဲ့မရဘူး ..."ဟု ပြောပြောဆိုဆို ထွက်ပြေးမည် အလုပ်၊ ဘယကျော်သူသည် လျင်မြန်စွာ ဖမ်းကိုင်လိုက်ပြီးနောက် ... "မပြေးပါနဲ့ လုံမကလေး၊ မလွတ်နိုင်ပါဘူး ..."ဟု ပြောဆိုကာနေလေ၏။

ရှင်နန်းနွယ်လည်း ဘယကျော်သူ လက်ထဲမှ ကိုယ်ကိုဆောင့်ရုန်းကာ အကြံယူ၍နေခိုက် ...

"ကျုပ်မှာ သန်းခေါင်ကျော် အချိန်ကတည်းက သန်လျင်က မအိပ်မနေ လာခဲ့ရပါတယ်၊ နွယ်နွယ့်ကို ချစ်တဲ့ဇောနဲ့ ဘယ်လောက်စွန့်စားရတယ်ဆိုတာ ကြည့်ပါဦး ..."

"တော့်ထက်ယုတ်မာတာ ဇမ္ဗူမှာ မရှိဘူး၊ ကျွန်မမှာ ကာမပိုင်လင်နဲ့၊ ရေးက သူဌေးသား ၄–ယောက်လိုဖြစ်မှာ မကြောက်ဘူးလား၊ တော့်ကို ဘယ်တော့မှ မကြိုက်ဘူး၊ အသေခံမယ်သိလား ..."ဟု ကြိမ်းဝါးသော်လည်း၊ အရေးမလုပ်သည့် အမူအရာနှင့် ...

"လူယုတ်မာ ထင်ထင် ထင်ပါတော့ နွယ်နွယ်၊ ရေးက သိဝရာဇ်မင်းကြီးဟာ သူ့စစ်သူကြီးရဲ့ ကြင်ယာမှန်း သိရက်နဲ့ စွဲလမ်းပုံ၊ ကောသလမင်းကြီး ပြသာဒ်မယ်ကို စွဲလမ်းပုံတို့ကို ကြားဖူးရင်၊ ကျုပ် စွဲလမ်းချစ်ခင်တာ လွန်လွန်းမယ် မထင်ပါဘူးကွယ် လုံမရယ် ..."

"ဟိုက ဘုရားလောင်း ... တော်က ဘာလောင်းလဲ၊ ကျွန်မကို ပြန်ပို့၊ မပို့ရင်လဲ သတ်ပစ်၊ အသက်နဲ့ ရှိတုန်းတော့ တစ်သက်မရဘူးမှတ် ..."

"အဟုတ်ပါ လုံမကလေး ... လုံမကလေး ရွှေမေတ္တာမျှမယ်ဆိုရင်၊ အိမ်ကကောင်မတွေ အကုန်လုံး မောင်းချလိုက်ပါ့မယ်၊ ရွှေတိဂုံကိုယ်တော်ကြီး စူးရပါစေ့ကွယ် ..."

ရှင်နန်းနွယ်ကား နားကလေးနှစ်ဖက်ကို ပိတ်ထားလျက်က ထွက်ပေါက်ကိုသာ ကြည့်၍နေလေသဖြင့်၊ အနုနှင့်မရမှန်းသိသော ဘယကျော်သူသည် မျက်နှာထားတစ်မျိုးတင်းလျက် ...

"ကိုင်း ... နင့်ကို အနုနဲ့ရမလား ပြောနေတာ၊ မရရင် အကြမ်းကိုင်ရလိမ့်မယ် ..."

"သတ်ပစ်လိုက် ... ခုသတ်လိုက်၊ ဒီလို မျိုးဖျက်လူယုတ်မာနဲ့ မပေါင်းဘူး သေဝံ့တယ် ..."

"မသတ်ဘူး ... မသတ်ဘဲနဲ့ ငါရအောင်ကြံမယ် ..."ဟု အတင်းဆွဲလေရာ၊ ရှင်နန်းနွယ်ကလေးမှာ အားရှိသမျှ ရုန်းကန်၍နေလေ၏။ ဘယကျော်သူ၏ ညာဘက်လက်မောင်းသည် ရှင်နန်းနွယ်၏လည်ပင်းကို ရစ်ပတ်မိလေရာ၊ ရှင်နန်းနွယ်သည် အားကုန်ကိုက်ခဲသဖြင့်၊ ဘယကျော်သူ၏ လက်မောင်းမှ သွေးများ ယိုစီး

commercial use of this book will be at your OWN RISK.

ကျလေ၏။ ဘယကျော်သူလည်း အသားထိသဖြင့် မိန်းမသားကလေးဟု မည္စာတာပဲ လည်မျိုကိုညှစ်လိုက်ရာ၊ အားနွဲ့သော မိန်းကလေးမှာ ပက်လက်ကလေးလန်ကာ ပျော့ခွေကျသွားရှာလေ၏။

ဘယကျော်သူလည်း မိမိအကြံအောင်ပြီဟု တိရစ္ဆာန်နှင့်မခြား သနားဖွယ်ဖြစ်ပျက်နေသော မိန်းကလေး ပေါ်မှ ခွစီးကာ ကာမမှောင် ဝင်ခိုက်၊ ရှင်နန်းနွယ်ကလေးလည်း သတိရလာပြန်သဖြင့်၊ အတင်းကန်ကြောက် ရုန်းဖယ်၍ နေရှာလေ၏။ သို့ရာတွင် အားချင်းမမျှသဖြင့် အောက်မှ အမောဆိုက်၊ ပင့်သက်ရှူကာ ရင်ကလေး တခုန်ခုန်နှင့် နေရှာလေရာ၊ ဘယကျော်သူကား သားကောင်တွေ့သော သုနက္ခပမာ၊ မုန်ယိုသောစိတ်ဖြင့် အပေါ်မှ ဗလက္ကာယပြုမည်ဟု ပုဆိုးစ ပြင်ကာနေခိုက်၊ ချုံထဲမှ မမျှော်လင့်သော အသက် ၂၀–ခန့် မိန်းကလေး တစ်ယောက် ပေါ်ပေါက်လာလေ၏။ ထိုမိန်းကလေးကား မျက်လုံးကျွတ်ထွက်မတတ် ပြူးကျယ်စွာ စူးစိုက် ကြည့်ရှုရင်း၊ ဘယကျော်သူ၏ ကျောကုန်းကို ဓားမြှောင်တစ်လက်ဖြင့် ချိန်ရွယ်ထားလေ၏။

အဆိုပါ မိန်းကလေးကား ဘယကျော်သူ၏ ဇနီးများတွင် အပါအဝင်ဖြစ်သော ကရင်အမျိုးသမီး ကလေး ဖြစ်လေ၏။

ညဥ့်ဦးယံက ဘယကျော်သူနှင့် ကျွန်ယုံများ တိုင်ပင်သည်ကို ချောင်းမြောင်းနားထောင်ရာမှ အကြောင်းကို သိသဖြင့် နောက်ယောင်ခံ၍ လိုက်ပါလာခြင်းဖြစ်လေ၏။ သို့ရာတွင် ယောကျ်ားခြေလှမ်းကို မီအောင် မလိုက်နိုင်သောကြောင့် တစ်ကြောင်း၊ ဘယကျော်သူ၏ ကျွန်ယုံများ မမြင်အောင်ပုန်းကွယ်ရသည် တစ်ကြောင်းများကြောင့် အချိန်အနည်းငယ် နောက်ကျလေရာ၊ ဘယကျော်သူနှင့် ရှင်နန်းနွယ် စကားပြောနေ ကြစဉ် ရောက်ရှိလာခြင်းဖြစ်လေသည်။ သို့ရာတွင် ထိုအချိန်က ဝင်မိလျှင် ဘယကျော်သူ၏ ဘေးရန်ကို စိုးရိမ် ရသဖြင့် ယခုကဲ့သို့ ရေ့လောတကြီးနှင့် တဏှာမာန်မဲနေခိုက်၊ အသံမကြားအောင် ဝင်ခဲ့ခြင်း ဖြစ်လေ၏။

ဘယကျော်သူကား မိမိပိုင်ပြီဟုထင်၍ ကြိုးစားသော်လည်း၊ အောက်က တတ်အားသမျှ ရုန်းကန် သောကြောင့် အကြံအထမမြောက်သေးဘဲရှိရာ၊ ကရင်မလေးမှာ ကိုင်ထားသော ဓားမြှောင်ဖြင့် ဘယကျော်သူ၏ ကျောကို အားကုန် မြှောက်၍ အစိုက်လိုက်၊ ရိပ်ကနဲမြင်မိသော ဘယကျော်သူသည် ဘေးသို့ရှောင်တိမ်းကာ လက်ပြန်ခတ်၍ ဖမ်းလိုက်သဖြင့်၊ ကရင်မလေး ဓားကိုင်ထားသော လက်ကို ဆုပ်ကိုင်မိလေ၏။ ၎င်း၏ သန်မာသောလက်ကြီးဖြင့် လိမ်၍ချိုးလိုက်ရာ တဖျစ်ဖျစ်မြည်လျက် ဓားလွတ်ကျသွားသည်ကို ကောက်ယူ ပြီးလျှင် ...

"ဟဲ့ အမျိုးယုတ်မ ... နင် ဘာလို့လိုက်လာရတာလဲ ဟင် ..."ဟု အစိမ်းလိုက်ဝါးစားမည့် မျက်နှာ မျိုးဖြင့် မီးတောက်မတတ် ကြည့်ရှုလေရာ၊ ကရင်မလေးမှာ လက်ကလည်းနာကျင်လှသောကြောင့် ဒေါသ ထွက်လွန်းလှသဖြင့်၊ ဘယ်လက်ဖြင့် ဘယကျော်သူ၏ပါးကို လှမ်း၍ပုတ်ရင်း ...

"ဟဲ့ ခွေးမျိုး၊ နင့်ထက်ယုတ်တာ နင်ပဲရှိတယ်၊ ငါ့ကိုလဲ နင်ဒီလို အတင်းလုပ်ပြီးတော့ ငါ့ကို တစ်နှစ်လောက် ပေါင်းပြီး တွေ့ကရာ နင်လိုက်နေတာပဲ ..."ဟု ရေရွတ်လေရာ၊ ဘယကျော်သူမှာ အလွန် ဒေါသထွက်ခိုက်ဖြစ်သဖြင့်၊ လက်ထဲရှိ ဓားမြှောင်ဖြင့် ထိုးလိုက်လေ၏။ ကရင်မလေးကား အမိုးရေဟု တစ်ခွန်းသာ အော်ပြီး လဲကျသွားရှာလေ၏။

Commercial use of this book will be at your OWN RISK

"သတ်လိုက် ...အဲဒီဓားမြှောင်နဲ့ ထိုးလိုက်ပါလား ..."ဟု ရုန်းကန်နေသော်လည်း၊ ဘယကျော်သူမှာ ကျားပိန်ခဲ ခဲလျက်၊ အတင်းဖက်လှဲနေရာ၊ ကွမ်းတစ်ယာညက် မကြာခင်ပင် ရှင်နန်းနွယ်မှာ ပက်လက်လန်ကာ ကျ၍သွားရာပြန်လေ၏။

ဘယကျော်သူလည်း ဓားမြှောင်ကို ဘေးသို့ချကာ စားတော်ခေါ်မည်အလုပ်၊ ကျောက်ခဲကြီး တစ်လုံးသည် ဘယကျော်သူ၏ ဦးခေါင်းကို ထိမှန်ပြီးနောက်၊ ရှေ့သို့ထိုး၍ လဲကျသွားလေ၏။ ထိုအခိုက် အသက် ၄၀–ကျော်ခန့် လူကြီးတစ်ယောက်သည် ရှင်နန်းနွယ်ကလေးအား ပွေ့ယူလျက် အတင်းထွက်ပြေးရာ၊ ခဲမှန်သံကြား၍ အပြေးလာကြသော ဘယကျော်သူ၏ ကျွန်ယုံများမှာ ရင်ဝမှ သွေးအိုင်လျက်ရှိသော ကရင် မလေးနှင့် ဦးခေါင်းပြဲ၍လဲကာ မြောမေ့နေသော မိမိတို့သခင်ကို မြင်ရသဖြင့်၊ တစ်ယောက်က ပွေ့ယူစဉ်၊ ကျန်ခြောက်ယောက်မှာ တောတွင်းသို့ မှန်းဆကာ သေနတ်သံ တဒိုင်းဒိုင်းမြည်အောင် လိုက်လံပစ်ခတ်၍ နေကြလေ၏။

၎င်းတို့မှာ အချိန် ကွမ်းတစ်ယာညက်ခန့်မျှ နောက်ကျလေရာ၊ ရှင်နန်းနွယ်အား ကယ်ယူသူ ဘယ်ဆီ ပြေးသည်ဟု မသိလိုက်ဘဲ ရှိရလေ၏။ သို့ရာတွင် လူသွားနိုင်ရာ တောင်စောင်း သစ်ပင်ကြီးများဘေးမှ ရှာဖွေလျက်ရှိကြရာ၊ ချွင်ကနဲ အသံကြားရပြီးနောက် ရှေ့ဆုံးလူတစ်ယောက်မှာ လှံထုတ်ချင်းခတ် ရင်တွင် စိုက်လျက် လဲကျသဖြင့် တန့်ရပ်နေစဉ်၊ နောက်တစ်ဖန် လှံကြီးတစ်စင်းမှာ သစ်ပင်တစ်ပင်တွင် တစ်မိုက်ခန့် လှံသွားမြုပ်အောင် စိုက်လာပြန်သောအခါ၊ အားအင်အလွန်ကြီးသူ ဖြစ်ရမည်ဟု သေနတ်နှင့် ရမ်းဆ ပစ်ခတ် ပြီးလျှင်၊ နောက်ဆုတ်၍ ပြန်ကြလေ၏။

ရွှေတိဂုံကုန်းတော်၏ ရာထုထောင့်သစ်တောများအတွင်း သစ်ပင်မြင့်ပေါ်မှ တစ်ပင်ပျံကူး တစ်ပင်တွင် မြူးလျက်ရှိကြသော ကျေးငှက်တို့သည် ၎င်းတို့၏အောက်မှ ထူးဆန်းစွာ ပြေးလွှားနေသော လူသားနှစ်ဦးကို ကြည့်ရှုနေကြလေ၏။

လူကြီးကား မိန်းမပျိုကလေးအား ပုခုံးထက်တွင် တင်လျက် ခပ်သုတ်သုတ်သွားလျက်ရှိလေရာ၊ ဘယ်လက်တွင်လည်း သေနတ်၊ လှံရှင်၊ လေးမြား၊ လွယ်အိတ်တို့နှင့် ရှုပ်ပွေ၍နေလေ၏။ ဘေးရန် လုံခြုံလောက်ပြီ ထင်ရသောနေရာသို့ ရောက်သောအခါ၊ ပုခုံးထက်မှ မိန်းကလေးကိုချလျက်၊ ရေဘူးတောင်းမှ ရေဖြင့် ဆွတ်ဖျန်း၍ ဦးခေါင်းကို လှုပ်လိုက်ရာ မိန်းကလေး၏မျက်လုံးသည် တဖြည်းဖြည်း ပွင့်၍လာလေ၏။ မိန်းကလေးသည် သတိရသည်နှင့်တစ်ပြိုင်နက် ရင်ဝတ်လျောကျသည်ကို ကပျာကယာ ဝတ်တဲ့ကာ "အမယ်လေး အဖေရဲ့ ... မြင်ဝံ့သေးရဲ့လား ..."ဟု ပုခုံးကို ဖက်၍ ငိုကြွေးရာလေ၏။

"လုံမကလေး တိတ်တိတ် ... မငိုပါနဲ့ကွယ်၊ အဖေနဲ့ တွေ့ပြီပဲဟာ။ အိမ်ပေါ်မှာ အဖေ ထမ်းပိုးနဲ့ ရိုက်ထားခဲ့ကတည်းက ဒီအကောင့်ရန် မအေးသေးဘူးလို့ တွေးမိသား။ ဒါပေမယ့် သွေးသောက်မှာ ခြွေရံသင်း များတဲ့သူမို့ စိတ်ချခဲ့တယ်။ ဖြစ်ပုံပြောစမ်းပါဦးကွဲ့ ..."ဟု မေးမြန်းလေရာ၊ ရှင်နန်းနွယ်သည် ရှင်ဖြူတို့အိမ် သွားရာမှစ၍ အဖြစ်အပျက်ကို ပြန်လှန်ပြောဆို၍နေလေ၏။

"အိမ်း ကံကောင်းလို့ အဖေနဲ့တွေ့တာ၊ နောက်ကို မိန်းမသားချည်း ဘယ်မှမထွက်နဲ့နော်၊ ဒီနေရာဟာ အဖေ ပုန်းအောင်းပြီး တစ်ခါတစ်ခါမှ သန်လျင်ဘက် စနည်းနာလာရတယ်၊ ပြီးတော့ ဒီနေရာမှာ အဖေတို့ အသုံးချဖို့လဲ စဉ်းစားထားလို့ နေရာဒလစပ် ကျားမကြောက် မြွေမရှံ့ လှည့်နေရတာကြောင့်၊ သမီးကို ကယ်နိုင် တာပဲ ..."

Commercial use of this book will be at your OWN RISK

"အဖေက ကိုဘုန်းမသိစေနဲ့ဦးလို့ တစ်နေ့က ပိတ်ထားခဲ့လို့ ကိုဘုန်းကို မပြောမိတာနဲ့ ခုလိုဖြစ်ရတာ၊ ကိုဘုန်းသိရင် သူ့သူငယ်ချင်းတွေ အစောင့်ထားခဲ့မှာပဲ အဖေရဲ့ ..."

"ဟိုတုန်းကတော့ အဖေ သန်လျင်မှာရှိမှန်း သူသိရင်၊ သူ့အမေကို အကြောင်းကြားမှာကြောင့်ကွဲ့။ အဖေလည်း နှစ်ပေါင်း ၂၀–တောင် ကွဲနေတာ ... တွေ့ချင်သားပေါ့။ ဒါပေမယ့် ဒီထက် အရေးကြီးတဲ့ ကိစ္စတွေကြောင့် မတွေ့လိုခြင်း ဖြစ်တယ်။ မောင်ဘုန်းသိရင် နေမှာမဟုတ်ဘူး။ ခုတော့ သူ့ကို တစ်နည်းနည်း တွေ့အောင် ကြိုးစားရတော့မယ် ..."

"အဖေလာရင် ကျွန်မတို့အိမ် လုံခြုံပါတယ်၊ ဘဘဘုရားနဲ့ တွေ့ရင် သိပ်ဝမ်းသာမှာပဲ ..."

"မတွေ့ချင်သေးဘူးကွယ် ... အဝေးက ရုပ်ဖျက်ပြီး သမီးတို့အိမ်နားလဲ ရောက်ပါရဲ့ ... ရှင်မြတ်လှကိုလည်း မြင်ရပါရဲ့၊ အဖေ့စိတ်ကို မနည်းချုပ်တီးထားရတယ် ..."ဟု ပြောရာက၊ ရှင်နန်းနွယ်ကလေး၏ ကိုယ်လုံးကိုယ်ပေါက် ချောမောလှပပုံကို အလွန်ဆိတ်ငြိမ်သောတောထဲတွင် နှစ်ကိုယ်တည်း တွေ့ကြုံရရာ၊ လူကြီးမှာ "ငါ့သားမိန်းမ ... ငါ့သမီးနှင့် မခြားဘူး၊ ငါ ဘာကြောင့် စိတ်မိုက်ရသလဲ ..."ဟု အတွင်းကြိတ် အပြစ်တင်ဟန်တူလျက်၊ ရှင်နန်းနွယ် မမြင်ခိုက် ၄င်း၏ လက်မောင်းကို စပါးလုံးတထောက်ခန့် နက်အောင် ဓားမြှောင့်နှင့် ထိုးလိုက်လေ၏။

လက်မောင်းနာသွားသဖြင့် အာရုံပြောင်းသွားမှ လက်ကို နှိပ်နေစဉ်၊ ရှင်နန်းနွယ်မှာ ကလေး အမူအရာဖြင့် "အို၊ သွေးတွေနဲ့ ဘာဖြစ်တာလဲ ..."ဟု ပြာပြာသလဲ မေးလေရာ၊ "သမီး ချီပိုးလာတုန်းက သစ်ကိုင်းငြိတဲ့နေရာက သွေးပြန်ထွက်လို့ ..."ဟု လှီးလွှဲပြောဆိုလိုက်လေ၏။ ထို့နောက် ချွေးမဖြစ်သူ ဆာမွတ်မည်ကို စဉ်းစားမိသဖြင့်၊ လွယ်အိတ်ထဲမှ အမဲကင်ကို ထုတ်ကာ "ကိုင်း သမီး၊ ဒါပဲ စားစရာရှိတယ်" ဟု ထုတ်ပေးလေရာ၊ ရှင်နန်းနွယ်မှာ အမဲကင်အတုံးများကို မြိန်ရှက်စွာ စားသောက်နေလေ၏။

"နေထန်းတစ်ဖျားလောက် ရှိလာပြီ ... ဒီတော့ ဟိုအကောင့်ရန် စိတ်မချရသေးဘူး သမီး၊ ဒီအချိန် စထွက်ပြီး ဒလဖက်က လှည့်ဝင်ရမယ်၊ ဆိပ်ကမ်းမှာ လှေများရှိတတ်ပါရဲ့၊ စား စား ..."ဟု ပြောဆိုပြီး လက်မောင်းမှ အနာကို နှိပ်၍နေလေသတည်း။

ထိုနေ့နံနက်၌ပင် မောင်ဘုန်းမြင့်သည် နယ်ထွက်အလုပ်လုပ်ရာမှ ပြန်လည်ဆိုက်ရောက်လာလေ၏။ ရောက်လျှင်ရောက်ချင်း အိမ်ပေါ်သို့ အပြေးကလေး အိမ်ပေါ်သို့တက်သွားရာ၊ တိုင်တစ်တိုင်ကိုမှီ၍ အိပ်ငိုက်လျက်ရှိသော ဝန်မင်းနှင့် စောင်းစောင်းကလေးထိုင်ကာ ငိုကြွေးနေသော ယောက္ခမကြီးကို မြင်ရလေရာ၊ ရင်ထဲတွင် ထိတ်ကနဲဖြစ်၍သွားမိလေ၏။

မိမိသည် မည်မျှကြောက်ဖွယ်ကောင်းသော ရန်သူနှင့်တွေ့စေကာမူ ရင်ဖိုဖူးသည်မရှိဘဲ၊ ယခုကဲ့သို့ ဝမ်းနည်းဖွယ်တွေ့မှ ထိတ်ကနဲဖြစ်ရသည်ကို မကျေမချမ်းဖြစ်ကာ စိတ်ကိုတင်းရင်း "ဘဘ ... မယ်မယ်"ဟု ခေါ်လိုက်ရာ ...

Commercial use of this book will be at your OWN RISK

"မောင်ဘုန်း … လူကလေးရေ၊ မင်းနမ မရှိတော့ဘူးကွဲ့ …"ဟု အသံထွက် ငိုကြွေးရာလေရာ၊ မောင်ဘုန်းမြင့်မှာ မတ်တတ်က မလဲရန် မနည်းသတိထားလျက် …

"ဘယ်မလဲ … သူဘယ်မလဲ၊ သင်္ကြိုဟ်ပြီးကြပလား၊ ဘယ်လိုရောဂါလဲ …"ဟု အပြေးထွက်သွားရာ၊ မိမိအခန်းတွင် ရှင်နန်းနွယ်ကိုမတွေ့ရသောအခါ၊ ရင်ထဲတွင် ပူလောင်လျက် "မြန်လှချည်လား မယ်မယ်ရဲ့ … ဘာဖြစ်တာလဲ"ဟု ငိုသံပါကြီးနှင့် ထပ်တလဲလဲ မေးမြန်း၍နေလေတော့၏။

ဝန်ကတော်ကြီးလည်း မောင်ဘုန်းမြင့် အဓိပ္ပါယ်ကောက်လွဲနေမှန်း သိသဖြင့် "အသက်သေလို့ မရှိတာ မဟုတ်ဘူးကွဲ့ … မနေ့ညက လူဆိုးတွေ ခိုးသွားလို့ …"ဟု အဖြစ်အပျက်ကို ပြောလေရာ …

"တောက် … ရိုင်းလိုက်လေ မယ်မယ်ရယ် ကျွန်တော်ရှိရင် ဒီလိုမဖြစ်ရဘူး၊ ညက မရှာကြဘူးလား၊ လူတွေ ဒီလောက်များရက်နဲ့ ဘာလုပ်နေကြတာလဲ၊ ပူတကေဘုရင်ရဲ့ မင်းလုလင်တွေကကော သူတို့တာဝန် အတိုင်း မဆောင်ရွက်ကြဘူးလား …"

"ဘယ်လိုလူဆိုးတွေခိုးတယ်လို့ တစ်ညဉ့်လုံး စုံစမ်းပေမယ့် မသိရဘူးကွဲ့၊ တွဲဘက်ဝန် ဘယ ကျော်သူလဲ ညတွင်းချင်း မင်းလုလင်တွေနဲ့ လိုက်လံစုံထောက်ပေးရာတယ်လို့ ကြားတယ် …"ဟု ကြားသမျှကို ပြောပြလေရာ၊ သန်လျင်ဝန်မင်းသည် ငေါက်ကနဲ ခေါင်းထောင်၍နိုးလာကာ၊ "လူကလေး ရောက်ပလား၊ မပြောနဲ့တော့ကွယ် … ကံဆိုးချင်တော့ တုတ်စံတို့အိမ် အလည်သွားပြီး နေဝင်ဖြိုးဖြမှ ပြန်လာသတဲ့၊ ဘယ်နေရိုးလား … ဒင်းတို့သိရင် ဘဘ အသက်သေပေ့စေ၊ ဓားနဲ့စီမံမယ်"ဟု ကြိမ်းဝါးနေလေ၏။

မောင်ဘုန်းမြင့်သည် အရှုးပမာ အိမ်ပေါ်တွင် ဟိုလျှောက်သွားဒီလျှောက်သွားနှင့် ညည်းတွားဆူမြည်၍ နေရာက မိငြိမ်းသာအား မြစံနှင့် ရဲဘော်ကို အမြန်လာရန် အခေါ်ခိုင်းလိုက်လေ၏။ မြစံနှင့် ရဲဘော်လည်း မိငြိမ်းသာ ပြန်မရောက်ခင် အရင်ရောက်လာကြရာ၊ မောင်ဘုန်းမြင့်က …

"ကိုင်း သူငယ်ချင်းတို့၊ အပူဖြင့် တွေ့ကြပြီ၊ သူငယ်ချင်းတို့ ကူညီမှဖြစ်တော့မယ် …"ဟု အကျိုး အကြောင်းကို ပြောဆိုလေရာ၊ သူငယ်ချင်းနှစ်ယောက်မှာ ပင့်သက်ရှူကာ ဝမ်းနည်းသောအမူအရာဖြင့် … "ကိုင်း ဒို့ မြင်းတွေ လှေတွေ ထားတာ ဘာလုပ်ဖို့လဲ၊ ခုချက်ချင်း လူခွဲပြီး စုံထောက်မယ်၊ ဘယ်နည်းနဲ့မဆို သိရမပေါ့၊ သူငယ်ချင်း စိတ်အေးအေးသောနေ"ဟု နှစ်ဦးသား လျင်မြန်စွာ ထွက်ခွာသွားကြလေ၏။

မောင်ဘုန်းမြင့်ကား ယောက္ခမများနှင့် စကားတာရှည်မပြောနိုင်ဘဲ မိမိအခန်းသို့ ဝင်ရောက်ကာ၊ ရှင်နန်းနွယ်၏ အဝတ်အစားများကို ကြည့်ရှုလေ၏။ တံတင်းထဲတွင် သိမ်းထားသော သားမွေးအင်္ကျီ၊ ကမ္ဗလာခြုံထည်တို့မှာ ဆီမွှေးနံ့ဖြင့် တသင်းသင်းဖြစ်လေရာ၊ "အို နွယ်နွယ်ရဲ့ … ကံဆိုးလေခြင်းကွယ်၊ ကိုဘုန်းရှိရင် ဒီလိုမဖြစ်ရဘူး …"ဟု အသံထွက်အောင် ညည်းတွားမိလေ၏။ တစ်ဖန် နွယ်နွယ်ကိုယ်တိုင် ရည်းစားဘဝက ရက်လုပ်ပေးထားသော ချည်ဝါ ပိုးနီဖောက်လျက် ကွက်စိပ်ပုဆိုးကို ထုတ်ယူကာ ရင်ခွင်၌ ပွေ့၍ထားလေ၏။ ထိုနေ့၌ နွယ်နွယ်၏ လက်ရာဟူသမျှသည် မောင်ဘုန်းမြင့်၏ အလွမ်းအဆွေးကို နှိုးဆော် ပေးသကဲ့သို့ ဖြစ်ရကား၊ အလွန်စိတ်ခိုင်သော လုလင်တစ်ဦးပင် ဖြစ်လင့်ကစား မျက်ရည်များလည်၍ လာရာလေ၏။

ခရီးကလည်းပန်းသောကြောင့် စိတ်ညစ်ညစ်နှင့် ညောင်စောင်းပေါ် လဲလျောင်းလိုက်ရာ မကြာမီ အိပ်ပျော်၍သွားလေ၏။ ညနေ နေထန်းတစ်ဖျားခန့်မှ အိပ်ရာက နိုးလေလျှင်၊ လူခွဲလွှတ်ထားသော လုလင်

အချို့တို့ ပြန်ရောက်လာကြ၍ သတင်း အစအနမျှ မကြားရကြောင်း ပြောဆိုကြရာ၊ ရင်ထဲတွင် ဟာ၍ သွားလေ၏။ ထမင်းအိုးတစ်လုံးချက်ခန့် ကြာသောအခါ မြစံနှင့် ရဲဘော် သူငယ်ချင်းနှစ်ဦးတို့လည်း ရောက်ရှိ၍လာပြန်လေ၏။ မောင်ဘုန်းမြင့်ကား သိချင်ဇောဖြင့် ...

"ဘယ့်နှယ်လဲ ... ဘာသတင်းကြားခဲ့သလဲ၊ မင်းတို့ နေရာနဲ့အောင် ရောက်ရဲ့လား ..."ဟု ပြာပြာသလဲ မေးမြန်းလေရာ၊ "တွေ့တော့မတွေ့ဘူး၊ ဒါပေမယ့် ဘယကျော်သူနဲ့ မင်းလုလင်တို့ဟာ တိဂုံခြေတော်ရင်းအထိ သန်းယိမ်းအချိန်မှာ လိုက်ကြသတဲ့။ လူဆိုးတွေနဲ့ ကြယ်နီပေါ်ချိန်တွေ့လို့ တိုက်ခိုက်ကြတော့ ဘယကျော်သူမှာ လူဆိုး ကျောက်တုံးနဲ့ ပေါက်လို့ ခေါင်းပြိုလာသတဲ့။ မင်းလုလင်တစ်ယောက်လဲ လူဆိုးလက်နက်နဲ့ သေဆုံး သတဲ့။ လူဆိုးများကတော့ တောနက်ကြီးထဲဝင်သွားလို့ ဆက်မလိုက်ကြတော့ဘူး။ ဘယကျော်သူခေါင်းမှာ အဝတ်စည်ထားတာလည်း မြင်ခဲ့တယ် ..."ဟု စီကာပတ်ကုံး ပြောဆိုလေရာ ...

"ကိုင်း ... ဒါဖြင့် တောဘယ်လောက်နက်နက် ဒို့လိုက်မယ် ..."ဟု လက်သီးလက်မောင်းတန်းလျက် ဒေါမာန်ပါပါနှင့် ပြောဆိုလိုက်လေ၏။

"သူငယ်ချင်းသဘောအတိုင်း လူစုပြီးလိုက်ချင်ရင် လိုက်တာပေါ့၊ ညနေစာစားပြီး ထွက်ရအောင် စီမံချေမယ်"ဟု သူငယ်ချင်းနှစ်ယောက် ထွက်၍သွားကြလေ၏။

ညနေ မှောင်စပျိုးသောအချိန်၌ကား သန်လျင်ဝန်မင်းအိမ်ရှေ့တွင် တုတ်ရှည်များ၊ ရဲတင်းများ ကိုင်တွယ်ထားကြသည့် လူငယ် ၂၀၀-ခန့် စုဝေး၍နေလေ၏။ ဆိုင်ရာ မင်းလုလင်များအားလည်း အကြောင်း ကြားထားသောကြောင့်၊ မင်းလုလင်ငါးဦးမျှ သေနတ်ကိုယ်စီနှင့်လာကြလေ၏။

"ထွက်မယ် သွားမယ်၊ လုပ်ကြဟေ့"ဟု ပြောဆိုနေခိုက်၊ လူစုလူဝေးအနီးမှ မိန်းကလေးတစ်ဦး ပေါ်ပေါက်လာကာ အိမ်ဝင်းထဲသို့ ဝင်သွားလေရာ၊ မြစံသည် ဝမ်းသာအားရနှင့်၊ "မောင်ဘုန်းရေ ... နွယ်နွယ် ရောက်ပြီ"ဟု အော်လိုက်လေ၏။ မောင်ဘုန်းမြင့်လည်း အိမ်ပေါ်၌ ပြင်ဆင်နေရာက ကမန်းကတန်း ဆင်းပြေး လာရာ၊ လှေကားတွင် ရောက်နေသော ဇနီးသည်အား ပွေ့ယူလျက်၊ အိမ်ပေါ်သို့ တက်ပြေးလေ၏။

လူငယ်များမှာလည်း သိလိုဇောဖြင့် အိမ်ပေါက်က တစ်ဆို့နေရာ၊ မောင်ဘုန်းမြင့်က "အားလုံးကို ကျေးဇူးတင်ပါတယ်၊ ရှာဖို့မလိုတော့ပါဘူး၊ ပြန်နိုင်ကြပါပြီ ..."ဟု ပြောသဖြင့်၊ အချို့ပြန်ကြ၍ အချို့မှာလည်း ဖြစ်ပျက်ပုံသတင်းကို နားထောင်ရန် ကျန်ရစ်လေ၏။

ဝန်ကတော်ကြီးနှင့် နွယ်နွယ်ကား တစ်ဦးလည်ပင်းကို တစ်ဦးဖက်လျက် ငိုကြွေးနေရာ၊ အတန်ကြာမှ အငိုတိတ်လျက် အဖြစ်အပျက်ကို ဇာတ်လုန်၍ပြောလေ၏။ မောင်ဘုန်းမြင့်ကား အလွန်စိတ်ဓာတ်တက်ကြွသည့် လူငယ်ဖြစ်သည့်အလျောက်၊ သန်လျင်ဝန်မင်း၏ ဓားအိမ်ကိုဆွဲကိုင်ကာ ...

"ဘာ ဒီလိုစော်ကားလို့ ခံရမှာလဲ၊ ခုသွားသတ်မယ်"ဟု ပြင်ဆင်လေရာ၊ ဝန်ကတော်ကြီးသည် မောင်ဘုန်းမြင့်အား ထ၍ဖက်ရင်း၊ "လူကလေး မတော်သေးဘူး စဉ်းစားဦးကွဲ့ ..."ဟု တားမြစ်နေစဉ်၊ ရှင်နန်းနွယ်လည်း ထ၍ဆွဲကာ ...

Commercial use of this book will be at your OWN RISK

"ကိုဘုန်းအဖေ မှာလိုက်သေးတယ်၊ နားထောင်ပါဦး ..."ဟု ဘေးလူများကို ကြည့်ပြန်ရာ၊ အခြား လူငယ်များလည်း အရိပ်အဆင်ကို အကဲခတ်ကြည့်နေကြသဖြင့်၊ "လာ လာ ... အခန်းထဲသွားစို့ ..."ဟု ခေါ်ဆောင်သွားလေ၏။

"နွယ်နွယ့်ကို ကယ်တဲ့လူကြီးဆိုတာ အဖေပဲ ကိုဘုန်းရဲ့ ...။ ဟိုတုန်းက ထမ်းပိုးနဲ့ ဝင်ရိုက်သွား တာလဲ အဖေပဲ။ အဖေက သူဒီမှာရှိတဲ့အကြောင်းကို ကိုဘုန်းမသိစေနဲ့လို့ မှာသွားလို့ နွယ်နွယ်မပြောတာ။ အဖေ ကနေ့ည လာလိမ့်မယ်။ ကိုဘုန်းလဲ ဘယ်မှမထွက်နဲ့ဦးတဲ့ ..."

ထိုအခါ မောင်ဘုန်းမြင့်မှာ ၁၀–နှစ်ခန့် ပြန်၍ကွဲခဲ့သော ဖခင်ကြီး၏မျက်နှာကို ရေးရေးပေါ်ထင် လာကာ၊ တွေဝေ၍လာရာက ...

"ဩော် ... အဖေ အဖေ၊ သားမယားထက် တိုင်းပြည်ချစ်တဲ့အဖေ၊ နေနိုင်ပါပေရဲ့ ... နို့ နွယ်နွယ့်ကို ဘယ်အထိ လိုက်ပို့သလဲ၊ ဘယ်က လှည့်လာသလဲ ..."

"ဒလက်ဖက်က လှည့်ပြီးဝင်ကြတယ်၊ လမ်းကတော့ ကွေ့ကောက်နေတာပဲ၊ နွယ်နွယ့်ကို ကမ်းစပ် အထိ လိုက်ပို့ပြီး ညမှလာခဲ့မယ်ဆိုပြီး ဟိုဘက်ကူးသွားတယ် ..."

ထိုအခါကျမှ မောင်ဘုန်းမြင့်လည်း စိတ်ကိုချုပ်တည်းလျက်၊ ဣန္ဒြေမပျက် အပြင်သို့ ထွက်လာကာ၊ နွယ်နွယ်မှာ တောထဲ မျက်စိသူငယ်ဖြစ်နေစဉ်၊ မုဆိုးတစ်ယောက်က ကယ်ဆယ်လိုက်ကြောင်း လူငယ်အချို့အား ပြောပြလေ၏။ လူငယ်များ အသီးသီးပြန်ကြမည်ဟု ထကြစဉ်၊ မောင်ဘုန်းမြင့်က ဘာကိစ္စမဆို ညီညီ ညွတ်ညွတ်နှင့် တစ်ဦးကိစ္စကိုတစ်ဦး သွေးရင်းသားရင်းလို ဆောင်ရွက်ဖို့လိုကြောင်းများကို ဟောပြောလိုက် လေ၏။ တစ်ဖန် မြစံနှင့် ရဲဘော်အား လက်ပြကာ နှစ်ယောက်တည်း ကျန်ရစ်စေလျက် ...

"ဒီလိုကွ၊ ညမှာ အကြံတစ်ခုရှိတယ်၊ နွယ်နွယ့်ကို ကယ်ဆယ်တာ သူများမဟုတ်ဘူး ငါ့အဖေပဲ၊ သူ ညလာလိမ့်မယ်။ ဒီတော့ မင်းလုလင်သူလျှိုတွေကလဲ ဒို့အိမ်ပတ်လည်မှာ အမြဲစုံစမ်းနေကြတာ၊ သူငယ်ချင်း များက ဒိပြင် လူယုံ ၄–၅ ဦးနဲ့ ကင်းထောက်နေကြစမ်းပါ။ အတော်အသင့်ဆိုရင် ရှောင်တိမ်းကြပါ။ တကယ့်အကျပ်အတည်းဆိုရင် စီမံချင်သလို စီမံကြတာပေါ့။ ဒါပေမယ့် ဒီကိစ္စနဲ့ပတ်သက်ပြီး တစ်စွန်းတစ်စ မထွက်စေချင်ဘူး၊ ကိုင်း သွားကြတော့ကွယ် ..."ဟု ပြောဆိုရာ၊ သူငယ်ချင်းနှစ်ယောက်လည်း "စိတ်ချပါ ..." ဟု ဝန်ခံ၍ ထွက်ခွာသွားကြလေ၏။

ည သူငယ်အိပ်ဆိတ်ချိန်သာသာ၌၊ မောင်ဘုန်းမြင့်သည် ဝင်းတံခါး မှောင်ရိပ်တွင် မတ်တတ် ရပ်၍ စောင့်စားနေလေရာ မကြာမီပင် မည်းမည်းသဏ္ဌာန်တစ်ခုသည် ဝင်းပေါက်သို့ လာ၍ကပ်လေ၏။ မောင်ဘုန်းမြင့်လည်း လေသံဖြင့် "အဖေလား ..."ဟု မေးလိုက်ရာ၊ "အိမ်း ..."ဟု ဆိုသဖြင့် တံခါးကို ဖွင့်ပေး လိုက်လေ၏။ သားအဖနှစ်ယောက် အိမ်ပေါ်သို့ တက်သွားလေရာ၊ သန်လျင်ဝန်မင်းလည်း လက်ဝဲစည်သူ၏ မျက်နှာကို မြင်လိုက်သည်နှင့်တစ်ပြိုင်နက် "သွေးသောက် သွေးသောက်"ဟု လက်နှစ်ဖက်ကို ဖမ်းကာ ဆီးကြို နှုတ်ဆက် ဖက်ယမ်း၍ထားကြလေ၏။

"ကျုပ်တို့ ကံဆိုးတယ် သွေးသောက်ရယ် ... ရာဇဝင်အဆက်ဆက် မကြားဖူးတဲ့ ကုလားဖြူတွေ လက်အောက်ကို ရောက်နေကြရတယ် ..."ဟု စတင်ပြောဆိုလေရာ၊ "မပူပါနဲ့ သွေးသောက် ... ဒီ မိစ္ဆာဒိဋ္ဌိတွေရဲ့ ရန်ကို မကြာမီ အေးချမ်းအောင် စီမံလိုက်ပါမယ်၊ ကိုယ့်အမျိုးထဲက လောက်ထွက်တဲ့ကောင်တွေကြောင့်သာ

Commercial use of this book will be at your own RISK

ခက်နေတာပါ ...”ဟု ပြောစဉ်၊ အပြင်မှ လူသံကြားသဖြင့် မောင်ဘုန်းမြင့်သည် ကပျာကယာ ထွက်ကြည့်လေ၏။ လူငယ်တစ်ယောက်သည် မောင်ဘုန်းမြင့်အား တီးတိုးပြောဆိုပြီးနောက် ဆင်း၍သွားသဖြင့် အခန်းထဲသို့ ဝင်လာကာ ...

“တစ်ယောက်တော့ ကိစ္စချောပြီ၊ အဖေ့နောက်က ကပ်လိုက်လာတဲ့ မင်းလုလင်တစ်ယောက် အဖေဝင်းပေါက်နားရောက်တော့ သေနတ်နဲ့ချိန်နေသတဲ့၊ သူ့သေနတ်မောင်းမဖြုတ်ခင် ကိစ္စတုံး စီရင်လိုက်ကြသတဲ့၊ မစီရင် မဖြစ်တော့ဘူး”

“ဓားနဲ့ စီရင်သလား ...”

“ဟုတ်တယ် ...”

“ဒီအိမ်နဲ့မနီးရင် ကိစ္စမရှိဘူး၊ ဖျောက်ဖျက်ဖို့ကော ...”

“အလောင်းကို မြစ်ထဲသွားချတယ်၊ သေနတ်တစ်လက်လဲ ရလိုက်တယ်၊ အဖေသာ ဒီအိမ်ပေါ်မှာ လူမရိပ်မိအောင် သတိနဲ့နေဖို့ပဲ ...”

“အိမ်ပေါ်ရောက်ရင် တစ်ထောင်နဲ့ တစ်ယောက် မကြောက်ပါဘူးကွယ် ...”ဟု ပြောနေစဉ်၊ ရှင်နန်းနွယ်လည်း ထမင်းပွဲပြင်ကာ ငြိမ်းသာအား ယူစေလျက်၊ “ကိုင်း အဖေ ... ဆာလှရော့မယ်၊ သုံးဆောင်ပါဦး ...”ဟု ပြောဆိုသဖြင့်၊ လက်ဝဲစည်သူမှာ ထမင်းမတွေ့ရသည်မှာ ကြာလှပြီဖြစ်သဖြင့် မြိန်ရှက်စွာ စားသောက်ကာ နေလေ၏။

လက်ဝဲစည်သူ ထမင်း စားသောက်အပြီးတွင် အဝနေပြည်တော်အကြောင်း၊ လက်အောက်ခံနိုင်ငံများအကြောင်းကို ရေးဟောင်းနှောင်းဖြစ် ဇာတ်ခင်းပြီးကြသည့်နောက်၊ ရှင်နန်းနွယ်နှင့် ဝန်ကတော်ကြီးတို့အား အိပ်ခန်းသို့ဝင်ရောက်ကြရန် ပြောဆိုလိုက်လေ၏။

သုံးဦးသားမှာမူကား စကားဆက်၍ပြောဆိုကာ တိုင်ပင် နေကြလေ၏။ လက်ဝဲစည်သူကား ကုလားဖြူ၏ ကျွန်ဖြစ်ရချက်နာသည်ကို မကျေနပ်နိုင်ဘဲ ...

“မဟုတ်ပါဘူး သွေးသောက်ရဲ့၊ သွေးသောက်က တစ်ယောက်လုံး မြို့ဝန်ဖြစ်ပြီး ဒီကုလားက ဘောက်မဲ့ကြောင့် ချယ်လှယ်နိုင်ရသလဲ။ သွေးသောက် အခြွေအရံတွေက ဘယ်ရောက်ကုန်သလဲ”

“ဘုန်းတော်ကြီးဘုရားက ကုလားယုံပြီး စစ်သားလက်နက် အပ်ခဲ့ပြီကော။ ကျုပ်မှာ အမည်ခံရုံလောက် ဝန်ဖြစ်နေရတာ ဘယ့်နှယ့်တတ်နိုင်လိမ့်မလဲ။ ဒါပေမယ့် တတ်အားသမျှ ရုံးတွေ၊ မင်းလုလင်ဌာနတွေ၊ သူလျှိုလုလင်တွေထဲမှာ လူယုံတွေ အများကြီးထည့်သွင်းထားပါတယ်။ ဒါလောက်ပဲ တတ်နိုင်တယ်။ ကျုပ်အတွင်းရေးက ချယ်လှယ်မှာစိုးလို့ ဝန်ရာထူး ပြုတ်ခဲ့ပါပကော ...”

“တောက် ... ရိုင်းလိုက်လေဗျာ၊ ဆင်ဖြူရှင်မင်းတရားလက်ထက်က ကျုပ်တို့အဖေများက ထိပ်ပုတ်၊ ခေါင်းရိုက်၊ ခြေနဲ့ကန် နိုင်ချင်သလိုနိုင်ခဲ့တဲ့ ပုတ္တကေလူမျိုးက ဘုရင်ဖြစ်နေရသတဲ့ ...”

Commercial use of this book will be at your OWN RISK.

"မုတ္တမစား အကူအညီနဲ့ဆိုတော့ မတတ်နိုင်ကြဘူး ..."

"ကိုင်း ဒါတွေ မစဉ်းစားကြပါနဲ့လေ၊ ရှေ့ကို ဘယ့်နှယ် ကြံစည်ကြမယ်လို့ စီစဉ်ထားကြသလဲ ..."

"တလိုင်း၊ မြန်မာ၊ ကရင်တွေကို တစ်သွေးထဲ တစ်စိတ်ထဲဖြစ်အောင် ကြိုးစားနေရတာပဲ။ မောင်ဘုန်း ကလည်း လူငယ် လှေသင်း၊ မြင်းပွဲ၊ လူပြေးပြိုင်ပွဲတွေနဲ့ ကြိုးစားလာတာ အတော်ခရီးရောက်နေပါပြီ ..."

"လှေပွဲကတော့ လူငယ်တွေအတွက် အကောင်းဆုံးနည်းလမ်းပဲ။ အဝနေပြည်တော်မှာလဲ မကြာခဏ ကျင်းပနေရတယ်။ လှေလှော်တယ်ဆိုတာ သာမန်ကြည့်ရင် လှေပြိုင်ပွဲလို့ ထင်ကြမှာပဲ၊ မဟုတ်ဘူး လူကလေး ... မင်း သဘောကို စဉ်းစားမိရဲ့လား ..."

"မှန်ပါ စဉ်းစားမိပါတယ်၊ အဆုံးမှာ လက်မောင်းသားများ တင်းမာလာပြီး လက်ဟာ တာရှည် အညောင်းခံနိုင်ဖို့ပဲ။ ဒါမှ အရေးရှိလို့ သေနတ် ဓားလှံကိုင်တဲ့အခါ လက်အားသန်ပြီး မြဲစွဲလာလိမ့်မယ် ..."

"အဲဒါ အဓိကအချက်ပဲ။ အဖေကတော့ စစ်ပွဲပေါင်းများခဲ့လို့ ဓားလှံကိုကြည့်ရင်၊ လူဘယ်နှယောက်ကို ခုတ်ပြီးရင် ဒီဓားလှံတုံးရမယ်ဆိုတာ သိတယ်။ လူတစ်ယောက်ဟာ တဆက်ထဲ လူအစိတ်သေအောင် ဓားနဲ့ ခုတ်နိုင်ရင် အာဂ လူစွမ်းကောင်းပဲ။ လက်ချောင်းနဲ့ လက်မောင်းဟာ ကြာရင် ဓားတောင် မဆုပ်နိုင်အောင် လက်ပန်းကျတတ်တာပဲ။ ဒီတော့ အလေ့အကျင့်မရှိတဲ့ လူရိုင်းဆိုရင် လူ ၂-ယောက် ၃-ယောက်ထက်ပိုပြီး မခုတ်သတ်နိုင်ဘူး ..."

"ဟုတ်ကဲ့ ကျွန်တော်လဲ ဒါကို တွေးမိပြီး ငွေကြေးစိုက်ထုတ် ကြိုးစားထားရတာပဲ ..."

"ဘယ်လို လူပြည့်စုံပေမယ့် လက်နက်က လိုသေးတယ်၊ လက်နက်မရှိရင် အလကားပဲ ..."

"အဝနဲ့ ပြည်မြို့များက လက်နက်အချို့ သွင်းယူပြီးပါပြီ ..."

"ဟေ ... ဟုတ်လား။ အဖေတောင် မသိပါကလားကွယ်၊ အဖေ အတော်စုံစမ်းနေတာပဲ လုံးလုံး မသိရပါဘူး ..."

"အလွန် စေ့စေ့စပ်စပ် ကြံစည်ရပါတယ်။ ဒါပေမယ့် သေနတ် ၃၀၀-လောက်နဲ့ အမြောက် ၅-လက် ရလို့၊ တချို့လဲ ပန်းပဲတွေနဲ့ လုပ်နေဆဲပဲ အဖေရဲ့။ ပူတကေတို့ သင်္ဘောပြည့်ကာ လက်နက်က ကောင်းလို့၊ အဲဒီလက်နက်မျိုး သေနတ် ၅-လက် ခိုးယူပြီး နမူနာကြည့်လုပ်နေရတယ် ..."

"လက်နက်က သိပ်နည်းသေးတာကိုးကွဲ့။ သူတို့က လက်နက်များများနဲ့ ပုန်ကန်နိုင်မှဖြစ်မယ် ..."

"နောက်တော့ များပြီးလာမှာပါပဲ၊ လက်နက်လုပ်ရာမှာတောင် ဟောဒီဘဘ သွင်းပေးထားတဲ့ အရာရှိ မျိုးချစ်တွေက သေနတ် ၂၀၊ မျိုးချစ်သူလျှိုတွေက လုပ်သေနတ် ၂-လက်နဲ့ လူတစ်ယောက်ဖမ်း၊ မျိုးချစ်အရာရှိ ရုံးက ထောင် ၃-၄ လ ချ၊ ဒီလို ထောက်ထောက်ညှာညှာ စီရင်ကြလို့ အထမြောက်နေတာကလား ..."

ထိုအခါ ဝန်မင်းသည် ပြုံးလျက် ...

Commercial use of this book will be at your OWN RISK.

"ကျုပ်ကို ပူတကေဘုရင် ကြောက်တာဟာ ဒါကြောင့်ပေါ့ဗျာ။ ဒင်းတို့ဆီမှာ အတွင်းလူရှိတော့ ဘာမဆိုသိရ၊ လုပ်ပြန်လဲ ထောက်ထောက်ညှာညှာလုပ်ဆိုတော့ အလွန်ဟန်ကျတာကလား ..."

"ဒီလို ကြိုးစားညီညွှတ်ကြမှလဲ ဖြစ်မယ်။ အဝနေပြည်တော်ချည်း အားကိုးလို့လဲ မဖြစ်သေးဘူး ..."

"အဝနေပြည်တော်က လာတိုက်လို့ ကုလားရန် အေးသွားတယ်ဆိုရင်၊ ကျွန်ဖြစ်ခံရတဲ့ ကျုပ်တို့ကလဲ အလွန် ရှက်စရာကောင်းမယ်၊ ရာဇဝင်လဲ အလွန်ရိုင်းရော့မယ် ..."

မောင်ဘုန်းမြင့်ကား နိုင်ငံရေး တိုင်ပင်ရာက မိခင်ကြီး၏အခြေအနေကို စဉ်းစားမိသဖြင့် ...

"အဖေရယ် ... ခုလို ကြုံတဲ့အခါ အမေ့ဆီ ဝင်ပါဦးတော့လား ..."

"အဖေ သတိရတယ်၊ ကိစ္စတွေ မပြီးခင် မတွေ့ချင်ဘူးကွယ်၊ သံယောဇဉ်နှောင့်ယှက်မှာ စိုးရိမ်ရတယ်"

"ကိစ္စတွေ မဆောင်ရွက်ခင် ခဏတွေ့ပါဦးလား၊ အခု သွားရအောင်လေ၊ ကျွန်တော် လိုက်ပို့ခဲ့မယ် ..."

"နေပါစေ လူကလေး၊ မင်း ဘယ်အရာမျိုးမဆို သတိဝီရိယနဲ့ လုပ်ပါ။ နောင်လဲ မပြတ်လပ်ဆိုသလို အဖေနဲ့ တွေ့ဆုံသေးတာပေါ့။ ကိုင်း သွေးသောက် သွားလိုက်ဦးမယ်။ သွေးသောက်တော့ လူကြီးမို့ ဘာမှ ပြောစရာမလိုဘူးနော် ..."ဟု နေရာမှထကာ ထွက်ခွာမည်ပြုရာ၊ သန်လျင်ဝန်မင်းလည်း မတ်တတ်ရပ် ပွေ့ဖက်နှုတ်ဆက်ပြီးလျှင်၊ သားအဖနှစ်ဦး အိမ်အောက်သို့ ဆင်းသွားကြလေ၏။ တံခါးပေါက်တွင် သားအဖနှစ်ယောက် ဖက်ယမ်းနှုတ်ဆက်ကြပြန်ကာ၊ ခဏမျှအကြာတွင် လက်ဝဲစည်သူသည် မှောင်ထဲတွင် ပျောက်ကွယ်လေသတည်း။

Commercial use of this book will be at your OWN RISK.

## အခန်း (၉)

တလိုင်း၊ မြန်မာတို့ကား ဘုရင်မင်းခေါင်နှင့် ရာဇာဓိရာဇ်လက်ထက်တွင် အကြီးအကျယ် ရန်သူဖြစ်ကြသော်လည်း၊ ကုလားဖြူ ပူတကေလူမျိုးများ အုပ်စိုးခြင်းကို ခံရသောအခါ၊ မျိုးချစ်များ၏ တိုက်တွန်းလှုံ့ဆော်ချက်အရ၊ ဗုဒ္ဓဘာသာ တိုင်းရင်းသားအချင်းချင်းဖြစ်သည့်အတိုင်း၊ စိတ်ဝမ်းညီညွတ်လျက် တစ်ဦးကိုတစ်ဦး အထူးချစ်ခင်ကြလေ၏။ အထူးသဖြင့် နိုင်ငံရေးနှင့် တိတ်တိတ်ပုန်းဆောင်ရွက်သူများကို ငွေအားလူအားဖြင့် ကိုယ်ဖိရင်ဖိ ကူညီထောက်ပံ့၍နေကြလေ၏။

မည်မျှသေသပ်စွာ လျှို့ဝှက်ပြုမူဆောင်ရွက်ကြသော်လည်း၊ ပူတကေလူမျိုးများမှာ ပါးနပ်၍ ပရိယာယ်များသော လူမျိုးဖြစ်သည့်အတိုင်း၊ ၎င်းတို့၏လက်အောက်ခံ တလိုင်းမြန်မာတို့သည် ၎င်းတို့အား မကျေနပ်ဘဲစိတ်ဓာတ်တစ်မျိုးဖြစ်ပုံ၊ အတွင်းကြိတ် ကြံစည်ကြပုံတို့ကို သိရှိပြီးဖြစ်လေသည်။ သို့ရာတွင် မည်သို့မည်ပုံကြံ၍၊ မည်ကဲ့သို့စီမံသည်ကိုကား တတ်အပ်မသိရသဖြင့်၊ သူလျှိုများကို အချို့အလုပ်ဖြုတ်လျက် ခြိမ်းခြောက်ထောက်လှမ်းစေလေ၏။

သူလျှိုများတွင် မောင်ဘုန်းမြင့်၏ လူယုံများလည်းရှိသဖြင့် "ယုန်တောင်ပြေး ခွေးမြောက်လိုက်" ဟူသကဲ့သို့၊ ပူတကေဘုရင်၏ လူယုံများ လိုက်လံစုံစမ်းမည့်အကြောင်းကို မောင်ဘုန်းမြင့်၏ လူငယ်များ သိနှင့်ပြီးဖြစ်လေ၏။

မောင်ဘုန်းမြင့်ကား ၎င်းကိုယ်တိုင်မှာ ဘာမျှမကြံစည်သကဲ့သို့၊ ယခုအခါတွင် ၎င်းအိမ်၌ ဣန္ဒြေရရနေထိုင်လျက်ပင်ရှိလေ၏။ သို့ရာတွင် စီမံခန့်ခွဲရေးဟူသမျှမှာ မောင်ဘုန်းမြင့်ဆီမှ တစ်ဖန် သင့်တော်ယုံကြည်ရသော လူငယ်တို့ကို စေလွှတ်ပေးပို့စမြဲဖြစ်လေ၏။ သန်လျင်ဝန်မင်း သွင်း၍ထားသော အရာရှိပိုင်း၊ မင်းလုလင်ဌာန သူလျှိုအဖွဲ့များကလည်း အရေးရှိလျှင် သန်လျင်ဝန်မင်းထံသို့ တိတ်တိတ်ပုန်း အကြောင်းကြားလေ့ရှိလေ၏။ တစ်ညသ၌ကား မောင်ဘုန်းမြင့်သည် သန်လျင်ဝန်မင်းနှင့် တိုင်ပင်၍နေကြခိုက်၊ စာချွန်တစ်ခုကို လူယုံလူငယ်တစ်ဦး ပေးလာသဖြင့် ဖတ်ရှုကြည့်ရာ ...

"သတိပြုပါ ... ဘယကျော်သူသည် တိုင်းပြည်၏ အကြီးဆုံးရန်သူဖြစ်ပါသည်။ သူသည် တိုင်းရင်းသား တလိုင်းမြန်မာတို့အား ချစ်ဟန်ဆောင်ကာ ပူတကေလူမျိုးအုပ်စိုးခြင်းကို မကျေနပ်ပုံ၊ လူစုလူဝေးနှင့် ခုခံတိုက်ခိုက်ရန် သွေးဆောင်နေပါသည်။ ပူတကေလူမျိုးများအား အကယ် မုန်းတီးနေကြသော တလိုင်းမြန်မာတို့ နားယောင်နေကြပါသည်။

အကယ်၍ ဘယကျော်သူ၏ ပြောဆိုချက်အတိုင်း မကျေနပ်ကြောင်း ထောက်ခံပြောဆိုပါက၊ ထိုလူများ ဒုက္ခရောက်ကြပါလိမ့်မည်။ သူသည် ပူတကေလူမျိုးတို့ နိုင်ငံကျယ်ဝန်းလာလျှင် ပြည်ဘုရင်ခံရာထူးပေးမည်ဟု နားချထားသော ပူတကေဘုရင်ခံ၏ ပရိယာယ်ကို ယုံကြည်နေသဖြင့်၊ အမျိုးသား ဘယ်သူနစ်နာခြင်းဖြစ်ဖြစ် ရက်ရက်စက်စက် ပြုလုပ်မည့်သူဖြစ်သည်။ သူကိုယ်တိုင်မှာ ဗရင်ဂျီဘာသာကို ယုံယုံကြည်ကြည် ကိုးကွယ်ပြီးဖြစ်သည်။ သို့သော် ဗုဒ္ဓဘာသာဘုန်းကြီးများ

Commercial use of this book will be at your OWN RISK

ကိုလည်း သူ့သြဇာကိုက်အောင် ရှိခိုးပေါင်းသင်းနေသည်။ မကြာမီလည်း လှေသင်းများနှင့် အလားသူ သူ၏သြဇာခံ ပိန်းကောလှေအသင်း ဖွဲ့စည်းပါလိမ့်မည်။

သူ၏အသင်းမှ လူငယ်များသည် တိုင်းပြည်ချစ်သော လှေသင်းလူငယ်များနှင့် ရန်သူ ဖြစ်ကြလိမ့်မည်။ ဤကဲ့သို့သော ရန်သူကို လစ်လျူရှုက တိုင်းပြည် ပိုမိုနစ်နာလိမ့်မည်။ အကျွန်ုပ်တို့ လူစုလည်း အထူးတလည် သတိနှင့်နေကြရပါသည်”

စာဖတ်ပြီးလျှင် သန်လျင်ဝန်မင်းက လေးဆေးစွာ စဉ်းစားသောအမူအရာဖြင့် “အိမ်း … ဘဘလူယုံတွေကဖြင့် အတော်ဟန်ကျနေပြီ၊ ဒါပေမယ့် ဘယကျော်သူကို စီမံရင် လူကလေးလက်ချက်လို့ ရိပ်မိနေမလားကွယ် …”

“ဘယကျော်သူကိုယ်တိုင်က နွယ်နွယ်နဲ့ပတ်သက်ပြီး သူ့အဖြစ်အပျက် အမှန်အကန်ကို ဘယ်သူ့မှ မပြောသေးဘူး။ သူကိုယ်တိုင် ဘာမှအစစ်မခံနိုင်ရုံ စီမံထားတာပေါ့ …”

“ကြည့်သာစီမံကြကွယ် … မိစ္ဆာဒိဋ္ဌိတွေလုပ်လို့ ငရဲမကြီးပါဘူး။ စေတနာသာ မမှားကြစေနဲ့။ ကိုင်း ကိုင်း လူကလေး အိပ်ချေဦး အိပ်ပျက်ရင် အားနည်းပြီး ဉာဏ်ထိုင်းမှိုင်းတတ်တယ်”ဟု ပြောသဖြင့်၊ မောင်ဘုန်းမြင့်လည်း ၎င်း၏အိပ်ခန်းသို့ ထခဲ့လေ၏။ ရှင်နန်းနွယ်ကလေးကား ဆီမီးတိုင်တွင် ရာဇဝင်ပေစာများကို ဖတ်လျက်နေလေရာ၊ ကဲလားပွင့်သည်ကို မြင်သဖြင့် ပေစာကို ချခဲ့၍ အပေါ်သို့ လာခဲ့ပြီးလျှင်၊ မောင်ဘုန်းမြင့်၏ လက်တစ်ဖက်ကို ဆွဲယူကာ ညောင်စောင်းတွင် အတူယှဉ်တွဲကာ ထိုင်ကြလေ၏။

“နွယ်နွယ် မအိပ်သေးဘဲကို … ညစာကြည့်တာ မျက်စိမှုန်တတ်တယ်ကွဲ့ …”

“ဘုရင်မင်းခေါင်နဲ့ ရာဇာဓိရာဇ်အကြောင်းပါ၊ မင်းရဲကျော်စွာဟာ ငယ်ငယ်ကလေးနဲ့ သိပ်ပြီး သတ္တိကောင်းတာနဲ့ ဆက်ပြီးဖတ်နေတာပဲ …”

“ကိုဘုန်းတို့လဲ သူ့လို စစ်တိုက်ရရင် ရာဇဝင်ကျော်မှာပေါ့ နွယ်နွယ်ရဲ့။ ခုနေခါမျိုး ကိုဘုန်း စစ်တိုက်ပြီး သေဆုံးသွားရင် နွယ်နွယ် ဝမ်းမသာဘူးလား …”

“အို … ကိုဘုန်း ဘယ့်နှယ်ပြောတာလဲ။ ကိုယ့်ခင်ပွန်းတစ်ယောက်လုံး သေဆုံးတာ ဘယ့်နှယ် ဝမ်းသာရမှာလဲ”

“ဒီလိုကွဲ့ … စိတ်ထားထက်သန်တဲ့ မိန်းကလေးဆိုတာဟာ ကိုယ့်ချစ်သူဟာ တိုင်းရေးပြည်ရေးနဲ့ ပတ်သက်ရင် အသက်အသေခံ ဆောင်ရွက်သွားလေ၊ ကျန်ရစ်တဲ့ဇနီးမှာ ဂုဏ်ရှိလေပဲ။ သည်တော့ ဂုဏ်ရှိပြီး ကျန်ရစ်တဲ့ ဇနီးက ဝမ်းမနည်းရဘူး။ သူများအားကျအောင် ဝမ်းမြောက်ရတယ် …”

“ကိုဘုန်းတို့ တိုင်းပြည်အရေး ဘယ်လိုလုပ်တယ်ဆိုတာ သိပါတယ်။ နွယ်နွယ်လဲ သဘောတူပါတယ်။ နို့ပေမယ့် အချစ်ဆုံးတစ်ယောက် အသက်ပျောက်တာကိုတော့ ဝမ်းမသာနိုင်ဘူး …”

Commercial use of this book will be at your OWN RISK.

ထိုအခါ မောင်ဘုန်းမြင့်သည် တွေဝေစဉ်းစားနေရာက နွယ်နွယ်ပြောသမျှသည် စိတ်ရင်းအတိုင်း ဖြစ်ရကား၊ မိမိ မေးမြန်းမိသည်ကိုပင် လွန်၍သွားလေပြီလားဟု တွေးတောမိပြန်လေ၏။ သို့ရာတွင် တိုင်းပြည် အရေးအရာနှင့် နှိုင်းစာလျှင် မယားချစ်မှု လင်ချစ်မှုသည် တအိုးတစ်အိမ် တစ်ကိုယ်ကောင်းအတွက်မျှဖြစ်ရာ၊ ကြီးလေးသောဝန်နှင့် ဆောင်ရွက်မည့် ယောကျ်ားကောင်း မိန်းမကောင်းမှန်သမျှ အရေးရှိက ထိုချစ်ခင် စွဲလမ်းမှုကို ပယ်ဖျက်ရမည်ဖြစ်သည့်အတိုင်း မေးမြန်းမိခြင်းဖြစ်လေ၏။ မိမိတို့မှာ အစကနဦးကပင် တစ်ယောက်နှင့် တစ်ယောက် မေတ္တာမကူးစက်ရလျှင်၊ အသက်သေတော့မည် အမှန်ဖြစ်ကာ အကြောင်းပါ ခဲ့ခြင်း ဖြစ်လေရာ၊ ရဟန္တာမဟုတ်သော လူသားတို့၌ ချစ်သူဆုံးသည်ကို လုံးလုံးကြီး ဝမ်းမနည်းဘဲ အဘယ်မှာ နေနိုင်ရာမည်နည်းဟု စဉ်းစားငေးမောနေစဉ်၊ နွယ်နွယ်သည် မောင်ဘုန်းမြင့်၏ မေးစေ့ကို သူ၏ ပျော့ပျောင်း သွယ်လျသော လက်ချောင်းကလေးများဖြင့် ကိုင်မ,ကျီစယ်ကာ ခပ်ပြုံးပြုံးကြည့်ရင်း ...

"ဘာတွေတွေးနေတာတုံး ... ကိုဘုန်းဘာပဲလုပ်လုပ် နွယ်နွယ်မကန့်ကွက်ပါဘူး။ နို့ပေမယ့် ချစ်သူ တစ်ယောက်လုံး သေကွဲကွဲရမှာကိုတော့ ဘယ်နည်းနဲ့မှ မပူဆွေးဘဲမနေနိုင်ဘူးသာ ပြောတာပါ။ နွယ်နွယ့်ရဲ့ သံယောဇဉ်ကြောင့် ကိုဘုန်းရဲ့ အကြံအစည်လျှော့ရမယ် ဆိုတာတော့ မခံချင်ပါဘူး။ ကိုင်းပါလေ နွယ်နွယ်တို့ စိတ်ညစ်စရာတွေ မပြောကြပါစို့နဲ့နော်။ ကြံချင်မှ ထကြံ၊ လုပ်ချင်မှ ထလုပ်တာပေါ့။ ဘာမှ မကြံမလုပ်ခင် စိတ်ကိုမညှဉ်းဆဲပါနဲ့ ..."ဟု ယုယုယယ ပြောဆို၍နေလေ၏။

ဘယကျော်သူကား တိုင်းရင်းသာ မွန်၊ မြန်မာလူမျိုးတို့၏ အကြီးမားဆုံးရန်သူ ဖြစ်နေသည်ကို မျိုးချစ်စိတ်ရှိသော လူကြီးလူငယ်တိုင်း သိရှိကြလေ၏။ သို့ရာတွင် ၎င်းမှာ ကြေးငွေသုံးစွဲနိုင်ခြင်း၊ အပြောအဆို အညာအဖျန်းကောင်းခြင်းတို့ကြောင့်၊ အူကြောင်ကြောင် မွန်၊ မြန်မာဘုန်းတော်ကြီးအချို့နှင့် လူငယ်အချို့တို့မှာ နားယောင်လျက်ရှိကြလေ၏။

၎င်းမှာ ပူတကေဘာသာကို ကောင်းစွာတတ်ကျွမ်းလေရာ၊ ပူတကေဘာသာ သင်သော အိမ်၊ ကျောင်းများတွင် ၎င်းချယ်လှယ်ချင်တိုင်း ခံ၍နေကြရလေ၏။ နောက်ဆုံးတွင် ၎င်း၏ အကြီးဆုံး ရည်ရွယ် ချက်ကား အလွန်စိတ်အားထက်သန်သော လူငယ်တစ်စုတို့ကို ၎င်း၏အာဏာအောက်သို့ ဆွဲသွင်း၍၊ မွန်၊ မြန်မာ တိုင်းရင်းသားအချင်းချင်း စစ်ခင်းတိုက်ခိုက်ဖို့သာ ရှိတော့လေရာ၊ မောင်ဘုန်းမြင့်၏ လူငယ်များသည် သည်းမခံနိုင်အောင်ဖြစ်၍ နေကြလေ၏။

တစ်ညသ၌ကား ဘယကျော်သူသည် သန်လျင်မြို့တောင်ပိုင်း ရှင်ဖြူ၏အိမ်သို့ အလည်အပတ် ရောက်ရှိလေ၏။

သူကြွယ် ဦးတုတ်စံကား မျိုးချစ်စိတ်ရှိ၍ လူငယ်တို့အား ငွေကြေး မြောက်မြားစွာ ထောက်ပံ့နေသူ ဖြစ်လေရာ၊ ဘယကျော်သူကဲ့သို့ မျိုးဖျက်တစ်ဦးကို အဘယ်မှာလျှင် လက်ခံလိုအံ့နည်း။ သို့ရာတွင် တန်ခိုး အာဏာလက်ရှိသူတစ်ဦးအပေါ်၌ ရိုင်းစိုင်းစွာပြုရန်မသင့်သဖြင့် အလိုက်အထိုက် လက်ခံပြောဆို၍နေရလေ၏။

ရှင်ဖြူကား ရှင်နန်းနွယ်နှင့် မရိုးမယိမ်း လုပချောမွေ့သူဖြစ်ရာ၊ သေချာစေ့ငှစွာ ကြည့်ရှုတတ်သူများ သာလျှင် ရှင်နန်းနွယ်က ရုပ်ရည်အနည်းငယ်သာကြောင်း သိရှိနိုင်လေ၏။ သို့ရာတွင် ၁၆–နှစ်သာသာ ၁၇–နှစ် အတွင်း ဝင်ခါစ အပျိုရည် ဝဝကြီး ပြည့်တင်းစိုပြည်သူလေး ဖြစ်ပြန်သဖြင့်၊ ဘယကျော်သူ လာရောက်ခြင်း၏ အကြောင်းကို အထူးဖော်ပြရန်လိုမည် မဟုတ်ချေ။

Commercial use of this book will be at your OWN RISK

“ဘယ့်နှယ် သူကြွယ်မင်းရဲ့သမီးကလေးက ရက်ကန်းကို အလွန်ဝါသနာပါဆိုပါလား၊ အမျိုးသမီးလေးများ ကိုယ်တိုင် ရက်ကန်းယက်နိုင်တယ်ဆိုတာ အလွန်သင့်လျော်တာပဲ၊ သဘော်ပြည်က ပစ္စည်းတွေက ဆိပ်ကမ်းခွန်နဲ့ ဘာနဲ့ဆိုတော့ အလွန်ကြေးပေးရတာကလား ...”

“ရက်ကန်းဝါသနာတော့ ပါတာ အမှန်ပဲ။ နို့ပေမယ့် သဘော်ပြည်က ကုန်ကို မသုံးနိုင်တဲ့ သဘောရယ်လို့တော့ မဟုတ်ပါဘူး။ မိန်းကလေးများ တတ်ထိုက်တယ်လို့ယူဆပြီး ခိုင်းစေရတာပါပဲ ...”

“ဟာ သူကြွယ်မင်းကလဲ ကျွန်ုပ်တို့ မွန်၊ မြန်မာတွေဟာ မျိုးချစ်စိတ် ထားမှပေါ့ဗျာ။ လက်ရက်ကန်းနဲ့ အသက်မွေးတဲ့လူများကို အားပေးတဲ့သဘောနဲ့ လုပ်ပါမှပေါ့ ...”

ဦးတုတ်စံလည်း စကားဆက်မပြောချေ။ ရှင်ဖြူကား ပိုးများကို ချားဖြင့်ရစ်၍နေလေ၏။ ချား၏ လည်ပတ်သောအသံသည် အပြင်ဘက်ဧည့်ခန်းသို့ ပေါ်ထွက်ခဲ့လေ၏။ ဘယကျော်သူကား နှစ်ကြိမ် သုံးကြိမ်၊ ရင်းသွင်းရုံမျှ လာရောက်လည်ပတ်ခြင်းဖြစ်လေရာ၊ လုလင်ပျိုများရှုံးလောက်အောင် ခါသတ္တလပ် ဖဲထည်တို့ဖြင့် လွှမ်းခြုံပြုပြင်ထားသော ဦးတုတ်စံသည် အတွင်းကြိတ် ရွံ့ရှာလျက်၊ ပူတကေလူမျိုး မကောင်းကြောင်းပြောသော စကားကို ခပ်မဆိတ် နားထောင်ကာနေလေ၏။

စကားဖောင်ဖွဲ့အောင်ပြောကြပြီးလျှင် ဘယကျော်သူသည် နှုတ်ဆက်၍ပြန်ခဲ့လေ၏။ အိမ်အောက်တွင် စောင့်စားနေသော မင်းလုလင် ကျွန်ယုံးသုံးဦးလည်း သေနတ်ကိုယ်စီနှင့် ၎င်းတို့၏သခင်နောက်မှ ထပ်ကြပ် မကွာ လိုက်ပါကြလေ၏။

လမ်းမတစ်လျှောက် ၁၅–အိမ်မျှလောက် လျှောက်မိကြသောအခါ၊ ဒိုင်း ဒိုင်း ဒိုင်း ဟု ပြင်းထန်သော သေနတ်သံ ၃–၄ ချက် ကြားရပြီးနောက် သန်လျင်တစ်မြို့လုံး ဆူညံသွားလေ၏။ မောင်းသံများ၊ တုံးခေါက်သံများ၊ ခွေးဟောင်သံများလည်း အဆက်မပြတ် ကြားရလျက်၊ လူအပေါင်းတို့မှာ ဟိုပြေးသည်လွှား ဖြစ်၍ နေကြလေ၏။ မင်းလုလင်အဖွဲ့များမှာ ၁၀–ယောက် တစ်တွဲ၊ ၁၅ ယောက် တစ်တွဲ၊ သေနတ်ကိုယ်စီ ထမ်းကာ သေနတ်သံကြားရာသို့ အပြေးလာကြလေ၏။ အချို့မသိသေးသူတို့မှာလည်း မြို့ပေါ်တွင် ဓားပြ တိုက်ပြီဟု ဝင်းတံခါး၊ အိမ်တံခါးများကို လျင်မြန်စွာပိတ်ဆို့ကြလေ၏။

လူစုလူဝေးကြီးကား မီးရှူးတိုင်များဖြင့် ယောက်ယက်ခတ်ပြေးလွှားနေကြရာ၊ မင်းလုလင်များလည်း လူစုများအကြားမှ ပြေးလွှားနေကြရင်း၊ လမ်းမကြီးတွင် လဲနေကြသောသူများရှိရာသို့ ရောက်ကြလေ၏။ ၎င်း၏နောက်ပါ မင်းလုလင်သုံးယောက်အနက် နှစ်ယောက်မှာသေဆုံး၍၊ တစ်ယောက်သာလျှင် သတိရ တစ်ချက် မရတစ်ချက်ဖြစ်၍နေလေ၏။ မင်းလုလင်များလည်း အလောင်းများကို ထမ်းယူသယ်ပိုးသွားကြရာ၊ မျိုးချစ်စိတ်ရှိသူတို့မှာ တိတ်တိတ်ပုန်း ဝမ်းမြောက်၍နေကြလေ၏။

အခြားလုလင်များနှင့် အရာရှိများ၊ သူလျှိုအချို့တို့သည်လည်း သန်လျင်မြို့၌ မသင်္ကာသော အိမ်များကို တက်ရောက်ရှာဖွေကြလျက် မသင်္ကာသောလူငယ်များကို ဖမ်းဆီး၍သွားကြလေ၏။ ဘယကျော်သူ အလောင်းကား ၎င်း၏နေအိမ်သို့ ရောက်ရှိလေရာ၊ ဝန်ကတော်များမှာ သည်းထန်စွာငိုကြွေးနေကြလေ၏။

သူလျှိုတစ်ဦးကား ပူတကေဘုရင်၏ အတွင်းအမှုဆောင်ထံသို့ ဘယကျော်သူအလောင်း ခါးစည်း အတွင်းမှရခဲ့သော ပေစာတစ်စောင်ကို လာရောက်ပေးဆက်သဖြင့် ဖတ်ရှုရာ ...

Commercial use of this book will be at your OWN RISK

"မြန်မာအမျိုးသားတို့၏ အကြီးဆုံးရန်သူကို ယနေ့ ငါတို့သုတ်သင်၍ ပြီးစီးချေပြီ။ ဤမျှ ယုတ်မာဆိုးဝါးသော မျိုးဖျက်အလိုတော်ရိကို ဖြောင်းဖြနားချ၍ရမည်မဟုတ်၊ အဝီစိသို့ အလျင်အမြန်ပို့လိုက်ခြင်းသာ ၄င်းနှင့် အသင့်တော်ဆုံး ခံစားခွင့်ဖြစ်ပေသည်။ ငါတို့တိုင်းရင်းသာများအား အကျိုးတရားပျက်စီးအောင် ဆောင်ရွက်သော မည်သည့်သတ္တဝါမဆို ဤနည်းအတိုင်း အပြစ်ဒဏ်ပေးရန်မှာ ငါတို့ဝတ္တရားပင်ဖြစ်သည်။ အသက်ကိုနမြောသောသူများသည် မိမိတို့အပြုအမူကို သတိထားကြလေ"

အမှုဆောင်အရာရှိသည် သူလျှိုအား "ကောင်းပြီ၊ မောင်မင်းသွားတော့ ..."ဟု ဆိုသဖြင့် သူလျှို ထွက်ခွာသွားလေရာ၊ ပေစာကို အမြီးပြန်ခေါင်းပြန်လှည့်ရင်း ကျန်ရစ်လေ၏။

မိုးသားတိမ်တိုက်ကင်းစင်သော ကောင်းကင်ပြင်တစ်ခုလုံးတွင် စန္ဒာလမင်း အလှည့်မကြုံသဖြင့်၊ လမင်းကြီး၏ကိုယ်စား ကြယ်တာရာ နက္ခတ်များသည် တတ်အားသမျှ အရောင်ပြက်ကာ တလက်လက် မှိတ်တုံလင်းတုံဖြစ်၍နေလေ၏။ ခုနစ်စဉ်ကြယ်ပြောင်ကား အမြီးထောင်လျက် သန်းခေါင်အချိန်ကို ဖော်ပြ၍ နေလေ၏။

ထိုည စောစောခိုက်တွင် သေနတ်သံ၊ မြို့ပျက်မတတ် ဆူညံသံ၊ မောင်းအကြီးအသေး တီးသံ၊ တုံးခေါက်သံများဖြင့် လှုပ်ရှားခဲ့၏။ လူအများ ပြေးလွှားစုရုံးကာ နောက်ဆုံး၌ ကိုယ့်အိမ်တွင်ကိုယ် တီးတိုးပြောဆိုလျက်ရှိလေ၏။ အဖမ်းအဆီးခံရသောလူငယ်အချို့၏ မိဘဆွေမျိုးတို့မှာလည်း တော်တော်နှင့်မအိပ်နိုင်၊ မိမိတို့တူသား လွတ်မြောက်ရန်အတွက် အကြံဉာဏ်ထုတ်၍နေကြလေ၏။

နေမင်းသည် မြင်းမိုရ်တစ်ဖက်စွန်းမှ ဇမ္ဗူဒီပါသို့ နီးသည်ထက်နီးလာပြီးနောက်၊ ငြိမ်သက်နေသော ကမ္ဘာလောကဓာတ်ကြီးကို လှုပ်ရှားထကြွစေလေ၏။ လူအပေါင်းတို့ကား ညဥ့်ဦးယံက အဖြစ်အပျက်ကို ထပ်မံစမြုံ့ပြန်၍ နေကြပြန်လေ၏။ မြစ်နှင့် ရဲဘော်ကား မောင်ဘုန်းမြင့်၏အိမ်သို့ လာရောက်၍ အဖမ်းခံရသော လူငယ်များအကြောင်းနှင့်ပတ်သက်၍ တိုင်ပင်နေကြလေ၏။

"နို့ သူငယ်ချင်းတို့ရဲ့ ... သူတို့မပါဘူး မဟုတ်လားကွဲ့။ သူတို့မပါရင် သက်သေသက္ခာယနဲ့ ထုချေတာပေါ့။ ဟို လုပ်တဲ့အကောင်တွေတော့ ဘယ့်နှယ်စီမံသလဲ၊ ဘယ်လိုလွှတ်သလဲ ..."

"ညတွင်းချင်း လှေနဲ့လွှတ်လိုက်ပြီး သူတို့ဟာ သူတို့ တွံတေးတက်သွားပြီး မနက်စောစောမှ ပြန်လာတဲ့ဟန်နဲ့ လာကြလိမ့်မယ်။ သေနတ်တွေလဲ ဦးတုတ်ဖြိုးအိမ်ထဲ တချို့၊ ဦးတုတ်စံအိမ်ထဲ တချို့ မြှုပ်ထားတာ နေရာရွှေ့မှပဲ ထင်တယ် သူငယ်ချင်းရဲ့ ..."

"ရွှေ့တာပေါ့ကွယ်၊ အလို ဘာသံပါလိမ့် ... နားထောင်စမ်းဟေ့ ..."ဟု သုံးဦးသား ငြိမ်သက်စွာ နားထောင်နေကြလေ၏။

"တိုင်းသူပြည်သား လူအများတို့လေး ... နောင် ဒိုင်း ...

သဘော်ပြည်ကြီးနှင့်တကွ သန်လျင်၊ ဒလ၊ ဒဂုန်၊ ပုသိမ်၊ မြောင်းမြစသော မြန်မာနိုင်ငံတော်ကို အစိုးရတော်မူသည့် ပူတကေဘုရင်မင်းမြတ် အမိန့်တော် ... ယနေ့ကစ၍ မည်သူမဆို နေဝင်လျှင် မိမိတို့အိမ်တွင်

Commercial use of this book will be at your OWN RISK

မီးများမထွန်းကြရ။ လူငယ်လူကြီး မည်သူမဆို ညဥ့်အချိန်တွင် လမ်းမလျှောက်ရ၊ လျှောက်ခဲ့လျှင် တွေ့ရာမှာ ဖမ်းဆီးအပြစ်ပေးတော်မူလိမ့်မည်။

ဘယ်အချိန်မဆို လူ ၅–ယောက်ပြည့်အောင် လမ်းလျှောက်ခြင်း၊ ဝိုင်းဖွဲ့စကားပြောဆိုခြင်း မရှိစေရ။ ကျူးလွန်ခဲ့လျှင် ကြီးလေးသောအပြစ်ကို စီရင်တော်မူလိမ့်မည် ... နောင် ဒိုင်း ...”

ထိုအတွင်း “ဖောက် ဖောက်” ဟူသောအသံ၊ “အမယ်လေးဗျ အမယ်လေးဗျ မျက်နှာကို စွတ်ပြီး မှန်တာပဲ။ ဘယ်က ပစ်တာပါလိမ့်။ ဟဲ့ ဘယ်က ကမြင်းမသားတွေလဲ။ နင်တို့ထောင်ချမဟဲ့” ဟူသော အသံတို့မှာ မောင်းသံစည်သံနှင့် ရောထွေး၍ ပေါ်လာလေ၏။ လောက်လွှဲဖြင့် အပစ်ခံရ၍ ဆဲသံဆိုသံများကို ကြားသိရသော သူငယ်ချင်းသုံးဦးတို့သည် အိမ်ပေါ်မှ ခေါင်းပြူ၍ ကြည့်ရှုရယ်မောကြရင်း၊ မြစံက “ခွေးမသား တစ်ပါးကျွန် ပါနောက်တွေ၊ ဒီလိုဆော်တာ ကောင်းတယ် ...”ဟု ပြောခိုက်၊ မင်းလုလင်အချို့မှာ မောင်းသမား များအား သွားမြဲသွားစေ၍ ၎င်းတို့ကိုယ်တိုင် လောက်လွှဲသမားကို ရှာဖွေရစ်ကြလေ၏။

မောင်းသမားများသည် မျက်နှာတွင် ဖူးယောင်နေသည်ကို လက်ဖြင့်သပ်ရင်း၊ တစ်ခေါ်လောက်တွင် တစ်ကြိမ်၊ မောင်းကြော် ဟစ်ညံ၍နေရာ၊ မောင်ဘုန်းမြင့်သည် နေရာသို့ ပြန်ထိုင်ရင်း ...

“ဒို့အိမ်နားတစ်ဝိုက်မှာ ဒီလိုဖြစ်တာ မကောင်းဘူးကွဲ့၊ နည်းနည်းလဲ စိတ်ကိုချုပ်တီးကြမှပေါ့ ...”

“အို ဒါတောင် မင်းစကား နားထောင်ကြလို့၊ လူငယ်တွေ အကုန်လုံးက ခပ်ရမ်းရမ်း လုပ်ချင် နေကြတာ ...”

“ငါလဲ သိပါတယ်။ ဒီကုလားဖြူတွေ အုပ်စိုးမဖြစ်အောင်ဟာ သူတို့ရဲ့အုပ်ချုပ်ရေးကို နှောင့်ယှက်နိုင် သမျှ နှောင့်ယှက်ပေး၊ ဒီအကောင်တွေကို အလစ်သတ်ပြီးပေး၊ ဒီလို အမျိုးမျိုးလုပ်မှဆိုတာ စဉ်းစားပြီးပါပြီ၊ အချိန်နည်းနည်းလိုသေးလို့ပါ ...”

“သူငယ်ချင်းကသာ အချိန်လိုတယ်ထင်နေ ... အဝေးမှာ ဘယ်လိုဖြစ်မယ်လို့ မပြောနိုင်သေးဘူး ...”

ထိုအတွင်း သန်မာဖျတ်လတ်ပုံရသော လူငယ်တစ်ယောက် ဝင်းပေါက်မှ မောင်ဘုန်းမြင့်ကို မေးနေ သဖြင့်၊ မောင်ဘုန်းမြင့်လည်း ကပျာကယာ လှမ်း၍ကြည့်ကာ လက်ယပ်ခေါ်လိုက်လေ၏။

“ဘယ့်နှယ် ကိုကျောက်လုံး ... ဘယ်တုန်းက ထွက်ခဲ့သလဲ၊ ပုသိမ်အခြေအနေ ပြောပြစမ်းပါဦး ...”

“တစ်မြန်နေ့က ခတ်လှေနဲ့ လာခဲ့ကြတယ်။ သူတို့ မသက်သာစိုးလို့ ဆားတွေ တင်လာရတယ်။ ပုသိမ်မှာတော့ ဆူညံနေပြီ။ လှေသင်းကလူငယ်တွေ ဆင့်ခေါ်အပို့ခိုင်းလို့၊ လူငယ်တွေက မလိုက်ဘူး လိုက်ရဲ့ ငြင်းဆန်နေတာနဲ့ လိုက်သွားကြလို့ ဖြောင်းဖြလွှတ်လိုက်ရတယ်။ လမ်းမှာ လှေနှစ်ပစ်မယ်လို့ ကြိမ်းသွား ကြတယ် ...”

“ဘယ့်နှယ်ဖြစ်ကုန်ကြတာလဲ ... ပြောစမ်းပါဦး ...”

Commercial use of this book will be at your OWN RISK.

"ကိုဘုန်းပြောပြတဲ့ ဝါဒအတိုင်း လက်ကုပ်တရားဟောလိုက်ကြတာ၊ လူကြီးလူငယ် သဘောပေါက်ပြီး၊ နောက်ဆုံး ဒီအကောင်တွေ မနေနိုင်အောင်လုပ်မှဆိုပြီး ကိုဘုန်းတို့ လာတုန်းက လမ်းမှာတွေ့တဲ့ အုတ်တိုက်ဝါဝါကြီး မြင်တယ်မဟုတ်လား။ အဲဒီတိုက်က ပသီသူဌေးကို သတ်ပစ်လိုက်ကြပြီး၊ ဒိပြင် ကုလား ၁၅–ဦး လောက်လဲ သတ်ပစ်ပြီး ရွှေတွေငွေတွေ လုယူကြတယ်။ ၄–၅ ယောက် မင်းလုလင်တွေ ဖမ်းမိပြီး၊ တချို့တော့ လက်လွတ်ထွက်ပြေးကြတယ်။ ပသီတွေလဲ ဗမာပြည် မနေဝံ့ဘူးဆိုပြီး ကုလားပြည်ကို တချို့ပြန်ကုန်ကြပြီ။ ရွှေတွေ ငွေတွေတော့ ကိုဘုန်း ခဲယမ်းဝယ်ဖို့ရာဆိုပြီး လာအပ်ကြတယ် ..."

ထိုအခါ မြစံနှင့် ရဲဘော်မှာ ထခုန်မလောက် ဝမ်းမြောက်သော အမူအရာဖြင့် ...

"သာဓု သာဓု ... ကိုကျောက်လုံး၊ ဘုရားဖြစ်မယ့် ပုသိမ်သားတွေ၊ ကျုပ်တို့ သန်လျင်ကလဲ မနေ့ကပဲ လူယုတ်မာတစ်ယောက်ကို စီရင်ပြီးပါပြီ ... သာဓုသာ ခေါ်ပေတော့ ..."ဟု အားပါးတရ ပြောဆိုလေ၏။

မောင်ဘုန်းမြင့်က ဣန္ဒြေရရစဉ်းစားလျက် လေးနက်သောအမူအရာဖြင့် ...

"အဲဒီလိုလုပ်တာတော့ မကန့်ကွက်ပါဘူး။ ဒါပေမယ့် မြင်တွေ့နိုင်တဲ့ အိမ်နီးနားချင်းတွေက စိတ်ချရရဲ့လား ..."

"စိတ်ချရပါတယ် ... ရိုက်နှက်စစ်တာတောင် မသိဘူး မမြင်ဘူးနဲ့ ဘူးကွယ်နေကြတာပဲ၊ မျက်နှာလိုမျက်နှာရ အစစ်ခံမယ့်သူတွေကိုလဲ သတ်ပစ်မယ်လို့ ကြိမ်းထားရတယ်။ ကျုပ်တို့ပုသိမ်မှာတော့ ပူတကေအစိုးရကို သတင်းပေးမယ့်သူ မထွက်နိုင်ပါဘူး ... စိတ်ချပါ ..."

"ဒီဝါဒတွေဟာ နေရာတိုင်း ပျံ့နှံ့တော့မှာပဲ ... သတိအလွန်ထားကြရလိမ့်မယ် ..."

"ဒါထက် ဟိုကိစ္စအတွက် ပုသိမ်က လူ ၅၀၀၀ ပါဝင်ပါလိမ့်မယ်။ လိုရင်လဲ နောက်ထပ်စုဆောင်းဖို့ရာ လူကြီးတွေက တာဝန်ခံပါတယ်။ ငွေနဲ့ဆန်များလည်း လိုတဲ့အခါပြောဖို့ ဖိတ်မန်ကြပါတယ် ..."

"အခုတော့ အားအတော်ပြည့်နေတာပဲ ... ဒါပေမယ့် သူတို့ကို နိုင်မယ်လို့ မထင်မှတ်သင့်ဘူး။ ဒီတော့ သူတို့ဘက် ညွတ်နေတဲ့သူတွေကို စိမ့်ပြီးကြောက်အောင် စီမံရဦးမယ်။ ကိုကျောက်လုံး ကနေ့ ပြန်ပေတော့။ မငြိမ်းသာရေ ... ထမင်းပြင်ပြီး မြန်မြန်ယူခဲ့ဟေ့ ..."ဟု လှမ်း၍အော်လိုက်လေသည်။

မောင်ကျောက်လုံးကား အသက် ၂၀–ကျော်ကလေးမျှဖြစ်၍၊ ပုသိမ်နယ်က လူငယ်ခေါင်းဆောင်တစ်ဦး ဖြစ်လေ၏။

မောင်ဘုန်းမြင့်အိမ်သို့ အနယ်နယ်မှ လူငယ်ခေါင်းဆောင်များ ယခုကဲ့သို့ အမှတ်တမဲ့ လာရောက်တိုင်ပင်ခြင်း၊ တစ်ခါတစ်ရံ မြစံ၊ ရဲဘော်၊ မောင်ဘုန်းမြင့်တို့ တစ်လှည့်စီသွားရောက်ခြင်းဖြင့် အလုပ်လုပ်နေကြခြင်း ဖြစ်လေ၏။ မောင်ကျောက်လုံး ထွက်ခွာသွားသောအခါ မြစံနှင့် ရဲဘော်တို့လည်း တီးတိုးတိုင်ပင်၍ ထွက်ခွာသွားကြလေ၏။

သန်လျင်၊ ပုသိမ်စသည့် အရေးကြီးသောနေရာများ၌ ပူတကေဘုရင်ခံ၏ မင်းလုလင်များ၊ သူလျှိုများ ခြေချင်းလိမ်၍နေလေ၏။ သို့ရာတွင် မောင်ဘုန်းမြင့်၏ယောက္ခမနှင့် မောင်ဘုန်းမြင့်တို့လူငယ်ပိုင်းမှ သွင်း၍

Commercial use of the book will be at your OWN RISK.

ထားသောသူများလည်း ရှိသဖြင့်၊ ပူတာကောဘုရင်ခံ၏ စီမံပုံကို ကြိုတင်သိရှိရကား၊ ၎င်းတို့မှာ နေရာပြောင်းခြင်း၊ ကြိုတင်ကြံစည်ခြင်းတို့ကို ပြုလုပ်နိုင်ကြလေ၏။

မောင်ဘုန်းမြင့်ကား ၎င်း၏သူငယ်ချင်း အတွင်းသူလျှိုတစ်ယောက်ထံမှ ပေးပို့သော စက္ကူစာကို ပြန်၍ဖတ်ရှုနေလေ၏။

"မာစတာ အန်ထော်နီ နက်ဖြန်ညနေတွင် ပုသိမ်သို့ ထွက်လိမ့်မည်။ ၎င်းနောက်က သေနတ်ကိုင် ၅-ဦး မလှမ်းမကမ်းက လိုက်လိမ့်မည်။ ကုလားမည်းတပ်တစ်တပ်နှင့် ကရင်တပ် တစ်တပ် နှစ်တပ်ပေါင်း လူ ၂၀၀၀ ကိုလည်း လွှတ်လိမ့်မည်။

အန်ထော်နီမှာ စစ်တပ်ထွက်ပြီး တစ်ပတ်လောက်အကြာတွင် အထက်ပါအတိုင်းထွက်မည်။ သတိပြု ..."

မာစတာ အန်ထော်နီကား အာမေးနီယန်း လူမျိုးဖြစ်၍၊ ပူတာကောဘုရင်ခံ (ငဇင်ကာ)၏ ညာလက်ရုံး သဖွယ် အားကိုးရသော စစ်ဗိုလ်များအနက် တစ်ဦးအပါအဝင် ဖြစ်လေသည်။ ၎င်းတို့မှာ လက်နက်အားကိုးနှင့် တိုင်းရင်းသားတို့အား ဂရုမစိုက်၊ ပမာမထားနေခဲ့ရာ၊ မောင်ဘုန်းမြင့်သည် ထိုလူဖြူများကို ဖြုတ်ရန် သူ၏ တာဝန်ဟု ယူမှတ်ထားသူဖြစ်သည်။

မောင်ဘုန်းမြင့်၏စိတ်၌ အလွန်များပြားလှသော တိုင်းရင်းသားများတွင် လူဦးရေ အနည်းငယ်မျှသော လူဖြူများက လက်နက်အားကိုးပြီး အုပ်စိုးနေသည်ကို အလွန်ခံပြင်းရကား၊ ဒင်းတို့က လူအနည်းငယ် ... တို့က အများ၊ နွားတွေသာ ခေါင်းငုံ့မည် ... ငါတို့ မခံဘူး၊ စိတ်ခေါင်းမာသူဖြစ်သည့်အတိုင်း၊ မာစတာ အန်ထော်နီကို ငါတို့ဗမာသည် ဘယ်သူ့လက်အောက်မှ ခေါင်းငုံ့ခံနေသော လူမျိုးမဟုတ်ကြောင်း သက်သေပြရန် အမျိုးမျိုး စဉ်းစား၍နေလေသည်။

နောက်တစ်နေ့ မွန်းယိမ်းသာသာအချိန်၌ သန်လျင်မှ စစ်တပ်အချို့ ပုသိမ်သို့ထွက်ခွာသွားကြသည်ကို လူအများ ဝိုင်းဝန်းကြည့်ရှုကြလေသည်။ တိုင်းသူပြည်သားတို့ စေတနာအလျောက်၊ စစ်ရှုံးပါစေ ... သေကုန် ပါစေ ဟူသော တိုးတိုးကြိတ် ဆုတောင်းသံများကိုလည်း ကြားရလေသည်။ ညနေခင်းသို့ရောက်သောအခါ မျက်နှာဖြူစစ်ဗိုလ်တစ်ဦးသည် သန်မာထွားကြိုင်းသော မြင်းကြီးကိုစီးလျက် ခပ်ဖြည်းဖြည်း မြစ်ဆိပ်သို့ ဆင်းလေရာ ၎င်း၏ နောက်မှ သေနတ်ကိုယ်စီနှင့် မင်းလုလင် ၅-ဦးတို့လည်း လိုက်ပါ၍လာလေ၏။ လမ်းမကြီးကား အိမ်ဝင်းထရံများဆက်လျက် နှစ်ဖက်ပိတ်ဖြစ်နေရာ၊ တစ်စုံတစ်ဦးသည် မျက်နှာဖြူအား သတ်ဖြတ်လိုက၊ ရင်ဆိုင်တိုက်ခိုက်သည့်နည်းထက် အခြားကောင်းသောနည်းလမ်းမရှိချေ။

ထိုအခိုက် သိုးကိုဆောင်းလျက် ပူတာကောအဝတ်အစားကို ဝတ်ဆင်ထားသည့် ထွားကြိုင်းသော မျက်နှာဖြူတစ်ယောက်သည်လည်း မာစတာ အန်ထော်နီနှင့် ရင်ဆိုင်လာလျက်ရှိရာ၊ အန်ထော်နီမှာ မည်သူ မည်ဝါဟု သိလိုသဖြင့် ဂရုစိုက်ကာ ကြည့်ရှု၍နေလေ၏။

၎င်းတို့လူမျိုးအချင်းချင်း ထင်မှတ်၍လည်း ခပ်ပေါ့ပေါ့နေလေရာ၊ ဝါးနှစ်ရိုက်ခန့်အကွာတွင် အဆိုပါ သိုးဆောင်းသည် ၎င်း၏ကျောမှ သေနတ်ကိုယူ၍ အန်ထော်နီ၏ရင်ဝသို့ တည့်တည့်ချိန်လေသည်။ ထိုအခါ

Commercial use of this book will be at your OWN RISK

ကျမှ အန်ထော်နီလည်း ရန်သူဖြစ်မှန်းသိတော့သဖြင့်၊ ၄င်း၏သေနတ်ကို ထုတ်ယူ၍ လက်မှမတန်းမိခင် ဒိုင်းကနဲ အသံကြားရပြီးနောက် မြင်းပေါ်က ကျလေ၏။

၄င်း၏နောက်ပါတို့လည်း မြင်းစီးသိုးဆောင်းဗိုလ်အား သေနတ်နှင့် ပြိုင်ဆိုင်ပစ်ခတ်ကြလေရာ၊ သိုးဆောင်းဗိုလ်မှာ မရှောင်မတိမ်း ၄င်းတို့တူရူသို့ မြင်းကိုစိုင်းလျက်၊ အနီးသို့ရောက်လျှင် ပြောင်လက်သော ဓားရှည်ကို ဝင့်ကာခုတ်ပြန်သဖြင့် အံ့အားသင့်လျက်ရှိသော မင်းလုလင်တို့ ဖရိုဖရဲ ပြေးလွှားကြလေ၏။ ထိုအတွင်း မြင်းစီးဗိုလ်လည်း ရှေ့သို့ဆက်၍ မြင်းကို စိုင်းလေရာ၊ ကင်းလှည့် မြင်းစီးစစ်သား ၁၀–ဦးခန့်နှင့် ရင်ဆိုင်တွေ့သဖြင့်၊ သေနတ်နှင့် ခုခံပစ်ရင်း မြင်းကို နောက်ပြန်လှည့်ခဲ့ရလေ၏။

အတော်စိုင်းမိသောအခါ အခြားတစ်ဖက်မှလည်း မြင်းစီး ၂၀–ခန့် အပြင်းချီတက်လာသည်ကို မြင်ရရာ၊ ၄င်းမှာ နှစ်ဖက်ပိတ်လမ်းကြားတွင် မိ၍နေတော့သဖြင့်၊ မိမိသေနတ်တစ်လက်ဖြင့်သာ ခုခံပစ်ခတ် နေရလေ၏။

အဝေးမှ တဒိုင်းဒိုင်းပစ်ခတ်နေကြသော သေနတ်ကျည်ဆန်တို့မှာ ၄င်း၏ ဦးခေါင်းနှင့် နံဘေးများမှ ဖြတ်သန်းကျော်လွန်၍သွားကြလေ၏။ မြင်းတပ်သားတို့လည်း ၄င်းတို့အလယ်ရှိ လူဆိုးအား နှစ်ဖက်ညှပ် ပစ်ခတ်နေကြရာမှ အသီးသီး နောက်ပြန်တုန့်လျက် ထိုးခုတ်ကြပြန်သဖြင့် ကြည့်ရှုလိုက်ရာ အရပ်သားလူငယ် ၄–၅၀ ခန့် တို့သည် မြင်းတပ် သေနတ်ကိုင်တို့အား နောက်က ပိတ်ဆို့ကာ ဝါးရင်းတုတ်နှင့် အတင်းဝင်၍ ရိုက်နှက်နေသည်ကို မြင်ရလေ၏။

သို့ရာတွင် မြင်းတပ်သားများမှာ သေနတ် ဓားလှံ လက်နက်ကောင်းများပါသဖြင့် လူငယ်များ နောက်ဆုတ်ကြရလေရာ၊ မြင်းစီးလူဆိုးရှိရာသို့ နှစ်ဖက်ညှပ်၍ အပြေးစိုင်းခဲ့ကြလေ၏။ မြင်းစီးသမားလည်း ဟိုလှည့်သည်ပြေးနှင့် ကြံရာမရသဖြင့် ဝင်းထရံတစ်ခုဘေးသို့ ကပ်ကာ မြင်းပေါ်မှ မတ်တတ်ရပ်လျက် အိမ်ဝင်းတစ်ခုအတွင်းသို့ ဝင်ပြေးလေ၏။ မြင်းစီးတပ်သားများလည်း မြင်းပေါ်မှ ဆင်းကာ ဝင်းထရံကို ချိုးဖဲ့ ဝင်ရောက်နေကြလေ၏။

မြစံကား အိမ်ပေါက်မှတံခါးကို လျင်မြန်စွာ ဖွင့်ပေးလျက်၊ “မောင်ဘုန်းမြင့် ... သူငယ်ချင်း မြန်မြန်ဝင်၊ ငါ အပြင်က စကားများနေမယ်၊ မဟန်ရင် နောက်ဖေး မလွယ်ပေါက်ကဆင်း၊ သုံးအိမ်ကူးပြီး ရဲဘော်တို့အိမ် ကူးပြေး ...”ဟု ပြောစဉ်၊ လူဆိုးဗိုလ်ဟန်ဆောင်သော မောင်ဘုန်းမြင့်သည် မြစံ၏အိမ်တွင်းသို့ ဝင်ပြေးလေ၏။ မြင်းတပ်သားများလည်း အတင်းတက်ရောက်ကာ အိမ်တွင်းသို့ဝင်ကြမည်အလုပ် ...

“ဟေ့ ဘယ့်နှယ်တပ်သားများလဲ။ ဘယ်သူ့အမိန့်နဲ့ ငါ့ဝင်းထရံကို ချိုးရတာလဲ ...”ဟု မြစံက ဆီး၍ မေးမြန်းရာ၊ တပ်သားခေါင်းအကြီးက “ဟဲ့ ... ဒီအကောင် ရိုက်ဟ၊ သူပုန်ကြီးကို လက်ခံတဲ့အကောင် ...”ဟု အမိန့်ပေးလေရာ၊ “ဘယ်သူက သူပုန်လဲ၊ ကျုပ်အိမ် ဘယ်သူမှမလာဘူး ...”ဟု ငြင်းဆန်ရင်း အပေါက်က ဆို့၍နေလေ၏။

မြစံမှာ သတ္တိအထူးကောင်းသဖြင့် တပ်သားများ ရုတ်ချည်းမဝင်နိုင်အောင် ခုခံနေလေရာ၊ ၄င်းအား ရိုက်နှက်လဲကျမှ အိမ်တွင်းသို့ ဝင်နိုင်ကြလေ၏။ ထိုအခိုက် အောက်စောင့်များက “ပြေးပြီ ပြေးပြီ”ဟု အော်ဟစ်သဖြင့်၊ လူ ၂–ကျိပ်ခန့်ပါသော မြင်းတပ်သားတို့လည်း အတင်းဆင်းကာ လိုက်ကြပြန်လေ၏။

Commercial use of this book shall be at your OWN RISK.

အနီးအနား အိမ်ရှင်တို့မှာ ဝင်းတံခါးကို အလွယ်တကူ ဖွင့်မပေးဘဲ "လွတ်အောင်ပြေး လွတ်အောင်ပြေး"ဟု အော်ကြလေ၏။ မကြာမီပင် ရဲဘော်၏အိမ်ပေါ်သို့ တက်မိရာ ရဲဘော်သည် မောင်ဘုန်းမြင့်အား အိမ်သွင်းသို့သွင်းလျက် ၎င်းမှာ ဓားတစ်စင်းနှင့် ခုခံ၍နေလေ၏။ မြင်းတပ်သားများလည်း ရဲဘော် ခုခံသည်ကို ဝိုင်းရိုက်နှက်ရင်း အတင်းဝင်ရောက်ရှာဖွေရာ လူဆိုးအား မတွေ့ရ။ မျက်ခြေလုံးလုံးပြတ်သွားသဖြင့် မြစ်နှင့်ရဲဘော်အား အသီးသီး ဖမ်းဆီးတုတ်နှောင် ခေါ်ဆောင်သွားကြလေ၏။ ထိုအတွင်း မင်းလုလင်ခေါင်း ပူတကေလူမျိုး အရာရှိတစ်ဦးနှင့် မင်းလုလင်များလည်း ရောက်ရှိလာရာ၊ အရာရှိက တစ်စုံတစ်ရာကို အမိန့်ပေးလိုက်သဖြင့်၊ တောင်ပိုင်း သန်လျင်ဝန်မင်းအိမ်သို့ ပြေးကြပြန်လေ၏။

သန်လျင်ဝန်မင်းအိမ်ပေါ်သို့ အတင်းတက်ရောက်ကာ "ဘုန်းမြင့်ကော ဘုန်းမြင့်"ဟု မေးကြရာ၊ သျှောင်ကို တစ်စောင်းထုံးလျက် ပုဆိုးစကို ဘယ်လက်ကဆွဲ၍ ထွက်လာသော မောင်ဘုန်းမြင့်အား မြင်တွေ့ရရာ၊ အားလုံး အံ့အားသင့်နေကြလေ၏။

အချိန်အနည်းငယ်အတွင်းမှာ သိုးဆောင်းဗိုလ်လုပ်သူ မောင်ဘုန်းမြင့်ဖြစ်က ဤမျှ မမောမပန်း ဣန္ဒြေရရ ဟန်ဆောင်နေနိုင်မည် မဟုတ်၊ ယခုမူကား အေးဆေးသောအမူအရာဖြင့် ညာလက်က ထမင်းများလူးပေလျက် "ဘာကိစ္စပါလဲခင်ဗျာ"ဟု ချိုချိုသာသာ မေးမြန်းနိုင်သောကြောင့်တည်း။ မြန်မာမင်းလုလင်အကြီးအကဲတစ်ဦးက "သူမဟုတ်ပါဘူး ... ဒီလောက်မြန်အောင် သူ မပြောင်းနိုင်ပါဘူး၊ သွားရှာကြပါစို့ ..."ဟု ပူတကေဘာသာဖြင့် ခေါင်းအကြီးအား ဖြောင်းဖြပြောဆိုရာ ပူတကေအရာရှိလည်း မကျေမချမ်းနှင့် ဆင်း၍သွားလေ၏။ သန်လျင်တစ်မြို့လုံးလည်း မာစတာ အန်ထော်နီအား လူဆိုးတစ်ယောက် သေနတ်ဖြင့် ပစ်သွားကြောင်း၊ မြစ်၊ ရဲဘော်တို့ အဖမ်းခံရကြောင်းများကို အုတ်အုတ်ကျက်ကျက် တခဲနက် ပြောဆိုနေကြလေ၏။

ပူတကေဘုရင်ခံ၏ အိမ်တော်၌ကား အရေးကြီးသောအရာရှိများ ခေါင်းချင်းရိုက်၍နေကြလေ၏။ ဘုရင်ခံလည်း အန်ထော်နီ အလောင်းမှရသည်ဆိုသောစာကို ဖတ်ရှုဒေါပွနေလေ၏။

"ပူတကေလူမျိုးအားလုံး သိစေလိုသည်။ ငါတို့ တလိုင်းမြန်မာလူမျိုးများသည် မည်သည့်လူမျိုး လက်အောက်တွင်မှ ကျွန်အဖြစ်နှင့် ခေါင်းငုံ့ခံနေသော လူမျိုးများမဟုတ်ချေ။ အသင်တို့တွင် လက်နက်အားကိုးရှိသော်လည်း တိုင်းသူပြည်သားများ စည်းလုံးညီညွတ်မှု ငါတို့လက်တွင် ရှိသမျှကာလပတ်လုံး ... သင်တို့သည် ငါတို့အပေါ်တွင် အုပ်ချုပ်ရေး လက်လွှတ် မပေးသရွေ့ သင်တို့၏ အုပ်ချုပ်မှုကို အခိုင်အမြဲမဖြစ်အောင် ငါတို့ အမြဲနှောင့်ယှက်မည်။ အနည်းငယ်လစ်ဟင်းလျှင် အန်ထော်နီကဲ့သို့ အသက်ကို အဆုံးစီရင်မည်။ သင်တို့အသက်ကို နှမြောက ဘုရင်ခံနှင့်တကွ ပူတကေအားလုံး သင်တို့တိုင်းပြည်သို့ ပြေးကြစေ ...

သူပုန်ခေါင်းဆောင်ရေးပေးသောစာ"

Commercial use of this book will be at your OWN RISK.

ဘုရင်ခံကား အန်ထော်နီအသတ်ခံရခိုက် အနည်းငယ် ကျောချမ်းသွားဟန်တူလေ၏။ သို့ရာတွင် ၎င်းမှာ ပရိယာယ် အလွန်များသူဖြစ်သည့်အတိုင်း၊ လှောင်ပြုံးပြုံးကာ မြန်မာတလိုင်း အရာရှိတို့ဘက်သို့လှည့်၍

"ကျွန်ုပ်မှာ စစ်သည် လက်နက်အမြောက်အမြားရှိလျက်နဲ့ ဒီလိုခြိမ်းခြောက်တာဟာ ရယ်စရာမကောင်းဘူးလား မောင်မင်းတို့ ..."ဟု ပြောလေ၏။ ထိုအခါ အလိုတော်ရိ အရာရှိတစ်ယောက်က ဒူးတုပ်လက်ယှက်၍ရှိခိုးကာ ...

"အရှင်ဘုရား ဥပဒေသည် အလွန်သိမ်မွေ့ယဉ်ကျေးသော လူမျိုးများနှင့်သာ တန်ပါသည်။ တလိုင်း မြန်မာတို့နှင့် မတန်ပါ။ ယခုအခါ ထင်ရာလူငယ်များကို ဖမ်းဆီး မီးလောင်တိုက်သွင်းမှ ဘေးရန်ကင်းငြိမ်းမည် ထင်ရကြောင်းပါ ဘုရား"

"လူဆိုး အနည်းငယ်အတွက် လူကောင်းများကို ဒုက္ခမပေးဘူး မောင်မင်း။ လူကောင်းများဟာ ယခုလို လူရမ်းကားကလေးများအတွက် ကျွန်ုပ်ဘက်က ကူညီကြပါလိမ့်မယ် ..."

"မှန်လှပါ ... ကြူပင်ခုတ် ကြူငုတ်မှမကျန်စေနဲ့ ဆိုတဲ့ မြန်မာစကားပုံရှိ၍ လျှောက်ထားရကြောင်းပါ"

"မြန်မာများ ဒါကြောင့် ဥပဒေ မသေဝပ်ခြင်းဖြစ်တယ်။ လူရမ်းကားကလေးများက ကျွန်ုပ်တို့ကို ဘယ်နည်းနှင့် ချေဖျက်နိုင်စွမ်းရှိမလဲ။ မကြာမီ ဒင်းတို့ခေါင်းအကြီးကို မိအောင်ကြိုးစားရမယ်။ လူကြီးများကို ၎င်းတို့တူသားများအတွက် ဝန်ခံစေရမယ်။ ဝန်မခံနိုင်သူ၏ သားသမီးများကို ဖမ်းဆီးချုပ်နှောင်ရမယ်။ လွှတ်တော်က အမိန့်ထုတ်စေ မောင်မင်း ..."

"မှန်လှပါ ဤအတိုင်းလည်း သင့်မြတ်ကြောင်းပါဘုရား ..."

"အန်ထော်နီထံက ရသောစာမျိုး တိုင်းပြည်မသိအောင် နှုတ်လုံကြရမယ် မောင်မင်းများ ..."

"မှန်လှပါ လမ်းထောင့်လမ်းမများမှာ ရှမ်းမိုင်းခံမှင်ရေးစက္ကူများ ရေးကပ်ထား၍ လုလင်များ အကုန် သိမ်းဆည်းထားရပါသည်။ ထိုစာများမှာ ပုံ့နှံ့ခဲ့ပြီးဖြစ်ကြောင်းပါ ..."

"ဘယ်လိုများ ရေးဆွဲထားသလဲ မောင်မင်း ..."

"ပူတကေလူမျိုး ကျွန်ဖြစ်ရသည်ထက် အသေခံရခြင်းက မြတ်သည်။ ပူတကေလူမျိုးမှန်သမျှ တွေ့ရာမှာ သတ်ကြ၊ ပူတကေ၏ အလိုတော်ရိမှန်သမျှကိုလည်း သတ်ကြ၊ ကုလားမည်းများလည်း ငါတို့ တိုင်းပြည်တွင် လူစွာလုပ်၍နေကြသဖြင့် အသက်နှင့်တကွ အိုးအိမ်ပစ္စည်းတို့ကို လုယက်သတ်ဖြတ်ကြ၊ ပုသိမ်မြို့ကို နမူနာယူကြလို့ ပါပါသည် ..."

"ဟားဟားဟား ဒီလိုပြုမူချက်မျိုးဟာ မင်းမရှိတဲ့တိုင်းပြည်မှ လုပ်နိုင်တယ် မောင်မင်း၊ မင်းလုလင်နှင့် သူလျှိုများ လူဦးရေတိုး၍ အထူးဆောင်ရွက်ကြရမည်"ဟု ပြောဆိုပြီးလျှင် ညီလာခံအစည်းအဝေး လူစုခွဲကြ လေ၏။

Commercial use of this book will be at your OWN RISK.

# အခန်း (၁၀)

သန်လျင်မြို့ ရှေးဝက်သားတံခါးအနီးတွင် အုတ်ရိုးများဖြင့် ကာရံထားသော အကျဉ်းထောင်တစ်ခု ရှိလေ၏။ ထိုအကျဉ်းထောင်အုတ်ရိုးအတွင်းမှ သစ်တိုင်များ ကာရံ၍ထားလေရာ၊ တံခါးသော့ချက် အစောင့်တို့ဖြင့် အလွန်လုံခြုံသော အဆောက်အဦတစ်ခုဖြစ်လေ၏။ ထိုထောင်အတွင်း၌ ကုလားမည်းနှင့် တလိုင်း မြန်မာတို့ စပ်၍ဖောက်သော ထောင်စောင့်၊ သူသတ်၊ ပါးကွက်တို့ စောင့်ရှောက်၍၊ ၄င်းတို့အထက်မှ မျက်နှာဖြူ ပူတကေလူမျိုး အုပ်ထိန်း၍နေလေ၏။

ထောင်တွင်း၌ လူငယ်အချို့နှင့် လူကြီးအချို့ တိုင်းရေးပြည်ရေးနှင့် အကျဉ်းချုပ်ခံနေကြရရှာရာ၊ အချို့မှာ မြန်မာစနစ်အတိုင်း ထိတ်တုံးများ အခတ်ခံကြရလေ၏။ တစ်နေရာ၌ ပြင်းထန်စွာ ရိုက်နှက် စစ်မေးခြင်းခံရသော မြစံနှင့် ရဲဘော်တို့ကို မြင်နိုင်လေ၏။ အကြီးအမှူးတစ်ယောက်ကား ပြုံးချိုစွာ ဖြားယောင်းလိုသော မျက်နှာဖြင့် ...

"ပြောလိုက်ပါ သူငယ်ရယ်။ ကိုယ့်ကိုယ်ကို အသေမခံချင်ပါနဲ့၊ လူဆိုး မသိသရွေ့ မင်းတို့ ညှဉ်းပန်း ခံရပြီး နောက်ဆုံး မရှုမလှ အသက်သေကြရမှာကွဲ့ ..."

"ကျုပ်တို့ မသိလို့ မသိဘူးပြောတာပါ၊ သိရင် ပြောမှာပေါ့ဗျာ ..."ဟု ပြန်၍ပြောလေလျှင်၊ "ဟေ့ ဒီလိုနဲ့တော့ ရမယ့်အကောင်တွေ မဟုတ်ဘူး၊ ဝါးဖိကြစမ်း ..."ဟု ဆိုသည်နှင့်တစ်ပြိုင်နက်၊ ထောင်စောင့် များသည် မာကျောသော ဝါးလုံးများယူ၍ ဝါးလုံးနှစ်လုံး၏ တဘက်အစွန်း၌ ခိုင်မြဲစွာ ကြိုးဖြင့်ချည်ထားကာ ခြေသလုံး ညို့သကျည်းကို ညှပ်၍ထားကြလေ၏။ အဖျားဘက်မှညှပ်၍ ဖိလိုက်သောအခါ၊ ညို့သကျည်း အရိုးတွေ ကြေမွသွားမည်ကဲ့သို့ နာကျင်လွန်းလှသဖြင့် နှစ်ယောက်စလုံး ထွန့်ထွန့်လူး၍ ငါးဖယ်လိမ်ကာ ခံကြရလေ၏။

"ဟေ့ ... ဟေ့ ... နည်းနည်းလျှော့ဦး။ ကိုင်း ပြောကြကွယ်၊ ဒုက္ခမခံချင်ကြပါနဲ့ ..."

"မသိပါဘူးဗျာ ... မသိလို့မပြောတာ၊ နှိပ်စက်လဲ ခံရမှာပေါ့ ..."

"ကိုင်း ... နည်းနည်းတင်းလိုက်စမ်းဟေ့ ..."ဟု ဆိုသည်နှင့်တစ်ပြိုင်နက် ဝါးလုံးများကို တင်းလိုက် လေရာ၊ ခြေသလုံးများမှ ဖျစ်ဖျစ်မြည်လျက် အသားများပြားပြီး သွေးသို့စို့ထွက်လာလေ၏။ လုလင်ပျို နှစ်ယောက်ကား အံကြိတ်ခံကာ မျက်ရည်ပေါက်များကျသည့်တိုင်အောင် တင်းမာ၍ထားကြလေ၏။ ၄င်းတို့ ပါးအို့က အရိုးများမှာ တလှုပ်လှုပ်ဖြစ်အောင် အားခဲ၍နေကြလေ၏။

"မင်းတို့နဲ့ တစ်ညဏ်ထဲမို့ မပြောတာပဲ၊ မင်းတို့တော့ ဝါးနဲ့သေစေရမယ်။ ဟေ့ တံခေါက်နားအထိ တိုးပြီး ညှပ်လိုက်ဦး"ဟု အမိန့်ပေးသဖြင့် ညှပ်လိုက်ကြပြန်ရာ၊ နာ၍အော်ရန် ရက်ကြောက်ကြသော လူငယ် များပင် ဖြစ်လင့်ကစား၊ အလွန်အမင်း နာကျင်လွန်းလှသဖြင့် "လုပ်လိုက်ကွ ... သတ်ပစ်၊ မသိဘူး ..."ဟု အော်လိုက်ကြလေ၏။

Commercial use of this book will be at your OWN RISK.

ထောင်စောင့်လူမိုက်များကား မျက်နှာညိုမည်း ရှုံ့မဲ့ကာ ကြိတ်၍ မညည်းမညူခံနေသော လုလင်ပျို နှစ်ဦးကို မြင်လေ ဒေါသထွက်လေဖြစ်ရကား၊ အတင်းဖိကြသဖြင့် မြောမေ့သွားကြတော့မည်ကဲ့သို့ဖြစ်စဉ်၊ အကြီးအကဲလုပ်သူက တားမြစ်ထားရလေ၏။

"ကိုင်း ... ငါ့လူများ၊ ဒါဟာ စမ်းသပ်ရုံ စမ်းသပ်တာကွဲ့ ..."

"မသိပါဘူးဗျာ ..."

"ငါပြောတာ နားထောင်ပါဦး။ မင်းတို့ကို ကျောက အရေခွာပြီး သံဆူးခက်နဲ့ ခြစ်ပေးမယ်။ ပြီးတော့ ဦးခေါင်းခွံခွာပြီး သံရည်ပူနဲ့လောင်းမယ်။ ပါးစပ်ဖွင့်ပြီး ပါးစပ်ထဲ ခဲပူရည်ထည့်မယ်။ ဒီနည်းတွေကို နောက်ဆုံး အသုံးပြုရမယ် ကြားလား။ ဒီတော့ ခုလို ညှာညှာတာတာ စစ်ဆေးတဲ့အခါ ပြောကြမှပေါ့ကွဲ့ ..."

"မသိပါဘူး ခင်ဗျာ ..."

"တယ်လည်း ခေါင်းမာတဲ့ အကောင်တွေပါကလား၊ ဟေ့ ဟိုဟာပြလိုက်စမ်း၊ ယူခဲ့ ..."ဟု အမိန့်ပေးလိုက်ရာ၊ ထောင်စောင့်တစ်ဦးသည် မြွေပခြုပ်တစ်ခုကို ယူလာလေ၏။ မြွေပခြုပ်၏ အောက်ဖက်၌ တစ်ထွာခန့် အပေါက်ဖောက်ထား၍၊ မြွေပွေးနှစ်ကောင်ကိုမူကား၊ အမြီးပိုင်း လက်တစ်ဝါးခန့်တွင် ခက်ရင်းခွနှင့် အသားပေါက်အောင်ဖောက်၍ ဖိထားလေ၏။

မြွေပွေးမှာ အခြားမြွေများထက် ဒေါသကြီးရကား၊ ၎င်းတို့၏ အသားနာရာ အမြီးဘက်သို့ မကြာခဏ လှည့်၍ ပေါက်နေလေ၏။ တစ်ခါတစ်ရံလည်း ပခြုပ်အောက် ဖောက်ထားရာသို့၊ ခေါင်းပြူပြူကာ လျှာများကို ထုတ်၍နေလေ၏။ အကယ်၍ ပခြုပ်ပေါက်တွင် ၎င်းတို့ပါးစပ်နှင့်နီးသော အရာဝတ္ထုတစ်ခုကို တွေ့က မလွှတ်တမ်းကိုက်ခဲမည်ဖြစ်သည်။

မြွေပခြုပ်အပေါက်ကို ရဲဘော်၏မျက်နှာနားသို့ တိုးကပ်လိုက်ရာ၊ မြွေနှစ်ကောင်၏ ခေါင်းနှစ်လုံးသည် ရဲဘော်၏ မျက်နှာနားသို့ ဖြုန်းကနဲ ထွက်ပြူ၍လာလေ၏။ အလွန်သတ္တိကောင်းသော ရဲဘော်ပင်လျှင် မျက်လုံး ပြူးထွက်သွားလေ၏။

သို့ရာတွင် လက်မြန်သောထောင်စောင့်သည် မြွေမကိုက်မိခင်၊ ပခြုပ်ကို နောက်သို့ ခက်ရင်းနှင့်တကွ ဆွဲယူ၍ မြစ်အနီးသို့ ချထားပြန်လေ၏။ မြစ်မှာ မြန်မြန်သေလျှင် ဒုက္ခငြိမ်းသည်ဟု သဘောပိုက်နေသူ ဖြစ်သဖြင့်၊ ထောင်စောင့်များက မြွေနှင့် မတို့ခင် ၎င်း၏ကိုယ်ကို ပခြုပ်အောက်ဖက်အပေါက်သို့ ပစ်လှဲလိုက်ရာ၊ လက်မြန်သော ထောင်စောင့်ကြောင့်သာ သီသီကလေး လွတ်၍သွားလေ၏။

"ဟားဟား ... ငါ့လူက တကယ့်သတ္တိပါလား၊ သိစေရမပေါ့ကွာ ..."

"သတ်ပစ်လိုက် ... နင်တို့ကို တစ်ကောင်မှ မကြောက်ဘူး။ ဘာလို့ဒီလိုလုပ်နေသလဲ ... လူတစ်ဦး တစ်ယောက်ကို ချည်တုပ်ပြီး နှိပ်စက်တယ်ဆိုတာ အလကားအကောင်တွေ။ နင်တို့ ငါ့ကို လွှတ်ပေးစမ်း ... ဘာလက်နက်မှ မယူဘဲ နင်တို့ ဓားလုံ သေနတ်ထဲက အလွတ်ထွက်ပြမယ်သိလား ..."ဟု စိတ်အားရှိသလောက် မြစ် ကြိမ်းဝါးစဉ်၊ အကြီးအကဲလုပ်သူသည် လက်ခြေမပျက်ပြုံးလျက် "မင်းသတ္တိ သိရပါလိမ့်မကွယ် မပူနဲ့၊ ဟေ့အကောင်တွေ ဟိုဒင်းမပြီးသေးဘူးလား ..."ဟု အမိန့်ပေးလိုက်ရာ၊ ထောင်စောင့် ၄-ယောက်တို့သည်

Commercial use of this book will beat your OWN RISK.

အခိုးတလူလူထွက်လျက်ရှိသော သံဒယ်အိုးကြီးတစ်လုံးကို ယူခဲ့ကြလေ၏။ ဒယ်အိုးအတွင်း၌ကား ကျိုက်ကျိုက် ဆူသော ဆီပူများထည့်၍ထားလေ၏။ ထောင်စောင့်တို့သည် ရှေးဦးစွာ ရဲဘော်အား ဝက်တုပ်,တုပ်လျက် ဟိုဘက်တစ်ယောက် သည်ဘက်တစ်ယောက်၊ တုတ်ဖြင့်လျှိုကာ မကြွ၍ ဆီအိုးအပေါ်တွင် တင်ထားလေ၏။

"ကိုင်း … ငါ့လူ၊ အရှင်လတ်လတ်ကြော်ရမှာပဲ၊ ဘယ်သူလဲဆိုတာ ပြောပေတော့ …"

"မသိပါဘူးဗျာ …"ဟု ဆိုခိုက် အကြီးအကဲလုပ်သူက မျက်ရိပ်ပြလိုက်ရာ၊ ထောင်စောင့်တစ်ဦးသည် ဆီအိုးထဲမှ ယောက်ချိုင်တစ်ခုဖြင့် တရဲရဲမြည်အောင်ခပ်ယူလျက် ရဲဘော်၏ကျောပေါ်သို့ လောင်းလိုက်ရာ၊ မည်မျှပင် သတ္တိကောင်းသူ ဖြစ်စေကာမူ၊ ဆီပူလောင်းလိုက်သဖြင့် အသည်းခိုက်အောင် ပူလောင်နာကျင်ရကား၊ "အမေရဲ့ …"ဟု လွှတ်ကနဲ အော်မိရာလေ၏။ မြစံကား သူငယ်ချင်းအော်သည်ကို ရက်လှသဖြင့် "ပါးစပ် စေ့ထား … ကြိတ်ခံ၊ သေရုံထက် မတတ်နိုင်ဘူးကွာ"ဟု အော်ငေါက်စဉ် …

"ကိုင်း ရဲဘော် … ဘယ်လောက်ပူတယ်ဆိုတာ သိပြီး မဟုတ်လား။ တစ်ကိုယ်လုံး ချလိုက်ရင် ဘယ့်နှယ်နေမလဲ …"ဟု ပြောသဖြင့် …

"မသိဘူး ချလိုက် …"ဟု မြစံမာန်သည်ကိုလည်း ရက်သောကြောင့်၊ ၎င်း၏ကိုယ်ကို ဆီအိုးပေါ်တွင် လွှန့်၍နေရာ၊ ထောင်စောင့်နှစ်ယောက်လည်း လက်မခြံတော့သဖြင့် လျင်မြန်စွာ ဘေးဘက်သို့ ပစ်ချလိုက် လေ၏။ ရဲဘော်ကား ခြေထောက်က အနာ၊ ကျောက ဆီပူလောင်ခြင်း၊ ဒေါသဖြစ်ချင်းတို့ကြောင့် ရင်ဝ အလုံးဆို့လျက် မေ့မြောနေလေ၏။

"ကိုင်း ဒီအကောင်ကို တစ်လှည့်ကိုင်ကြဦးစို့ …"ဟု မြစံဆီသို့လာကာ ခြေလက်များကို ဝက်တုပ်, တုပ်ကြပြန်လေ၏။ မြစံကား လှုပ်ကာ ရုန်းသော်လည်း အချည်းနှီးဖြစ်ရာလေ၏။ ၎င်း၏ခန္ဓာကိုယ်သည် ဆီအိုးအပေါ်သို့ ရောက်ရှိနေလေ၏။ အကြီးအကဲကား ၎င်းကိုယ်တိုင် ယောက်ချိုင်ဖြင့် ဆီပူကိုခပ်ယူရာ၊ ဆီပူတစ်စက်မျှ ၎င်း၏ ခြေဖျားပေါ်သို့ ကျသွားလေရာ၊ လက်က ယောက်ချို လွှတ်ကျအောင် အမယ် ပူလိုက်တာဟု အော်မိလေ၏။

သို့ရာတွင် ကိုယ်ချင်းစာတရားမရှိဘဲ ယောက်ချိုင်ယ်ကို ပြန်ကောက်ကာ ခပ်၍နေခိုက်၊ အရိပ်အခြေကို ခပ်လှမ်းလှမ်းမှ ကြည့်ရှုနေသော လူငယ်အချို့တို့သည် "ကယ်တော်မူပါ ကယ်တော်မူပါ … မတရား သတ်ကုန်ပါပြီ …"ဟု သံကုန်အော်ဟစ်ကြသဖြင့်၊ ထောင်သင်းမှူးသည် ထိုလူငယ်များအား သွားရောက် ရိုက်နှက် ဆဲဆိုကာနေစဉ်အတွင်း ထောင်အရာရှိကြီး ရောက်ရှိလာလေ၏။ ထောင်သင်းမှူးကား "နောက်ထပ် စစ်ဆေးစရာ အချိန်အများကြီးရှိသေးတယ်၊ ခုရပ်လိုက် …"ဟု တိုးတိုး အမိန့်ပေးပြီးနောက်၊ အပြင်ဟန်ကား "ဘာလို့နှိပ်စက်ရသလဲ ခွေးမသားတွေ …"ဟု ကြိမ်းဝါးကာ ရဲဘော်နှင့် မြစံအား တုပ်နှောင်ထားသော ကြိုးများကို ဖြေပေးစေလေ၏။ ရဲဘော်ကား သတိရသော်လည်း ကောင်းစွာ မလှုပ်နိုင်သေးချေ။

မြစံကား ကြိုးပြေလျှင်ပြေချင်း မတ်တတ်ရပ်လိုက်ရာ၊ ခြေသလုံး အလွန်နာနေသဖြင့် ဖြုန်းကနဲ လဲကျသွားလေ၏။

ထောင်အရာရှိကြီးက "လူကလေး မင်းတို့ အပြစ်မရှိရင် မကောင်းမဖြစ်ရဘူး၊ ကောင်းကောင်းနေပါ" ဟု အမိန့်ပေးလျက် ထွက်ခွာသွားလေ၏။

Commercial use of this book will be at your OWN RISK

ပူတကေဘုရင်ခံကား သေခွင့်စီရင်နိုင်သော မြန်မာအရာရှိတစ်ဦးအား ၎င်း၏အိမ်သို့ ခေါ်ယူလျက် မြစံနှင့် ရဲဘော်သည် လူငယ်များ၏ခေါင်းဆောင်ဖြစ်ဟန်တူကြောင်း၊ တိုင်းပြည်ရှိလူငယ်များ မှောက်မှားအောင် သွေးဆောင်သည် လူငယ်များကို အစတုံး စီရင်ဖို့လို့ကြောင်း၊ ထိုလူငယ်နှစ်ယောက်အတွက် တရားနည်းလမ်း မကျဟု ထားစေဦး။ အခြား စိတ်တက်ကြွနေသော လူငယ်များ၏ ရာဇဝတ်ဘေးဒဏ်ကို ကယ်ယူသကဲ့သို့ ဖြစ်မည်ဖြစ်ကြောင်း ဖြောင်းဖြနေရာ၊ မြန်မာအရာရှိလည်း အတန်ကြာ တွေဝေစဉ်းစားကာ ...

"မှန်လှပါ ... ၎င်းတို့၏ အခင်းသွားကို သေချာစွာစစ်ဆေးပြီးနောက် စီရင်ပါမည် ..."ဟု ဝန်ခံကာ ထွက်ခဲ့လေ၏။

နောက်တစ်နေ့၌ကား မြစံနှင့် ရဲဘော်တို့အား တရားစီရင်မည့်နေ့ဟု သန်လျင်တစ်မြို့လုံး ကျော်ကြားနေသဖြင့်၊ ၂–ယောက် တစ်တွဲ၊ ၃–ယောက် တစ်တွဲ လွှတ်ရုံးရှိရာသို့ သွားရောက်လျက်ရှိကြလေ၏။ တစ်ခါ တစ်ရံ လူ ၅–ယောက် ပြည့်သွားလျှင် လျင်မြန်စွာ လူစုခွဲလျက် ခပ်ဝေးဝေးရှောင်၍ သွားကြပြန်လေ၏။ ၅–ယောက်ရှိတဲ့အိမ်ဆို အခက်ပဲ၊ ဒီဥပဒေက အလွန်ပဲဟု တိတ်တိတ်ပြောသူက ပြောဖြစ်၍နေရာ၊ နေ့ဆွမ်းစားချိန်၌ကား လက်ပြန်ကြိုးတုပ်နှောင်၍ထားသော မြစံနှင့် ရဲဘော်တို့အား ထုတ်ဆောင်၍လာကြလေ၏။ လူငယ်နှစ်ဦးကား လမ်းကောင်းစွာ မလျှောက်နိုင်၊ ခြေသလုံးများက ညိုမည်း ယောင်ဖော၍နေလေ၏။ ရဲဘော်ကျော၌ကား အဆီခဲနှင့် နီရဲသောအသားပြင်များ လက်တစ်ဝါးခန့်ပါ မြင်တွေ့ရလေရာ၊ ဖြစ်မှဖြစ်ရလေဟု စုပ်သပ်ကြလေ၏။

လူထုမှာ လွှတ်ရုံးအပြင်ဘက်တွင် စုဝေးနေရာ၊ တည်ဆဲအမိန့်အရ မင်းလုလင်များက မောင်းနှင်သဖြင့်၊ လွှတ်တော်အရာရှိက မင်းလုလင်များအား မတားနှင့်၊ နေကြပစေဟု အမိန့်ပေးလိုက်လေ၏။

အချို့လူများမှာ မြစံနှင့် ရဲဘော်တို့အား သေနတ်နှင့် ပစ်သတ်စေ အမိန့်ချမည်ဟု အတွင်းရေး ကြားသိပြီး ဖြစ်သဖြင့်၊ အင်း လွှတ်ရင် မျက်နှာဖြူက စီရင်တယ်၊ သတ်မယ်ဆိုရင် ကိုယ့်လူမျိုးအချင်းချင်း တရားစီရင်ခိုင်းတော့မယ်ဟု တိုးတိုးပြောကြလေ၏။ တရားသူကြီးကား မြစံနှင့် ရဲဘော်အား ဖမ်းဆီးခဲ့သော မြင်းတပ်သားအချို့နှင့် မင်းလုလင်တို့အား ရှေးဦးစွာ စစ်မေးလေ၏။ ထို့နောက် မြစံနှင့် ရဲဘော်တို့အား စစ်မေးရာ ... ကျွန်တော်တို့သည် လူဆိုးကို မသိရကြောင်း၊ မိမိအိမ်ပေါ်သို့ အတင်းတက်ရောက်သည့်အတွက် တားမြစ်ခုခံမိကြောင်း အစစ်ခံကြလေ၏။ တရားသူကြီးကား အတန်ကြာ စဉ်းစားနေလေ၏။

တစ်ဖန် တင်းမာသောမျက်နှာဖြင့် တရားခံနှစ်ဦးအား ကြည့်ရှုနေလေရာ ပရိသတ်များမှာ စိုးရိမ်ကြီးစွာနှင့် နားစွင့်၍နေကြလေ၏။

"မောင်မင်းတို့သည် စစ်ရေးကိစ္စနှင့် ဆောင်ရွက်သူများအား ခုခံသည်မှာ မငြင်းကွယ်နိုင်ကြ။ လူဆိုးကို သိရမည်ဆိုသည်မှာ အရပ်သားသက်သေထဲက သိမြင်သူမရှိ။ သို့ဖြစ်၍ တစ်ကြိမ်တစ်ခါ မိုက်မှား ကျူးလွန်သည့်အတွက် တစ်ဦးလျှင် ဒဏ်ငွေ သုံးပိဿာစီ ရုံးတော်သို့ ဆက်သစေ ..."ဟု အမိန့်ချလိုက်ရာ၊ ပရိသတ်၏ ကောင်းချီးပေးသံသည် ဆူညံ၍ သွားလေတော့သည်။

မြစံနှင့်ရဲဘော်ကား သေဒဏ်နှင့် ထောင်ဒဏ်မှ လွတ်မြောက်လာကြသော်လည်း၊ ထောင်အတွင်း အညှဉ်းခံရသော ဝေဒနာများကို ဆေးကုသ၍ နေကြရလေ၏။ ၁၄–၅ ရက်ကြာလျှင် ၎င်းတို့အား တရားစီရင်သော အရာရှိ ရာထူးမှ အဖြုတ်ခံရသည်ဟု ကြားသိရလေ၏။ ထိုအခါ၌ သန်လျင်ဝန်မင်း သွတ်သွင်းစီမံ

Commercial use of this book will be at your OWN RISK.

ခဲ့သော ကျေးဇူးတရားကို နှစ်ဦးသား တွေးတောမိကြလေ၏။ အကယ်၍ မျိုးချစ်စိတ်မရှိသော အရာရှိဖြစ်က ၄င်းတို့မှာ သေဒဏ်ခံရမည်မှာမလွဲ၊ မျိုးချစ်စိတ်ရှိသော အရာရှိကြောင့်သာလျှင် လွတ်၍လာသောကြောင့်၊ ဝေဒနာပျောက်လျှင် အရာရှိ အနေအထိုင် မညှိုးငယ်ရန် ကျေးဇူးဆပ်မည်ဟု စိတ်ကို ပိုင်းဖြတ်ကြလေ၏။

ပူတာကေဘုရင်ခံ ပိုင်သောနယ်အတွင်း၌ လူကြီးလူငယ်အပေါင်းတို့မှာ အလွန်ကျပ်တည်း ကျဉ်းမြောင်းစွာ နေထိုင်ကြရလေ၏။ ၄င်းတို့မှာ ညဥ့်အချိန်တွင် မီးများမထွန်းကြရ၊ အိမ်သားတစ်စု ဝိုင်းဖွဲ့ စကားပြောကြသည်ကိုပင် အိမ်သားတစ်စု အမှန်ဖြစ်ကြောင်း ကျေနပ်အောင်ထုချေမှ လွတ်ကြရလေ၏။

ဘုရားပွဲ၊ အလှူမင်္ဂလာပွဲများအတွက်မှာ ခွင့်းချက်ထားရသေးရကား၊ ကိစ္စတစ်စုံတစ်ရာနှင့် လူစုဝေးချင်လျှင် ဘုရားပွဲဖြစ်စေ ရှင်ပြုမင်္ဂလာဖြစ်စေ၊ ယုတ်စွအဆုံး ဘုရားကိုးဆူကပ်ပွဲဖြစ်စေ ကျင်းပကြရ လေ၏။ ထိုတွင်လည်း သူလျှိုများလွှတ်ထားသဖြင့် ပြောလိုသောကိစ္စကို အထူးသတိထား၍ ပြောကြရရှာ လေ၏။

စိတ်ထက်သန်သော လူကြီးပိုင်းများမှလည်း ရှေးထုံးစံအတိုင်း ဘုရားစကား၊ တရားစကား ပြောဆို ငြင်းခုံလေ့ရှိရာ၊ ဘေးက လူများ အာရုံစူးစိုက် နားထောင်သောအခါ ...

"ဒိဋ္ဌိက ၆၂–ပါးတောင် ရှိတာကလား ဘုရားဒကာရဲ့ ...။ ကျုပ်တို့တရားတော်မှာ မိစ္ဆာဒိဋ္ဌိက အဆိုးဆုံးပေါ့။ မိစ္ဆာဒိဋ္ဌိတွေ သေအောင်သတ်နိုင်ကာမှ သမာဒိဋ္ဌိ ကြီးပွားနိုင်တာကလား။ ဒီတော့ ပုညာဘိ သင်္ခါရ ... အပုညာဘိ သင်္ခါရ စသည်ဖြင့် အဘိဓမ္မာနှင့်ညှပ်ကာညှပ်ကာ ဆီလျော်ရာကို ပြောဆိုလျက်ရှိကြရာ၊ နားထောင်သူအချို့မှာ အဓိပ္ပါယ်ကိုသိ၍ ပြုံးကြလေ၏။

သူလျှိုတို့လည်း ရိပ်မိကြလေ၏။ သို့ရာတွင် ၄င်းတို့က မိစ္ဆာဒိဋ္ဌိဟူသည် ပူတာကေလူမျိုးဟု ယူဆကာ တရားရုံးတွင် အရှုံးဖြစ်မည်ကိုလည်း တွေးမိကြလေ၏။ လက်အောက်ခံလူမျိုးတို့၏ သဘောကား ဆင်းရဲလေ သံဝေဂရလေ ဖြစ်ရကား၊ ပူတာကေဘုရင်ခံ၏ နယ်ပယ်အတွင်းနေထိုင်ကြသော တိုင်းရင်းသားမှန်သမျှတို့သည် လူမျိုးခြားလက်အောက်နေရသဖြင့် မညှာမတာ ဖိနှိပ်ခြင်းခံရပုံကို သံဝေဂရလျက် စိတ်အနာကြီးနာ၍ နေကြ လေ၏။

ထိုကဲ့သို့ စိတ်နာကြသောအချိန်ကား သက္ကရာဇ် ၉၇၄–ခု နှစ်ဆန်းစ ဖြစ်လေ၏။ ပူတာကေ ဘုရင်ခံသည် မည်မျှပင် နှိပ်ကွပ်သော်လည်း စိတ်အားတက်ကြွနေသောလူငယ်တို့အား ဖိဖိစီးစီး ဖမ်းဆီး ရမိအောင် မတတ်နိုင်ချေ။ သူငယ်တို့ကား စိတ်ဝမ်းကွဲခြင်း၊ တစ်ဦးကိုတစ်ဦး ကုန်းချောခြင်းမရှိ။ တလိုင်း၊ ကရင်၊ မြန်မာ လုလင်ပျိုအားလုံးပင် တစ်သွေးတစ်စိတ်တည်း ညီညွတ်နေကြသဖြင့်၊ တစ်ဦး အသက်စွန့် ဆောင်ရွက်လျှင် အများက ဝိုင်းဝန်းကူညီကြလေ၏။ ၄င်းတို့၏ခေါင်းဆောင် မြစံနှင့် ရဲဘော်တို့ ခံစားရသော ဒုက္ခကို ကြားသိရသောအခါ သာလွန်၍ စိတ်နာကြကာ၊ ပူတာကေကုန်သည်များကို တိတ်တိတ်ပုန်း ချောင်းမြောင်းသတ်ဖြတ်မှုများ မကြာခဏ ဖြစ်ပွားလေ၏။

သန်လျင်နေရာ အကွက်ကောင်းများတွင် တိုက်အိမ်ယာနှင့် ကြီးပွားနေကြသော ကုလားမည်းများ မှာလည်း ပစ္စည်းကိုစုံမက်၍ မြန်မာပြည်က မခွာနိုင်၊ ရှေးကလို နေမြဲနေရပါလည်း၊ ၄င်းတို့၏အသက်ကို စိတ်မချကြသဖြင့် ကျီးလန့်စာစားပမာ နေထိုင်ကြရလေ၏။ ပစ္စည်းအသင့်အတင့်ရှိကြသော ကုလားမည်း တို့ကား မိမိတို့ပစ္စည်းများကို မတန့်တတန် အဖိုးနှုန်းနှင့် ရောင်းချ၍ ကုလားပြည်သို့ ပြန်ပြေးကြလေ၏။

Commercial use of this book will be at your OWN RISK

လူငယ်များမှာလည်း အချို့ ထောင်တန်းကျလျက်၊ အချို့မှာလည်း သေနတ်နှင့်ပစ်သတ် သေဒဏ်များကို ခံကြရလေ၏။ သို့ရာတွင် ၎င်းတို့၏ စွဲမြဲသောစိတ်များမှာ တစ်နေ့တစ်ခြား ထက်သန်လာလျက်၊ ရှေ့က အသေခံသွားသူများပင် ၎င်းတို့အတုယူစရာကဲ့သို့ မှတ်ထင်ကြလေ၏။

ပူတာကောဘုရင်ခံကား ရှေးကလောက် အနေမချောင်ဘဲ ၎င်းကိုယ်တိုင် ကိုယ်ရံတော်စစ်သားများနှင့် သွားလာနေထိုင်ရလေ၏။ သို့ရာတွင် ၎င်းမှာ လက်နက် လူသူအင်အား ပြည့်စုံသောကြောင့်၊ လူငယ်များ တိတ်တဆိတ် ချောင်းမြောင်းသတ်ဖြတ်ရုံမှအပ ပြောင်ပြောင်တင်းတင်း ပုန်ကန်ဝံ့မည်မဟုတ်ဟု ယုံကြည်ရကား၊ နိုင်ငံချဲ့ရန်ကိုသာ စိတ်ကူး၍နေလေ၏။

ထိုအတွင်း မိတ်ဆွေဖြစ်သော တောင်ငူဘုရင် နတ်ရှင်နောင်သည် တောင်ငူမြို့ကို တိုက်သိမ်းရန် ကြက်ရိုးပင်စားအား စေလွှတ်သဖြင့် တောင်ငူမြို့ကို သိမ်းယူရန် စစ်တပ်များကို ပြင်ဆင်၍နေလေ၏။ လက်ဝဲစည်သူနှင့်တကွ လက်အောက်သူလျှိုများလည်း တောင်ငူတွင် မဟာဓမ္မရာဇာမင်းတရားကြီးက ခန့်ထား အုပ်ချုပ်စေသော မင်းရဲကျော်စွာ၏ထံနှင့် အဝဘုရင်မင်းတရားကြီးထံသို့ တောင်ငူကို ကုလားဇင်ကာ စစ်သည်အင်အားနှင့် တိုက်သိမ်းလိမ့်မည့်အကြောင်း မြင်းစေကျော် ဇော်တပုံချီကို စေလွှတ်လေ၏။

၉၇၄–ခု ဝါခေါင်လသို့ရောက်သောအခါ၊ မင်းရဲကျော်စွာသည် နတ်ရှင်နောင်ထံသို့ ကုလားဇင်ကာ တိုက်လာမည့် အကြောင်းနှင့်တိုင်ပင်လေရာ၊ များစွာအရေးမထား မဟုတ်နိုင်ကြောင်း ပြောဆိုသဖြင့်၊ မြင်းစေကျော် အထင်မှား၍လားဟု ပြန်လည်တွေးတောကာ ခပ်အေးအေး နေမိရာလေ၏။ ဆင်ရန်ပေါက် အရပ်ဆီမှ ပြောင်းသံ၊ သေနတ်သံကြား၍ ကင်းထောက်စုံစမ်းသောအခါ မုတ္တမစား ကုန်းကြောင်း၊ သန်လျင်စား ဇင်ကာ ရေကြောင်းချီတက်လာပြီဟု ကြားသိရသည်နှင့်တစ်ပြိုင်နက်၊ လူသူစုရုံးလေလျှင်၊ တောင်ငူဘုရင် နတ်ရှင်နောင်၏ ကျွန်ယုံများမှာ ကူညီဖော်မရ အေးအေးနေသောကြောင့်၊ မင်းရဲကျော်စွာမှာ မိမိနိုင်နင်းသော စစ်သည်ရဲမက်တို့အား လျင်မြန်စွာ စုရုံးတိုက်ခိုက်ရလေ၏။

မင်းရဲကျော်စွာကား ဆင်စီးလျက် တောင်ငူမြို့ပြင်က ခုခံတိုက်ခိုက်နေလေရာ၊ ဇင်ကာ၏ ရေတပ် အင်အားကြီးလှသဖြင့် မြို့တွင်းသို့ဆုတ်၍ခံရပြန်လေ၏။ အမြောက်သံ သေနတ်သံတို့ကား မိုးကြိုးအကြိမ်ကြိမ် ပစ်သကဲ့သို့ တခြိမ့်ခြိမ့် တဒိန်းဒိန်း မြည်ဟိန်း၍နေလေ၏။ တောင်ငူမြို့ကား မြို့ကျယ်ဖြစ်၍ မြို့စီးပြစီး နည်းပါးသောကြောင့်၊ မင်းရဲကျော်စွာ၏ စစ်သားများ ပရမ်းပတာဖြစ်ပျက်နေစဉ်၊ အခြေမလှတော့သဖြင့် တောင်ငူဘုရင့်မယ်တော် မိဖုရားခင်စောသည် ဝေါစီးကာ အခြွေအရံနှင့် ပြေးထွက်လာလေ၏။ မင်းရဲကျော်စွာကား ဆင်ဦးမှ ဓားမလွှတ်ဘဲ အမိန့်ပေးတိုက်ခိုက်နေလေရာ၊ ရန်သူ၏ သေနတ်ကျည်ဆန်မှန်သဖြင့် ဆင်ဦးတွင် ကျဆုံးရှာလေ၏။ အမတ်မဟာလည်း အရှင်နှင့်အတူ ဆင်ပေါ်မှ ခုခံတိုက်ခိုက်နေရာ ဆင်ဦးတွင်ပင် ကျဆုံးပြန်လေ၏။

ထိုသို့ အဓိပတိပုဂ္ဂိုလ်နှစ်ဦး ကျဆုံးသည်နှင့်တစ်ပြိုင်နက် ခုခံတိုက်ခိုက်မည့်သူ မရှိသဖြင့်၊ ကုလားတို့သည် လူများကို သုံ့ဖမ်း၍နေကြရာ၊ အချို့မှာ ခြေဦးတည့်ရာ ပြေးထွက်ကြလေ၏။ ကုလားတို့ကား တောင်ငူတွင် ၁၀–ရက်ခန့်နေ၍ တောင်ငူရွှေနန်းတော်ကို မီးတိုက်သည့်အပြင်၊ ကျောင်းကန် အိမ်ယာများကိုလည်း မီးရှို့လောင်ကျွမ်းစေပြီးနောက်၊ လက်ဝယ်ရရှိသည့် လူသူ ဆင်မြင်း လက်နက် ရွှေငွေတို့ကို ယူ၍ သန်လျင်သို့ ယူဆောင်လေ၏။ တောင်ငူဘုရင် နတ်ရှင်နောင်ကိုလည်း ကိုယ်လုပ်တော်နှစ်ယောက်၊ အတွင်းစေ တစ်ကျိပ်ကျော်တို့ဖြင့် လှေတွင် တင်ယူကာ သံစည်ပြုတ်များ၊ တံပိုးခရာများမှုတ်၍ ပျော်ရွှင်စွာ သန်လျင်မြို့သို့ ပြန်ကြလေ၏။

Commercial use of this book will be at your own risk

အဝဘုရင်မင်းတရားကြီးကား တောင်ငူဘုရင် နတ်ရှင်နောင်အား ကုလားလက်သို့ ပါသွားသည်ကို မသိသေးဘဲ၊ မင်းရဲကျော်စွာ ကျဆုံးကြောင်း ကြားရသဖြင့် တိုက်ဆင် ၁၀၀၊ မြင်း ၃၀၀၊ စစ်သားနှစ်သောင်းနှင့် စစ်တပ်ငါးတပ်ကို စေလွှတ်ရာ ရမည်းသင်းမြို့ရောက်မှ လက်ဝဲစည်သူ စေလွှတ်သောသူလျှို၏ထံမှ သတင်းစုံ ကြားရသဖြင့် စစ်တပ်ငါးတပ်စလုံးကို ပြန်၍ခေါ်တော်မူလေ၏။

တောင်ငူဘုရင် နတ်ရှင်နောင်ကား ပူတကေဘုရင်ခံနှင့် လွန်စွာ ချစ်ကျွမ်းဝင်လျက် သဘော်ပြည်ဖြစ် အရက်ချိုများကို သုံးဆောင်လေ့ရှိ၏။ ၎င်းကိုယ်တိုင်လည်း ဗရင်ဂျီဘာသာကို ခံယူ၍ ပူတကေဘုရင်ခံ မြန်မာ နိုင်ငံတော်ကို လုပ်ကြံမည့်အရေးကို အခါမပြတ် ဆွေးနွေးတိုင်ပင်လျက်ရှိလေ၏။ သန်လျင်မြို့ မျိုးချစ် သူလျှိုများနှင့် အရာရှိများထံမှ နတ်ရှင်နောင်၏ သတင်းဆိုးများကို ကြားသိရသောအခါ လူငယ်များ အထူး ဒေါသထွက်၍နေကြလေ၏။

တောင်ငူဘုရင်လိုက်ပါလာပြီးနောက် မကြာမီ ၎င်း၏ကျွန်ယုံ မင်းထင်လကျာ်ခေါ် အမတ်တစ်ယောက် လိုက်ပါလာရာ၊ ၎င်းမှာ ဘယကျော်သူကဲ့သို့ အလိုတော်ရိ လူစွာတစ်ယောက် ဖြစ်၍နေလေ၏။

မောင်ဘုန်းမြင့်ကား ၎င်း၏ဖခင်နှင့် ရန်ဘက်ဖြစ်ဖူးသူမှန်း သိသဖြင့်၊ တစ်နေ့နေ့တွင် လက်စား ချေရန် အတွင်းကျိတ်၍ စိတ်ကူးထားလေ၏။ ပူတကေဘုရင်ခံ၏အင်အားသည် တစ်နေ့တစ်ခြား တိုးတက်လာ လေရာ၊ လူငယ်များအား ဖိနှိပ်ဖို့မှာလည်း အကြံဉာဏ်တိုး၍လာလေ၏။ ဥပဒေအသစ်တစ်ရပ်မှာ မသင်္ကာသော လူငယ်အချို့အား တိုင်းပြည် မငြိမ်မဝပ်ခင်အတွင်း ချုပ်နှောင်ထားရန် ဖြစ်လေ၏။ မောင်ဘုန်းမြင့်တို့ သူငယ်ချင်းသုံးဦးကိုကား ကြိုးရှည်နှင့်လှန်သကဲ့သို့ မဖမ်းဘဲထားလေရာ၊ ပြစ်မှုတစ်စုံတစ်ရာ အနည်းငယ် ကျူးလွန်ရုံနှင့် သေဒဏ်စီရင်ရန် ချိန်ရွယ်ပြီးဖြစ်လေ၏။ အချို့သော လူပြိန်းတို့မှာလည်း နတ်ရှင်နောင် ရောက်လာသဖြင့် သန်လျင်ကို မြန်မာဘုရင်အုပ်စိုးလိမ့်မည်ဟု ထင်ထားကြလေ၏။ ပူတကေဘုရင်ခံလည်း ဆူပွက်နေသော လူငယ်များ ငြိမ်ဝပ်သွားစေရန် တစ်ဖက်က ဖိနှိပ်၍၊ တစ်ဖက်က တောင်ငူဘုရင်အား နန်းတင်မည့် အရိပ်အယောင်များကို ပြောပြလျက်ရှိလေ၏။

သို့ရာတွင် နတ်ရှင်နောင် ရေးသားသော ရတုတစ်ပိုဒ်ကို အော်ဟစ်ရွတ်ဆိုသော လူတစ်ယောက်အား အမည်မသိလူတစ်ဦးက အိမ်ထဲဝင်ပြီး ဦးခေါင်းရိုက်ခွဲ၊ မသေရုံ ချန်ထား၍၊ မျိုးဖျက်ဘုရင်၏ ရတုကို နောက်တစ်ကြိမ်ဆိုလျှင် သတ်ပစ်မည်ဟု ခြိမ်းခြောက်သွားကတည်းက၊ နတ်ရှင်နောင်မှာလည်း မြန်မာတို့ ၎င်းအား မကြည်ညိုကြောင်း ထင်ရှားသိသာခဲ့လေ၏။

သန်လျင်ဆရာတော်ကား မိမိအပေါင်းအသင်းသံဃာများနှင့်တကွ ညှိနှိုင်းတိုင်ပင်လျက်၊ ရပ်ရွာ ဒါယိကာများကို စည်းလုံးညီညွတ်ခြင်းဖြစ်အောင် တိတ်တိတ်ပုန်း ဟောပြောဆောင်ရွက်လျက်ရှိလေ၏။ ထိုစဉ်အခါမူကား ဒါယိကာတို့သည် ဆရာဘုန်းတော်ကြီးများစကားကို မြေဝယ်မကျ နားထောင်လေ့ရှိသဖြင့်၊ "နင် ငါ့စကား နားမထောင်ရင် နင့်ဆွမ်းကို ငါမစားလို ..."ဟူသော အသုံးအနှုန်းကို ကြောက်ရွံ့လျက်ရှိကြ လေသည်။ တိုင်းပြည်မှာလည်း မငြိမ်မသက် လှုပ်လှုပ်ရွရွ ဖြစ်ပျက်နေစဉ်၊ သန်လျင်ဆရာတော်မှာ အရေးအရာ ရောက်သော လူကြီးလူငယ်များနှင့် အခါမပြတ် နီးနှောနေလေ့ရှိ၏။

တစ်နေ့သ၌ကား အဝတ်ညစ်များကို ဝတ်ဆင်ထားသော အသက် ၄၀–ကျော်အရွယ် ဒါယိကာ တစ်ယောက်သည် ဆရာတော်၏ ကျောင်းသို့ ရောက်ရှိလာကာ၊ အလွန်ဆာမွတ်သဖြင့် ဆွမ်းကျန်ဟင်းကျန် များကို တောင်းရမ်းစားသောက်ရင်း ဆရာတော်နှင့် စကားပြောဆိုနေလေ၏။

Commercial use of this book will be at your own RISK.

"တပည့်တော် အဝနေပြည်တော်ကပါ ဘုရား၊ အရှင်ဘုရား အဝနေပြည်တော်ဘက် စိတ်ညွတ်မှန်းသိ၍ ဝင်ရောက်ဝံ့ခြင်း ဖြစ်ပါသည် ဘုရား ..."

"တကာက ဘာလဲ ... အဝက သူလျှိုလား ..."

လူကြီးသည် ခေါင်းညိတ်ကာ "မှန်ပါ ..."ဟု လျှောက်လေ၏။

"သိတဲ့အတိုင်းပဲ တကာရဲ့ ...။ မိစ္ဆာဒိဋ္ဌိ ကြီးစိုးရင် ငါတို့သာသနာ တစ်စတစ်စ တိမ်ကော ပျောက်ကွယ်တော့မယ်။ ဒီတော့ ငါတို့ ဗုဒ္ဓဘာသာ သာသနာအရေး ငါတို့အရေးဆိုသလို၊ ကြီးလေးတဲ့ တာဝန်ကို ငါတို့ မဆောင်ရွက်ရင် ဘယ်သူဆောင်ရွက်မှာလဲ။ အဝနေပြည်တော်ကြီးကို အားကိုးနေလို့လဲ မဖြစ်သေးဘူး။ ဒီမှာရှိကြတဲ့ မွန်မြန်မာတွေကလဲ ကြိုးစားမှ ဖြစ်တော့မယ် ဒကာရဲ့ ..."

"တင်ပါဘုရား ... အတွင်းရန် အပြင်ရန်၊ နှစ်ဖက်ညှပ်မှ ဖြစ်ပါမည် ဘုရား။ အနို့ အရှင်ဘုရား တပည့်များ တော်တော် အားကောင်းပါပြီလား ..."

"ဒါတော့ အခုပြောဖို့မလိုဘူး ဒါယကာ။ ယနေ့ နေ့လည်မှာ ငါ့ကျောင်းကာ ရပ်တော်မူကိုယ်တော် အနေကဇာတင်ပွဲ ပြုလုပ်ဖို့စီစဉ်ထားတယ် ဒကာရဲ့၊ နေ့လည်ကျရင် ဘုရားပွဲဘန်းပြပြီး ခေါင်းအကြီးလုပ်မယ့် လုလင်တွေကို ဆေးထိုးနံ့ပေးရဦးမယ်ကွဲ့ ..."

"တင်ပါ ...သိဒ္ဓိပြီးတာ မပြီးတာ အပထား၊ စိတ်အားတော့ ထက်သန်ကြမှာပဲ ဘုရား ..."

"ဒါပေါ့ ဒကာရယ် ... တကယ်လဲ စွမ်းနိုင်ပါတယ်၊ ဒါယိကာတို့ အဝရေမြေရှင်ကိုလည်း ငါတို့ ဆောင်ရွက်ပုံကို လျှောက်ထားပါဘိ ..."ဟု မိန့်ဆိုကာ ခပ်မဆိတ် နေတော်မူလေ၏။

သူလျှိုလည်း ဆရာတော်စကား ဆက်လက်မိန့်တော်မူလိုဟန် မရှိသဖြင့် ဦးချကာ ထွက်ခဲ့လေရာ၊ စည်ဗျောများ တီးမှုတ်လျက် လာကြသော အရပ်သားလူငယ်တို့ကို လမ်းတွင် ကြုံတွေ့ရရာ၊ ၄င်း၏မျက်နှာကို ကောင်းစွာ မဖော်ပြဘဲ သန်လျင်မြို့လယ်သို့ ခပ်သုတ်သုတ် ဝင်ရောက်သွားလေတော့၏။

နေ့ခင်း မွန်းမယိမ်းမီတွင် သန်လျင်ဆရာတော်၏ ကျောင်းဝင်း၌ ဘုရားပွဲအတွက် စည်ဗျော နဲ့ မောင်းသံတို့ဖြင့် ဆူညံစွာ ကခုန်၍နေကြလေ၏။ ကလေး လူကြီးတို့မှာလည်း ဘုရားသို့ လှူဖွယ် ပဒေသာပင်တို့ဖြင့် လာရောက်လျက်ရှိကြရာ၊ ပူတာကေဘုရင်ခံ၏ မင်းလုလင်များမှာ အကယ်ပင် ဘုရားပွဲ ကျင်းပနေသည်ဟု မှတ်ထင်ဟန်ရှိလေ၏။

သို့ရာတွင် သန်လျင်ဆရာတော်ကား ကျက်သရေခန်းကို တံခါးခိုင်ကျည်စွာ ပိတ်လျက် တပည့် လူရွယ်များကို အင်းမြှုပ်ခြင်း၊ ဆေးဝါးစီရင်ခြင်းတို့ကို ပြုလုပ်နေလေ၏။

"ကိုင်း ... မင်းတို့ တစ်ထောင်နဲ့ တစ်ယောက် ကြောက်ဖို့မရှိဘူး။ ယောကျ်ားမှန်က သေမှာ မကြောက်ရဘူး။ သာသနာရောင်ဝါထွန်းဖို့ ဒုဋ္ဌဂါမဏိမင်း စစ်တိုက်သလို ပုန်ကန်ရတဲ့အလုပ်မျိုးဟာ မဂ်ဖိုလ် နိဗ္ဗာန်ကို ရနိုင်တယ် ... စွန့်စားကြကွဲ့။ အရေးရှိရင် ဆရာတော်လည်း သိက္ခာချပြီး တပ်ဦးကနေ နမယ် ..."ဟု အားပေးစကား ပြောခိုက်၊ ကျောင်းအောက်က ဆူညံသံများကို ကြားရသဖြင့် တံခါးကိုဖွင့်ကာ ကြည့်ရှုရာ၊

Commercial use of this book will be at your OWN RISK.

ပူတကေဘုရင်ခံ၏စစ်သားများ ကျောင်းဝင်းသို့ရောက်ရှိ၍ လူငယ်များကို ဖမ်းဆီးနေကြောင်း မြင်တွေ့ကြရလေ၏။ ကျက်သရေခန်းအတွင်းမှ လူငယ်များလည်း ဆေးထိုးပြီးစဖြစ်၍ ဆေးစမ်းလိုသည့်သဘောနှင့် ခုခံမည်ကြံရာ၊ ဆရာတော်က "မလုပ်နဲ့ဦး ... လွတ်အောင်ပြေး ..."ဟု မိန့်စဉ်၊ စစ်သားအချို့ ကျောင်းပေါ်သို့ တက်ရောက်လာသဖြင့် ဝုန်းကနဲ ခုန်ဆင်းပြေးကြလေ၏။

ကုလားကပြားတို့ကား သန်လျင်ဆရာတော်ကို ဇကသီချွတ်၊ လက်ပြန်ကြိုးများဖြင့် အတင်းတုပ်နှောင်ကြလေ၏။ ခေါင်းအကြီးလုပ်သူက "ကျောင်းအောက်ဆွဲချ ကျောင်းအောက်ဆွဲချ"ဟု ဆိုသဖြင့် ကျောင်းအောက် ဆွဲချကြလေ၏။

ဆရာတော်အား ဖမ်းဆီးသဖြင့်၊ ငိုသူကငို အော်သူကအော် ဖြစ်၍နေရာ၊ မကြာမီပင် သန်လျင်တစ်မြို့လုံး ပျံ့နှံ့သွား၍ စိတ်ခေါင်းမာသော လူငယ်အချို့တို့မှာ ဆရာတော်အား အတင်းလုမည်ကြံရာ၊ ခေါင်းဆောင်များက ဟန့်တားထားရလေ၏။ ရဟန်းပျိုများမှာလည်း မိမိတို့ဆရာတော်အား အမြင်မတော် တုပ်နှောင်ဖမ်းဆီးသဖြင့်၊ သံဃာအပါး ၂၀၀-ခန့် စည်းဝေးလျက် အတင်းတိုက်ခိုက်လုယူမည် ကြံစည်ကြပြန်ရာ၊ အကြီးအကဲ ဘုန်းတော်ကြီးများက ကုလား၏ သေနတ်ပြောင်းဦးသို့ အသက်ကို အပ်နှင်းသည်နှင့် တူမည်ဖြစ်ကြောင်း တားမြစ်တော်မူကြ၏။

သန်လျင်ဆရာတော်ကား လူအများ အထူးကြည်ညိုသော ပုဂ္ဂိုလ်ဖြစ်သည့်အတွက်၊ လမ်းတွင် မျိုးချစ်များ၊ ရဟန်းပျိုများက လုယူလိမ့်မည်ဟူသော သတင်းကြောင့် စစ်တပ်များ ရံလျက် ဖမ်းယူသွားရာ၊ လမ်းတစ်လျှောက် အိမ်ပေါက်စေ့ ထွက်ပြုကြည့်ကြရာ မျက်ရည်ပြည့်သောမျက်နှာဖြင့် ကုလားဖြူတွေ ပျက်စီးပါစေ၊ ဘေးသင့်ပါစေဟု မကောင်းဆုကို တောင်းကြကုန်၏။

ထိုနေ့ နေ့ချင်းပင် စစ်မေးမည်ဖြစ်ရာ အရပ်သားမည်သူမျှ လွှတ်ရုံးအနီးတွင် မနေစေဘဲ၊ သန်လျင်ဆရာတော်အား လွှတ်ရုံးတွင် ဖင်ထိုင်ခုံတစ်ခုနှင့်ထားလေ၏။ ထို့နောက် မျက်နှာဖြူတရားသူကြီး ချက်ချင်း ရောက်ရှိလာကာ ထောက်လှမ်းခဲ့သူအား ပထမ စစ်မေးလေ၏။

ထောက်လှမ်းခဲ့သူမှာ အခြားမဟုတ်၊ နတ်ရှင်နောင်၏ ကျွန်ယုံအမတ် မင်းထင်လကျာ်ဖြစ်သဖြင့်၊ မင်းလုလင်နှင့် သူလျှိုအချို့မှာ ကြိတ်၍ဆဲဆိုကြလေ၏။ မင်းထင်လကျာ်ကား နံနက်ခင်းက ညစ်နွမ်းသော အဝတ်ဖြင့် အင်းဝသူလျှိုဟန်ဆောင်၍ စုံစမ်းရာ၊ သန်လျင်ဆရာတော် အပြန်အလှန် ပြောပုံဆိုပုံ ကြံစည်ပုံတို့ပါ အစစ်ခံ၍နေလေ၏။

ပူတကေအရာရှိလည်း မင်းထင်လကျာ်အား ဦးညွှတ်အရိုအသေပေးလျက် ထွက်ခွာစေ ပြီးလျှင်၊ အခြား စစ်တပ်အရာရှိများကို စစ်မေးပြီးနောက်၊ တစ်ချက်လွှတ် ရုံးဥပဒေအရ၊ တိုင်းပြည် မငြိမ်ဝပ်ခင်အတွင်း သန်လျင်ဆရာတော်အား ထောင်သွင်း အကျဉ်းချထားရန် အမိန့်ပေးလိုက်လေ၏။

ဆရာတော်ကား ဝါတော် ၄၀-ကျော်၊ သက်တော် ၆၀-ကျော်မျှ ဖြစ်ရာ၊ မြန်မာမင်း လက်ထက်တော်ကတည်းက စာတတ်အကျော်အမော်များ အကြည်ညိုခံရသော ပုဂ္ဂိုလ်ဖြစ်ခဲ့လေရာ၊ ယခုတစ်မူ မိစ္ဆာဒိဋ္ဌိ ကုလားများ၏ ရာဇဝတ်သားအဖြစ်၊ ထောင်တွင်းနေရမည်ကို များစွာ ယူကြုံးမရဖြစ်တော်မူရှာသော်လည်း တရားပြည့်ပြီး ပုဂ္ဂိုလ်ဖြစ်သဖြင့်၊ သဗ္ဗေသင်္ခါရ အနိစ္စာနှင့် ဖြေဖျော်ကာ အစောင့်အကြပ်တို့ ခေါ်ဆောင်ရာသို့ လိုက်ပါတော်မူရရှာလေ၏။

Commercial use of this book will be at your OWN RISK.

သန်လျင်ဆရာတော်အား မည်သို့စီရင်၍ မည်သည့်နေရာ၌ထားသည်ကို သိလိုသော ဒကာ၊ ဒကာမတို့မှာ ၂–ယောက် တစ်တွဲ၊ ၃–ယောက် တစ်တွဲ၊ တစ်တွဲနှင့်တစ်တွဲ အလှမ်းခပ်ကွာကွာ စောင့်စားနေကြရာ၊ သန်လျင်ဆရာတော်အား အကျဉ်းထောင်သို့ ပို့မည့်အချိန်၌ လူများကို စစ်တပ်နှင့် ရှင်းလင်းထားသောကြောင့် မည်သူမျှမမြင်ရတော့ချေ။ ပူတကေဘုရင်ခံ၏ လက်အောက်၌ အမှုထမ်းကြသော မွန်မြန်မာ အရာရှိကြီးများ၊ မင်းလုလင်များမှာ ဆရာတော်၏တပည့်အချို့ ပါဝင်သဖြင့်၊ ဆရာတော်၏ အဖြစ်အပျက်ကို တွေ့မြင်ရသောအခါ၊ ပူတကေတို့အား အထူးစိတ်နာ၍နေကြလေ၏။

အတွင်းလူများမှတစ်ဆင့် သန်လျင်ဆရာတော်အား ထောင်သွင်းအကျဉ်းထားသည် ဟူသော သတင်းကို ကြားသိရလေရာ၊ လူ ၅–ယောက်ထက်ပို မစုဝေးရဟူသော ဥပဒေကို မည်သူမျှ ဂရုမစိုက်ဘဲ၊ လူ ၂၀၀၀၊ ၃၀၀၀–ခန့် ညနေခင်းတွင် စုဝေးလျက် ထောင်ဆီသို့ပြေးကြလေ၏။ ရဟန်းအပါး ၂၀၀၊ ၃၀၀–ခန့် တို့မှာလည်း "ဆရာတော်ကို မလွှတ်ရင် တို့လည်း အသေခံမယ်"ဟူ၍ လိုက်ပါလာကြရာ၊ မင်းလုလင်များမှာ ထိုလူစုကို အနည်းနည်း ဖြောင်းဖြပြောဆို ခွဲထုတ်သော်လည်း အချည်းနှီးဖြစ်လေ၏။ အကျဉ်းထောင်ကား စစ်သားအမြောက်အမြား ဝိုင်းရံစောင့်ကြပ်နေသဖြင့်၊ အပြေးလာကြသော လူစုသည် တန့်နေစဉ်၊ စစ်တပ် များလည်း ပစ်ခတ်တော့မည်ဟု ပြင်ဆင်နေခိုက်၊ သန်လျင်ဝန်ဟောင်းကြီးသည် မြင်းတစ်စီးနှင့် အပြေး လာလျက် ..."အားလုံး လူစုခွဲပြန်ကြ၊ ဒါဟာ အကျိုးမများဘူး၊ အချည်းနှီး အသေမခံကြနဲ့၊ ပူတကေဘုရင်ခံကို ငါပြောမယ် ..."ဟု ဖြောင်းဖြပြောဆိုသဖြင့်၊ လူစုများကွဲ၍သွားလေ၏။ သန်လျင်ဝန်မင်းကား ပူတကေ ဘုရင်ခံ၏ အိမ်တော်သို့ မြင်းနှင့်စိုင်း၍ပြေးလေ၏။ သို့ရာတွင် အိမ်တော်မှာ တံခါးများ ပိတ်လျက် ဝင်ခွင့် မရတော့သဖြင့် လက်လျှော့ပြန်ခဲ့ရရာ၊ စောင့်စားနေကြသောလူထုအား "ကနေ့ အချိန်မရှိဘူး၊ နက်ဖြန်မှ လျှောက်ထားတောင်းယူမည် ... ဘာမျှမပူကြနဲ့ ..."ဟု ပြောဆိုရလေ၏။

သန်လျင်မြို့သူမြို့သားတို့ကား အသည်းကို အပ်နှင့်ဆွသကဲ့သို့ အထူးနာကျင်ကြလေ၏။ စိတ်နှလုံး ထိခိုက်နာကျင်လှသော်လည်း ခုခံတိုက်ခိုက်ရန် လက်နက်အင်အားမရှိကြောင်းကို စဉ်းစားမိသောအခါ၊ မိမိတို့ အတတ်နိုင်ဆုံးဖြစ်သည့် ပူတကေလူမျိုး ပျက်စီးပါစေ၊ ဘေးတွေ့ပါစေ၊ ရန်သူတွေ့ပါစေ စသည်ဖြင့် မကောင်း ဆုတောင်းခြင်း၊ ဆဲဆိုခြင်းဖြင့် ဒေါသအဟုန်ကို အနည်းငယ်ကျေနပ်အောင် ပြုမူကြရလေ၏။ ညတွင် မီးမထွန်းရ၊ အကူးအသန်း အသွားအလာမရှိရ ဟူသော ဥပဒေကြောင့်လည်း အိမ်သားအချင်းချင်းမှအပ၊ မိတ်ဆွေ အိမ်နီးချင်းတို့နှင့် တိုင်ပင်ပြောဆိုခြင်းမရှိရ။ တစ်အိမ်နှင့် တစ်အိမ် လှမ်းအော်လျက်၊ ဆရာတော် ဒုက္ခရောက်ရှာပြီ၊ မြစ်နှင့် ရဲဘော် နှိပ်စက်သလို နှိပ်စက်ရင် အရွယ်တော်က ကြီးပြီမို့ ပြန်တော်မူရာသည်ဟု ပြော၍နေကြလေ၏။ မောင်ဘုန်းမြင့်ကား ယောက္ခမ သန်လျင်ဝန်မင်း နံနက်တွင် တောင်း၍ရလျှင်ရ၊ မရလျှင် စစ်တပ်ထဲမှ လုယူမည်ဟု အကြံအမျိုးမျိုးထုတ်လျက် တညလုံး အချိန်ကုန်လေသည်။

နံနက်မိုးသောက်ချိန်သို့ရောက်ခဲ့လေ၏။ ကျီးငှက်တို့သည် သစ်ပင်ကိုင်းမြင့်များမှ အတောင်ခတ် အသံပေးလျက် အစာရှာထွက်ကြကုန်၏။ သန်လျင်မြို့ကား ညက လူသေ၍ တညလုံးအားရအောင် ငိုကြွေး ပြီးနောက်၊ မောပန်းစွာ အိပ်ကြလျက် နံနက်လင်းလာသော မသာအိမ်နှင့်တူလေ၏။ မိုးလင်း၍ မျက်လုံး ဖွင့်ကြသည်နှင့်တစ်ပြိုင်နက်၊ သန်လျင်ဆရာတော်၏ အကြောင်းကို ပြောကြပြန်၍ အချို့မှာ ငိုကြွေးကြပြန် လေ၏။ သန်လျင်ဝန်မင်းကား ပူတကေဘုရင်ခံ၏အိမ်တော်သို့ အခြွေအရံမပါ တစ်ကိုယ်တည်း ထွက်ခွာ သွားကာ၊ ပူတကေကိုယ်ရံတော်များထံ ခွင့်တောင်း၍ အိမ်တော်သို့ဝင်ခဲ့လေ၏။

ပူတကေဘုရင်ခံလည်း နောက်မီဖင်ထိုင်ကို ထိုင်ရန်ညွှန်ကြားလျက် လောကွတ်ပျူငှာ နှုတ်ဆက်ပြီး ကိစ္စကို မေးလေ၏။

Commercial use of this book will be at your OWN RISK.

“သန်လျင်ဆရာတော်ကို မနေ့က ဖမ်းဆီးသွားပါတယ်။ ဒီလိုဖမ်းဆီးတဲ့အတွက် တိုင်းသူပြည်သားတို့ မခံမရပ်နိုင်အောင် ဖြစ်နေကြပါတယ် ...”

“သူပုန်အားပေး ပြုမူသည့်အတွက် ဖမ်းဆီးခြင်းဖြစ်လို့ ... တိုင်းသူပြည်သားတို့ မကျေမချမ်းသည်ကို ကျွန်ုပ် နားမလည်ပါ ...”

“သူပုန်အားပေးသည် ဆိုရာမှာလည်း တစ်ဖက်စကားသာ ဖြစ်ပါလိမ့်မည်။ အကယ်၍ မှန်သည် ထားစေဦး၊ အသက် ၆၀–ကျော် ဆရာတော်မှာ ဘာမျှလုပ်နိုင်မည် မဟုတ်ပါ။ တစ်ကြောင်းမှာလည်း လက်နက် အင်အားပြည့်စုံသော ဘုရင်ခံမင်းကြီးတို့အား ပုန်ကန်မည်ဆိုရာမှာ ဖြစ်မြောက်နိုင်ဖွယ်အလုပ် မဟုတ်ပါ။ ဘုရင်ခံမင်းကြီးတို့ကသာ သဘောထားကြီးသည့်အနေဖြင့် လွတ်ခွင့်ပေးလျှင် လက်အောက်ခံတိုင်းရင်းသားများ ကြည်ညိုစိတ် တိုးပါလိမ့်မယ် ...”

ပူတကေဘုရင်ခံကား သန်လျင်ဆရာတော်ကို လွှတ်လိုသောစိတ် မရှိ၊ သို့ရာတွင် သန်လျင်ဆရာတော် အတွက် သန်လျင်ဝန်ဟောင်းအား တာဝန်ယူ၍ လွှတ်လျှင်၊ နောင်တစ်ဖန် သန်လျင်ဝန်ကိုပါ ဖမ်းဆီးအပြစ်ပေး နိုင်မည်ဟု တွေးတောမိသဖြင့် ...

“ဝန်မင်းကဲ့သို့ ပုဂ္ဂိုလ်ကြီးတစ်ယောက်က ပြောဆိုတောင်းပန်သည်ကို ကျွန်ုပ်နားမထောင်လျှင် မသင့်တော်ပေဘူး။ ဝန်မင်းသည် ဆရာတော်အား နောင်အခါ လူငယ်အားပေး ပြောဆိုပြုမူခြင်းမရှိအောင် တာဝန်ယူနိုင်ပါ့မလား ...”

“ယူပါ့မယ် ယူပါ့မယ် ...”ဟု နောင်ခါလာ နောင်ခါချေး၊ ယခု ဆရာတော် ချက်ချင်းလွတ်လျှင် ပြီးရောဟု ဝန်ခံလိုက်ရာ၊ ပူတကေဘုရင်ခံလည်း စစ်ဗိုလ်တစ်ဦးအား အမိန့်စာရေး၍ သက်တော်စောင့်များထံ သန်လျင်ဝန်မင်းနှင့်အတူ ထည့်လိုက်လေ၏။

Commercial use of this book will be at your OWN RISK.

# အခန်း (၁၁)

သန်လျင်ဝန်မင်းကား စစ်ဗိုလ်နှင့်အတူ ပူတကေဘာသာဖြင့် တလိုင်းမြန်မာတို့၏ စိတ်နေသဘောထားကို ပြောဆိုလျက် ထောင်ထဲသို့ ဝင်ရောက်သွားရာ၊ ဆရာတော်အား ချုပ်နှောင်ထားရာ အခန်းသို့ ရောက်လျှင် မျက်လုံးပြူး၍သွားလေ၏။ အကြောင်းမူကား သန်လျင်ဆရာတော်မှာ ဝါးကွပ်ပျစ်တင် ညောင်စောင်းပေါ်တွင် စန့်စန့်ကြီး ပျံလွန်တော်မူ၍ နေသောကြောင့်တည်း။

သန်လျင်ဝန်မင်းလည်း "အမယ်လေး ဆရာတော်ဘုရား ..."ဟု ငိုကြွေးကာ ဒေါသထွက်လှသဖြင့် ... "မင်းတို့ သတ်တာ၊ သတ်တဲ့လူကို သိစေမယ် ..."ဟု ကြိမ်းဝါးနေရာ၊ ထောင်အရာရှိက ဤကဲ့သို့ မဟုတ်ကြောင်း၊ ဆရာတော်သည် စိတ်နှလုံးခိုင်မာ ဒေါသကြီးလွန်းသဖြင့် ညသန်းခေါင်အချိန်တွင် ကြိုးဆွဲချ ပျံလွန်တော်မူကြောင်း ပြောဆိုရာ၊ သန်လျင်ဝန်မင်းလည်း ထောင်အတွင်း၌ ကြာကြာမနေဘဲ ဆရာတော်၏ အလောင်းကို ရလိုကြောင်း ပူတကေဘုရင်ခံထံသို့ တိုင်ပြီးလျှင် ပြန်လာခဲ့လေ၏။

သန်လျင်တစ်မြို့လုံးလည်း အချိန်မကြာခင်အတွင်း၌ သန်လျင်ဆရာတော် ပျံလွန်တော်မူကြောင်းကို ကြားသိကြလေရာ၊ ကမ္ဘာပျက်သကဲ့သို့ ဆူပွက်ငိုကြွေးကြလေ၏။ ပူတကေဘုရင်ခံလည်း အလောင်းပေးဖို့၊ မပေးဖို့ ကိစ္စကို အတွင်းအရာရှိများနှင့် တိုင်ပင်နေကြရာ၊ အကယ်၍ အလောင်းကို မပေးဘဲနေက တိုင်းသူပြည်သားများ ထို့ထက် မကျေမချမ်းဖြစ်မည်ဟု မျိုးချစ်မြန်မာအရာရှိများက လျှောက်ထားကြသောကြောင့်၊ ယနေ့ နေ့ချင်း သင်္ဂြိုဟ်ဖို့ ဝန်ခံစေပြီး ပေးအပ်ရန် အမိန့်ထုတ်လေ၏။

ညနေခင်း၌ကား သန်လျင်ကျောင်းတိုက်အတွင်း၌ လောင်တိုက် ပြသာဒ်စသည်တို့နှင့် ခမ်းနားသော ဘုန်းကြီးပျံတစ်ခုကို မြင်ကြရလေ၏။ အချိန် မြန်မာ ၄-၅ နာရီအတွင်း ဤမျှကြီးကျယ်စည်ကားအောင် ပြုလုပ်နေခြင်းဖြင့် လူထုအင်အား မည်မျှများပြား၍ သန်လျင်ဆရာတော်အား မည်မျှ ကြည်ညိုကြကြောင်းကို သိသာနိုင်လေ၏။ သာခုကိဋ္ဌန ဈာပနဌ္ဌ သန်လျင်ဆရာတော် ပျံလွန်တော်မူရသောအကြောင်းကို ပရိသတ်တို့အား ဟောပြောလိုသော လူငယ်တို့မှာ စိတ်ရိုးတိုးရှတဖြစ်လျက် အံကြိတ်နေကြရာ၊ နေပစေ မဟောနဲ့ မပြောနဲ့ လေသံမထွက်နဲ့ဟု ပိတ်ပင်ထားကြသဖြင့်၊ အလောင်းကို မျက်ရည်ပြည့်သောမျက်နှာဖြင့် ထမ်းယူကာ မီးလောင်တိုက်တွင် သွင်းကြလေ၏။ မီးလောင်စဉ်အတွင်း ပူတကေလူမျိုးတို့အား မနိုင်မချင်း ပုန်ကန်မည်ဟူ၍ အဓိဋ္ဌာန်ပြုကြလေသတည်း။

နေမင်းကား ဒုက္ခမအေး ပူဆွေးလောင်ကျွမ်းလျက်ရှိကြသော၊ ကုလားဖြူတို့၏ ကျွန်ဖြစ်နေကြသည့် တလိုင်းမြန်မာ ကရင်အမျိုးသားတို့အား စောင့်စားကြည့်ရှုခြင်းငှာ မစွမ်းနိုင်သည့်အသွင်ဖြင့်၊ နီလွင်သော အရောင်များ ဖြာထွက်ကာ အနောက်ဂေါယာကျွန်းသို့ ယွန်းရန်ပြင်ဆင်နေလေ၏။

သန်လျင်ဆရာတော်ကြီး၏ ဈာပနမှ ပြန်လာကြသော လူထုလူသိုက်တို့လည်း မကျေမချမ်း တီးတိုး ပြောဆိုလျက်နေကြရာ၊ မောင်ဘုန်းမြင့်သည် အကြောင်းရင်းကို ပိုမိုသိရှိသူဖြစ်လေ၏။ သန်လျင်ဆရာတော်အား ထောင်သင်းမှူးတို့သည် လည်မျိုကိုအစ်လျက် သတ်ဖြတ်ပြီးမှ၊ အလိုအလျောက် ကြိုးဆွဲချသေဆုံးဟန် စီမံသည်ကို ထောင်တွင်းသူလျှိုတစ်ဦးထံမှ သိရှိရသောကြောင့်လည်း သာ၍ဒေါပွကာ နေမိကြလေ၏။ မင်းထင်လကျ်ာအား မျက်နှာစိမ်းဖြစ်သော်လည်း အဝက သူလျှိုဟု အကယ်ပင် ယုံမှတ်၍ အတွင်းရေး

Commercial use of this book will be at your own RISK

တို့ကို သတိလစ်ကာ ပြောမိသောကြောင့်၊ အသက်ကိုပင် စွန့်လွှတ်ပျံလွန်တော်မူရရှာသော ဆရာတော်အတွက် သန်လျင်ဝန်မင်းနှင့်တကွ အိမ်သားအားလုံး ထမင်းကိုမျှ ဖြောင့်စွာ မစားနိုင်ကြတော့ချေ။ မြစံနှင့် ရဲဘော်တို့လည်း မောင်ဘုန်းမြင့် ချိန်းဆိုထားသည့်အတိုင်း အမှတ်တမဲ့ လာရောက်ခဲ့ကြလေ၏။ မောင်ဘုန်းမြင့်ကား ငေးမောစဉ်းစားနေရာမှ ...

"သူငယ်ချင်းတို့ ... မင်းတို့ သတ္တိကိုတော့ သိရပြီ။ ဒီတစ်ကြိမ်တော့ အသက်ကို စွန့်ကြရလိမ့်မယ်။ အဲသည်တော့ ကျပ်ကျပ်ကြီး စဉ်းစားကြဖို့ပဲ ..."

"ဒို့နှစ်ယောက်တော့ မပြောပါနဲ့ကွာ။ ဒို့ ဒီအနေထက် မထူးတော့ပါဘူး။ လူပျိုကိုယ်တွေမို့လဲ နောက်ဆံတင်းစရာ မရှိပါဘူး ..."

ထိုအခါ မောင်ဘုန်းမြင့်က ပြုံးလျက် ...

"ငါ့ကို သံသယဖြစ်နေကြသလား။ ငါလဲ မင်းတို့နဲ့ ကောင်းတူဆိုးဘက်လုပ်မယ်လို့ ဘယ်လောက် ဆောင်ရွက်လာခဲ့တယ်ဆိုတာ အသိသားနဲ့ ..."

"မဟုတ်ဘူး ... မင်းပဲပြောတယ် မဟုတ်လား။ ငါတို့လုပ်ရမယ့်အလုပ်ဟာ လက်နက်အင်အားချင်း မျှတော့ ဘယ်နည်းနဲ့မှ နိုင်လိမ့်မယ် မဟုတ်ဘူး။ ဒါပေမယ့် လူတစ်မျိုး အုပ်စိုးတာကို မခံလိုလျှင် ရုံးတာ နိုင်တာ မစဉ်းစားဘဲ၊ တစ်ချီတစ်ချီမှာ သူပုန်ထပြီး အသေခံရမယ်၊ ဒါမှ ဒီလူမျိုးကို ဒို့အုပ်စိုးလို့မရဘူးဆိုတာ သိစေရမယ်ဆိုတာ မဟုတ်လား"

"အမှန်ပေါ့ ... ဒါကြောင့် ဒို့ဟာ သေလူလို့ သဘောထားပြီး စွန့်စားရမှာမို့၊ မင်းတို့ ဒီသဘောကို လေးလေးနက်နက် စဉ်းစားဖို့ ပြောရတာပေါ့..."

"စိန်လိုက်ပါကွယ်၊ ဒို့များအတွက်တော့ ဘာမှမပူပါနဲ့ ..."

ထိုအခါ ရဲဘော်က ...

"မြစံကလဲကွာ၊ ဒို့တောင် စွန့်ဝံ့သေးတာ၊ မောင်ဘုန်းမြင့်ဟာ ဒို့ထက် သတ္တိကောင်းတာ ဘာမစွန့် ရဲစရာ ရှိသလဲ"ဟု ဝင်မာန်သဖြင့်၊ မြစံသည် အနည်းငယ်ပြုံး၍ ...

"ငါသိပါတယ်၊ မောင်ဘုန်းမြင့်ရဲ့ အကြံဉာဏ်သတ္တိကို ယူပြီး၊ ဒို့ ၄-၅ ယောက်ထဲနဲ့ ဦးစီးလုပ်ကိုင် ကြလို့ ပူတကာတွေ ကျွမ်းသန္တာလန်အောင် အနှောင့်အယှက်တွေ့နေကြရတယ် မဟုတ်လား။ ဒါပေမယ့် တချို့တိုင်းပြည်ချစ်တဲ့လူတွေ မရှိမဟုတ် ရှိတာအမှန်၊ သားမယားဝမ်းစာအတွက် စိုးရိမ်ကြလို့၊ အချို့လဲ သားမယားမစွန့်နိုင်ကြလို့ လူမျိုးခြားအလိုလိုက်နေကြရတာလို့ ထင်တယ်။ ဒီတော့ မောင်ဘုန်းမြင့်ဟာ ယခုစိတ်နဲ့ လွယ်လွယ်မပြောပါနဲ့။ မယားကျတော့ အတော်ခက်တယ်နော်။ ငါ့ဘကြီး ပြောဖူးတယ်၊ မယားထိ ဓားကြည့်ဆိုတာလို၊ မယားနဲ့ပတ်သက်ရင် စွန့်လွှတ်နိုင်ခဲတယ်။ တစ်ကြောင်းမှာလဲ မောင်ဘုန်းမြင့်တို့ လင်မယားဟာ သူများချစ်ကြတာနဲ့ မတူဘူးကွဲ့ ..."

Commercial use of this book will be at your OWN RISK.

"တယ်လဲဆိုတာကိုး မြစ်ရ။ ချစ်တာတော့ အမှန်ပေါ့ကွာ၊ ဒါပေမယ့် ငါ့အမျိုးအရိုး ငါ့အဖေ ကြည့်ကြပါ၊ ငါ့တစ်သက် ရှိပြီ၊ ပြန်လို့တောင်မကြည့်ဘူး ..."

"အိမ်း ...မင်းအဖေက သူ့ရဲ့အောင်မြင်ချက်ကို တစ်နေ့နေ့ရမယ်လို့ မျှော်လင့်နေတာ။ မင်းတို့ငါတို့ လုပ်ရမှာက သူများအုပ်စိုးတာ မကြိုက်လို့ တမင် အသေခံပြရမှာ။ ဒီလို မျှော်လင့်ချက်ချင်း ကွာခြားနေတာကွ။ ကိုင်းကွယ် ... ဒို့ကို ချက်ချင်း အဖြေမပေးပါနဲ့ဦး။ ဟိုကိစ္စ မဆောင်ရွက်ခင် စဉ်းစားထားတဲ့အချက်ကို တစ်လ နှစ်လလောက်အတွင်းမှာ လုပ်ရမှာမို့ မင့်ဖာသာ တစ်ခါစဉ်းစားပါဦး ..."

ထိုအခါ မောင်ဘုန်းမြင့်သည် သူငယ်ချင်းများပြောသောစကားကို နားထောင်ခိုက်မှာပင် နွယ်နွယ် ကလေးအား စိတ်က ဖြတ်၍ကြည့်လေ၏။ နွယ်နွယ်၏ အပြုအမူ အနေအထိုင်သည် မုန်းတီးဖွယ်ရာ တစ်ခုမျှ မမြင်၊ အသက်ပေးချစ်ခဲ့သူ ဖြစ်သည့်အတိုင်း၊ ယုယကြင်နာ၍ မယားဝတ်မပျက်သည်တို့ကိုသာ ပေါ်လာ လေ၏။ ဤကဲ့သို့ ဇနီးဖြစ်သူအား မစွန့်ပစ်ရက်နိုင်သော စိတ်ထားကို ရှေးဦးစွာ တွေ့ကြုံလေရာ၊ ၎င်း၏ စိတ်ကိုပင် တစ်ဖန် မခံချင်တော့ဘဲ၊ ငါ့စိတ်သည် ပျော့၏၊ တိုင်းပြည်နိုင်ငံချစ်သူသည် အဘယ်ကြောင့် မယားကို မစွန့်ဘဲရှိရအံ့နည်းဟု တင်းပြန်လေ၏။ ထိုအခါ မုဆိုးမဖြစ်၍ အဘယ်ပုံအဘယ်နည်း ကျန်ရစ် ရှာမည်ကို ပေါ်ပေါက်လာပြန်သဖြင့်၊ ငေးမောနေရာက ဟန်မပျက်ပြုံးရင်း ...

"မင်းတို့ ဒါလောက်စဉ်းစားခိုင်းနေတာကို စဉ်းစားရတာပေါ့ကွယ်။ မြစ်ကော မင်းဟိုဒင်းကို စွန့်နိုင်ပါ့မလား ..."

"အိုကွယ် ... ငါက တစ်ဖက်သတ် ချစ်နေတာ။ သူက ဘယ်လိုမှန်းမသိ၊ ရည်းစားသော်မှ မဟုတ် သေးဘဲ သူငယ်ချင်းရာ ... မေးဖို့မလိုပါဘူး ..."

"ဒါထက် မှော်ဝန်းနယ်နဲ့ ပုသိမ်နယ်ကို အကြောင်းကြားပြီးပလား။ တော်သလင်းကစပြီး လုပ်ရမယ်။ ဒါမှ လုပ်ပေါက်ကိုင်ပေါက် လာဘ်မြင်ပြီး တွင်ကျယ်အောင် ဆောင်ရွက်နိုင်ကြမယ် ..."

"အကုန် အကြောင်းကြားထားတယ် ... တော်သလင်းလဆန်းကစပြီး လုပ်ကိုင်ကြဖို့ပဲ။ အချိန်စော ပေမယ့် ဘယ်တတ်နိုင်မလဲကွယ် ... ဒီလိုအခါကစပြီး လုပ်မှပေါ့၊ ကိုင်း ဒို့ပြန်လိုက်ဦးမယ် ..."ဟု သူငယ်ချင်း နှစ်ဦး နှုတ်ဆက်ကာ ပြန်သွားကြလေ၏။

သန်လျင်ဝန်မင်းသည် မောင်ဘုန်းမြင့်တို့ တိုင်ပင်နေကြသည်ကို ဂရုမစိုက်ဘဲ ဘုရားဝတ်ပြုနေလေရာ၊ ပြီးခါနီးကျမှ စကားအစွန်အဖျား ကြားသိလိုက်ရသဖြင့် မောင်ဘုန်းမြင့်အား ခေါ်၍မေးလေ၏။

"မှော်ဝန်းနဲ့ ပုသိမ်နယ်ကပါ အကြောင်းကြားတာ ဘာလဲ လူကလေးရဲ့ ..."

"တခြားမဟုတ်ဘူး ... အသည်များဆီက အခွန်တောင်းတဲ့ စက္ကူမင်စာ အမှတ်အသားတွေ၊ သဘော်ာ ပြည်က လာတဲ့ ကုန်အကောက် အမှတ်အသားစာ၊ ပြီးတော့ ကောက်သိမ်းရင် အခွန်ကောက်ဖို့ လုပ်ကိုင်တဲ့ စာရင်းအမှတ်အသားတွေ၊ တရားစီရင်တဲ့ဆီက အခင်းမှတ်သားချက်တွေ၊ အဲဒါတွေကို ခိုးယူ၊ မီးရှို့တန်ရှို့၊ အလွတ်ခိုးမရရင် သိမ်းထားတဲ့ အဆောက်အဦတွေကို မီးရှို့ပစ်ဖို့ ဘဘရဲ့ ..."

Commercial use of this book will be at your OWN RISK.

"အိမ်း ... အုပ်ချုပ်တဲ့နေရာမှာ အထိခိုက်ဆုံးပေါ့ကွယ်။ ဒါပေမယ့် ကောက်သိမ်းချိန် အခွန်ကောက်ယူဆဲမှာ လုပ်ရင် သာပြီးမကောင်းဘူးလား ..."

"ဒီတော့လဲ ကျန်တဲ့သူတွေက လုပ်ရစ်ကြလိမ့်မပေါ့။ ကျွန်တော်တို့က အချိန်မရှိတော့ဘူး ..."

"သတိတမံ ဉာဏ်မြေကတုတ်၊ ပညာစွန်း ချွန်းကဲ့သို့အုပ်ရမတဲ့၊ ငါ့သား အစစ သတိထားပါ။ ဘဘရဲ့အသိုက်အအုံ လူထုကောင်းလို့ မိလောက်တဲ့အချက်ကို ရှာနေတာ။ အရမ်းကာရောလုပ်ရင် လူတွေ သည့်ထက်ကြမ်းမှာ စိုးရိမ်ရလို့၊ ဘဘနဲ့ သားကို ကြိုးရှည်နဲ့လှန်သလို အသာစောင့်နေကြတာကွဲ့ ..."

"ကျွန်တော် သတိပြုပါတယ် ... ဘဘဘုရားအတွက်သာ စိုးရိမ်တာပါ ..."

"ဘဘတော့ အသက်လဲ ကြီးပြီမို့ သေပျော်ပါပြီကွယ် ... အညွန့်အတက် အစွမ်းအစနဲ့ ငါ့သားလို လူငယ်တွေဟာ ကိုယ့်အမျိုး ကိုယ့်ဘုရင်နဲ့ အေးအေးချမ်းချမ်း၊ သူ့လက်အောက်မှာ တက်လမ်းရှိသလောက်မကြီးပွားရဘဲ၊ ဒီမိစ္ဆာဒိဋ္ဌိတွေ လက်အောက်မှာ လောင်းရိပ်မိပြီး ပေါက်ရတဲ့သစ်ပင်ငယ်တွေ ဖြစ်နေကြရတာကို စိတ်နှလုံးယူကြုံးမရအောင် ဖြစ်နေတာပဲ..."ဟု အဘိုးကြီးမှာ ပြောရင်း ရင်ထဲက ဆို့၍လာရှာလေ၏။

"ကျွန်တော်တို့ ကံပေါ့ ဘဘရယ်။ နောင်လာနောက်သားတွေသာ ကျွန်တော်တို့လိုမျိုး မတွေ့ကြုံကြပါစေနဲ့လို့ ဆုတောင်းရတော့မှာပဲ ..."

"အဆိုးဆုံးလူတစ်မျိုး အုပ်စိုးခြင်းခံရတဲ့ ဝန်ထုပ်ဟာ အလွန်လေးလံပြီး နာလံထူနိုင်ဖို့ အခဲယဉ်းသားကလား၊ ကိုင်း ကိုင်း ... ငါ့သား အိပ်ချေတော့ ..."ဟု ပြောဆိုသဖြင့် မောင်ဘုန်းမြင့်သည် မိမိ၏အိပ်ခန်းသို့ ကူးခဲ့လေ၏။

ကဲလားအပြင်ဘက် မှောင်ကွယ်မှ မည်းမည်းသဏ္ဌာန်တစ်ခုသည် မောင်ဘုန်းမြင့်အလာကို စောင့်စားနေဟန်ရှိလေ၏။ မောင်ဘုန်းမြင့်မှာ မိမိဝင်းခြံ အိမ်ပတ်လည်တွင် အစောင့်အရှောက် ကျေးကျွန်များချထားသည့်အပြင်၊ ကိုယ်တိုင်လည်း လှည့်လည်ကြည့်ရှုပြီး ဖြစ်သောကြောင့်၊ ရန်သူတစ်ဦးတစ်ယောက်အိမ်ပေါ်တွင်ရှိမည်ကို လုံးဝမတွေးဘဲ၊ ဇနီးသည်ကလေး ရှိရာသို့သာ ခပ်သွက်သွက် သွားလေရာ၊ ကဲလားကိုမလိုက်သည်နှင့်တစ်ပြိုင်နက် နွယ်နွယ်ကလေးကို မတွေ့ရတော့ဘဲ၊ ၎င်း၏နောက်မှ တစ်စုံတစ်ဦး၏လက်သည် ခါးကိုထိမည်အလုပ် လျင်မြန်စွာ လက်ပြန်ခတ်၍ ဖမ်းလိုက်လေ၏။

"အလယ်လယ် ... နာပါတယ် ကိုဘုန်း ..."

မောင်ဘုန်းမြင့်သည် လက်ကိုလွှတ်လိုက်ပြီးလျှင် ...

"အို ... နွယ်နွယ်လား၊ ဘာလို့ အသံမပေးလဲ ..."

"ကိုဘုန်းကို မှောင်ရိပ်က စောင့်နေတာ၊ ကိုဘုန်းက ဘာတွေတွေးသွားတာလဲ ... မြင်တောင်မမြင်ဘူး၊ ဒါကြောင့် နောက်က လိုက်လာတာ ..."ဟု ချစ်သူ၏မျက်နှာကို ခပ်ပြုံးပြုံးကလေး ကြည့်ရှုပြောဆိုရင်း ညောင်စောင်းတွင် ယှဉ်တွဲထိုင်မိကြလေ၏။

Commercial use of this book will be at your OWN RISK.

"နွယ်နွယ် ... ကိုဘုန်းကို အားကြီးချစ်တယ်နော် ..."ဟု စကားဆက်မရှိဘဲ မေးလိုက်သော မောင်ဘုန်းမြင့်၏ အသံသည် နွယ်နွယ်ကလေးအား ထိတ်လန့်သွားစေလေ၏။ နွယ်နွယ်သည် မောင်ဘုန်းမြင့် မေးသောစကားသည် အဓိပ္ပါယ်ပါ၏။ ဘယ်လိုအဓိပ္ပါယ်နှင့် မေးတာလဲဟု တွေးတောကာ ချစ်စဖွယ်ကောင်းသော မျက်လုံးလေးဖြင့် ကြည့်ရှုရင်း၊ "ကိုဘုန်း"ဟု တစ်ခွန်းသာ ခေါ်လိုက်လေ၏။

မောင်ဘုန်းမြင့်ကား ၎င်း၏အတွင်းစိတ်က ဆူပွက်နေသလောက်၊ နွယ်နွယ်ကလေးအား မပြောရက်သဖြင့် "နွယ်နွယ် ကိုဘုန်းကို အားကြီးချစ်တယ်နော် ..."ဟု ၎င်းကိုယ်တိုင် နိမိတ်ပြမေးခွန်းနှင့် မေးမိခြင်းဖြစ်လေ၏။ နွယ်နွယ်ကား ၁၉–နှစ်၊ မောင်ဘုန်းမြင့်ကား ၂၂–နှစ်၊ ပေါင်းသင်း၍ ၄–နှစ်ကျော် ၅–နှစ်ရာသီတိုင်ခဲ့လေပြီ။ "ချစ်တယ်နော် ..."ဟု မေးဖွယ်မလို။ ထိုသို့မေးခြင်းသည် အကြောင်းတစ်စုံတစ်ရာနှင့် ပတ်သက်ရမည်ဟု နွယ်နွယ် တွေးမိသောကြောင့်၊ အဖြေမပေးဘဲ မောင်ဘုန်းမြင့်နာမည်ကို ခေါ်မိခြင်းဖြစ်ရာ၊ မောင်ဘုန်းမြင့်မှာ မိမိပြောလိုသော စကားများကို မပြောပြတော့ဘဲ၊ နွယ်နွယ်၏လည်ပင်းလေးကို တင်းကျပ်စွာ ပွေ့ဖက်၍ ရင်ချင်းပါးချင်းအပ်ကာ၊ ၎င်း၏ ကြံရွယ်ချက်နှင့် ဆန့်ကျင်သော အမူအရာတို့ကိုပြုမိလေ၏။

"ကိုဘုန်း ဘာလို့ ဒီစကားကို မေးရတာလဲ၊ သူငယ်ပြန်နေတာလား ..."ဟု နွယ်နွယ်သည် ထပ်မံ၍ မေးပြန်ရာ၊ နိုင်ငံအရေးအတွက် အသက်စွန့်ရန် ရည်ရွယ်ထားသော လူစွမ်းကောင်းကြီးမှာ "ဘာမှ မဟုတ်ပါဘူးကွယ် ... နွယ်နွယ်က ချစ်တယ်လို့ပြောရင် နားထောင်ကောင်းလို့ပါ ..."ဟု လှီးလွှဲပြောဆိုလိုက်လေ၏။

"ကိုယ့်ချစ်သူကို မချစ်ပဲနေပါ့မလား ... ချစ်တာပေါ့။ ကိုဘုန်း ဝါသနာကြောင့် နယ်ထွက်သွားတဲ့ အခါများဆို လွမ်းရက်ဆွေးရက်နဲ့ ကိုဘုန်း စိတ်အနှောင့်အယှက်ဖြစ်မှာစိုးလို့သာ မပြောမိတာ ... စိတ်ကတော့ အဆင်းရဲသားဘဲ ..."ဟု ဝမ်းထဲရှိသလောက် ပြောဆိုလေ၏။ ထိုစကားများမှာ နွယ်နွယ်၏သဘောအတိုင်း ပြောသည်ဟု မောင်ဘုန်းမြင့် ယုံကြည်လေ၏။ ထိုသို့ယုံကြည့်သဖြင့် ၂–ရက် ၃–ရက် ၅–ရက်မျှ ကွဲကွာနေသည်ကိုပင် မနေတတ် မထိုင်တတ်၊ လွမ်းဆွတ်နေရစ်ရှာသော ဇနီးသည်သည် မိမိ အသက်ဆုံးသောအခါ၌ အဘယ်ကဲ့သို့ နေရရှာလေမည်နည်း။ မိမိသည် သူများထက် စိတ်ဓာတ်ပျော့၍ ချစ်ဇနီးအား ဤမျှ အမျှင်တန်းကာ နေမိလေသလော။ အချို့လူများမှာ စစ်ပွဲသို့ သေမည် ရှင်မည်မသိ လိုက်ပါဝံ့ကြလျက်၊ ဇနီးသည်အတွက် ကြောင့်ကြမှုကို ဖျောက်နိုင်သလောက် ဖျောက်ခဲ့ကြ၏။ မိမိမှာ ဇနီးသည်အား မစွန့်ရက်အဘယ့်ကြောင့် ဖြစ်ရသနည်း။ အမှန်အားဖြင့် မောင်ဘုန်းမြင့်သည် စစ်ပွဲထွက်သူကဲ့သို့ ထွက်ရမည်ဖြစ်က ထွက်နိုင်မည်ပင်ဖြစ်လေ၏။ စစ်ပွဲပမာ ကြမ္မာမွှေက အသက်ပင်သေတတ်သော စွန့်စားမျိုးဖြင့် သေနတ်ပြောင်းကြားထဲက မိစ္ဆာဒိဋ္ဌိတို့အား မြေပြင်ပေါ်မှ ဖျောက်ဖျက်ခဲ့ဖူး၏။ ၎င်း၏စိတ်တွင် ကောက်ရိုးမီးရှို့ရသလောက် ခက်ခဲသည်ဟုမထင်၊ ဇနီးသည်ကိုလည်း မကြောင့်ကြ။ ယခုမှုကား လက်နက်အင်အား များပြားပြည့်စုံသော လူမျိုးခြားကို မုချဆတ်ဆတ် အသက်အသေခံတိုက်ခိုက်ရမည် ဖြစ်သဖြင့် တစ်ထစ်ချ မယားစွန့်၍ သေမင်းနိုင်ငံသို့ လိုက်ရမည်ဟူသော တွေးတောချက်ကြောင့် ပုထုဇဉ်တို့ သဘာဝအတိုင်း ကျန်ရစ်သူအတွက် နောက်ဆံတင်းခြင်း ဖြစ်မိလေ၏။

နွယ်နွယ်ကလေးကား မောင်ဘုန်းမြင့်၏ စိတ်ကူးအကြံအစည်ကို မသိ၊ ကုလားဖြူများနှင့် တိုက်ခိုက်ရန် ကြံစည်ပြီးနောက် မင်းမှုထမ်း မလုပ်ရန်၊ ကုန်သည်သဘာဝ ရောင်းဝယ်ဖောက်ကားနေထိုင်ရန် ရေ့ရေးကို တမျှော်တစ်ခေါ်တွေးလျက် စိတ်ကူးရသမျှပြောဆိုရင်း အိပ်ပျော်လေ၏။ အချိန်မှာ သန်းခေါင်ယံဘက်သို့ နီးကပ်လာပြီဖြစ်၍၊ မင်းလုလင်တို့ ညဥ့်အချိန် ကင်းလှည့်ကြသောအသံ၊ ခွေးဟောင်သံများကိုသာ ကြားရလေ၏။

Commercial use of this book will be at your OWN RISK

ဆိတ်ငြိမ်ခြင်းသည် စိတ်ကူးသူတို့အား အတွေးကျယ်ရန် ထောက်ပံ့သည့်အလား စဉ်းစားခန်း မဆုံးနိုင်အောင် ဖြစ်၍နေလေ၏။ နွယ်နွယ်ကား အသက်ရှူမှန်မှန်နှင့် နှစ်ခြိုက်စွာ အိပ်ပျော်နေလေ၏။ ၎င်း၏ လက်တစ်ဖက်မှာ မောင်ဘုန်းမြင့်၏ ရင်ဘတ်ပေါ်သို့တင်လျက်၊ ကျန်လက်တစ်ဖက်ကား ၎င်း၏ စိုပြည်ပြည့်ဖောင်းလျက်ရှိလေသော ရင်ဝပေါ်တွင် တင်ထားလေ၏။

မောင်ဘုန်းမြင့်သည် ချစ်ခင်သူကို အနားကထားလျက်၊ အပြစ်အနာအဆာ မုန်းထားစရာမရှိဘဲ လက်လွှတ်ထွက်ခွာရန် စဉ်းစားနေမိခြင်းသည် အကျိုးမရှိကြောင်းကို ဉာဏ်မမြင်မိဘဲ၊ ထွေထွေရာရာ စိတ်ကူးရင်း ၃–၄နာရီခန့်တွင်မှ အိပ်ပျော်သွားလေ၏။

နောက်တစ်နေ့ နံနက်တွင်လည်း ထိုအရေးကို စဉ်းစားပြန်သော်လည်း အကြံမရသေးချေ။ အခြား စဉ်းစားမိချက်ကား နွယ်နွယ်သည် မိမိအား မုန်းထားရန်ဖြစ်လေ၏။ အကယ်၍ နွယ်နွယ်သည် ၎င်းအား မုန်းထားက၊ မုန်းထားနေသူအပေါ်၌ ငဲ့ကွက်စရာမရှိ၊ မိမိပြုချင်ရာကို ရက်ရက်ခွာ၍ ပြုနိုင်မည်ဖြစ်လေ၏။ သို့ရာတွင် နွယ်နွယ်ကား မုန်းထားရန် မဆိုထားဘိ၊ မိမိ စိတ်နာ စိတ်ထောင်းဖြစ်ပေါ်ရန် အပြုအမူမျိုး တစ်ကွက်မျှ မပြုဘဲ၊ မိမိပြောဆိုသမျှကို ဆရာအား ချစ်ကြောက်ရှိသေသော တပည့်သည် ဆရာ့စကားကို တစ်သဝေမတိမ်း လိုက်နာသကဲ့သို့၊ မည်းဆိုလျှင်မည်း ဖြူဆိုလျှင်ဖြူကာနေသည်ကို မုန်းထားအောင် အဘယ်သို့ လုပ်နိုင်ပါမည်နည်း။ အကယ်၍ ရိုက်နှက်ဆဲဆို မတရားနှိပ်စက်ကလည်း နည်းလမ်းကျမည် မဟုတ်။ ထိုသို့ နှိပ်စက်သဖြင့်လည်း နွယ်နွယ်မှာ မုန်းမည့်အစားမျိုး မဟုတ်သည်ကို တွေးတောမိသောအခါ များစွာ အကြံအိုက်၍နေလေ၏။ နိုင်ငံအရေးကြောင့် မယားကိုစွန့်လွှတ်ရန် ဤမျှအချိန်ကြာအောင် စဉ်းစားမိသော မိမိ၏စိတ်ကိုလည်း မကျေနပ်ဘဲ ငေးမောတွေဝေ၍ နေမိရှာလေ၏။

အချိန်ကား ဆွမ်းခံပြန်သောအချိန် ဖြစ်လေ၏။ နွယ်နွယ်သည် မျက်စိမျက်နှာမကောင်းဘဲ ဆွမ်းခံလာကြသော သံဃာတော်တို့အား ကိုယ်တိုင် ဆွမ်းလောင်းပြီးလျှင်၊ ဖခင်နှင့် မောင်ဘုန်းမြင့် စားရန် ထမင်းပွဲများကို ပြင်ဆင်ကာနေလေ၏။

အခိုင်းအစေများရှိသော်လည်း အိမ်ထောင်ကျကတည်းက မိခင်နှင့် ချက်ပြုတ်တတ်အောင်သင်လျက်၊ ကိုယ်တိုင် ချက်ပြုတ်ပြုစုခဲ့သည်မှာ တစ်နေ့မျှ ဝတ္တရားမပျက်ခဲ့သေးပေ။ မောင်ဘုန်းမြင့်က ချီးမွမ်းပြောဆိုသည်ကိုပင် အလွန်ကျေနပ်နေခဲ့သည့်အတိုင်း ... "ကိုဘုန်း လာလေ၊ ထမင်းစားရအောင်" ဟု လာရောက်ခေါ်ငင်မှ၊ မိမိ၏တွေးတောချက်ကို ဆိုင်းငံ့လျက် လိုက်ပါခဲ့လေ၏။ နွယ်နွယ် ချက်ပြုတ်ပြင်ဆင်ထားသော ဟင်းလျာများမှာ ပိုမို၍ကောင်းမွန်သည်ဟု မှတ်ထင်မိလေ၏။

ထိုသို့ ထမင်းစားနေခိုက် "နွယ်နွယ်"ဟု ခေါ်လိုက်သော မိန်းမပျိုတစ်ဦး၏အသံကို ကြားရသဖြင့်၊ မောင်ဘုန်းမြင့်၏ တွေးတောချက်တွင် ဉာဏ်ပွင့်၍လာလေ၏။ နွယ်နွယ်လည်း နေရာမှထကာ "ရှင်ဖြူလား ... လာလေ ဒီကို ..."ဟု ၎င်းတို့နေသောအခန်းသို့ ခေါ်ဆောင်သွားလေ၏။ နွယ်နွယ်ကား ရှင်ဖြူနှင့် စကားကောင်းစွာ မပြောအားသေး၊ ခင်ပွန်းသည် ထမင်းစားသည့်ဘေးမှ ရေခွက်၊ လက်သုတ်ပဝါ၊ ကွမ်းယာစသည်တို့ကို စောင့်၍ပေးရာသေး၏။ စားသောက်မှုကိစ္စပြီးမှ အခန်းတွင်းသို့ဝင်ကာ ရှင်ဖြူနှင့် စကားပြောလေရာ၊ မောင်ဘုန်းမြင့်မှာ ဧည့်ခန်းတွင် ထိုင်၍နေလေ၏။

Commercial use of this book will be at your own RISK.

ငင်းတို့ကား အထူးအထွေမဟုတ်၊ ရှင်ဖြူသည် ငင်းတို့အိမ်အတွင်း မြှုပ်၍ထားသော သေနတ်များကို မြစ်နှင့် ရဲဘော်တို့လူစု ညဦးက ထုတ်သွားသည့်အပြင်၊ ငင်း၏ဖခင်ထံမှ ဘော်ခွက်တဆယ်ကိုလည်း ယူ၍ သွားသောကြောင့် လာရောက်မေးမြန်းခြင်းဖြစ်လေ၏။

"အဟုတ်မသိပါဘူး ရှင်ဖြူရယ် ... သိပေမယ့်လည်း ဘာအကြောင်းထူးလိမ့်မလဲ။ ဒါ့ကြောင့် နွယ်နွယ်တော့ ရိုးလို့ပဲနေပါပြီ ... ကိုဘုန်းပြောရင် သိမှာပဲလို့ အေးအေးနေလိုက်တာပဲ ..."

"ကျွန်မလဲ သိတန်သလောက် သိပါတယ်။ အရေးကြီးသလားလို့ မေးချင်လို့ပါပဲ။ ကျွန်မတို့ မိန်းမ ဖြစ်ရတဲ့ဘဝ အလွန်အောက်ကျတာပဲ။ ယောကျ်ားလေးရင် ဘယ်လောက်ပျော်လိုက်မလဲနော် ... သေလဲအများ ရှင်လဲအများနဲ့ ..."

မောင်ဘုန်းမြင့်သည် နောက်ဆုံး ရှင်ဖြူပြောသောစကားကို ကြားလိုက်ရရာ၊ မိန်းကလေးများပင် ဤစိတ်မျိုး ရှိပါလျက်၊ မိမိသည် အဘယ်ကြောင့် နောက်ဆံတင်းနေရသလဲ၊ သူ့ထိုက်နဲ့သူ့ကံ ကျန်ချင်သလို ကျန်ရစ်ပစေဟု စိတ်ကိုတင်းကာ ငင်း၏ ဘယ်လက်ဝါးကို ညာလက်သီးနှင့် ထုမိလေ၏။ ရှင်ဖြူကား နောက်က ဖြစ်ပျက်ခဲ့ပုံနှင့် သန်လျင်ဆရာတော် ပျံလွန်တော်မူပုံ၊ ရက်ကန်းလုပ်ငန်းကြီးပွားပုံတို့ကို ပြောဆို ပြီးနောက်၊ ပြန်တော့မည်ဟု ထွက်ခဲ့ရာ နွယ်နွယ်လည်း လိုက်ပါလာခဲ့လေ၏။

မောင်ဘုန်းမြင့်သည် ရှင်ဖြူ၏ မျက်နှာကလေးကို ရွှန်းရွှန်းစားစားကြည့်လျက် "ရှင်ဖြူရေ ပြန်တော့ မလားကွယ် ..."ဟု နှုတ်ဆက်ရာ၊ ရှင်ဖြူကလည်း အခိပ္ပါယ်ပါသော မျက်လုံးဖြင့် တစ်ချက်မျှ ရက်ကြောက် ဟန်နှင့် ကြည့်ပြီးလျှင် "ဟုတ်ကဲ့"ဟု ပြန်ပြောလေ၏။ နွယ်နွယ်ကား မောင်ဘုန်းမြင့်က ရွှန်းရွှန်းစားစား ကြည့်လိုက်ပုံ၊ ရှင်ဖြူက ပြန်လှန်ကြည့်ရှုပုံတို့ကို မြင်ရသော်လည်း၊ မမြင်သကဲ့သို့ ဂရုမထားသည့်အနေဖြင့်၊ ရှင်ဖြူအား လှေကားထိအောင် လိုက်ပို့ပြီးလျှင် ပြန်၍လာခဲ့လေ၏။

ငင်းကပင် ရှင်ဖြူသည် မိန်းမပီသကြောင်း၊ ဣန္ဒြေရကြောင်း၊ အလုပ်အကိုင်တော်ကြောင်းများကို ချီးမွမ်းပြောဆိုလေရာ မောင်ဘုန်းမြင့်သည် အံ့အားသင့်၍နေလေ၏။

နွယ်နွယ်သည် စကားဆက်၍ ..."ကိုဘုန်း နောက်တစ်ယောက် ယူမယ်များကြံရင် ရှင်ဖြူကို ယူနော်" ဟု မမျှော်လင့်သောစကားကို ပြောဆိုပြန်ရာ၊ နွယ်နွယ်အား ကျီစားလိုသဖြင့် ...

"နွယ်နွယ် ကျေနပ်တယ်နော် ..."

"ဘာမကျေနပ်စရာရှိသလဲ ... တချို့ ၄-၅ ယောက်တောင် ယူသေးတာပဲဟာ ..."

"အဟုတ်နော် ..."

"အဟုတ် ..."ဟု နွယ်နွယ်က ပြောလေလျှင် ...

"ဒါဖြင့် နွယ်နွယ် ပြောပေး ..."

"အို ... ဒီလိုတော့ ဘယ်ကောင်းမလဲ ..."ဟု ပြန်ပြောလေ၏။

Commercial use of this book will be at your OWN RISK

“အိမ်း ဒါဖြင့် ကိုယ့်အစွမ်းနဲ့ကိုယ် လည်ပတ်ရတာပေါ့”ဟု ရယ်မောပြောဆိုကြရင်း နှစ်ယောက်သား အခန်းတွင်းသို့ ဝင်ကြလေ၏။ နွယ်နွယ်ကား မောင်ဘုန်းမြင့် ဝတ်ရန် ဖျင်များကို ချုပ်လုပ်နေရာ၊ မောင်ဘုန်းမြင့်မှာ ညက အအိပ်ပျက်သဖြင့် တစ်ရေးမျှအိပ်၍နေလေ၏။

အိပ်ရာကနိုးလျှင် အကယ်ပင် ရှင်ဖြူတို့အိမ်သို့ ထွက်ခဲ့လေ၏။ ရှင်ဖြူနှင့် စကားအတော်ကြာအောင် ပြောဆိုပြီးသောအခါ ပြန်ခဲ့လေ၏။ နွယ်နွယ်က မေးသောအခါ၌လည်း မကွယ်မထောက် ရှင်ဖြူတို့အိမ်က ပြန်ခဲ့ကြောင်း ပြောလေ၏။ ဤနည်းအတိုင်း ၂–ရက်ခန့် သွားမိသောအခါ၊ နွယ်နွယ်သည် မနေနိုင်တော့ဘဲ ...

“ကိုဘုန်း ဘယ့်နှယ်လဲ ...”ဟု မေးလေ၏။

“စဉ်းစားဦးမယ်တဲ့ကွယ် ...”ဟု ပြောရာ၊ နွယ်နွယ်သည် ဣန္ဒြေမပျက်ဘဲ “ဒါဖြင့် ဟန်ကျနေတာပေါ့” ဟု ပြောဆိုလေ၏။

နောက်တစ်နေ့၌လည်း မောင်ဘုန်းမြင့်သည် ရှင်ဖြူတို့အိမ်သို့ ထွက်ခွာသွားလေရာ၊ အချိန် ၂–နာရီခန့် အကြာတွင် နွယ်နွယ် လိုက်၍သွားလေ၏။ ရှင်ဖြူ၏ ဝင်းခြံအတွင်းဝင်မိ၍ သုံးခန်းပေါက်ကုတင်ကြီးကို ကာထားသည့် တစ်ဖက်အစွန်းသို့ ရောက်လေလျှင်၊ ထူးဆန်းသောစကားကို ကြားရသဖြင့် ရပ်တန့်ကာ နားစိုက်နေလေ၏။

“ကျွန်မကတော့ သတ္တိရှိတဲ့လူဆိုရင် အလွန်သဘောကျတာပါပဲ။ ဒါပေမယ့် အခုနေချစ်မိရင် အကြံတွေ ပျက်မှာပေါ့ ကိုဘုန်းရဲ့ ...”

“နောက်တော့ကော ...”

“နောက်အခါကျရင်တော့ မခဲယဉ်းဘူးဆိုပါတော့လေ။ ဆုလာဘ်အဖြစ်နဲ့ပဲ လက်ခံပါ့မယ် ...”ဟု အသံကြားပြီးလျှင် ရယ်သံများကို တစ်ဖန်ကြားရလေ၏။ နွယ်နွယ်ကလေးမှာ မည်မျှသဘောထားကြီးသည်ဟု ဆိုရစေကာမူ၊ ရင်ကလေး ဖိုလျက် မတ်တတ်က မလဲရန် အထူးသတိထားရလေ၏။ ထို့နောက် ဆက်လက် နားမထောင်လိုသဖြင့် ရှင်ဖြူတို့ မမြင်ခင် လျင်မြန်စွာ ပြန်ခဲ့လေ၏။

မောင်ဘုန်းမြင့်လည်း နွယ်နွယ်ပြန်သွား၍ တစ်နာရီခန့်ကြာလျှင် ပြန်ခဲ့လေရာ၊ ညောင်စောင်းပေါ်တွင် ခွေခွေကလေးနေရှာသော ဇနီးသည်ကို တွေ့ရလေ၏။ အကယ်၍ မောင်ဘုန်းမြင့် ပြန်လာခဲ့မှန်း နွယ်နွယ် သိလျှင် မျက်ရည်စိုနေသော အမူအရာကို တွေ့မြင်ရမည်မဟုတ်ချေ။ ကျီစယ်လိုသည့် သဘောနှင့် ခြေသံ မကြားအောင် လာသောကြောင့် တွေ့မြင်ရခြင်း ဖြစ်လေရာ၊ မောင်ဘုန်းမြင့်မှာ များစွာ အံ့အားသင့်၍ နေမိလေ၏။

၄င်းသည် ရှင်ဖြူ၏အိမ်သို့ အလည်သွားရာတွင် နွယ်နွယ် လိုက်လာပုံ၊ ချောင်းမြောင်း နားထောင်ပုံ တို့ကို သိခဲ့လေ၏။ သို့ရာတွင် နွယ်နွယ်ကိုယ်တိုင်က သဘောတူကြည်ဖြူမည့် အနေမျိုး ပြောသောကြောင့်၊ နွယ်နွယ်ကြားရသော စကားများအတိုင်း ရှင်ဖြူအား ပြောဆိုမိခြင်းဖြစ်လေ၏။ နွယ်နွယ်သည် မောင်ဘုန်းမြင့် ပြန်ရောက်လာမှန်း သိသည်နှင့်တစ်ပြိုင်နက်၊ မျက်ရည်ကို လျင်မြန်စွာ ခြောက်စေလျက်၊ ခပ်ပြုံးပြုံး ကြည့်ရှု နေလေ၏။ သို့ရာတွင် ဝမ်းတွင်းက အပူသည် အထက်သို့တက်ကာ မျက်နှာသွေးကြောများကို ပြုပြင်သဖြင့်၊

Commercial use of this book will be at your OWN RISK.

ပြုပြင်၍ရသော ပါးစပ် နှုတ်ခမ်းလေးမှ အပ၊ မျက်နှာအမူအရာမှာ ဝမ်းနည်းသည့်အရိပ်အယောင်ကို ပေါ်လွင်စေလေတော့၏။

မောင်ဘုန်းမြင့်လည်း နွယ်နွယ်၏ နဖူးပြင်ကို လက်တင်၍ ယုယစွာ ပွတ်သပ်ရင်း …

"ဘယ့်နှယ် နွယ်နွယ် … ဘာဖြစ်နေတာလဲ အလုရယ် …"ဟု မေးရာ၊ လိမ်လည်၍မပြောတတ်သော နွယ်နွယ်သည် "ဝမ်းနည်းလို့ပါ …"ဟု ပြောလိုက်လေ၏။ တစ်ဖန် ဆက်လက်ကာ …

"ကျွန်မ … ကိုဘုန်း ရှင်ဖြူကို ကြိုက်လိမ့်မယ်ဆိုတာ မယုံဘူး။ တကယ်စကားပြောနေတာ ကြားရမှ အဟုတ်ကြိုက်နေတယ်လို့ သိရတယ်။ ပြီးတော့ ကျွန်မစိတ်မှာလည်း ရှင်ဖြူကို ကိုဘုန်း လိုချင်လို့ ယူတယ် ထားပါဦး၊ ကျေနပ်စွာ ခွင့်ပြုနိုင်လိမ့်မယ်လို့ ထင်မိတယ်။ ခုတော့ ဒီလိုမဟုတ်ဘူး … နွယ်နွယ်ရဲ့ စိတ်ကိုလဲ မကျေနပ်တော့ဘူး။ ဘာကြောင့် ဒီလို ဝမ်းနည်းစိတ်မျိုးပေါ်ရသလဲလို့ … ကိုယ့်ကိုယ်ကိုလည်း အထင်တစ်မျိုးဖြစ်သွားမိတယ် …"

"ဒါဖြင့် ကိုဘုန်းကို မုန်းလိုက်ပါလားကွယ်၊ နွယ်နွယ့်ကို မချစ်တော့ဘဲဟာ … ချစ်ရင် ရှင်ဖြူကို အလကား စကားပြောနေပါ့မလား …"

"ကိုဘုန်းကို မုန်းနိုင်ပါ့မလား။ ရှင်ဖြူတင်မကလို့ ဘယ်လောက်ပဲယူယူ နွယ်နွယ် မမုန်းနိုင်ဘူး။ ဒါပေမယ့် ဒိပြင်တစ်ဦးနဲ့ ရည်ငံတာမြင်ရရင် စိတ်ဆင်းရဲတာတစ်ခုပဲ … အနေကျပ်တာပါ။ အဲသလို စိတ်ပျောက်အောင် မလုပ်နိုင်လို့လည်း ဝမ်းနည်းတာပါ …"ဟု ပြောရင်း မျက်ရည်များ ယိုဆင်းပြန်လေ၏။

မောင်ဘုန်းမြင့်ကား နွယ်နွယ်၏စိတ်ကို စမ်းလို၍ လှည့်စားခြင်းမျှဖြစ်ရာ၊ နွယ်နွယ်သည် ၎င်းအား မုန်းထားလျှင် အကြံအောင်မြင်နိုင်မည်ဟု မျှော်လင့်မိလေ၏။ သို့ရာတွင် နွယ်နွယ်က မမုန်းနိုင်သည့်အခါ ရှင်ဖြူကို ဘယ်လိုမှ သဘောမထားကြောင်း၊ နွယ်နွယ် ချောင်းနားထောင်မှန်းသိ၍ အထင်လွဲအောင် စကားပြောခြင်းဖြစ်ကြောင်း၊ အမှန်မှာ မြစံနှင့် ရှင်ဖြူ မေတ္တာကူးစက်အောင် ဆက်သွယ်တီးခေါက်ကြည့်ခြင်းဖြစ်ကြောင်းတို့ကို ရှင်းပြရလေ၏။ ထိုအခါကျမှ နွယ်နွယ်မှာ စိတ်သက်သာသည့် လက္ခဏာနှင့် "ကိုဘုန်းကို ဘယ်တော့မှ မမုန်းနိုင်ပါဘူး၊ ဒီထက်မက စမ်းသပ်ပေမယ့် စိတ်မပျက်ပါဘူး …"ဟု အားပါးတရ ပြောဆိုကာ အကြည်ဆိုက်၍ နေကြလေသတည်း။

Commercial use of this book will be at your own risk.

## အခန်း (၁၂)

ကုလားဖြူ၊ ကုလားမည်းတို့အား သတ်ဖြတ်မှုနှင့် မကြာခဏ အချင်းဖြစ်ပွားနေသော သန်လျင်မြို့သည် အချိန် ၁၄–၅ ရက်ကြာအောင် သတ်ဖြတ်မှု ပပျောက်လျက် ဆိတ်ငြိမ်၍နေခဲ့လေ၏။ လူငယ်များမှာလည်း ဣန္ဒြေရရ နေထိုင်လျက်ရှိကြလေ၏။ ကူးသန်းရောင်းဝယ်ရေး၊ လူသွားလူလာများလည်း ရှေးကထက်သာယာလျက်၊ ပူတကေလူမျိုးများပင် အံ့အားသင့်၍နေကြလေ၏။ ၄င်းတို့နှိပ်ကွပ်သဖြင့် လူငယ်များကြောက်ရွံ့သောကြောင့် အေးချမ်းစွာ လက်လျှော့နေထိုင်ကြသည်ဟုလည်း ထင်မှတ်ကြဟန်ရှိလေ၏။

ညဥ့်တစ်ညဥ့်၌ကား ညဥ့်လှည့်ကင်းသမားတို့သည် မိမိတို့ဝတ္တရားအတိုင်း လှည့်လည်နေကြရာ၊ အရေးကြီးသော အဆောက်အဦကြီးများတွင်လည်း သေနတ်ကိုယ်စီနှင့် ၂–ယောက် တစ်တွဲ၊ ၃–ယောက် တစ်တွဲ စသည်ဖြင့် စောင့်ကြပ်နေကြလေ၏။

အမှုအခင်း၊ အခွန်ငွေစာရင်း စသည်တို့ကို စုပေါင်းသိမ်းဆည်းထားသည့် အရေးအကြီးဆုံးအဆောက်အဦကြီးကား အုတ်တိုက်ဖြင့် ဆောက်လုပ်ထား၍ ဘေးတွင် စစ်သားဆယ်ဦးမျှ အမြဲစောင့်၍နေလေ၏။ စစ်သားများမှာကား ဆယ်ဦးစလုံး မအိပ်မနေ စောင့်ကြသည်မဟုတ်၊ ၈–ယောက်မှာ အိပ်၍နေကာ ၂–ယောက်သာ လမ်းလျှောက်နေကြခြင်းဖြစ်လေ၏။

သက်ကြီးခေါင်းချ အချိန်၌ကား စစ်သားအချို့ အိပ်ပျော်၍နေကြလေ၏။ ထိုအခိုက် စစ်သား ၂–ယောက်အား မည်းမည်းသဏ္ဍာန် ၂–ခုသည် မြေကြီးမှ တွား၍လာကာ ခြေသလုံးညို့သကျည်းကို ရိုက်လှဲပြီးနောက် လျင်မြန်စွာ ဖမ်းဆီးတုပ်နှောင်လျက်ရှိကြရာ၊ သေနတ်များ ဘေးတွင ်ထောင်လျက်ရှိသော စစ်သားများတွင်လည်း ကြိုးနှင့်တုပ်နှောင်ကာ လူ ၂၀–ခန့် ဝိုင်းမိပြီးဖြစ်လေ၏။

ထိုအစောင့်စစ်သားများတွင်လည်း လူငယ်များသွင်းထားသော သူလျှိုတစ်ဦး ပါသဖြင့် လုပ်ကိုင်ကြံစည်ရာတွင် သာ၍လွယ်ကူလေ၏။ စိတ်အားထက်သန်သော လူငယ်တို့ကား စစ်သားများ မအော်နိုင်အောင်ပါးစပ် အဝတ်နှင့်ဆို့ကာ ကြိုးဖြင့် တင်းကျပ်စွာ တုပ်နှောင်ပြီးလျှင် အုတ်တိုက်ဘေးတွင် မြေများကိုတူး၍နေကြလေ၏။

လက်မောင်းအားသန်သော လှေလှော်သားများဖြစ်သည့်အတိုင်း၊ တစ်ယောက်တစ်လှည့်စီ တူးကာ မြေသယ်သူကသယ်ဖြင့် ပြုလုပ်နေကြရာ၊ ကြက်ဦးတွန်ချိန် မြန်မာဆယ်နာရီခန့်ကြာအောင် တူးမိသောအခါ တိုက်အောက်သို့ လိုဏ်ခေါင်းဖြစ်လျက် လူတစ်ကိုယ် ဝင်နိုင်လေ၏။ ထိုအပေါက်မှ ဂဟေပိတ်လျက် အတွင်း၌ ယမ်းမှုန့်များ၊ သံတိုခဲစများ ထည့်ထားသော သံစည်ပြတ်ကို တိုက်အောက်သို့သွင်းကာ ယမ်းစနက်ကို အပြင်သို့ ထုတ်ယူခဲ့ကြလေ၏။

အချို့လူငယ်များမှာ တိုက်ပေါ်သို့တက်လျက် ယမ်းမှုန့်များ၊ ရေနံချေးများ ဆွတ်ဖျန်းထားသည့် အဝတ်များကို အနှံ့အပြားတင်လျက်၊ လဲမှို့ ယမ်းဖြူးထားသော အစများတွင် မီးခတ်ကျောက်ဖြင့် ရှို့၍ ထားခဲ့ပြီးနောက် ဆင်းကြလေ၏။ တိုက်အောက် ယမ်းအိုးစနက်တွင် မီးရှို့ပြီးသောအခါ လူငယ်အားလုံး ကြက်ပျောက်ငှက်ပျောက် ပျောက်သွားကြလေ၏။

ကြယ်နီပေါ်စအချိန်သို့ ရောက်သောအခါ၊ သန်လျင်တစ်မြို့လုံး ငလျင်တော်လည်း၊ မိုးကြိုးပစ်သော အသံကြီးမျိုး မြည်ဟိန်းလျက် အလင်းရောင်များ ပေါ်ပေါက်လာရာ၊ မောင်းသံ၊ တုံးခေါက်သံ၊ မီး … မီးဟု

Commercial use of this book will be at your OWN RISK

အော်သံများ ဆူပွက်၍ သွားလေတော့၏။ စစ်သားများ၊ မင်းလုလင်များလည်း မီးလောင်ရာဆီသို့ အပြေးလာကြလေရာ၊ ဘေးက ဝိုင်းဝန်းငြိမ်းသတ်သော်လည်း အဆောက်အဦကြီးမှာ မီးလောင်စာနှင့်တကွ ပြင်းပြင်းထန်ထန် ပေါက်ကွဲလောင်ကျွမ်းနေသဖြင့် မနိုင်နင်းတော့ဘဲ၊ ကြည့်၍သာနေကြရလေ၏။

တိုက်ကြီးမှာ အုတ်များပြိုပျက်လျက်၊ သစ်သားနေရာဟူသမျှ မီးသွေးမျှကျန်ရှိလေ၏။ မီးရှိန်မှာ နံနက်နေထွက်တပြုပြင် လောင်ကျွမ်းတုန်းဖြစ်လေ၏။

ပူတကေဘုရင်ခံကား အရေးကြီးသောအရာရှိများနှင့် ကိုယ်ရံတော်များ ခြံရံလျက်၊ မီးလောင်ရာသို့ လာရောက်ကြည့်ရှုပြီးလျှင် မျက်နှာညို၍သွားလေ၏။ အနီးရှိ မြန်မာအရာရှိတစ်ဦးအား ...

"ကျွန်ုပ်တို့ အုပ်ချုပ်သည်တွင် စာရင်းအင်း၊ အမှတ်အသား၊ အခွန်ငွေတို့ဟာ အရေးကြီးကြောင်း၊ ယခုကဲ့သို့ ပြုမူခြင်းသည် ကျွန်ုပ်တို့၏အုပ်ချုပ်မှုကို အထူးထိခိုက်ကြောင်း၊ သို့အတွက် လူငယ်များကို ခပ်ကြမ်းကြမ်း ဖိနှိပ်ရတော့မည် ထင်ကြောင်း ..." ပြောဆိုလေ၏။

မြန်မာအရာရှိလည်း မည်သို့မျှ စကားမဆိုဘဲ ဝမ်းနည်းသည့်ဟန်ဖြင့် ကြည့်ရှုနေလေ၏။ မင်းလုလင်နှင့် သူလျှိုတို့ကား လူငယ်များကို လိုက်လံရှာဖွေလျက် မသင်္ကာသော လူငယ်အချို့ကို ဖမ်းဆီးကြလေ၏။ မည်သည့်အခါမျှ ဤသို့ဖြစ်လိမ့်မည်ဟု မမျှော်လင့်သောကိစ္စအတွက်၊ တိုင်းရင်းသားလူငယ်များ စိတ်ကူးကောင်းကောင်း အချက်ကျကျ လုပ်ကိုင်လိုက်ခြင်းဖြစ်လေရာ၊ ပူတကေလူမျိုးအားလုံးပင် စိတ်နှလုံးခြောက်ခြား၍သွားလေ၏။

အကြီးဆုံးအဆောက်အဦကို ဖြိုဖျက်ပြီးသည်နောက် မှော်ဝန်းနယ်၊ ပုသိမ်နယ်၊ ဒဂုန်၊ ဒလ စသည်တို့၌လည်း ရုံးလုလင်ဌာန စသည်တို့မှ အဆောက်အဦ၊ အမှုအခင်း၊ အမှတ်အသား စသည်တို့ကို မီးရှို့ခြင်း၊ အခွန်ကောက်သူများအား သတ်ဖြတ်ခြင်း စသည်တို့ ပေါ်ပေါက်လေရာ၊ ပူတကေဘုရင်ခံမှာ စစ်ဥပဒေများပင် ထုတ်ဆင့်ရလေ၏။

လူငယ်တစ်ဦးသည် အခွင့်အမိန့်မရှိဘဲ ရုံးလွှတ်တော် ပူတကေအစိုးရနှင့်ဆိုင်သော အဆောက်အဦ တစ်စုံတစ်ရာအနီးသို့ တွေ့ငြားအံ့၊ ထိုလူငယ်အား အစစ်အဆေး အမေးအမြန်းမရှိ သေနတ်နှင့်ပစ်သတ်စေဟူ၍ပင်ဖြစ်လေ၏။ သို့ရာတွင် လူငယ်များမှာ ကြောက်ရွံ့ပေါ့လျော့သည်မရှိ၊ လစ်သည်နှင့်တစ်ပြိုင်နက် ၄င်းတို့ပြုမြဲအတိုင်း ပြုမူ၍နေကြလေရာ၊ အချို့မှာလည်း စစ်သားတို့၏လက်နက်နှင့် သေဆုံးကြလေ၏။

ပူတကေလူမျိုးတို့၏ ရည်ရွယ်ချက်ကား လက်အောက်ခံနိုင်ငံသားတို့ ကြမ်းလာလျှင်၊ ရမ်းနိုင်သမျှ ရမ်း၍ အုပ်ချုပ်မည်။ ရမ်း၍မရမှ လက်လျှော့မည်ဖြစ်သည့်အတိုင်း ခပ်ရမ်းရမ်း အုပ်ချုပ်၍နေကြလေ၏။ ထိုကဲ့သို့ အုပ်ချုပ်သူကလည်းရမ်း၊ လူငယ်များကလည်း ကြမ်းလျက်နေကြရာ၊ စာရင်းအင်း အမှတ်အသား မရှိသောကြောင့် တရားစီရင်မှု၊ အခွန်ကောက်ခံမှုများမှာ အထူးနှောင့်နှေးလျက် အငြင်းအခုံလည်း မကြာခဏဖြစ်ပွား၍နေလေတော့၏။ အရာရှိအရာခံများလည်း အချို့ စိတ်ပျက်ကြသဖြင့် ရာထူးမှ နှုတ်ထွက်ကြလေ၏။

ထိုအတွင်း အစိုးရဘက်မှလည်း ညစ်ပတ်လာကာ လူမိုက်အချို့ကို ငွေပေးလျက်၊ တိုင်းပြည်တွင် နာမည်ကြီးသော မျိုးချစ်များကို လိုက်လံသတ်ဖြတ်၍နေကြသဖြင့်၊ လူငယ်များ၏အတွင်းရေးတွင် များစွာအကူအညီရသော လူကြီးအချို့ပင် အစိုးရလူဆိုးတို့ လက်ချက်ဖြင့် ကွယ်လွန်ကြရရှာလေ၏။ လူငယ်များလည်း ထိုကဲ့သို့ အစိုးရဘက်မှ ဥပဒေလက်နက်ဖြင့် ဖြောင်ဖိနှိပ်ရုံမက၊ လူဆိုးများမွေး၍ ညစ်ပတ်နေကြောင်း သိရ

Commercial use of this book will be at your OWN RISK.

သောအခါ၊ သာ၍ဒေါသဖြစ်ကြလျက် လူဆိုးများကို လိုက်လံသတ်ဖြတ်နှိမ်နင်း၍နေကြရလေ၏။ လူငယ်များ၏ စိတ်တွင်ကား လျော့ပေါ့ သွေးကြောင်သည်မရှိ။ ပူတကေ လူမျိုးခြားတို့အား အလွန်အမင်း စိတ်နာသည် တစ်ကြောင်း၊ လူမျိုးခြားလက်အောက်က ရုန်းထွက်ရာ၌ အသက်အသေခံ၍ မကြမ်းဘဲ၊ မပုန်ကန်ဘဲ ဘယ်နည်း နှင့်မျှ မလွတ်နိုင်ဟု တစ်ထစ်ချ ယူမှတ်ထားသောကြောင့်၊ ထိုစဉ်အခါ အနည်းငယ် စိတ်ဝမ်းကွဲနေသော လူငယ်များပင် တစ်ပေါင်းတစ်စည်းတည်းဖြစ်ကာ တတ်နိုင်သည့်ဘက်က ဆောင်ရွက်နေလေ၏။

ထိုအဖြစ်အပျက်အတွင်းမှာပင် တောလက်ကျေးရွာရှိ သူကြီးများထံမှ၊ မိမိတို့ရွာရှိ လူငယ်အချို့ မည်သည့်အရပ်သို့ ထွက်ခွာသွားသည်မသိ ထွက်ခွာသွားကြကြောင်း အစီရင်ခံစာများဖြင့် ပူတကေဘုရင်ခံ ထံသို့ အစီရင်ခံကြလေ၏။ ထိုအခါ ပူတကေဘုရင်ခံ မျက်လုံးပြူးလျက် သူလျှိုများကို ခြေရာနှံ့မျှ စေလွှတ် စုံစမ်းလေ၏။ သို့ရာတွင် လူငယ်များ မည်သည့်နေရာ၌ စုရုံးနေထိုင်ကြသည်ဟု သတင်းအစအနမျှ မကြားရ သေးချေ။ စင်စစ်အားဖြင့် ကျေးရွာသူကြီးနှင့် လူငယ်များမှာ တစ်ကိုုတ်တစ်ဉာဏ်တည်းဖြစ်သောကြောင့် မည်သို့မည်ပုံ ကြံစည်ဆောင်ရွက်သည်ကို ပူတကေအစိုးရ မသိရှိခြင်းဖြစ်လေ၏။

မောင်ဘုန်းမြင့်၊ မြစံနှင့် ရဲဘော်တို့ကား သန်လျင်မြို့တွင်းဝယ် အထူးသူလျှိုများနှင့် စောင့်စား ကြည့်ရှုစေသောကြောင့်၊ အထွက်အဝင် အသွားအလာ အလွန်ကျဉ်းကြပ်စွာနှင့် နေထိုင်ကြရလေ၏။ ထိုအခိုက် ကျေးလက်လူကြီးများ၏ အစီရင်ခံစာကို ရရှိသောအခါ၊ သူငယ်ချင်းသုံးဦးအား ဘုရင်ခံ၏အိမ်တော်သို့ အကျယ်ချုပ်နှင့် တစ်ညအိပ်ခေါ်ယူကာ၊ အမျိုးမျိုး သွေးဆောင်ဖြားယောင်းလျက်ရှိလေ၏။ မောင်ဘုန်းမြင့် တို့ကလည်း မိမိတို့သည် လေ့သင်းသာ ဖွဲ့စည်းခဲ့ကြောင်း၊ အချို့လူငယ်များ ဆောင်ရွက်ပုံကို မနှစ်သက် သဖြင့်၊ လွတ်လွတ်အေးအေး နေထိုင်ကြရကြောင်းများကို ပြောဆိုကြလေ၏။ ဘုရင်ခံသည် အမျိုးမျိုး နှူးနှပ် ပြောဆိုသော်လည်း မောင်ဘုန်းမြင့်တို့က စိတ်ပျော့ခြင်း၊ တာဝန်ခံခြင်းမရှိသဖြင့် နောက်တစ်နေ့တွင် ပြန်ခွင့်ပြုလိုက်လေ၏။

၎င်းတို့အား ကြိုးရှည်နှင့်လှန်ထားသကဲ့သို့ မနှိပ်စက်ဘဲနေခြင်းမှာ ဘုရင်ခံ၏စိတ်တွင် အခြား လူငယ်များ ဖိနှိပ်ရေး၌ ဥပါယ်တံမျဉ်နှင့် အသုံးချလိုသောကြောင့်ဖြစ်လေ၏။

မောင်ဘုန်းမြင့်ကား ဘုရင်ခံ၏ထံမှ ပြန်လာ၍ အိမ်ဝင်းပေါက်ရောက်သည်နှင့်တစ်ပြိုင်နက် ငယ်ထိပ် သွေးရောက်ကာ မိမိစိတ်ကို အထူးသတိထား ပြုပြင်လိုက်ရလေ၏။ အိမ်ဝင်းတစ်ခုလုံး လူများပြည့်ကျပ်လျက် အိမ်ပေါ်မှလည်း ဆူညံစွာ ငိုကြွေးသောအသံများကို ကြားရသောကြောင့်တည်း။

မောင်ဘုန်းမြင့်သည် လူပုံထဲမှ အတင်းတိုး၍ ပြေးသွားပြီး အိမ်ပေါ်သို့ တက်လေရာ၊ "အို ... လူကလေးရဲ့၊ မင်းဘဘ မြင်ဝံ့သေးရဲ့လား ..."ဟု ဝန်ကတော်ကြီး၏ ငိုကြွေးသံ၊ "အို ... ဘဘဘုရားရဲ့ ..."ဟု နွယ်နွယ်ကလေး၏ ငိုကြွေးသံများကို ကြားရသည်နှင့်တစ်ပြိုင်နက် ရင်ထဲတွင်ဆို့သွားကာ ယောကျ်ားပင် ဖြစ်လင့်ကစား မျက်ရည်များကျဆင်းလျက် သန်လျင်ဝန်မင်း၏ အလောင်းရှိရာသို့ အတင်းပြေးသွားလေ၏။ "အို ဘဘရဲ့၊ ကျွန်တော်မရှိတုန်း ဖြစ်ရ လေခြင်း"ဟု အသံသြကြီးနှင့် အော်လိုက်ရာ၊ လူအပေါင်းတို့၏ အသည်းနှလုံးကို ဆုပ်ချေလိုက်သကဲ့သို့၊ ဆွေမျိုး၊ ကျေးကျွန်၊ နီးစပ်သူများပါ ကမ္ဘာမီးလောင်သကဲ့သို့ ငိုကြွေးကြလေ၏။

"ဘယ့်နှယ်ဖြစ်တာတုန်း ... ပြောပါဦး မယ်မယ်ရဲ့ ..."ဟု ဆက်လက်မေးမြန်းရာ၊ ဝန်ကတော်ကြီးမှာ မျက်ရည်စီးကျရင်း ... "မင်းဘဘက ဘုရားခန်းမှာ ဝတ်ပြုနေတယ်ကွဲ့ ...။ မယ်မယ်ကလဲ ဘုရားရှိခိုးပြီး

Commercial use of this book will be at your OWN RISK.

အိမ်ထဲဝင်သွားတယ်။ မေးမေးအိပ်ပျော်နေတုန်း စူးရှတဲ့အော်သံကြားပြီး မယ်မယ် ပြေးထွက်ကြည့်တော့၊ မင်းဘဘကျောမှာ လှံထုတ်ချင်းပေါက် စူးပြီး အသက်ပျောက်နေတယ်ကွဲ့။ အမယ်လေး ဝန်မင်းကြီးရဲ့ အသေဆိုးလေခြင်း ...”ဟု ဆက်လက်ငိုကြွေးနေရှာပြန်၏။

သန်လျင်ဝန်မင်းကား ညဥ့်က ကျေးကျွန် ဝင်းစောင့်များရှိသော်လည်း၊ ဝင်းစောင့်များအား ဖမ်းဆီးတုပ်နှောင်ကာ လူဆိုး ၄-၅ ဦး ကြံစည်ခြင်းကို ခံရခြင်းဖြစ်လေ၏။ ညဥ့်ဦးယံက ဆူညံသံကြား၍ မင်းလုလင်များ လာရောက်မေးမြန်း မှတ်သားထားသော်လည်း လူဆိုးများကို ဖမ်းဆီးမိခြင်းမရှိချေ။ အလောင်းကို အိမ်နီးချင်းနှင့် ကျေးကျွန်များပါ ပြင်ဆင်ထားရာ၊ နံနက်ပိုင်း၌ မောင်ဘုန်းမြင့် ရောက်လာသောအခါ ဖော်ပြပါအတိုင်း တွေ့ကြုံရခြင်းဖြစ်လေ၏။

မောင်ဘုန်းမြင့်ကား ပူတာကေလူမျိုးများ၏ လူယုံလူမိုက်များလက်ချက်ဟု တွေးမိသော်လည်း၊ မည်သူ့ကိုမျှ ဖွင့်ဟမပြောဘဲ အတွင်းကြိတ် မျိုသိပ်၍ထားလိုက်လေ၏။ ထိုနေ့ပင် သန်လျင်ဝန်မင်း၏အလောင်းကို သင်္ဂြိုဟ်မည်ဖြစ်ရာ အရပ်သား လူငယ်လူကြီးများ နီးစပ်ရာမှ အမီလာကြသဖြင့် လူထုပရိသတ်မှာ သန်လျင်မြို့တစ်ခြမ်း ပြည့်လုမတတ် စည်ကားနေလေ၏။

ပူတာကေဘုရင်ခံထံမှလည်း သန်လျင်ဝန်မင်း အသက်ဆုံးသည်ဟု ကြားရသဖြင့် ဝမ်းနည်းကြေကွဲတော်မူကြောင်း၊ လူဆိုးများကို မကြာမီ ဖမ်းဆီးမိအောင် ပြင်းထန်သောအမိန့်ပေးထားကြောင်းနှင့် စာတစ်စောင်ရောက်ရှိလာလေရာ၊ မောင်ဘုန်းမြင့်သည် အတွင်းရေး ပရိယာယ်ကို သိပြီးဖြစ်သည့်အတိုင်း “နေနှင့်ကြဦးကွာ” ဟု တိုးတိုးကြိမ်းဝါးမိလေ၏။

အရာရှိများ၊ မြို့သူမြို့သား၊ နီးစပ်သော တောလက်ကျေးရွာများကပါ သန်လျင်ဝန်မင်း၏ ဈာပနအတွက် လာရောက်ကြလေရာ၊ သန်လျင်ဝန်မင်း၏ အရည်အချင်း၊ သူရသတ္တိ၊ အမြော်အမြင်ဉာဏ်ကို သိရှိကြသော လူအပေါင်းမှာ စုတ်သပ်တက်ခေါက်ကာ မျက်ရည်မကျသူမရှိ၊ မချိတင်ကဲ ဝမ်းနည်းပက်လက်ဖြစ်ကြရလေ၏။ ဝန်ကတော်နှင့် ရှင်နန်းနွယ်ကလေး၏ ဟစ်အော်ငိုကြွေးသံကို ကြားရသောအခါ၊ သာ၍မင်စိတ်နှလုံး ထိခိုက်ကြလေ၏။

ညနေခင်း၌ကား သန်လျင်ဝန်မင်း၏အလောင်းကို မြို့ပြင်သုသာန်သို့ ထုတ်ဆောင်လေရာ၊ ပြည့်ကျပ်နေသော လူစုလူဝေးကြီးသည် သန်လျင်ဝန်မင်း၏ဂုဏ်ပုဒ်ကို ထုတ်ဖော်ချီးကျူးရင်း လိုက်ပါလာကြလေ၏။ မင်းလုလင်တို့မှာ လူစုလူဝေးကို ပူတာကေဘုရင်ခံ၏ အမိန့်အရ၊ နှောင့်ယှက်မှု မပြုရဘဲ ဓားကသာ လက်နက်စွဲကိုင်လျက် စောင့်ရှောက်လိုက်ပါ၍လာကြလေ၏။

မောင်ဘုန်းမြင့်သည် ဝန်မင်း၏ ဈာပနပြီး၍ အိမ်သို့ရောက်ကြသောအခါ၊ ယောက္ခမဖြစ်သူနှင့် ဇနီးသည်တို့အား ဖြစ်ပြန်ပျက်ပြန် လောကခံ၏ ကံကတ္တား ခြားနားတွေ့ကြုံရပုံတို့ဖြင့် တရားချလျက်၊ လာရောက်မေးမြန်းကြသူတို့အား အဖြစ်အပျက်ကို ပြန်လှန်ပြောဆိုကာ နေရလေ၏။ ညနေ နေဝင်ဖြိုးဖျအချိန်၌ လူငယ်တစ်ယောက်သည် မယောင်မလည်နှင့် မောင်ဘုန်းမြင့်၏ အိမ်ဝင်းအတွင်းသို့ ဝင်ရောက်ကာ၊ မောင်ဘုန်းမြင့်အား လျှို့ဝှက်သော အထိမ်းအမှတ်ကို ပြပြီးနောက်၊ စက္ကူမင်ရေးစာတစ်စောင်ကို ပေးသွားလေ၏။

Commercial use of this book will be at your OWN RISK

"လူကလေး ... သန်လျင်က သတင်းများကို အဖေ အစဉ်ကြားသိရသည်။ ယခုအခါသော် လုပ်ကိုင်ရန် အချိန်တန်ပြီ။ အဖေ၏တောတွင် လူ ၃၀၀၀–ကျော် ရောက်ရှိနေပြီ။ တိဂုံစေတီ တောင်ခြေရင်းတွင်လည်း လူ ၂၀၀၀–ကျော် ရှိနေပြီဟု သတင်းရသည်။ အဖေ့ဆီက လူများမှာ လူကလေးတို့ကို မျှော်လင့်နေကြသည်။ သို့အတွက် သိင်္ဂုတ္တရတောင်ခြေရင်းရှိ ခေါင်းအကြီးအကဲများနှင့် လူငယ်များအား စီစဉ်ချထားပြီးနောက် အဖေ ရှိရာသို့ လိုက်ခဲ့စေလိုသည်။ နောက်ထပ်လည်း လူ ၂၀၀၀–ခန့် ဖြည့်စေလိုသည်။ အချိန်နှောင့်နှေး ကြန့်ကြာရန် မဟုတ်၊ လျင်မြန်စွာ ပြုလုပ်မှ ခရီးရောက်မည် ..."

မောင်ဘုန်းမြင့်သည် ဖခင် လက်ဝဲစည်သူ၏ စာကို ဖတ်ရှုပြီးသောအခါ တွေဝေ၍နေလေ၏။ တစ်လောကမူကား သူ့ဖခင် သန်လျင်ဝန်မင်း ရှိရစ်၍ နွယ်နွယ်ကလေးအတွက် စိတ်ချနိုင်သေး၏။ အသေ ဖြောင့်ဖွယ်ရှိသေး၏။ ယခုမူကား နွယ်နွယ်ကလေးမှာ မိခင်မုဆိုးမကြီးနှင့် နေရစ်ခဲ့ရမည်ဖြစ်ရာ၊ မိမိ မရှိသည်နှင့်တစ်ပြိုင်နက် ရန်ငြိုးဖွဲ့သူတို့၏ စော်ကားခြင်းကို ခံရရှာတော့မည်ဟု များစွာ ပူဆွေး၍ သွားမိလေ၏။ သို့ရာတွင် မိမိဆောင်ရွက်ရမည့်ကိစ္စသည် နောက်ဆုတ်၍ မဖြစ်တော့သဖြင့် နွယ်နွယ်ကလေး နေသောအခန်းသို့ ဝင်ရောက်ကာ၊ မိမိသည် တိဂုံတောင်ခြေရင်းသို့ လိုက်ပါရမည်ဖြစ်ကြောင်း၊ အခြား ကျေးလက်များသို့လည်း ၄–၅ ရက် လှည့်လည်ရမည်ဖြစ်ကြောင်း ပြောဆိုရာ၊ နွယ်နွယ်မှာ ဖခင်ကြီးလည်း မရှိတော့သဖြင့်၊ "ကိုဘုန်း မသွားလို့မဖြစ်ဘူးလား ..."ဟု မျက်နှာငယ်နှင့် မေးရှာလေ၏။ "မဖြစ်ဘူးကွယ် ... နွယ်နွယ့်အနားက မခွာချင်ပါဘူး၊ မဖြစ်လို့သာပါ ..."ဟု လွယ်အိတ်၊ အဝတ်အစား၊ ဓား ခေါက်ချိုးထားသော သေနတ်ပြောင်းနှင့် ဒင်တို့ကို ပြင်ဆင်ကာ "ကိုင်း အခု ထွက်တော့မယ် နွယ်နွယ် ..."ဟု ချစ်သူကလေး၏ မျက်နှာကို သနားကြင်နာစွာ ကြည့်ရှုကာ ပွေ့ယူဖျစ်ညှစ်လိုက်လေ၏။ နွယ်နွယ်ကား လည်ချောင်းမှ တစ်ဆို့ကာ တစ်စုံတစ်ရာ ပြောမည်ကို မပြောနိုင်ဘဲရှိစဉ်၊ မောင်ဘုန်းမြင့်သည် မှောင်ရိပ်သို့ ဆင်း၍ သွားလေ၏။

တိဂုံ သိင်္ဂုတ္တရကုန်းတော်၏ ရာဟုထောင့် တောင်စောင်းဆင်ခြေလျော တောနက်ကြီးတွင်ကား၊ သူပုန် စစ်သားတို့သည် မီးများဖိုလျက် စကားတီးတိုးပြောဆိုနေကြလေ၏။ အချို့သော စစ်မှုထမ်းဟောင်း တလိုင်း မြန်မာလူကြီးတို့မှာ လူငယ်တို့အား စစ်ရေးစစ်ရာနှင့်ပတ်သက်၍ စစ်ပရိယာယ်များကို ပြောပြလျက်ရှိလေ၏။ အချို့စစ်သားများကား ဓားလှံများကို ထက်သထက် ထက်လှအောင် သွေး၍နေကြလေ၏။ လူငယ်နှင့် လူကြီးတို့ကား တစ်စိတ်တစ်ဝမ်းတည်းရှိလျက် မိမိတို့ ဆောင်ရွက်မည့်အချိန်ကို မျှော်လင့်၍နေကြလေ၏။

၄င်းတို့မှာ စစ်တပ်စည်းကမ်းကဲ့သို့ လူစုဦးရေ အညီအမျှ၊ စစ်ကြပ် စစ်မှူး စစ်ကဲ အဆင့်ဆင့် အုပ်ထိန်းရသည်မဟုတ်၊ ကျေးရွာအသီးသီးမှ ပါဝင်ကြလေရာ၊ လူ ၅၀ ပါသော ကျေးရွာမှ ၄င်းတို့ရွာသား လူငယ်များ ကြည်ညိုသူသည် လူကြီးဖြစ်၍၊ စစ်တပ်တွင် ဗိုလ်ဖြစ်လေသည်။ လူငယ် ၂၀၀ ပါသော ရွာမှာလည်း ထိုနည်းတူ ကြည်ညိုသူ ၂–ဦး ၃–ဦး အုပ်ချုပ်လေ၏။ ဤနည်းအတိုင်း သူ့လူနှင့်သူ အုပ်ချုပ်လျက်ရှိကြလေ၏။

သက်ကြီးခေါင်းချချိန်၌ကား စစ်ဗိုလ်လုပ်သူများသည် တဲတန်းတစ်ခုသို့ သွားရောက်စုရုံးကြရာ၊ ကင်းစောင့်များနှင့် အတူပါလာသော မောင်ဘုန်းမြင့်ကို တွေ့ကြရာ၊ အထူးအားရှိ ရွှင်လန်းကြလေ၏။ မောင်ဘုန်းမြင့်လည်း ...

Commercial use of this book will be at your OWN RISK

"ကိုင်း မိတ်ဆွေတို့ ... ဗိုလ်အားလုံးဟာ ဟောဒီ စစ်ကဲကြီးစကားကို နားထောင်ပါ၊ ဟံသာဝတီဘုရင် လက်ထက်က ဖေယျနော်ရထာဘွဲ့ခံ ဗိုလ်ကြီးပါ။ တောင်ငူဘုရင် ဟံသာဝတီကို တိုက်သိမ်းတော့ တောင်ငူအောက် မဝင်ဘူး ဆိုပြီးတော့ အဝနေပြည်တော် ထွက်ပြေးရာ၊ အဝကလဲ မင်းတရားကြီး စစ်ချီခိုက်၊ သံတော်ဦးတင်ပေးမယ့်လူမရှိလို့ စိတ်ပျက်ပြီး ဒဂုန်မှာ ရောင်းဝယ်ဖောက်ကား နေထိုင်တဲ့ မျိုးချစ်ပုဂ္ဂိုလ်ကြီးပါ။ တစ်ခု သတိပြုဖို့ကတော့ စစ်သဘော ... အနိုင်အရှုံးကို မပြောနိုင်ပါ။ နိုင်ချင်နိုင် ရှုံးချင်ရှုံးပေါ့၊ ကျွန်တော်တို့ ရည်ရွယ်ချက်က နိုင်တာရှုံးတာကို အဓိကမထားဘဲ၊ ဒီမိစ္ဆာကောင်တွေအောက် ခေါင်းငုံ့ပြီး ကျွဲတွေ နွားတွေလို ကြောက်ရွံ့နေတဲ့ လူမျိုးမဟုတ်၊ သူတို့အပေါ် လူမျိုးခြားအုပ်ချုပ်သမျှ မကြာခဏ သူပုန်ထတတ်တဲ့ လူမျိုးလို့ ရာဇဝင်တွင်စေဖို့ဖြစ်ပါတယ်။ အခုကျွန်တော်တို့ နောက် ၅–နှစ် ၆–နှစ်ကျရင် တစ်ခါ သူပုန်ထ၊ အဲဒီ သူပုန် မျိုးစေ့ စိုက်ပေးဖို့အလုပ်ပဲ၊ ခင်ဗျားတို့ဟာ ဝဝဖြိုးဖြိုးနဲ့ အသေခံမလား၊ လူမျိုးနဲ့ ဘာသာပျောက်ပြီး ကျေးကျွန် ကျွဲနွားအဖြစ်မျိုးနဲ့ သေမလား ဒါပဲစဉ်းစားပါ။ ကျွန်တော်တို့မှာ ရာဇဝင်အပြင် နာမည်ယူစရာနေရာ မရှိ တော့ပါ။ ယခုလို ကုလားဖြူ ကြီးစိုးမှုနှင့် ကြုံရတာ ရာဇဝင်မှာ ကျွန်တော်တို့ ဆောင်ရွက်ပုံမှတ်တမ်း ကျန်ရစ် စေဖို့ ဖြစ်လာတယ်လို့ ဝမ်းမြောက်မိပါတယ်"ဟု နိုင်ငံရေးပရိယာယ် နားလည်သူဖြစ်သည့်အတိုင်း၊ စိတ်ပါ ဝင်စားအောင် သွေးဆောင်ပြောဆိုလျက်နေလေ၏။

မောင်ဘုန်းမြင့်ကား ဒဂုန် သိင်္ဂုတ္တရတောင်ခြေရင်းတွင် ၃–၄ ရက် ခိုလျက်၊ မှော်ဝန်းနယ်တစ်ဝိုက်က လူများကို ဖခင်ရှိရာသို့ သွားကြဖို့ တိုက်တွန်းနှိုးဆော်၍နေလေ၏။ ၎င်းသူပုန်ထရန် လူ၊ ရိက္ခာစုသော ဗဟိုဌာန နေရာကား၊ သိင်္ဂုတ္တတောင်ခြေရင်းနှင့် တွံတေးတောကြီးဖြစ်လေ၏။ တွံတေးတောကြီးကား သစ်ပင် ချုံပေါင်း အလွန်ထူထပ်လျက်၊ သူပုန်များ ခိုအောင်းရန် အကောင်းဆုံး၊ အလုံခြုံဆုံး ဌာနကြီးဖြစ်လေ၏။ လွန်ခဲ့သော တစ်နှစ်ခန့်ကတည်းက ရိက္ခာ၊ ဆန်၊ ဆီ၊ စပါး စသည်တို့ကို တိတ်တဆိတ် စုဆောင်း ပို့ဆောင် ထားလေရာ၊ လူတစ်သောင်းခန့်အတွက် ၃–လစာလောက် ပြည့်စုံပြီးဖြစ်လေ၏။ စစ်တိုက်စဉ်၌ ကောက်ပေါ် ချိန်နှင့်ဆုံလျက်၊ ပေးပို့ရန် မျိုးချစ်ရပ်ရွာလူကြီးများက တာဝန်ခံကြပြီးဖြစ်သဖြင့်၊ သူပုန်နှင့် ကုလားဖြူစစ်ပွဲမှာ အတော်ကြာလိမ့်မည်ဟု ယုံကြည်ကြလေ၏။ ရွှေတိဂုံဘုရား မြောက်ဘက်တောင်ခြေရင်း၊ တောတွင်းက စစ်တပ်ကား ကြားဖြတ်တိုက်ခိုက်ရန်ဖြစ်၍၊ တွံတေးတောကြီးက စစ်တပ်ကြီးမှာကား ရသမျှနယ်ပယ်ကို တစ်စ တစ်စ တိုက်ခိုက်သိမ်းယူရန် ကြံစည်ထားကြခြင်းဖြစ်လေ၏။

မောင်ဘုန်းမြင့်သည် ဒလက်ဖက်မှ နေဝင်သာသာအချိန်တွင် တောင်ခြေရင်းသို့ ရောက်ရှိလာရာ၊ မြင်းတစ်စီးနှင့် လွန်ခဲ့သည့်ညက ရောက်ရှိစောင့်စားနေသော သူငယ်ချင်း မြစံကို တွေ့ရသဖြင့်၊ နှစ်ယောက်တည်း တောင်စောင်းတစ်နေရာ၌ထိုင်ကာ တိုင်ပင်ကြလေ၏။ မြစံကား မိမိလက်ထဲကစာကို ချက်ချင်းပေးရကောင်းမလား၊ မပေးဘဲနေရ ကောင်းမလားဟု ချီတုံချတုံ ဖြစ်နေရာက၊ "ရဲဘော်တော့ တွံတေးဘက် သွားနှင့်ပြီကွဲ့ ..."ဟု ပြောလေ၏။

"အိမ်း ...အဲဒီက မင်းတို့ ငါတို့ ဖိဖိစီးစီးလုပ်ရမှာပဲ။ သူတို့ဘက်က ဘာထူးသလဲ ..."

"သူတို့လဲ လူငယ်တွေရဲ့ အခြေအနေ ထူးခြားတယ်လို့ ခေါင်းချင်းရိုက်နေကြတယ်ကွဲ့။ ဟိုက ဒို့သူလျှိုများကလဲ အရေးရှိရင် အကြောင်းကြားပါမယ်တဲ့ ..."

"ဒီလိုအတွင်းရေးမှာ ကိုယ့်လူယုံရှိတာလဲ တစ်အားပဲ။ ဘဘဟာ သိပ်အမြော်အမြင်ကြီးတာပဲနော်၊ ဒါကြောင့်လဲ သတ်ပစ်ကြတာပဲကွဲ့ ..."

Commercial use of this book will be at your OWN RISK.

"ဒါ့ထက် ရက်ချိန်းပေးပြီးပလား ..."

"သီတင်းကျွတ်လဆန်း ၅-ရက်နေ့ နံနက်မှာ နှစ်ဖက်ညှပ်ပြီး ဒဂုန် ဒလကို သိမ်းကြလို့၊ ပြီးတော့မှ သန်လျင်ကို တိုက်ခိုက်ဖို့ပဲ ..."

"နို့ ... ပုသိမ်ဘက်ကိုကော ဒီလိုပစ်ထားမှာလား ..."

"ကိစ္စမရှိဘူး၊ သန်လျင်ရရင် ပုသိမ်က ကိုယ့်နယ်ဖြစ်မှာပဲ ..."

"မင်းကော ... ခု ငါနဲ့ တစ်ခါတည်းလိုက်တော့မှာလား ..."

"အို အိမ်လဲ မပြောရသေးဘူးကွယ်၊ သူ့ကိုမှာခဲ့ပြီးမှ တစ်ခါတည်း လိုက်ခဲ့ချင်တယ် ..."

မြစံကား မောင်ဘုန်းမြင့်သည် ၎င်း၏ဇနီးသည်အား သံယောဇဉ်ငြိတွယ်နေပုံကို သိရသောအခါ၊ စိတ်မကောင်းရှာဘဲ မပြောလည်း မပြီးသောကြောင့် "သူငယ်ချင်း ..."ဟု ခေါ်လိုက်လေ၏။

"ဘာလဲကွ၊ မင်းက ငါ့ကို မိန်းမခင်တဲ့အကောင် အသုံးမကျဘူးလို့ ပြောချင်သလား၊ ဒီလို မဟုတ်ပါဘူး၊ သူကျေနပ်ရုံ မှာခဲ့ချင်လို့ပါ၊ ငါ့ရည်ရွယ်ချက်ကို မစွန့်ပါဘူးကွဲ့ ..."

"မဟုတ်ပါဘူး။ ငါ မင်းကိုတွေ့အောင် စောင့်နေတာ တခြားကြောင့်မဟုတ်ဘူး ..."ဟု ထွက်ရမည့် စကားကို လည်ချောင်းတွင် တစ်ဆို့၍နေလေ၏။

"ဘာလဲကွ ဘာလဲ ... ငါ့ကို ဘာလို့စောင့်နေရတာလဲ။ ပြောစမ်းပါဦး"ဟု ပြာပြာသလဲ မေးလေရာ ...

"နွယ်နွယ် ဆုံးပြီကွဲ့ ..."ဟု ပြောလိုက်သည်နှင့်တစ်ပြိုင်နက်၊ မောင်ဘုန်းမြင့်သည် သတိလစ်၍ သွားတော့သဖြင့်၊ မြစံမှာ ကပျာကယာ ပွေ့ယူလျက်၊ "မောင်ဘုန်း မောင်ဘုန်း သူငယ်ချင်း ... သတိထားစမ်း ပါဦးကွ ..."ဟု ဘဝင်ကိုဖိလျက် ခြေမကိုချိုးရင်း ကိုယ်ကို အကြိမ်ကြိမ်လှုပ်မှ ဟင်းကနဲ ညည်းကာ သတိရ၍ လာလေ၏။

"နွယ်နွယ် ... အို နွယ်နွယ်"ဟု ကယောင်ကတမ်းခေါ်၍နေပြန်ရာ၊ "ဟော့ သူငယ်ချင်း သတိထား မှပေါ့"ဟု ပါးစပ်ကို ပိတ်လျက် တားမြစ်ရာ၊ ထိုအခါမှ သွေးမွှန်နေသော မောင်ဘုန်းမြင့်သည် သတိရ လာလျက် "ဘယ်လူဆိုးက သတ်သွားတာလဲ။ ဖအေကို သတ်ပြီးကြလို့ သမီးကို သတ်ပြန်တာလား။ မင်းတို့ စောင့်ရစ်တာ ဘာလုပ်ဖို့လဲ။ ငါအခု သွားသတ်မယ်"ဟု ကြိမ်းဝါးနေရာ၊ မြစံသည် "အင်း ... မယားကျရင် လူများဟာ စိတ်နှလုံးကို အထိခိုက်ဆုံးပါကလား"ဟု တွေးတောရင်း ... "ပြောတာကို နားထောင်ပါဦး၊ မင်းမိန်းမကို ဘယ်သူမှမသတ်ဘူး၊ သူ့ဘာသာသူ သတ်သေသွားတာ။ ဟော ဒီမှာ သူရေးတဲ့စာ ..."ဟု ထုတ်ပေးသဖြင့်၊ နှစ်ဦးသား မီးဖိုရှိရာသို့ လာခဲ့ကြလေ၏။

သူပုန်များမှာ မိုးတွင်းဖြစ်၍ တင်ကူးကြဲစည်ထားကြသည့်အတိုင်း၊ အမိုးအကာ ယာယီတဲကလေး များနှင့် နေထိုင်ကြရခြင်းဖြစ်ရာ၊ မြစံနှင့် မောင်ဘုန်းမြင့်တို့ ဝင်ရောက်သောတဲမှာ အရေးကြီးသော ဗိုလ်များ နေသည့်တဲ ဖြစ်လေ၏။

Commercial use of this book will be at your OWN RISK

မောင်ဘုန်းမြင့်ကား မျက်ရည်များစီလျက် မှိုင်းခံစက္ကူတွင် မင်နှင့်ရေးထားသော ရှင်နန်းနွယ်၏စာကို ဖတ်ရှုကာနေလေ၏။

"အသက်တမျှ ချစ်ခင်လှသော ကိုဘုန်း၏ အလိုဆန္ဒပြည့်ဝအောင် နွယ်နွယ်၏ကူညီချက်ကို ကျေနပ်လိမ့်မည်ဟု မျှော်လင့်ပါသည်။ ကိုဘုန်းမှာ နွယ်နွယ်အတွက် လုပ်ကိုင်ကြံစည်ရာတွင် နောက်ဆံတစ်တင်းတင်းဖြစ်၍ နေရာကြောင်း နွယ်နွယ် သိရှိပါသည်။ ကိုဘုန်း၏သူငယ်ချင်းများကလည်း နွယ်နွယ်အတွက် ကိုဘုန်း ငဲ့ကွက် ပေါ့လျော့မည်ကို စိုးရိမ်ကြောင်းများ သိရှိရပါသည်။ နွယ်နွယ်သည် ကိုဘုန်းတို့ဆောင်ရွက်ရာ၌ ပါပဂြိုဟ်နှင့်တူ၍နေသည်ဟု ထင်ပါသည်။ နွယ်နွယ်၏ စိတ်မှာလည်း ကိုဘုန်းတို့၏စိတ်ထားကို မမီငြားသော်လည်း အမျိုးနှင့်တိုင်းပြည်ကို ချစ်ခင်သော စိတ်မျှလောက်ရှိကြောင်း၊ ကိုဘုန်း အသိပင် ဖြစ်ပါသည်။

နွယ်နွယ်ဟာ ကိုဘုန်းကို ချစ်လွန်း၍ မစွန့်ရက်နိုင်ခြင်း ဖြစ်ပါသည်။ နွယ်နွယ်ကဲ့သို့ စိတ်မထားသူများက မစွန့်ရဲလျှင်လည်း အခြားသူငယ်ချင်းမများအတွက် နမူနာကောင်းရတော့မည် မဟုတ်ပါ။ ကိုဘုန်းမှာ အစွမ်းကုန် အဆုံးစွန် ဆောင်ရွက်ရမည့်ကိစ္စ ပေါ်ပေါက်လာသောအခါ၊ နွယ်နွယ် အကူညီနိုင်ဆုံး အချက်တစ်ခုမှာ ကိုဘုန်း နောက်ဆံမတင်းအောင် ပြုမူဖို့ပင်ဖြစ်ပါသည်။ ကိုဘုန်းအား အနီးတွင်ထား၍ အားပါးတရ မှာကြားမကန်တော့ခဲ့ရသည့်အတွက် စိတ်မကောင်း သော်လည်း ဤစာကို ကိုဘုန်း ဖတ်ရှုရချိန်၌ နွယ်နွယ်မှာ အစိမ်းမကလေးဘဝသို့ ရောက်ရှိလိမ့်မည်ဟု ထင်ပါသည်။ ကိုဘုန်း အကြံအောင်ပါစေဟု နွယ်နွယ် ဆုတောင်းပါသည်။ ရှိခိုးကန်တော့ခဲ့ပါသည် ကျေးဇူးရှင် ကိုဘုန်း ..."

"တောက် ... ရိုင်းလေတယ် နွယ်နွယ်ရယ်၊ မင်း ဒီလိုမလုပ်ပေမယ့် ကိုဘုန်းမလျှော့ပါဘူး။ ဟင်း ... ဒီလိုလဲ မဟုတ်ဘူးလေ၊ သူ့အသက်ရှိတယ်ဆိုရင်လဲ ငါ့စိတ် ဘယ့်နှယ်ဖြစ်ဦးမယ် မသိဘူး သူငယ်ချင်းရယ်။ မင်းတို့ မသိကြလို့ ဒီလို ဖြစ်တာလား ... ငါ့မယား ငါချစ်တယ်ကွ၊ အို သိပ်ချစ်တယ်။ မင်းတို့ သတ်တာ ပေါ့လေ ..."ဟု သွေးခြောက်ခြားကာ ပြောမိပြောရာ ပြောဆိုလာရာ၊ အလွန်စိတ်ခိုင်၍ သတ္တိကောင်းသော မြစ်မှာ မျက်နှာတွင် သွေးမရှိသကဲ့သို့၊ မောင်ဘုန်းမြင့်အား ပွေ့ဖက်ကာ ..."သူငယ်ချင်း သူငယ်ချင်း သတိထားစမ်းပါ ..."ဟု အတန်တန် ပြောဆိုခိုက်၊ ဗိုလ်မှူး ဇေယျနော်ရထာ ဝင်ရောက်လာကာ မောင်ဘုန်းမြင့်အား တရားဓမ္မပြသ စိတ်ဖြေ၍နေလေသတည်း။

Commercial use of this book will be at your own RISK.

## အခန်း (၁၃)

မောင်ဘုန်းမြင့်ကား သန်းခေါင်ယံအချိန်အထိ နွယ်နွယ်နှင့် ရှေးက ကြင်နာယုယစွာ နေထိုင်ခဲ့ပုံကို တွေးတောလွမ်းဆွတ်ကာ၊ ထိုင်နေရာက ဒေါသစိတ်များ၊ စွန့်စားလိုစိတ်များ၊ ရှေးကထက် တိုးတက်လာလေ၏။ မြန်မြန်သေရခြင်းသည် ချစ်သူနှင့် အခြားဘဝ၌ မြန်မြန်ပေါင်းဖို့ဖြစ်ရမည်ဟု သေမှုကိုပင် အလိုရှိ၍ နေတော့သည်။ မြစံကား တစ်ရေးတမောအိပ်နေပြီးနောက်၊ ငုတ်တုတ်ထိုင်နေသော မောင်ဘုန်းမြင့်အား ပုခုံးကို အသာအယာပုတ်လျက် "ကိုင်း သူငယ်ချင်း ... တွံတေးဘက် သွားကြစို့၊ မင်းမှာ အိပ်လည်းမအိပ်ရသေးဘူး၊ လိုက်နိုင်ပါ့မလား ..." ဟု မေးမြန်းရာ၊ "လိုက်နိုင်ပါတယ်ကွာ၊ ဘာလို့မလိုက်နိုင်ရမှာလဲ ..."ဟု နှစ်ဦးသား ခရီးထွက်ရန် ပြင်ဆင်ကြလေ၏။ မောင်ဘုန်းမြင့်ကား အသိတရားနှင့် စိတ်ကို မနည်းချုပ်ကာ ဗိုလ်ကြီးအား မှာကြားတန်သမျှ မှာကြားပြီးလျှင်၊ တောစပ်သစ်ပင်တွေကြားမှ ဘေးရန်ကို ပမာမထားနိုင်ဘဲ၊ အမှတ်သညာ ထားသော ခရီးဖြင့် မှောင်နှင့်မည်းမည်းတွင် လာခဲ့ကြလေ၏။ တောကောင်များမှာ လူထုအင်အားကောင်း၍ အဝေးသို့ ရှောင်ပြေးကြဟန်တူသော်လည်း၊ ခြေခင်းလက်ခင်း ပိုးမွှားအတွက်မှာမူ လုံရိုးနှင့်ရမ်း စမ်းကာ လာခဲ့ကြခြင်းဖြစ်လေ၏။

၉၇၄-ခု၊ သီတင်းကျွတ်လဆန်း ၂-ရက် ၃-ရက်ညများတွင် ပင်လယ်ဘက်ကောင်းကင်မှ ကြယ်တာရာများသည် မိုးသီးကြွေသကဲ့သို့ ပင်လယ်ထဲသို့ ကြွေကျသဖြင့်၊ သန်လျင်မြို့မှ ပညာရှိများသည် နိမိတ်အမျိုးမျိုး ဖတ်လျက်ရှိကြလေ၏။ လဆန်း ၅-ရက်နေ့၌ကား သိင်္ဂုတ္တရတောင် မြောက်ဘက်တောတွင်းမှ သူပုန်စစ်သားတို့သည် ဒဂုန်မြို့ဘက်သို့ဆင်းလာကာ၊ မြို့စောင့်စစ်သား ၂၀၀-ခန့်နှင့် အချိန်အနည်းငယ်မျှ တိုက်ခိုက်ပြီးနောက် ဒဂုန်မြို့တစ်ခြမ်းကို စီးမိလေ၏။ ထိုနေ့တွင်ပင် တွံတေးဘက်ရှိ သူပုန်စစ်တပ်များမှလည်း မှော်ဝန်းနယ်တစ်ဝိုက်နှင့် တွံတေးနယ်တစ်ဝိုက်၊ လူခွဲ၍ တိုက်ခိုက်သိမ်းပိုက်နေလေ၏။

ပူတကေဘုရင်ခံကား ဒဂုန်မြို့သို့ သူပုန်များ ရှေးဦးစွာ သိမ်းယူပြီဟူသော သတင်းကိုကြားရသဖြင့်၊ သူလျှိုအဖွဲ့က လူများကို စစ်မေးလျက်၊ မကျေနပ်သူများကို အကျဉ်းချထားလေ၏။ စစ်ဘက်သို့လည်း ဒီသူပုန် လောက်ကို ဘာမှုရမလဲဟု စစ်သားတစ်ထောင်၊ မြင်းတစ်ရာ၊ အမြောက် ၅-လက်ဖြင့် လွှတ်လိုက်လေ၏။ ဒဂုန်ရှိ သူပုန်တပ်သားများမှာ ၂၀၀၀-ခန့်ရှိသော်လည်း သေနတ် ၅၀၀-ခန့်သာပါ၍၊ ကျန်လူများမှာ ဓားလှံ၊ ဝါးရင်းတုတ်များကို မှူ၍ကိုင်ကြရလေ၏။

သန်လျင်ဘက်မှ ပူတကေဘုရင်ခံ၏စစ်တပ် ချီတက်လာပြီဟု ကြားသိရလေရာ၊ သူပုန်ဘက်မှလည်း ခံကတုတ်များ ပြင်ဆင်လျက်၊ အသင့်စောင့်စားနေလေ၏။ ခရီး တာငါးရာတွင်း သဘာဝတွင် ချီတက်လာသော သန်လျင်တပ်သားများကို သူပုန်တပ်သားများ မြင်ရပြီဖြစ်လေရာ၊ သေနတ်လုလင်တို့မှာလည်း သေနတ်များကို ယမ်းထိုးလျက် စိတ်တာကွကြွနှင့်ဖြစ်၍နေကြလေ၏။

သန်လျင်တပ်သည် နီးသထက် နီးကပ်လာရာ၊ သူပုန်ဘက်မှ ရှေးဦးစွာ စတင်ပစ်ခတ်လေ၏။ သန်လျင်စစ်တပ်မှလည်း သေနတ်ပြောင်းဝမှ မီးခိုးများ အစဉ်မပြတ်ထွက်စေလျက်၊ အတင်းပစ်ခတ် ချီတက်လာရာ၊ ရှေးဦးချီ တပ်သားငါးဆယ်ခန့် ကျဆုံးလျှင် ရပ်တန့်၍ပစ်ခတ်နေခိုက်၊ ဗိုလ်မှူးဖေယျနော်ရထာမှာ မြင်းတစ်စီးနှင့် စစ်တပ်ဘေးက အပြေးစိုင်းလှည့်လည်ကာ လုပ်လိုက်ကြ၊ ပစ်လိုက်ကြ၊ အားမလျှော့ကြနဲ့၊ ဒါမှ အမေ့သားတွေကွ၊ ယောကျ်ားကွဟု အော်ဟစ်အားပေးလျက်ရှိစဉ်၊ သန်လျင်တပ်သားများမှာ သူပုန်ဘက်သို့ ပစ်ခတ်နေရာမှ၊ နောက်ပြန်၍ ပစ်ခတ်ကြနေသဖြင့်၊ ထူးဆန်းစွာကြည့်ရှုနေကြရာ၊ စစ်သား ၃၀၀-ခန့် "ကျုပ်တို့ဗမာ၊ ကျုပ်တို့ တလိုင်း"ဟု အော်ဟစ်ကာ သူပုန်တပ်ဖက်သို့ ပြေးဝင်ခဲ့ကြလေ၏။ သူပုန်တပ်သား

Commercial use of this book will be at your OWN RISK

များလည်း အားအင်တိုးတက်လာကာ၊ ခံကတုတ်မှ ရှေ့သို့ထွက်၍ လူချင်းလုံးမိအောင် အတင်းချီတက်တိုက်ခိုက်ကြရာ၊ သန်လျင်တပ်သား အမြောက်အမြားကျဆုံး၍ ဆင် ၅–ကောင်၊ မြင်း ၅၀–နှင့်၊ သေနတ် ၃၀၀၊ အမြောက် ၅–လက်စလုံး သူပုန်တပ်သားများက ရရှိလိုက်လေ၏။

သူပုန်တပ်သားများလည်း တစ်ချီနိုင်လိုက်ပြီဖြစ်၍ အားအင်တိုးတက်၍နေကြလေ၏။ လက်နက်ဆိုရာမှာလည်း အထူးရှာဖို့မလို၊ စစ်နိုင်အောင်တိုက်နိုင်လျှင် ရန်သူ၏လက်နက်များကို မိမိတို့ရရှိကြရာ၊ လက်နက်အတွက် စိတ်ပူသော စစ်သားများပင် အားတက်လျက်နေကြလေ၏။

တွံတေးတောကြီးတပ်မှလည်း မှော်ဝန်းနယ်၊ တွံတေးနယ်တစ်လျှောက်ကို သိမ်းပိုက်နေရာ၊ အထူးအောင်မြင်လျက်ရှိသဖြင့်၊ သူပုန် တစ်တပ်နှင့်တစ်တပ် သတင်းပို့ကာ အထူးဝမ်းသာကြလေ၏။ ယခုအခါ၌ ပူတကေဘုရင်ခံသည် တွံတေးဘက်မှ စစ်တပ်က သာလွန် အားကြီးကြောင်း သိရှိရသဖြင့်၊ မင်းထင်လက်ျာအား ဗိုလ်ချုပ်၊ ပူတကေစစ်ဗိုလ်တစ်ဦးအား စစ်ကဲခန့်ကာ တိုက်ဆင် ၅၀၊ မြင်း ၅၀၀၊ စစ်သား ၃၀၀၀ နှင့် မှော်ဝန်းနယ်သို့ ချီတက်စေလေ၏။

မှော်ဝန်းနယ်နှင့် တွံတေးနယ်ဘက်က နောက်ထပ်ပို့သော တပ်သားများရောက်လာရာ၊ သူပုန်တပ်သား ၅၀၀၀–မျှ ရှိလေ၏။ အမြောက် ၁၀–လက်၊ သေနတ် ၁၀၀၀၊ မြင်း ၂၀၀–ခန့်သာရှိလေ၏။ ကျန်လူများမှာ ဓားလှံ၊ ဝါးရင်းတုတ်သာ ရှိကြရာ၊ အချို့မှာ ဓားမများကို ထက်အောင်သွေး၍ ကိုင်ကြရလေ၏။ ထိုအချိန်၌ အတိအလင်း ပုန်ကန်ပြီဖြစ်၍ တွံတေးသူပုန်တပ်တွင် "လက်ဝဲစည်သူ ကြီးကြပ်သည်"ဟူသော သတင်းကို သန်လျင်သို့ သူလျှိုများဖြင့် ပူတကေဘုရင်ခံ၏ နားသို့ ပေါက်စေလေ၏။

သူပုန်တပ်သားများကား မင်းထင်လက်ျာ စစ်သား ၃၀၀၀–နှင့် ချီတက်လာပြီဟု ကြားရသဖြင့်၊ ဒဂုံနယ်ကဲ့သို့ပင် တူးမြောင်း၊ ခံကတုတ် စသည်တို့ကို အသင့်ပြင်ထားကြလေ၏။ စစ်တပ်နှစ်တပ်တို့သည် တာငါးရာခန့်အကွာတွင် ရင်ဆိုင်တွေ့ကြရာ၊ တစ်ဖက်နှင့်တစ်ဖက် သေနတ်သံ တဒိုင်းဒိုင်းမြည်အောင် ပစ်ခတ်နေကြလေ၏။ သူပုန်တပ်ဘက်မှ ခံကတုတ်ရှိသဖြင့် မြေပြန့်တွင် မားမားမတ်မတ်နေကြသော သန်လျင်ဘက်မှ တပ်သားများမှာ တစ်ယောက်ပြီးတစ်ယောက် လဲပြိုကျဆုံးသဖြင့်၊ လူ ၁၀၀–ခန့် တုံးလုံးပက်လက်ဖြစ်၍နေကြလေ၏။

မင်းထင်လက်ျာမှာ စစ်ပရိယာယ်ကို နားလည်သဖြင့်၊ ရှေ့က စစ်သားများ ဟန်ရေးပြကာ ပစ်ခတ်နေကြခိုက်၊ နောက်က ခံကတုတ်လုပ်လျက် မြေစာများကို တောင်ပို့သဖွယ်ဖြစ်စေလေ၏။ တစ်ဖန် စစ်သားအားလုံး ကတုတ်မှ ကွယ်ကြလျက် တစ်ဖက်နှင့်တစ်ဖက် ပစ်ခတ်နေပြန်ကြရာ၊ ရှေ့က စစ်တပ်များကို ကျော်လျက် အမြောက်များဖြင့် ပစ်ခတ်လျက်ရှိလေ၏။ သူပုန်တပ်ဘက်မှလည်း အမြောက် ၁၀–လက်ခန့် ပါသေးလေရာ၊ သူပုန်တပ်ဘက်မှ အမြောက်သံ ကြားရသောအခါ သန်လျင်တပ်သားများ အံ့အားသင့်နေကြလေ၏။ သူပုန်များမှာ စိုင်ရေ၊ ပြောင်ရေ၊ ကျွဲရေများကို လိပ်လျက် စိန်ပြုလုပ်၍ ဝက်ခွများတွင် တပ်ကာ တဒိုင်းဒိုင်း ပစ်ခတ်ပြန်သောအခါ၊ သန်လျင်တပ်သားတို့မှာ အတော်ပင် ကျဆုံးလျက်ရှိလေ၏။

အချိန်အတော်ကြာ တစ်ဖက်နှင့်တစ်ဖက် အဝေးက ပစ်ခတ်နေကြရာ၊ သန်လျင်တပ်မှ "ဟယ် လက်ဝဲစည်သူဘွဲ့ခံ ရဲခေါင်၊ ဘောက်မဲ့ လူတွေကို သေစေသလဲ ... နင်သတ္တိရှိရင် မင်းထင်လက်ျာနှင့် ဆင်စီးချင်းတိုက်ရန် ထွက်လော့"ဟု အော်ဟစ်လေရာ၊ သူပုန်တပ်ဘက်မှလည်း "နင်တို့သာ ယောကျ်ားလော၊

Commercial use of this book will be at your OWN RISK

ငါတို့ဗိုလ်ကြီးသည် ယခုပင် ထွက်လတ္တံ့ဟု အော်လေ၏။ ထိုနောက် နှစ်ဖက်စကား ကမ်းလှမ်းလျက်၊ တစ်ဖက်လျှင် သေနတ်လုလင် ၁၀၀-စီ ရံ၍ ဆင်စီးချင်းတိုက်ရန် ပြင်ဆင်ကြလေ၏။

မင်းထင်လက်ျာကား တောင်ငူဘုရင်စီးတော်မူသော ဆင်ကိုစီးရသဖြင့် တအားတက်၍ နေလေရာ၊ လက်ဝဲစည်သူကား စစ်ရည်ဝသော်လည်း သာမညဖြစ်သော ဆင်တစ်စီးကိုသာ ရွေးချယ်၍ စီးရရှာလေ၏။ နှစ်ဖက်စစ်တပ်များအကြား မြေပြန့်တွင် ထွက်၍လာကြရာ၊ စစ်တပ်သားများမှာ ပွဲကြည့်ပမာ ကြည့်ရှု၍ နေကြလေ၏။ မင်းထင်လက်ျာက "အမောင်တို့ သေနတ်လုလင်များ ကတိတည်ပါစေ"ဟု ပြောလျက်၊ ဆင်ကို ချွန်းဖွင့်၍ လက်ဝဲစည်သူ၏ ဆင်ရှိရာသို့ အတင်းပြေး၍ လာလေရာ၊ လက်ဝဲစည်သူ၏ ဆင်လည်း ချွန်းချက်ကြောင့် အပြင်းပြန်၍ ဝေ့ကြသောအခါ မင်းထင်လက်ျာ၏ ဆင်သည် လက်ဝဲစည်သူ၏ ဆင်အား စွယ်လုံးကျွံလျက် ရှေ့သို့ငိုက်အကျ၊ မင်းထင်လက်ျာသည် လက်ဝဲစည်သူအား လှံနှင့်ထိုးလေ၏။

လက်ဝဲစည်သူလည်း ၎င်း၏ အဲမောင်းလှံရိုးဖြင့် ရိုက်ဖယ်ပြီးနောက်၊ မင်းထင်လက်ျာအား လှံရှင်ဖြင့် ပစ်လိုက်ရာ ရင်ဝကို စိုက်လျက် ဆင်ပေါ်က ကျမည်ရှိစဉ် လျင်မြန်စွာ ခုန်တက်၍၊ ခေါင်းကိုဖြတ်ယူလေ၏။ ထိုအခိုက် မင်းထင်လက်ျာ၏ ကုန်းလည်စီးသည် လက်ဝဲစည်သူအား လှံနှင့်ထိုးမည်ဟု အမြှောက်လိုက်၊ လက်ဝဲစည်သူ၏ ကုန်းလည်စီး မြစံသည် ၎င်း၏လှံရှင်ဖြင့် လှမ်း၍ပစ်လိုက်သောကြောင့်၊ ကုန်းလည်စီး ကျွမ်းပြန်ကျလေ၏။ သေနတ်လုလင်တို့လည်း စိတ်ရိုးတိုးရှုတဖြစ်လျက် သန်လျင်တပ်မှ စတင်ပစ်ခတ်ရာ၊ သူပုန်ဘက်မှလည်း ပြန်လှန်ပစ်ခတ်ပြန်လေ၏။

ကြည့်၍နေသော စစ်တပ်များလည်း ခံကတုတ်ကိုကျော်၍ ရှေ့သို့တိုးတက်ပစ်ခတ်ရာ၊ ခရီးနှစ်တိုင်ခန့် ကွေ့လျက် သန်လျင်တပ်နောက် အလစ်တိုက်ရန်၊ အမှတ်မဲ့ ချီတက်သွားသော မောင်ဘုန်းမြင့်နှင့် ရဲဘော်တို့၏ မြင်းတပ်သား ၂၀၀-တို့သည် ရှေ့သို့မဲနေသော သန်လျင်တပ်အား ညာသံပေး၍တိုက်ခိုက်ကြရာ၊ ၎င်းတို့မှာ ဗိုလ်ချုပ်လည်း ကျဆုံးနေဆဲ၊ နှစ်ဖက်ညှပ်ဖြစ်နေသဖြင့်၊ နောက်ပြန်တိုက်သူတို့ကတိုက် ရှေ့သို့တိုးသူကတိုးနှင့် နေကြစဉ်၊ သူပုန်တပ်သားများမှာ တက်ကြွသောစိတ်ဖြင့် ထိုးခုတ်ရိုက်နှက် လူချင်းပူးကာ တိုက်ခိုက်ကြလေရာ၊ သန်လျင်တပ်သားများ ဖရိုဖရဲဖြစ်လျက် ရှုံးမိသမျှလူများနှင့် အပြင်းဆုတ်ခွာကြရလေ၏။

သူပုန်များမှာ စစ်နိုင်လိုက်သဖြင့် အထူးစိတ်အားတက်ကြွ၍နေလေ၏။ သန်လျင်တပ်မှ သေနတ်၊ အမြောက်၊ လက်နက်တို့လည်း ၎င်းတို့အား လက်နက်ဖြည့်သကဲ့သို့ ဖြစ်၍နေလေ၏။ ပူတကေဘုရင်ခံကား မိမိ တပ်သားများ ရှုံးရသည်ကို မကျေမချမ်းဖြစ်လျက် ဗိုလ်မှူး စစ်ကဲများကို ကြိမ်းဝါးပြီးလျှင် နောက်ထပ် နှိမ်နင်းရန် ဆင် ၁၀၀၊ မြင်း ၂၀၀၀၊ စစ်သားတစ်သောင်းနှင့် ချီတက်စေလေ၏။ ထိုအကြိမ်၌ကား စစ်သည် လူအား လက်နက်အားမှာ မယှဉ်နိုင်အောင် ကွာခြား၍နေလေ၏။

မောင်ဘုန်းမြင့်တို့လည်း သန်လျင်ဘက်မှ စစ်သည်အင်အား မြောက်မြားစွာနှင့် ချီတက်လာမည်ကို ကြားရသဖြင့်၊ ဒဂုန်တပ်ကို မိမိတို့တပ်နှင့်ပေါင်း၍ ခုခံရန် မှာကြားလိုက်လေသည်။ သန်လျင်တပ်သားတို့၏ မောင်းသံ၊ စည်သံ၊ ကုလားဖြူတို့၏ သံစည်ပြတ် တီးသံတို့မှာ ခရီးဝေးစွာကပင် ကြားနိုင်လေ၏။ သူပုန် တပ်သားတို့ဘက်မှလည်း စည်မောင်းတီးလျက် ကြွေးကြော်၍နေနိုင်ကြလေ၏။

စစ်မျက်နှာ နှစ်ဖက်ဆိုင်မိသောအခါ၊ တစ်ဖက်နှင့်တစ်ဖက် အမြောက်သံ၊ သေနတ်သံ တဒိုင်းဒိုင်းနှင့် ပစ်ခတ်တိုက်ခိုက်လျက်ရှိကြလေ၏။ သန်လျင်ဘက်မှ လူစေ့ လက်နက်ကိုင်နိုင်သဖြင့်၊ သူပုန်များမှာ အကျ အဆုံး များခဲ့လေ၏။ စစ်ရိပ်စစ်ခြေနားလည်သော လက်ဝဲစည်သူကား စစ်ကို အခြေမပျက်ထိန်းလျက်

Commercial use of this book will be at your OWN RISK.

ဆုတ်မှန်းမသိ ဆုတ်စေရာ၊ သန်လျင်တပ်သားများမှာ ရှေ့သို့ အပြင်းချီတက် တိုက်ခိုက်၍နေလေ၏။ စစ်မှာ နံနက်မိုးသောက်မှ တိုက်ခိုက်လေရာ၊ ဆွမ်းခံပြန်သာသာအချိန်တွင် သူပုန်တပ်သားများ ဆုတ်ခွာရခြင်း ဖြစ်လေ၏။ အစဉ်မပျက် ဆုတ်ခွာနေကြသော သူပုန်တပ်ဘက်သို့ သန်လျင်ဘက်မှလည်း အခြေမပျက်ဖိခဲ့ရာ၊ ညနေစောင်းတွင် တွံတေးတောကြီးအတွင်းသို့ ဝင်မိကြရာ၊ သန်လျင်တပ်သားများမှာ တောဝမှ ပိတ်ဆို့၍ ဝိုင်းရံထားကြလေ၏။ တောတွင်းသို့ဝင်ရန်လည်း အမြောက်၊ စိန်ပြောင်း ဆို့ပိတ်ပစ်ခတ်သဖြင့် မဝင်ဝံ့ကြဘဲ ဘေးက ရိက္ခာ အသွင်းကိုသာ စောင့်၍ သိမ်းယူလျက်ရှိကြလေ၏။

ဒဂုန်ဘက်တွင် တစ်ထောင်ခန့် ကျန်ရစ်သော သူပုန်စစ်သားများအားလည်း အခြားသန်လျင်တပ် တစ်တပ်က လိုက်လံတိုက်ခိုက်လျက်ရှိရာ၊ သူပုန်တပ်မှာ တောကြီးကိုဖြတ်လျက် ကျိုက္ကလို့တောကြီးသို့ ဆုတ်ခွာ ကြရလေ၏။ တွံတေးတောကြီး သူပုန်တပ်သားများကား စုဆောင်းသိုလှောင်ထားသော ဆန်စပါး များဖြင့် ခုခံနိုင်သမျှ ခုခံနေကြရာ၊ ၎င်းတို့ ကံဆိုးပုံကား မြေကြွက်မြောက်မြားစွာတို့သည် မြေပေါ်တွင် စုပုံထားသော ဆန်စပါးများကို ကိုက်ဖျက်စားသောက်ကြသောကြောင့်တစ်ကြောင်း၊ မိုးရေများကြောင့် တစ်ကြောင်း တစ်ဝက်ကျော်ကျော် ပျက်စီးခဲ့လေ၏။ သို့ရာတွင် ဗိုလ်လုပ်သူများသည် ငယ်သားများ အားမလျော့စေရန် လှုံ့ဆော်၍ပင် နေကြလေ၏။

လက်ဝဲစည်သူကား အမြော်အမြင်ကြီးသူ ဖြစ်သည့်အတိုင်း သူပုန်တပ်သားများ ရိက္ခာမပြတ်ခင်၊ အဝနေပြည်တော်သို့ ပို့ဆောင်ရန် ကြံဆောင်စိတ်ကူးလေ၏။ တွံတေးတောဝ သစ်တပ်ပေါက်မှ အမြောက် စိန်ပြောင်း မစဲပစ်ခတ် ခုခံနေရာ၊ သန်လျင်တပ်သားများမှာ သူပုန်များ လက်နက်မချသမျှ ဆုတ်ခွာပုံမရသဖြင့် ၎င်းတို့ ၅–ရက်ခန့် စစ်ညောင်း၍ အိပ်ရေးပျက်အောင်လုပ်ပြီးမှ သန်းခေါင်ကျော်တွင် ဖောက်ထွက်မည်ဟု စိတ်ကူးရသောအခါ၊ ၎င်း၏တပ်သားများကို အလှည့်ကျ အိပ်ရေးဝအောင် အိပ်စေလျက်၊ သတ္တိကောင်းသူ ၁၀–ဦး ၁၅–ဦးကို အပြင်ဘက် သန်လျင်တပ်သို့ဝင်ရောက်ပြီး၊ ညဥ့်အချိန်တွင် ထိုးခုတ်စေလေ၏။ သန်လျင် တပ်သားများကား မည်သူမျှမအိပ်ရဘဲ၊ တလန့်တည်းလန့်ကာ ဝိုင်းရံထားလေရာ ၅–ရက်မြောက် ညဥ့် သူပုန် တပ်သားအားလုံး တပ်ခေါက်၍ ထွက်ကြလေ၏။ သန်လျင်တပ်သားများလည်း ရုတ်ချည်းဖြစ်၍ အမ်းနေကြရာ ခရီးတာငါးရာတွင်းခန့်ကျမှ လူစုရုံးပြင်ဆင်လျက် နောက်ကလိုက်ကြလေ၏။

သီတင်းကျွတ်လဆုတ် ၈–ရက်လကလေးသည် စစ်သားတို့တိုက်ခိုက်သည်ကို ကြည့်ရှုချင်သကဲ့သို့ မည်းမည်းလှုပ်လှုပ်ရွရွ မြင်ရအောင် အရောင်ထိုးလျက်ရှိလေရာ၊ နှစ်ဖက်မှ သေနတ် အမြောက် မီးခိုးများ ကောင်းကင်နှံ့အောင် ထွက်ပေါ်လျက် ဆူညံ၍နေလေ၏။ သူပုန်တပ်မှာ အခြေမပျက်ခုခံရင်း ဆုတ်ခွာသွား လေရာ၊ မောင်ဘုန်းမြင့်၊ လက်ဝဲစည်သူ၊ မြစံနှင့် ရဲဘော်တို့သည် မြင်းတစ်စီးစီနှင့် ကွပ်ကဲ၍ လိုက်ပါကြ လေ၏။

ဝေလီဝေလင်းအချိန်သို့ရောက်သောအခါ လက်ဝဲစည်သူသည် နောက်ပိုင်းသို့လှည့်၍ နှိုးဆော်ခိုက် သေနတ်ကျည် ပေါင်တွင်မှန်၍ မြင်းပေါ်က ကျလေ၏။ မောင်ဘုန်းမြင့်လည်း ဖခင် မြင်းပေါ်ကကျသဖြင့် ပွေ့ယူကာ မြင်းပေါ်တွင် တင်မည်အလုပ်၊ မြစံနှင့် ရဲဘော်တို့လည်း ကူညီရန်လာရောက်ကြလေ၏။

ထိုအတွင်း သန်လျင်စစ်သားတို့သည် အပြင်းချီတက်လာကာ ဗိုလ် ၄–ဦးအား ဝိုင်းမိလေ၏။ သူပုန် တပ်သားများကား ကျန်လူများ ကွပ်ကဲလျက် မြောက်ဘက်သို့ အပြင်းဆုတ်ပြေးကြရာ၊ အချို့ ဖရိုဖရဲဖြစ်၍ နေကြလေ၏။ လက်ဝဲစည်သူအား ငဲ့ကွက်သည့်အတွက် အရေးအကြီးဆုံး လူငယ် ၃–ဦးကို သန်လျင် တပ်သားများ ဝိုင်းမိထားလေရာ၊ လူအင်အားမမျှ အကြောင်းမထူးသဖြင့် လက်နက်ချ၍ အဖမ်းခံကြရလေ၏။

Commercial use of this book will be at your OWN RISK.

သန်လျင်စစ်တပ်သည် သူပုန်တို့အား လိုက်နိုင်သလောက်လိုက်ကာ သုံ့ဖမ်းပြီးလျှင် သန်လျင်ဘက်သို့ ခေါင်းဆောင် ၄–ဦးကို ဖမ်းဆောင်ကာ ဆုတ်ခွာခဲ့လေ၏။

မွန်းယိမ်းအချိန်ခန့်တွင် သန်လျင်တပ် ပြန်လည် ရောက်ရှိလာရာ၊ သန်လျင်မှ လူငယ် ၃–ဦးနှင့်တကွ လက်ဝဲစည်သူကိုပါ ဖမ်းမိလာကြောင်းကို ကြားသိကြသောအခါ၊ တစ်မြို့လုံး အတွင်းကြိတ် ငိုကြွေးလျက် လွတ်ထွက်ပြေးနိုင်ပါစေ၊ အသက်မသေပါစေနှင့်ဟု ဆုတောင်း ကြလေ၏။

ပူတာကေဘုရင်ခံ၏ ရာဇဝတ်ရုံးနှင့် စစ်ရုံးများမှာကား သူပုန်များအတွက် စစ်ဆေးစီရင်မှု အလုပ်ရှုပ်၍ နေကြလေ၏။ ပူတာကေဘုရင်ခံမှာ မွန်မြန်မာတိုင်းရင်းသားတို့အား တာရှည်စွာအုပ်ချုပ်သွားမည်ဟု စိတ်ကူးရာ၊ သာမညသူပုန်များအတွက် အရေးမကြီး၊ ခေါင်းဆောင်များအတွက် သူပုန်မျိုးစေ့ မကျန်ရစ်ရန် စစ်ဆေးလို သဖြင့်၊ နာမည်ကြီး အမိန့်တော်ရတစ်ယောက်အား နှုးနှပ်စေလေ၏။ အမိန့်တော်ရမင်းမှာ ထောင်တွင်းသို့ ဝင်လျက် … "မိမိသည် မျိုးချစ်တစ်ဦးဖြစ်ကြောင်း၊ မောင်ဘုန်းမြင့်တို့သည် အမှုစစ်ဆေးသောအခါ၊ လူငယ် ဖြစ်၍ တစ်ကြိမ်တစ်ခါ မှားမိကြောင်း၊ ပုန်ကန်ခြင်းသည် အောင်နိုင်ဖွယ်မဟုတ်၍ နောင်တရကြောင်းကို ထွက်ဆိုပါ၊ အပြစ်ပေါ့လျော့အောင် မိမိကြံဆောင်ပါမည် …"ဟု ပြောဆိုလေ၏။

မောင်ဘုန်းမြင့်ကား … "သွား မျိုးဖျက်ကြီး ဘာလာနှုးတာလဲ၊ ဘာလို့ပြောရမှာလဲ"ဟု အော်ငေါက် လေရာ၊ လက်ဝဲစည်သူက … "အမိန့်တော်ရမင်း စဉ်းစားပါရစေ၊ နက်ဖြန် အကြောင်းပြန်ပါ့မယ်"ဟု ပြောဆို သဖြင့် "စဉ်းစားကြပါ၊ ကျွန်တော်ဟာ ခင်ဗျားတို့ အကျိုးဆောင်ပါ …"ဟု ဆို၍ထွက်ခွာသွားလေ၏။

"မဟုတ်ဘူး လူကလေးရဲ့၊ ဟိုကျတော့ ကိုယ်ထွက်ချင်တာ ထွက်ကြတာပေါ့၊ ခုနေက သူတို့လိုရာ မထွက်ဘူးဆိုရင် အမှုတံခါးပိတ် သေနတ်နဲ့ပစ်သတ်မှာပဲ၊ သူတို့လိုရာ ထွက်မယ်ဆိုရင် ပရိသတ်ရှေ့ စစ်မှာပဲ၊ အဲဒါကြောင့် နောက်တစ်ခါ လာမေးရင် သူတို့လိုရာ ထွက်စေချင်တဲ့အတိုင်း ထွက်မယ်လို့ပြော၊ ယုတ္တိ တန်အောင် တစ်ဆိတ်သက်သာအောင် ကြံဆောင်ပေးပါလို့လဲ တောင်းပန်လိုက်ဦး …"ဟု ပြောစဉ်၊ ပေါင်က အနာ နာလှသဖြင့် လက်ဝဲစည်သူမှာ အံကြိတ်၍ လက်နှင့်ဖေးမနေရရှာလေ၏။

လက်ဝဲစည်သူ၏ သေနတ်မှန်သောအနာကား ပေါင်ကို လက်တစ်လုံးခန့်နက်အောင် ရှပ်၍မှန်ခဲ့ရာ၊ အနာကျက်ဆေးများထည့်သဖြင့် ၅–ရက်ခန့်အကြာတွင်၊ ထော့နဲ့ထော့နဲ့ဖြင့် လျှောက်နိုင်လေ၏။ ၄င်းတို့အား အကျဉ်းထောင်တွင် ချ၍ထားလေရာ၊ အမိန့်တော်ရမင်းမှအပ အပြင်လူ မည်သူမျှ ဝင်ခွင့်မပြုချေ။

ရှင်မြတ်လှကား လင်နှင့်သားကို ပူတာကေတို့ ဖမ်းဆီးထောင်သွင်းထားသည်ဟု ကြားကတည်းက၊ မအိပ်နိုင် မစားနိုင်ဖြစ်ကာ မျက်ရည်နှင့်မျက်ခွက်ဖြစ်၍နေလေ၏။ ထောင်တွင်းသို့ဝင်၍ တွေ့ဆုံရန်ခွင့်မရသော အခါ သာ၍ ပူဆွေးရှာလေ၏။

၉၇၄–ခု သီတင်းကျွတ်လပြည့်ကျော် ၁၄–ရက်နေ့၌ သူပုန်ခေါင်းဆောင် ၄–ဦးအား တရားစီရင်မည့် နေ့ဖြစ်လေ၏။

ပူတာကေဘုရင်ခံကိုယ်တိုင် ရုံးထိုင်စစ်ဆေးမည်ဖြစ်ရာ၊ မြို့သူမြို့သားတို့မှာ ပြည့်ညပ်အောင် စည်ကား နေလေ၏။ စစ်တပ်သားတို့မှာလည်း ရုံးကို ဝိုင်း၍ထားလျက်၊ ပရိသတ်အကြားတွင်လည်း သူလျှိုများ လွှတ်၍ ထားလေ၏။

Commercial use of this book will be at your own RISK.

သူပုန် ၄–ယောက်အား အကျဉ်းထောင်မှထုတ်ယူ၍ စစ်တန်းပေါ်သို့ တင်လိုက်သောအခါ၊ ပရိသတ်တို့သည် လှုပ်လှုပ်ရွရွဖြစ်၍နေကြလေ၏။ ဘုရင်ခံကား ခံ့ညားသော ဣန္ဒြေဖြင့် …

“မောင်ဘုန်းမြင့်၊ မောင်မင်းသည် ပူတာကေအစိုးရကို လူသူလက်နက်နှင့် ပုန်ကန်တယ်လို့ အပြစ်ပေးရန် ဖမ်းဆီးထားခြင်းဖြစ်တယ်၊ ဘာပြောလိုသေးလဲ …”ဟု စတင်မေးမြန်းလေ၏။ အမိန့်တော်ရမင်း၏ စကားအရ လိုရာထွက်လိမ့်မည်ဟုလည်း ယုံစားလေ၏။ မောင်ဘုန်းမြင့်ကား ဣန္ဒြေရရ၊ တည်ကြည်ရဲရင့်သော မျက်နှာနှင့် အသံဥက္ကဋ္ဌခေါ် နက်ကျယ်သော အသံဝါကြီးဖြင့် …

“ကျွန်တော်တို့နိုင်ငံကို ပူတာကေလူမျိုး တိုက်သိမ်းခြင်းမှာ မတရားဘူး။ လူမျိုးမတူသော လူမျိုးကို လက်နက်အားကိုး အုပ်စိုးခြင်းမှာ မင်းဓားပြဖြစ်တယ်။ ပူတာကေလူမျိုးခြား အုပ်စိုး၍ အမျိုးဘာသာ၊ သာသနာ၊ ဆုတ်ယုတ်ပျက်စီးခဲ့တယ်။ တိုင်းပြည် သာလာယံဇရပ် ဖြစ်နေတယ်။ အခွန်အတုပ်ကို ဆင်းရဲသားများ ဘယ်လောက်မျှ မပေးနိုင်လို့ ဆင်းရဲနေသော်လည်း အတင်းတောင်းယူတယ်။ ဒီလို အစုစု မတရားချက်တွေကြောင့် ကျွန်တော်တို့ ပုန်ကန်တယ်။ ကျွန်တော်ဟာ ခေါင်းဆောင်သူပုန်ကြီးပဲ။ ခင်ဗျားတို့ကို မနိုင်ဘူးဆိုတာ အစကတည်းက သိတယ်။ သို့သော် ကျွန်တော်တို့လူမျိုးဟာ လူမျိုးခြားအောက် ခေါင်းငုံ့ခံနေတတ်သော လူမျိုးမဟုတ်၊ မကြာခဏ ပုန်ကန်တတ်တဲ့ လူမျိုးဆိုတာ နောင်လာနောက်သား အမှတ်ရဖို့ မျိုးစေ့ချခဲ့ခြင်း ဖြစ်တယ်။ စပိန်လူမျိုး၊ ဒတ်ချ်လူမျိုးတို့ ပြောပြချက်အတိုင်းဆိုရင် လူမျိုးတမျိုးနဲ့ တစ်မျိုး မတူသူကို ပုန်ကန်ရင်၊ ပုန်ကန်ခြင်းခံရတဲ့ အစိုးရဟာ မစီရင်ပိုင်ဘူးလို့ဆိုတယ်။ ထို့ကြောင့် ခင်ဗျားတို့သတ်လိုကသတ်၊ ဘယ်သူမှ အစစ်ခံမှာမဟုတ် …”ဟု ပြောဆိုလိုက်ရာ ပရိသတ်တို့မှာ ငေးစိုက်လျက် ပူတာကေဘုရင်မှာ မျက်နှာညိုးသွားလေ၏။

အမှုကို စစ်ရုံသဘောမျိုးစစ်ဆေး၍ ချက်ချင်း အမိန့်ချမည်ဖြစ်ရာ၊ ပရိသတ်တို့မှာ ပူတာကေဘုရင်ခံ၏ မိန့်ခွန်းကို စောင့်စား၍နေကြလေ၏။ ပူတာကေဘုရင်ခံလည်း တိုင်းရင်းသားများ ယဉ်ကျေးအောင် အုပ်စိုးပေးကြောင်း၊ တိုင်းပြည် ငြိမ်ဝပ်ပိပြားလျှင် အစဉ်အုပ်စိုးရန် ပူတာကေတို့စိတ်တွင်မရှိကြောင်း၊ ယခု လူငယ်များ ပြုလုပ်ပုံမှာ ရမ်းကားလွန်းသည့်အတွက် ညှာတာလိုသော်လည်း မညှာတာနိုင်တော့ကြောင်း၊ သို့ဖြစ်၍ ဘုန်းမြင့်၊ မြစံ၊ ရဲဘော်နှင့် လက်ဝဲစည်သူဘွဲ့ခံ ရဲခေါင်တို့အား ယနေ့ညနေ သေနတ်နှင့်ပစ်သတ်စေဟု အမိန့်ချလိုက်ရာ၊ ပရိသတ်တို့အထဲမှ “ဟင် …”ကနဲ မြည်သံများကို ကြားကြရလေ၏။

မောင်ဘုန်းမြင့်တို့အား ကြည်ညိုကြသော တိုင်းသူပြည်သားတို့သည် ထိုနေ့အဖို့ နေမင်းကို ဆွဲ၍ထားလိုကြ၏။ သို့ရာတွင် နေမင်းမှာ သွားမြဲဝတ္တရားအတိုင်း အနောက်ဖက်ကောင်းကင် ထန်းတစ်ဖျားခန့်တွင် ရောက်၍နေလေ၏။

သန်လျင်မြို့ သူသတ်ကုန်းတွင်ကား စစ်တပ်ဝိုင်းရံလျက် သူပုန် ၄–ဦးကို အုတ်နံရံတွင် စီတန်းကာ မတ်တတ်ရပ်၍ထားလေ၏။ ၎င်းတို့တွင် ခြေကျင်းမရှိ၊ လက်များကိုသာ နောက်ပြန်တုပ်ထားလျက်၊ ရဲဘော်၊ မြစံ၊ ဘုန်းမြင့်၊ ရဲခေါင် အစဉ်အတိုင်း ရပ်ထားလေ၏။

ပရိသတ်တို့လည်း အထူးစည်ကားလျက်၊ အချို့မှာ ငို၍နေကြလေ၏။ ထိုလူစုထဲမှ “အို ကိုရဲခေါင်ရဲ့၊ ကိုယ့်သားတစ်သက် ကွဲကွာနေပြီး သေခါနီးမှ မြင်ရပါလား …”ဟု ငိုကြွေးလိုက်သော ရှင်မြတ်လှ၏အသံကို ကြားရရာ၊ ပရိသတ်များမှာ စုတ်တသပ်သပ်နှင့် ရှိကြလေ၏။ ရှင်မြတ်လှကား မယ်ပဋ္ဌာ မြေလူးခန်းကဲ့သို့

Commercial use of this book will be at your OWN RISK

ဖြစ်ရာ ... "ဘုန်းမြင့် လူကလေးရဲ့၊ အမေ့အသည်း ဆွဲထုတ်တာလား၊ အမယ်လေး ... ရှင်တို့ ကျွန်မသားကို သေခါနီး မနမ်းရဘူးလား"ဟု ပြေးဝင်သွားရာ၊ မိန်းမကြီးအချို့သည် ဝိုင်း၍ ဆွဲထားကြလေ၏။

မောင်ဘုန်းမြင့်ကား တည်ကြည်သောမျက်နှာဖြင့် "ယခု ကျွန်တော်တို့ အသေခံတာကို သတိထားကြပါ၊ လူမျိုးခြား ကျွန်ဖြစ်တဲ့ လူမျိုးမှန်သမျှ လည်ချောင်းသွေးမလှန်ဝံ့ဘဲ၊ ဘယ်တော့မှ ကိုယ့်ရည်ရွယ်ချက် ..."

ထိုအခိုက် မျက်နှာဖြူစစ်ဗိုလ်တစ်ယောက်သည် စကားမပြောရန် ပိတ်ပင်လိုက်လေ၏။ နေစွယ်လည်း ကျပြီဖြစ်၍၊ သေနတ်ကိုင်စစ်သား ၄–ဦးသည် ဝါးတစ်ရိုက်ခန့်အကွာ ရှေ့တူရူမှ ချိန်ရွယ်နေရာ၊ ရှေးဦးစွာ ရဲဘော်ကို ပစ်လိုက်ရာ၊ ရဲဘော်မှာ ဒိုင်းကနဲ အသံကြားပြီးနောက် လဲကျသွားလေ၏။ တစ်ဖန် မြစ်အား ပစ်လိုက်ရာ၊ မြစ်လည်း ရင်ဝသွေးအိုင်လျက် လဲကျသေဆုံးရှာလေ၏။

ထိုအခိုက် ...

"ကျုပ်မကြည့်ရက်ပါဘူး အရပ်ကတို့၊ ဒီလိုနေကြတော့မှာလား ..."ဟု အော်ဟစ်လဲကျကာ မြေမေ့နေသော ရှင်မြတ်လှကို မိန်းမအချို့ ပွေ့ယူနှိပ်နယ်နေစဉ်၊ ပရိသတ်တို့သည် လှုပ်လှုပ်ရွရွဖြစ်ကာ ဘုန်းမြင့်နှင့် ရဲခေါင်ရှိရာသို့ ပြေးသွားမည်လုပ်ကြရာ၊ စစ်သားများလည်း သေနတ်နှင့် ပစ်ခတ်ဖယ်ရှားနေလေ၏။ လူများ အင်အားကောင်းလှသဖြင့် အသေခံလုကြရာ၊ တစ်နာရီခန့်ကြာအောင် ရှုပ်ရှုပ်ထွေးထွေး ဖြစ်ပျက်နေစဉ် မှောင်မိုက်၍လာသဖြင့်၊ သူပုန်နှစ်ယောက်မှာ လူထုထဲမှ ပျောက်ကွယ်သွားလေ၏။ စစ်သားများလည်း လူထုကို ခွဲလျက် တစ်မြို့လုံး လိုက်လံရှာဖွေသော်လည်း သူပုန်နှစ်ဦးကို အစအနမျှ မတွေ့ရဘဲ ဖြစ်နေလေ၏။

နောက် ၃–ရက်ခန့်အကြာတွင်ကား မဟာဓမ္မရာဇာ ဘုရင်မင်းမြတ်သည် သန်လျင်မြို့ကို ဝိုင်းရံလျက် ဖိဖိစီးစီး တိုက်ခိုက်နေတော့ရာ၊ သန်လျင်စစ်သားများလည်း သူပုန်တို့ကို မရှာအားတော့ဘဲ၊ သန်လျင်မြို့ရိုးပေါ်မှ အပြင်းခုခံ၍နေကြရလေ၏။

အဝဘုရင်မင်းမြတ်၏ စစ်သားတို့သည် မြေခွန်းတောင်ကုန်းကိုပတ်လျက် တပ်တည်တိုက်ခိုက်နေရာ၊ ထွက်ပြေးခဲ့သော လက်ဝဲစည်သူနှင့် သား မောင်ဘုန်းမြင့်တို့လည်း မင်းတရားကြီးထံ အဖြစ်အပျက် အကျိုးအကြောင်း သံတော်ဦးတင်၍ စစ်ပွဲတွင် အမှုထမ်းကြပြန်လေ၏။ သန်လျင်မြို့မှာ မြို့ပြစီးနင်း ကောင်းလှသဖြင့်၊ ၃–၄ လ ကြာအောင် လူအသေအပျောက်များလျက် မရနိုင်ဘဲရှိရာ၊ ဘုန်းမြင့်သည် သန်လျင်မြို့ သစ်တပ်တိုင်များ အခြေအနေကို ဖော်ပြလျှောက်ထားမှ၊ ဉမင်တူးလျက် တပ်တိုင်ကို ကြိုးဖြင့်ဆွဲငင်၍ တပ်တိုင်လဲရာက အတင်းဝင်ရောက်တိုက်ခိုက်ရာ၊ ၉၇၅–ခု တန်ခူးလဆန်း ၈–ရက်နေ့တွင် သန်လျင်တစ်မြို့လုံးကို အောင်မြင်တော်မူလေ၏။

မင်းတရားကြီးလည်း ကုလားဖြူ ကုလားမည်းတို့၏ အိုးအိမ်ရှိ ရွှေငွေကိုပစ္စည်းများကို လုယက်ယူငင်၍ မီးရှို့စေလေ၏။ ပူတကေဘုရင်ခံ ကုလားဇင်ကာအားလည်း ၄င်း၏တိုက်ရှေ့တွင် အရှင်လတ်လတ် သံတံကျင် လျှိုထားစေပြီးလျှင်၊ မျိုးဖျက်ဘုရင် နတ်ရှင်နောင်အားလည်း များစွာ ရှုံ့ချအပြစ်တင်ကာ ကွပ်မျက်တော်မူလေ၏။ မင်းတရားကြီးကား သန်လျင်တိုက်ပွဲအတွက် ဆုလာဘ် ဘွဲ့ထူး ပေးသင့်သူတို့ကို အထိုက်အလျောက် ပေးသနားတော်မူပြီးနောက်၊ လက်ဝဲစည်သူအား မင်းခေါင်သက်တော်ရှည် ဘွဲ့ထူးဖြင့် မောင်မင်း၏

Commercial use of this book will be at your own RISK.

သန်လျင်ရှိ မယားနှင့်တကွ၊ ရွှေမြို့တော်သို့ လိုက်ပါအမှုထမ်းစေ၊ ဘုန်းမြင့်ကား နေမျိုးသခ်ယာဘွဲ့နှင့် သန်လျင်ဝန်ရာထူးကိုယူ၍ အုပ်ချုပ်စေ၊ အသီးသီး အမိန့်ပေးတော်မူလေ၏။

မောင်ဘုန်းမြင့်ကား ကိစ္စအရပ်ရပ် ပြီးစီးသောအခါ၊ ယောက္ခမကြီးနေအိမ်သို့ ပြန်ခဲ့လေ၏။ ဘုရင်မင်းမြတ်၏ ပေးသနားတော်မူချက်ကို သိနှင့်ပြီးဖြစ်သော ဝန်ကတော်ကြီးမှာ ဝမ်းနည်းဝမ်းသာဖြစ်လျက်၊ မျက်ရည်ယိုကာ နှုတ်ဆက်လေရာ မောင်ဘုန်းမြင့်မှာ ရင်ထဲက ဟာလျက်၊ အကျိုးအကြောင်း ပြန်လှန်ပြောဆိုရင်း ၄င်း၏အခန်းဆီသို့ လာခဲ့လေ၏။

အခန်းကဲလားကို မ,၍ ဝင်လိုက်ရာ၊ အထူးအံ့အားသင့်၍ သွားလေ၏။ အကြောင်းမူကား မိန်းကလေးတစ်ယောက်သည် မိမိအား ကျောပေးလျက် တစ်စောင်းအိပ်၍နေသောကြောင့်တည်း။ နွယ်နွယ်ကလေးသည် အစိမ်းဘဝနှင့် မိမိအား ညောင်စောင်းပေါ်က စောင့်စားနေလေရော့သလားဟု တွေးတောကာ ရှေ့သို့တိုးသွားရာ၊ မိန်းကလေးသည် မောင်ဘုန်းမြင့်ဘက်သို့ စောင်းလှည့်လိုက်ရာ၊ ရှင်ဖြူဖြစ်နေသဖြင့် "ဟယ် ..." ဟု ဆိုမိလျက်၊ အပြင်သို့ ထွက်ခဲ့လေ၏။

ဝန်ကတော်ကြီးကလည်း ရှင်ဖြူမှာ လွန်ခဲ့သည့် ၄-၅ ရက်တည်းကပင် လာရောက်ပြုစုပြီးနေထိုင်ကြောင်း၊ ရှင်ဖြူကို မြင်ရသောအခါ နွယ်နွယ်ကို အလွမ်းပြေကြောင်း ရှင်းပြရာက၊ သူကြွယ်ကိုတုတ်စံသည် မောင်ဘုန်းမြင့် ဝန်ရာထူးရရှိပုံကို ပြောပြလာကြောင်း၊ ပြီးတော့ ရှင်ဖြူ ဒီမှာ ထားမိတာဟု စကားမဆက်ဘဲ ... "နွယ်နွယ်ရေ ... ကံဆိုးလေခြင်း သမီးရဲ့ ..."ဟု ငိုကြွေးလေရာ၊ မောင်ဘုန်းမြင့်မှာလည်း ဝန်ကတော်ကြီးနှင့်အတူ ပူဆွေး၍ နေမိရှာလေသတည်း။

❦ ❦ ❦ ❦ ❦

မဟာဆွေ

Commercial use of this book will be at your OWN RISK.